www.burmeseclassic.com



# လေးသူ

# ကြာတောရေနံ့သာမှာ

နှင့်

မဂ္ဂဇင်းဝတ္ထုတိုများ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်သန္တာခင်

(သိရိသန္တာမီဒီယာ)

စီစဉ်သည်။

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုအမှတ် • ၅၀၀၄၈၅၀၅၀၄

မျက်နှာဖုံးခွင့်ပြုအမှတ် • ၅၀၀၇၆၀၀၆၀၇

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် • Empire ပုံနှိပ်တိုက်
ရွှေဂုံပလာဇာဝင်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ • ဒေါ်သန္တာခင်
(ထုတ်ဝေခွင့်အမှတ်–၃၁၀)

အတွင်းဖလင် • ဦးဆန်းမြင့် (အောင်ကျော်ဖလင်)

မျက်နှာဖုံးပန်းချီ • သန်းမြင့်အောင်

ဖြန့်ချိရေး • သိရိသန္တာမီဒီယာအဖွဲ့

ပထမအကြိမ် • ဒုပ်ရေ ၁၀၀၀

တန်ဖိုး • ၈၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတင်လွှာ

ကျွန်မ၏ 'ကြာတောရေနန်းသာမှာ' ......... ကို လန်းဆန်း ထင့်တယ်လာစေရန်အတွက် အဘက်ဘက်မှ အင်အားအပြည့်နှင့် ဝိုင်းဝန်း ကူညီ ပံ့ပိုးခဲ့ကြပါကုန်သော အားလုံး အားလုံးတို့အား အထူးပင် လှိုက်လှိုက် လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းကို မှတ်တမ်းပြုအပ်ပါသည်။

လေးသူစံ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ကျေးဇူးတင်လွှာ ၄
၁။ လက်ခုပ်သံစည်းချက်လိုက်မှာလား ၆
၂။ ရွက်ကျိုးနှင့် မနိုင်ပါသကို ၁၈
၃။ မင်းကွန်းသောင်မှာ ခင်လေးကြူရှိသည် ၂၉
၄။ သည်မိုးမှောင်တုန်း ၃၈
၅။ ဂိရိတတ္တဇာတ်တော်ကိုပဲ ဖတ်ချင်ပါတော့သည် ၅၁
၆။ ဖော်ဂွတ် ၆၀
၇။ တီဗီမှာ သီချင်းဆိုဖူးသည် ၇၁
၈။ ပူရှိန်းရှတသော ရောင်စုံချိုချဉ်လေးတွေ ၈၂
၉။ ဟိုဘက်နဲ့ သည်ဘက် ၉၃
၁၀။ ကြာတောရန့်သာမှာ ၁၀၀
၁၁။ နေပူထဲလည်း လျှောက်ရဲပါတယ် ၁၁၄
၁၂။ ကွဲလိပ်ကျောင်း ၁၃၀
၁၃။ ရေကာန်နားကပန်း လန်းဆန်းရဲ့လား ၁၄၆
၁၄။ သာကေးရိုးယားသူ မချိုရီ ၁၆၃
၁၅။ မေတ္တာပေးပါ ၁၈၀
၁၆။ သန်းခေါင်ယံဟူသည် ၁၉၂
၁၇။ လရောင်ပျောက်ဆုံးခဲ့ရတဲ့ လပြည့်ည ၂၀၄


www.burmeseclassic.com

www.burmeseclassic.com



## လက်ခုပ်သံစည်းချက်လိုက်မှာလား

တစ်ဆယ်ကျပ်တန် ငွေစက္ကူ အသစ်ကျပ်ချွတ်လေးက လက်[illegible]ချင် နို့မှုန့်စုဘူး အပေါက်တွင်းသို့ လျှောကနဲ ဝင်သွားသည်။

ရှိုးရှိုးသည် မျက်နှာဝင်းပပလေးနှင့် စုဘူးကိုမ,ပြီး လှုပ်ကြည့်[illegible]က်သည်။ တစ်ဝက်နီးပါးတော့ ရှိနေပေမည်။ အကြွေ၊ ကျပ်တန်၊ ငါး[illegible]ပ်တန် အစုံဆိုတော့ နှစ်ရာနီးပါးရပြီဟု မှန်းမိသည်။ နွေအလှူတွေ[illegible]ချိန် ကျောင်းဖွင့်ချိန်မှာ သုံးရာ့ငါးဆယ်လောက် ရလေမည်လား။ ရလျှင်[illegible]ကောင်းမည်။

သည်နှစ် ခုနစ်တန်းတက်ရမည်။ ကျောင်းအပ်ခြင်း၊ စာအုပ်တွေ[illegible]ယ်ရခြင်း ကိစ္စတွေက တစ်ရာ့ငါးဆယ်လောက်ကျမည်။ သည်နှစ်[illegible]ကျောင်းဝတ်စုံ အသစ်တစ်စုံ ဝယ်ရဦးမည်။ ခန္ဓာကိုယ်က တဖြည်းဖြည်း[illegible]ကြီးမားလာသဖြင့် အကျီများ မတော်တော့။ ပုဆိုးကလည်း ကလေးကွင်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မနေတော့။ အင်း . . . သည်ဝတ်စုံကလည်း တစ်ရာတော့ ချောပေဦး
ည်း၊ တစ်ရာတော့ ပိုကောင်းပါရဲ့။

ပိုတဲ့ တစ်ရာလေးကို ကျစ်ကျစ်ပါအောင် ထုပ်ထားရမည်။ သည်
နှစ်တော့ ဘယ်လိုကိစ္စမျိုးနှင့်မှ အပွန်းအပဲ့ မခံနိုင်။ သည်လိုဆုံးဖြတ်
သည်ကလည်း အကြွေးကျလွန်း၍ အရင်းပြုတ်သွားပြန်သော အမေ့ကို
အရင်းအနှီး ထုတ်ပေးလိုက်ရ။ အမေနှင့် တူလေးတစ်ယောက် နေမ
ကောင်း၍ ဆေးကုစရိတ်ထုတ်လိုက်ရ။ ကျောင်းက စာအုပ် ထပ်ပေးလျှင်
ဘာညာအတွက် ငွေကောက်လျှင် ထုတ်လိုက်ရနှင့် ရှိုးရှိုးရှင်ပြုရန် ရည်ရွ
ပြီးစုငွေလေးသည် . . .

"ဘွားဘွားရေ . . . ဘွားဘွား . . . သားသားကြီးတို့လာ
တယ်"

"ဘွားဘွား၊ လေးလေးရှိုး ကတော ပရုတ်လုံးတို့ ကြည့်ရတယ်
လေးလေးရှိုးရင်ဘတ်မှာ ဆုချထားတဲ့ ပိုက်ဆံတွေအများကြီးပဲ ဘွားဘွား
ရဲ့၊ လေးလေးရှိုးတော့ ထောတာပဲ၊ လေးလေးရှိုး ပြန်ရောက်လာပြီလား
ဟင် . . . ဘွားဘွား"

"ရောက်ပါပြီတော် ။ . ရောက်ပါပြီတဲ့ . . . နေကြဦး၊ ရှေ
. . . ငှက်ပျောသီးစားကြ၊ အဲဒါ နင်တို့လေးလေး ယူလာတာပဲ၊ တကတဲ
တော် . . . သူတို့လေးလေးရှိုး ဘာလုပ်ပြုလုပ်ပြု အထင်ကြီးနေကြတာပဲ
လိုက်လဲလိုက်တဲ့တူဝရီးတွေ"

ညီးညီးညံညံ အသံများ အိမ်ရှေ့မှ ပျံ့လွင့်လာသည်။ ဝုန်းဝုန်း
ဒိုင်းဒိုင်း ခြေသံများကလည်း သူ့အနားသို့ ရောက်လာကြသည်။ စဘူးငွေ
မကြည့်ပြီး ငိုင်တွေတွေ ဖြစ်နေရှာသော ရှိုးရှိုးလည်း ယခုမှ သက်ပြင်းလာ
ရသည်။ အနားရောက်လာသူများကား တူတော်မောင် ပရုတ်လုံးနှင့်
ပရုတ်ပြား။ အစ်မကြီး ရှိုးရှိုး၏ သားတော်မောင်နှစ်ယောက်။ ရှိုးရှိုး၏

www.burmeseclassic.com

www.burmeseclassic.com



အသည်းကျော်များ။

"ရေးရေးရှိုး၊ ရှုပ်ထွေတွေ ရှာဘူးထဲ ထည့်နေတာလား"

"ဟာ . . . စုဘူးက အလေးကြီးဖြစ်နေပြီ၊ ဒီပိုက်ဆံတွေက သားရယ်၊ ညီညီလေးရယ်၊ လေးလေးရှိုးရယ် ရှင်ပြုကြဖို့နော်"

"ညင်းကြီး စီးရမှာနော်၊ ပတ်ဗေပုံတွေနဲ့လဲ ကကြမှာနော် . . . နော် ရေးရေးချိုး"

ငှက်ပျောသီး ပလုတ်ပလောင်းနှင့် တစ်ယောက်တစ်ခွန်း လုပြောနေကြသော တူတော်မောင်နှစ်ယောက်ကို တွေ့လိုက်ရမှ ရှိုးရှိုးလေး၏ စိတ်ရွှင်လာလေသည်။

"အေးပါကွာ၊ ဒီစုဘူးထဲက ပိုက်ဆံတွေက လေးလေးရှိုးရယ်၊ ဟောဒီ သားသားကြီး ပရုတ်လုံးရယ်၊ ဟောဒီ သားသားဝတုတ်ကြီး ခေတ်ပြားတို့ရယ် တို့ကို ရှင်ပြုကြဖို့ပါ၊ ရှင်ပြုရင် မြင်းကြီးစီးရမယ်၊ ဆိုင်းတွေ၊ ဗုံတွေနဲ့ က,တာ ဆို,တာတွေလဲ ပါမယ်။ ကဲ . . . လေးလေးရှိုး ရေချိုးလိုက်ဦးမယ်နော်၊ ညကျ အလှူမှာ သွားက, ပေးရဦးမှာကွ"

တူနှစ်ယောက်၏ ပါးပြင်များကို တမ်းချက်စီ မွှေးပေးလိုက်သည်။ ဘူးကို ထင်းရှူးသေတ္တာတွင်းသို့ တယုတယ ထည့်သည်။ ယခုထိ မလဲရသေးသော မင်းသားဝတ်စုံကို လဲလှယ်သည်။

ရှိုးရှိုးသည် မင်္ဂလာမောင် ဒိုးအဖွဲ့မှ အကမင်းသားငယ်လေးဖြစ်သည်။ သည်နေ့ အလှူတစ်ခု၏ ရှင်လောင်းလှည့်ပွဲမှ ဆုငွေ အတော်များများ ရခဲ့သည်။ ငါးဆယ်ကျော် ရသည်။ သို့သော် ဆုငွေအားလုံးကို မရှိမယူရ၊ အဖွဲ့နှင့်ဆိုတော့ အချိုးကျ ခွဲဝေယူရသည်။ ပွဲတစ်ပွဲ ဆိုကပြီးသွင် ရှိုးရှိုးအတွက် ငွေနှစ်ဆယ်ရသည်။ သည်နေ့ ဆုငွေအတော်များများရခဲ့သည်ဖြစ်၍ အချိုးကျငွေပေါင်း သုံးဆယ့်ငါးကျပ် ရခဲ့သည်။

အမေ့ကို ငွေအစိတ်နှင့်အတူ ကန်တော့ပွဲမှရသော ငှက်ပျော

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖီးတို့ကို ပေးသည်။ ကျန်ငွေတစ်ဆယ်ကိုတော့ စုဘူးထဲ ထည့်ခဲ့သည်။ အလှူအတန်း ပေါ်များသော သည်လိုအချိန်မျိုးမှ စုဘူးတွင်းသို့ ငွေများများ စုနိုင်သည် မဟုတ်လား။

သည်ည အလှူပွဲ တစ်ခုမှာ သွားရောက်ဆိုက ပေးရဦးမည်။ ဆုငွေတွေများများ ချကြပါစေ။ ဒါမှ ကျောင်းဖွင့်ချိန်မှာ အဆင်ပြေမည်။ ပြီးတော့ တူတော်မောင် နှစ်ယောက်နှင့်အတူ ရှိုးရှိုးတို့လည်း ရှင်ပြုနိုင်ပေမည်။

"လေးလေးရှိုး . . . ရှင်လောင်းဆိုတာ ငြိမ်ငြိမ်လေး နေရတာဆို"

ရှိုးရှိုး ရေချိုးလည်း နောက်မှတကောက်ကောက်လိုက်၊ ပြင်ဆင်နေချိန်မှာလည်း အနားမှာ ငုတ်တုတ်လေးတွေ ထိုင်ကြည့်နေခဲ့ကြသော တူတော်မောင် နှစ်ယောက်အနက် အကြီးကောင်၏ အသံထွက်လာသည်။ ရှိုးရှိုးသည် ပလေးဘွိုင်မိတ်ကပ်ကို လူးပြီးနောက် မီလျံဒေါ်လာမှုန့်ကို ပန်းသွေးရောင်ကွဲလာအောင် လိမ်းခြယ်နေရင်းမှ "အေးပေါ့ကွ" ဟု တုံ့ပြန်လိုက်ရသည်။

"ဒါဆို လေးလေးရှိုးတို့ သားတို့ ရှင်ပြုပွဲမှာ ဘယ်သူ လာက ပေးမှာလဲ ဟင်"

အတွေးအခေါ် ပညာရှင် တူတော်မောင် ပရုတ်လုံး၏ မေးခွန်းကြောင့် အိုင်းရှဲဒိုးဆွဲမည့် ရှိုးရှိုး၏ လက်လေးများ တုံ့သွားရသည်။ ချက်ချင်း ပြန်မဖြေနိုင်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



အကလေးဘဝကတည်းက ဆိုင်းသံဗုံသံကြားလျှင် ဒခိုတိတ်တတ်သော၊ လက်လှုပ်ခြေလှုပ်နှင့် က,တတ်ပါသော ရှိုးရှိုးပေါက်စလေးသည် လေးနှစ်သားအရွယ်တွင် ဆိုင်းဝိုင်းကြီးနှင့် ကခွင့်ရခဲ့သည်။ မှတ်မှတ်ရရပြောရလျှင် လမ်းထဲမှ ဦးသိန်း ဒေါ်တင်လှတို့၏ အလှူမှာဖြစ်သည်။ မျက်နှာကြီးအလှူပေမို့ မြစည်သူ ဆိုင်းဝိုင်းကြီးနှင့် ဧည့်ခံသည်။

စင်မြင့်ပေါ်တွင် ဆိုလိုက် ကလိုက်နှင့် ဧည့်ခံနေသော အဆိုတော်များကို ကြည့်ပြီး သူလည်း က,ချင်သည်ဟု ငိုယိုပူဆာနေသော ကလေးငယ်ကို ချော့လို့လည်းမရ၊ ငေါက်လို့လည်းမရ၊ သည်ကလေးဖြစ်အင်ကို အလှူ့အမက သိသွားသောအခါ ရယ်မောပြီးတော့ စင်မြင့်ပေါ် တင်ပေးလိုက်သည်။ ကလေးငယ်သည် နည်းနည်းမှ ကြောက်ရွံ့ခြင်းမရှိဘဲနှင့် သကတတ်သလို ကလေတော့သည်။

သည့်နောက်ပိုင်းမှာ ရပ်ကွက်တွင်း ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ကထိန်ပွဲ၊ အလှူပွဲများမှာ ကလေးငယ် ပွဲတိုးလာသည်။ အမေလုပ်သူမှာလည်း ပဲတတ္တီပါပြုတ်တစ်လှည့်၊ ကောက်ညှင်းပေါင်းတစ်လှည့် ထည့်ရောင်းသောတောင်းကို ခေါင်းပေါ်မှ ခဏချထားရတာ သားငယ်ကရာနောက်သို့ တကောက်ကောက် လိုက်ပါရလေတော့သည်။ ရသောဆုငွေလေးများကို စုပြီးတော့လည်း မင်းသားဝတ်စုံလေးချုပ်ပေးထားရသည်။ သည်လိုရာဇဝင်နှင့် လာသော ရှိုးရှိုးဖြစ်သည်။

နှစ်တန်းဖြေပြီးသည့် နွေမှာကတည်းက မင်္ဂလာဆောင် ဒိုးအဖွဲ့

www.burmeseclassic.com



နှင့် လက်တွဲမိခဲ့ကြသည်။ ပင်တိုင်အကရှင်ဖြစ်၍ လာခဲ့သည်မှာ ယခုအထိ ပင်။ နိုးနိုးဆိုသော အညှော်ကလေးကပင် တစ်မျိုးလေး ဟာစားနေခဲ့သည်။ ဘလောဘ တတည်းကပင် အလှအပကြိုက်တတ်သူ ရှိုးထုတ်တတ်သူဖြစ်၍ နိုးနိုးဟု ခုစ်စနိုးခေါ်ကြရင်းမှ သည်အမည်ကို ရလာခဲ့ခြင်းပင်။

အမေက အမည်ပေးတော့ တော်သည်။ သမီးအကြီးဆုံးက ရိုးရိုး အေးအေးကြီးဖြစ်၍ 'ရိုးရိုး'၊ သားအလတ်ကျတော့ ဆိုးဆိုးပေပေလေးမို့ 'ဆိုးဆိုး'၊ သားအငယ်ဆုံးလေး ကျတော့လည်း ရှိုးစမိုးထုတ်လွန်း၍ 'ရှိုးရှိုး'။

ရှိုးရှိုး အခါလည်သား အရွယ်မှာ အဖေဆုံးသွားခဲ့သည်။ အဖေ့မှာ အမောရောဂါရှိသည်။ ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားဖြစ်၍ ဒဏ်မခံနိုင်ဘဲ ငယ်ငယ်ရွယ်ရွယ် ဆုံးသွားခဲ့ရခြင်း ဖြစ်လေသည်။

အဖေရှိစဉ်က ကောက်ညှင်းပေါင်း ရောင်းခဲ့သော အမေသည် ယခု ပဲကတ္တီပါပြုတ်ကိုပါ တိုးရောင်းနေခဲ့ရတော့သည်။

မရောင်းလို့ကလည်း မဖြစ်။ အစ်မကြီးရိုးရိုးသည် မလည်မဝယ် နှင့် အိမ်ထောင်ကျသွားသည်။ ဆိုက်ကားသမားနှင့် ဖြစ်သည်။ တည်တည် တံ့တံ့ ရိုးရိုးသားသား လုပ်ကျွေးရှာသော်လည်း မလောက်ငေ။ ကလေးငယ် တစ်ယောက်ကို လက်ဆွဲ၊ တစ်ယောက်ကို ရင်မှာပိုက်ပြီး အမေ့အိမ်သို့ လာကြသည်။ အမေ့ကို သတိရလို့ လာသလိုလို၊ အမေ့မြေးကိုပဲ လာပြ သလိုလိုနှင့် ဗိုက်ပြည့်ဗိုက်ကား စားသောက်ကြပြီးမှ ပြန်ကြသည်။

အစ်ကိုလတ် ဆိုးဆိုးကတော့ မိန်းမမယူဘဲနှင့် အိမ်မှာ ဗိုလ်ကျ နေသည်။ သုံးတန်းအထိဘဲ ကျောင်းနေခဲ့သည်။ ကျောင်းထားလို့ကို မရခဲ့။ ကျောင်းသားအချင်းချင်း ရန်ပွဲက နေ့စဉ်။ အမေ့ခမျာ ဆရာ ဆရာမများ နှင့် ကျောင်းသားမိဘများကို လိုက်လံဖြေရှင်း တောင်းပန်ရသည်က နေ့စဉ်လိုလို ဖြစ်နေ၍ သားတော်မောင်ဆန္ဒအတိုင်း ကျောင်းထုတ်ထား လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား မဟုတ်ဘဲ အရပ်သား ဖြစ်လာတော့ ရပ်ကွက်ထဲ ဘာ ပြဿနာ ပိုများလာသည်။ ဘယ်သူနဲ့ ရန်ဖြစ်သွားလို့တဲ့။ ဘယ်သူ့ကို ခိုက်မြေးပြန်ပြီ။ ဘယ်သူ့ဆီက မုန့်လုပြေးသွားပြီ။ ကစားစရာ လုမြေးသွား ပြီ စသည့် တိုင်တောသံတွေက နာရီဝက်တစ်ခါ ကြားနေရသည်။ ဆိုးဆိုး၏ လက်ချက်ဆိုသည်ကို ဗေဒင်မေးစရာမလို။

အဖေဆုံးသွားသောအခါ ဆိုးဆိုး ပို၍လွတ်လေတော့သည်။ မဆိုးမအမေကို နည်းနည်းမှမမှု ညာတာရကောင်းမှန်းလည်းမသိ။ တစ်ခု တော့ တော်သေးသည်။ ဆိုးဆိုးဘယ်လောက်ဆိုးဆိုး၊ အိမ်ကပစ္စည်းကို ပြန်မခိုးသည့်အတွက် ကျေးဇူးတင်နေရသည်။ သို့မဟုတ်ပါက မလွယ် မလွယ်။

အမေက မနက်ခင်းပိုင်းမှာ ကောက်ညှင်းပေါင်း၊ နေ့လည်ခင်း ပိုင်းမှာပဲကတ္တီပါမြှုတ် လည်ရောင်းနှင့် အိမ်မှာနေချိန် သိပ်မရှိ။

ရှိုးရှိုးကလည်း သည်အချိန်မျိုးဆိုလျှင် တီးလုံးနှင့် အကျလေ့ကျင့် သွားရ၊ အလှူပွဲတွေ လိုက်က,ပေးရနှင့် အိမ်ကပ်သည်မရှိ။ ကျောင်းဖွင့် တော့လည်း ကျောင်းတက်ရ၊ ကျောင်းအားချိန်မှာ ဝက်သားတုတ်ထိုး၊ သခွားသီးတုတ်ထိုး ရောင်းရနှင့် အိမ်မှာနေရချိန် နည်းပါးခဲ့ပါသည်။ ဆိုးဆိုးသာ အိမ်မှပစ္စည်းများ ခိုးဝှက်သွားချင်လျှင် အလွယ်လေးဖြစ်သည်။ ထို့ကြောင့် ကံ့ဖန် ကျေးဇူးတင်နေရသည်။

ဆယ့်ငါးပေ၊ ပေသုံးဆယ်အကျယ် ဝါးကြမ်းခင်း၊ ဓနိမိုး၊ ဓနိကာ အိမ်လေးကို တစ်ခြမ်းငှားနေကြရသော ရှိုးရှိုးတို့ မိသားစုသည် . . .

"သားရေ . . . ပြီးပြီလား၊ မင်းဒဖွဲ့သားတွေ လာကုန်ပြီ"

"ပြီးပြီ အမေ၊ ပြီးပြီ၊ အမေ့မြေးတွေ ခေါ်ပါဦး၊ ဟိုတစ်ခါလို သားနှုတ်ခမ်းနီဘူးကို ချိုးဖဲ့ပြီး ကစားပစ်ဦးမယ်"

အမေရော အစ်မကြီးရိုးရိုးပါ ရောက်လာပြီး ကလေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြသည်။

"ဘွားဘွား ... ရေးရေးချိုးက လျှရတယ်နော်၊ တားတား ယူကြီးခြစ်ရင် ရေးရေးယို မင်းတားရေး ရှုပ်မယ်နော်"

သူ့ကို လှတယ်ဟုပြောသော တူလေး၏ပါးကို လိမ်ဆွဲလိုက်ချိန်တွင် အိမ်ရှေ့မှ ဆိုင်းသံဗုံသံများကို ကြားလိုက်ရသည်။

❀ ❀ ❀ ❀ ❀

"နွဲကြစို့ တို့အောင်ပွဲ ... နွဲကြစို့ တို့အောင်ပွဲ၊ နောင်ဘဝများစွာ ဆုံဆည်းကြဖို့ ပျော်ရွှင်စွာ လှူတဲ့ပွဲ၊ အလှူမင်္ဂလာပွဲ၊ ပျော်ရွှင်စွာ လှူတဲ့ပွဲ၊ နွဲကြစို့ တို့အောင်ပွဲ၊ တို့အောင်ပွဲ ..."

ဒိုးချက်က မြူးကြွနေသည်။ ရှိုးရှိုး၏ ပျောင်းနွဲ့သော ခြေလက်များကလည်း လှုပ်စစ်ခြေလက်များသဖွယ် သွက်လက်လှပစွာ လှုပ်ရှားနေကြသည်။

"ချစ်သူများရဲ့ လက်ခုပ်သံပွဲတော်၊ ပန်းကလေးများ လန်းစေသော် ... စိတ်ထဲမှာလည်း ရွှင်ပျော်၊ သဘောနုတဲ့ ခင်နှမချစ်စေသော်၊ ရှိုးရှိုးဖိတ်ခေါ် ... ချစ်သူများရဲ့ လက်ခုပ်သံပွဲတော် ..."

သီချင်းအမျိုးမျိုး ပြောင်းနေသကဲ့သို့ ကကြိုးကကွက် ကလည်း အမျိုးမျိုးပြောင်းနေသည်။ ဆိုက, ကရသဖြင့် ပင်ပန်းလွန်းပါသည်။ အကသမားကလည်း ရှိုးရှိုး တစ်ယောက်တည်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးကျော့ ကပြီးတိုင်း ရှိုးရှိုး အနားယူရန်အတွက် အစ်ကို ချစ်ဦး၊ အစ်ကို ချစ်ကိုကိုနှင့် အစ်မစိမ်းတို့က တေးသီချင်းများဖြင့် ဖျော်ဖြေပေးကြသည်။ သို့သော် ပရိသတ်ကြီးက ရှိုးရှိုးကိုပဲ ပွဲတောင်းကြသည်။ ရှိုးရှိုး၏ ကဟန်ဆိုဟန်လေးတွေကိုပဲ ကြည့်ချင်နေကြသည်။ ရှိုးရှိုးသည် ခင်လာမောင် ဒိုးအဖွဲ့၏ အသက်ဘူးလေးပါပေ။

သည်နှစ် အလှူပွဲတွေ လိုက်ရတာများသည်။ ရပ်ကွက်ပွဲတွေ၊ ဘာနဆိုင်ရာ ရဟန်းခံပွဲတွေနှင့် သကြံန်ပွဲတော်ကြောင့် သည်လထဲမှာ တစ်ရက်မျှမနားကြရသေး။ တစ်ခါတစ်ရံတွင် တစ်ရက်တည်းနှင့် နေ့ပွဲ ညပွဲကို နှစ်ပွဲကူးရသည်။ ငွေလို၍ ငွေရှာသည်။ ငွေရသည်မှန်သော်လည်း ရက်ဆက်ဆိုတော့ ပင်ပန်းလှသည်။

ယခုလည်း ဝါသနာကြောင့်၊ ပြီးတော့ အလုပ်တာဝန်ကြောင့်၊ ပြီးတော့ ဆိုင်းသံကြားလျှင် အလိုလိုလှုပ်လာတတ်သော ခြေလက်တွေကြောင့်သာ ကခုန် ဆိုပြော နေရသည်။ အနားရလိုက်ပြီး ပြန်လည်ကချိန်တန်လာလျှင် ထိုင်ရာမှကို ထကိုမထချင်။

သည်နေ့ကို ဘာဖြစ်နေမှန်းမသိ။

အရမ်းကြီးကို အိပ်ချင်နေသည်။ ခြေလက်တွေလည်း မသယ်ချင်။ မနေ့က မနက် ခုနစ်နာရီကတည်းက ကခုန် နေခဲ့ရသည်မှာ ညဆယ့်နှစ်နာရီအထိ ဖြစ်သည်။ မနက်ပိုင်းက ရှင်လောင်းလှည့်ပွဲတစ်ခု။ ညနေပိုင်းက အလှူဝင်ပွဲတစ်ခု၊ ညဘက် အလှူကတစ်ခု၊ အိမ်ကို ပြန်ပြီး ပြင်ဆင်ချိန် ခဏလေးပဲ နားခဲ့ရသည်။

ညက အိမ်ကို ပြန်ရောက်တော့ တစ်ချက်ထိုးလုပြီ။ ပင်ပန်းမှုနှင့် စားထားခဲ့သော အလှူငါးသလောက်ပေါင်း ဒဏ်တို့ကြောင့် တစ်ကြိမ်တည်း အိပ်ပျော်သွားခဲ့သည်။

မနက်ငါးနာရီမှာ အမေလာနှိုးတော့ မျက်လုံးကို မဖွင့်ချင်။ မဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ချင်သော်လည်း ကြိုးစားပြီး ကုန်းရုန်းထရသည်။ ခြောက်နာရီမှာ လူစုံရမည်။ ခြောက်နာရီခွဲမှာ အလှူပွဲသို့ ရောက်နေရမည်။ ခုနစ်နာရီမှာ ရှင်လောင်းလှည့်မည်။ သည်အစီအစဉ်တွေက ခေါင်းထဲသို့ တန်းစီ ဝင်လာလေသောအခါ မျက်လုံးတို့ ပြူးကျယ်တော့သည်။ ရှိုးရှိုး ပြင်ဆင်နေဆဲမှာ အမေသည် ကောက်ညှင်းပေါင်းတောင်းကိုရွက်ကာ ဈေးရောင်းထွက်သွားခဲ့သည်။

ရှိုးရှိုးတို့ မင်္ဂလာမောင် ဒိုးအဖွဲ့သည် အစီအစဉ်အတိုင်း အလှူပွဲသို့ ရောက်ခဲ့ကြသည်။ ခုနစ်နာရီမှာ ရှင်လောင်းလှည့်ပွဲ စသည်။ ရွှေတိဂုံဘုရားသို့ ကားများနှင့် သွားကြမည်ဖြစ်သည်။ ရှိုးရှိုးတို့ ဒိုးအဖွဲ့က ဒေါ့ဂျ်ကားကြီးနှင့် လိုက်ရသည်။ အဆိုသမားနှင့် အကသမားတို့က ကားခေါင်မိုးပေါ်မှ လိုက်ကြရသည်။ ဖြည်းဖြည်းမောင်းနေသော ကား၏အမိုးပေါ်မှာ ကခုန် လိုက်ပါရသည်က ကျင့်သားရနေပြီဆိုသော်လည်း သတိကြီးစွာထားရသည်။ အစ်ကိုချစ်ဦးနှင့် အစ်ကိုချစ်ကိုကိုတို့ကလည်း သီချင်းဆိုနေရင်းမှ ကနေသော ရှိုးရှိုးကို ဂရုတစိုက်နှင့် ထိန်းပေးကြရသည်။

လူထူကားထူသော နေရာတိုင်းမှာ ကားအရှိန်ကို လျှော့လိုက်သည်နှင့် ဆိုင်းကလည်းအစ ရှိုးရှိုး ကလည်း ထအက ဖြစ်သည်။

သည်လိုနှင့်ပဲ ရွှေတိဂုံဘုရားကြီးသို့ ရောက်လာခဲ့ကြသည်။ ရှင်လောင်းများ ဘုရားကန်တော့၊ နတ်ပြနှင့် ဘုရားကြီးကို သုံးပတ်လှည့်ခဲ့သည်။ ရှိုးရှိုးခမျာ ခေါင်းမူးရိပ်မူးဝေဝေနှင့်ပဲ အံခဲကာ ကြိုးစားကနေရသည်။

တဖြည်းဖြည်း မြင့်တက်လာသော နေပူရှိန်အောက်မှာ ခေါင်းအမူးက ပိုဆိုးလာခဲ့သည်။

အပြန်ခရီးမှာလည်း ကားခေါင်မိုးပေါ်မှ ကရင်းဆိုင်း လိုက်ပါခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိရစ္ဆာန်ရုံရှေ့ကနေ ကရဝိက်နားအထိ ဖြည်းဖြည်းလေးပဲ ခေါင်းသွားကြမယ်တဲ့၊ မင်းသားတွေရဲ့ အကမျိုးစုံစုံနဲ့ ကသွားကြတာပေါ့ကွာ"

ဝိုင်းခေါင်းဆောင် အစ်ကိုချစ်ဦး၏ အစီအစဉ်အတိုင်း နန်းဝင်း၊ မြီးဝင်း၊ ဇော်ဝင်းမောင်၊ သိန်းဇော်၊ ချင်းသာ တို့၏ ကျော်ကြားသော သီချင်းများဆိုရင်းနှင့် သူတို့၏ ကဟန်များကို အမျိုးမျိုး ပြောင်းလဲ က နေရသည်။

"ဇာတ်မင်းသားလေး သိန်းဇော် သိန်းဇော် တိုင်းပြည်ကမျှော်၊ မြန်မာ့သဘင် စင်မြင့်ပေါ် တင့်တင့်တယ်တယ် ထည်ဝါလို့နော် . . ."

လက်အုပ်ကလေးချီပြီး ခြေကကိုသာ ဦးစားပေးသော သီချင်းနှင့် ကဟန် ကကွက်။ ယခင်က သည်သီချင်းကို တရှိုက်မက်မက်ဆိုပြီး သည်ကဟန်ကလေးကို တစ္ဆဲလမ်းလမ်း ကလေ့ရှိသည့် ရှိုးရှိုး။

ယခုတော့ ခြေလက်တို့ကို မနည်းသယ်နေရသည်။ ကကြိုးဆုံးသွားအောင် ထိန်းကနေရသည်။ တရိပ်ရိပ် ရွေ့လျားနေသော ကတ္တရာလမ်းမကြီးသည် အမြင်မှာ ဝေဝါးချင်လာသည်။ မဖြစ်ဘူး၊ မဖြစ်ကော့ဘူး။ သည်အကပြီးလျှင်တော့ နားမှဖြစ်မည်။ အိပ်ရေးမဝခြင်း၊ ပင်ပန်းခြင်း အကျော်တွေကို စုခံရတော့မည်ထင်ရဲ့။

သည်နေ့ ညနေပိုင်းရော၊ နောက်နေ့မနက်ပိုင်းရော အလှူပွဲ သိက်စရာမရှိ။ အိမ်ပြန်ရောက်သည်နှင့် တဝကြီး အိပ်ပစ်လိုက်မည်။ အအောင်ကို အိပ်ပစ်လိုက်မည်။ အိပ် အိပ် အိပ် အိပ် အိပ်။ ခေါင်းထဲ ခိုက်ခနဲ။ လူတစ်ကိုယ်လုံး စကြဝဠာထဲ ရောက်သွားပြီ ထင်သည်။

"အား"

"ခွပ်"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်ရုံ အကွေ့တွင် ရုတ်တရက် လမ်းဖြတ်ကူးလိုက်သော ကလေးငယ်ကြောင့် ကားကို ကမန်းကတန်း ဘရိတ်အုပ်လိုက်ရသည်။ ကားက တံ့ခနဲ ရပ်သွားသည်။

အရှိန်လေးနှင့် က,လာရသော လူကတော့ တံ့ခနဲ မရပ်နိုင်။ ယိုင်ထိုးပြီး ကားအမိုးပေါ်မှ ကျသွားသည်။ ကတ္တရာလမ်းမနှင့် ဦးခေါင်းတို့ ထိတွေ့မိတ်ဆက်လိုက်သော 'ခွပ်' ခနဲ အသံကြီးသည် . . . . .

ကိုချစ်ဦး နှင့် ကိုချစ်ကိုကို တို့မှာ ထိုင်လိုက်ကြသူများဖြစ်၍သာ တော်တော့သည်။ ကတ္တရာလမ်းမပေါ်တွင် ငြိမ်သက်သွားရှာပြီဖြစ်သော ရှိုးရှိုးလေးကို ငုံ့ကြည့်ပြီး ဘာလုပ်ကြရမှန်း မသိပါလေတော့။

ဦးစွာ သတိဝင်လာသူက ဒိုးတီးသမား ဦးမောင်ကြည်ဖြစ်သည်။ ကားပေါ်မှ ပြေးဆင်းပြီး ရှိုးရှိုးအနားသို့ ရောက်သွားသည်။ ထိုအခါမှ ကျန်လူအားလုံး သတိဝင်လာကြကာ ရှိုးရှိုးအနားသို့ အပြေးအလွှား ရောက်သွားကြရသည်။ ရှိုးရှိုးကို တဖွဖွ ခေါ်ကြည့်သည်။

မရ။ မရ။ မရပါလေတော့။ သည်အချိန်တွင် ရှိုးရှိုး၏ ဝိညာဉ်လေးသည် ကောက်ညှင်းပေါင်း ရောင်းပြီးပြန်လာသော အမေ့ကိုပဲ သွားရောက်ကြိုနေလေမလား။

ရလာသော ဆုငွေများကို စဘူးထဲထည့်ပြီး ပီတိဒွေတွပဲ ဝေနေလေမလား။

သူနှင့်အတူ ရှင်ပြုပေးမည့် တူလေးနှစ်ယောက်နှင့်ပဲ ဆော့ကစား နေလေမလား။

ဒါမှမဟုတ် မင်းသားအဝတ်အစားတွေကိုပင် မလဲလှယ်နိုင်တော့ဘဲနှင့် တဝကြီးအိပ်ချင်နေသူလေး၊ နှစ်နှစ်ခြိုက်ခြိုက်ကြီးပဲ အိပ်ပျော်နေလေမလား။

ဒါမှမဟုတ် သီချင်းအသစ်ကလေးကို ဆိုကြည့်နှင့် ကကွက်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းဆန်းလေးတွေကို ထွင်က,နေလေမလား။

"ဘိုးဘိုးကြီးရဲ့ လက်ခုပ်သံ၊ ရှိုးရှိုး က,ရပြန်၊ ဘွားဘွားကြီးရဲ့ အားပေးသံ ရှိုးလေးက,ရပြန်၊ အဖေအမေတို့ရဲ့ လက်ခုပ်သံ ရှိုးလေး ခင်ထဲလျှံ၊ ဦးဦးဒေါ်ဒေါ်တို့ရဲ့ အားပေးသံ ဘဝင်ထိအောင်ညံ၊ အစ်ကို အစ်မတို့ရဲ့ ချစ်ခင်ဟန် ရှိုးရှိုးပီတိလျှံ၊ ညီညီမတွေရဲ့ လက်ခုပ်သံ ရှိုးရှိုး မမောတန်း က,ရပြန်၊ ရွှေပွဲလာရဲ့ လက်ခုပ်သံ . . . ရွှေပွဲလာရဲ့ လက်ခုပ်သံ . . . ရွှေပွဲလာရဲ့ လက်ခုပ်သံ . . . . ."

ငွေတာရီ
( ဩဂုတ်၊ ၁၉၈၇ )

www.burmeseclassic.com

www.burmeseclassic.com



## ရွက်ကျိုးနှင့်မနိုင်ပါသကို

ဝေမှိုင်းနေသော နှင်းမှုန်အောက်မှ သောင်ပြင်တစ်ပြန့်တစ်ပြူး
ပေါ်တွင် ဟင်္သာလေးတွေ ဟိုတစ်စု သည်တစ်စု နေကြသည်က ဖြူလွလွ
ဇာစထဲမှာ ရွှေရည်ရွှေစက်လေးတွေ ကြဲပက်ထားသည့်ပမာ။ ဟင်္သာဖိုက
"အောင်း" ဟု ဖိုသံပေးလိုက်လျှင် ဟင်္သာမလေးက "တော်" ဟု ခရာ
တာတာနွဲ့လျက် . . .

"အောင်း" "တော်" သံလေးတွေနှင့် သာယာအေးချမ်းလျက်
ရှိသော မြစ်ဆိပ်ကမ်း သဘာဝကို မရိုးနိုင်စွာ ငေးကြည့်နေသော
ကောင်လေးသည် ဆူညံ စကားသံများ ကြားလာရသည်ကြောင့်
ရေဆိပ်ဆင်းလမ်းဆီသို့ လှည့်ကြည့်လိုက်သည်။ ဆရာဦးခင်မောင်ဦးတို့
ပြန်ဆင်းလာပြီထင်ရဲ့။

ကောင်လေး အတွေး မှန်နေခဲ့သည် ဆရာဦးခင်မောင်ဦးတို့

www.burmeseclassic.com

www.burmeseclassic.com



သူတကို နှင်းမှုန်မှုန်ထဲမှာ ဖြည်းဖြည်းရေးရေး မြင်လာရသည်။

"မမရေ ဟိုမှာ ရွှေရောင် အကောင်လေးတွေ အများကြီးပဲ"

"ကင်းက မှတ်လဲမထားဘူး အဲဒါ ဟင်္သာလေးတွေလို့ ဖေဖေ ပြောထားတဲ့ဟာကို"

"မောင်လေး မေ့သွားလို့ပါ၊ ဟင်္သာ၊ ဟင်္သာ၊ ရွှေဟင်္သာ၊ ကင်း ခေါ်ချင်လိုက်တာ"

"ဟင်္သာလေးတွေကို မဖမ်းရပါဘူးဆို၊ သူတို့က အမြဲနှစ်ကောင် တွဲရက်ပဲ နေကြတာတဲ့၊ တစ်ကောင်ကို ဖမ်းလိုက်ရင် ကျန်တဲ့နောက်တစ် ကောင်က ရင်ကွဲနာကျပြီး သေရောတဲ့၊ ဖမ်းမိတဲ့အကောင်ကလဲ သေသွား တာပဲတဲ့။ ဒါကြောင့် ဟင်္သာလေးတွေကို သနားလို့ ဘယ်သူမှ မဖမ်းကြ ဘူးတဲ့၊ ကင်း လိုချင်တယ်လို့ ဘယ်တော့မှ မပြောနဲ့တော့နော်၊ တော်ကြာ ဖေဖေတို့ မေမေတို့နဲ့ ခွဲနေရအုံးမယ်"

"ပြောရုံလေးနဲ့တော့ ခွဲမနေရပါဘူး မမရာ"

"ကဲ . . . ဒီကလေးနှစ်ယောက် တစ်လမ်းလုံး ပြောလိုက်ကြတဲ့ ဟာ၊ နားပဲ မနားတော့ဘူး၊ မော်တော်ပေါ် ကောင်းကောင်းတက်ကြ နော်၊ ပျဉ်ပြားပေါ်က ခြေချော်ကျနေကြအုံးမယ်၊ သား ကင်း ဖေဖေ့လက် ကို သေချာကိုင်ထားနော်၊ သိပ်ကဲတဲ့သား၊ ချီမယ်ဆိုလဲ မရဘူး၊ လူကြီးတွေ နဲ့အပြိုင် လျှောက်နေတော့တာပဲ၊ တစ်လမ်းလုံးလဲ စပ်စုတာအလွန်"

"ကလေးတွေက ရေလမ်းခရီးကို မထွက်ဖူးလို့ ပျော်နေကြတာ ပေါ့ မခ ကပါနဲ့နော် မိန်းမ၊ ကလေးတွေ ပျော်ပါစေ"

"ကြုပ်ကြပ် အလိုလိုက်နော် မောင်၊ တော်ကြာ မောင့်သားသမီး တွေက မောင့်ခေါင်းပေါ် တက်ကြလိမ့်မယ်"

ဗိုဒီယိုမင်းသားကြီးလို ကြည့်လို့ကောင်းလှသော လူညိုညို ရွှေ ဘေးကြီးက ဘာမျှပြန်မပြောဘဲ ကောင်လေးထက်ယ်မည်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်လေးလက်ကိုဆွဲ၍ ကုန်းဘောင်ကိုနင်းကာ မော်တော်သို့ ကူးလာသည်။ "သား . . . ဒီကိုကို့နားမှာ ငြိမ်ငြိမ်လေး နေခဲ့နော်" ဟုဆိုကာ ချာတိတ်ကို ကောင်လေးအနားထားခဲ့၍ မော်တော်ပေါ်မှ ဆင်းသွားကာ ဗွီဒီယိုမင်းသမီးလိုပဲ လှနေသော ဒေါ်ဒေါ်လေးနှင့် ကောင်လေးနှင့် မတိမ်းမယိမ်းအရွယ် ကောင်မလေးတို့ကို သွားခေါ်နေသည်။ သူတို့၏ နောက်မှာက ဆရာဦးခင်မောင်ဥနှင့် မော်တော်ပိုင်ရှင် ဦးသန်းလွင်။

"ဟား . . . ဟား . . မမ ရေထဲကျမှာ ကြောက်နေတယ် ဟေ့၊ ဟား . . . ဟား . . ."

"အံမယ် မကြောက်ပါဘူးနော်၊ လက်လွှတ်ပြီးတော့တောင် သွားရဲသေး"

"ဖေ့ . . ဖေ့ . . မမကြွားနေတာ၊ လွှတ်လိုက်ပါဗျာ"

"မလွှတ်ပါရစေနဲ့ သားရာ၊ သားမမက တကယ်သတ္တိ ကောင်းတာပါ၊ ဖေဖေတို့က စိုးရိမ်လို့ပါ"

ချာတိတ်လေးက တခစ်ခစ်ရယ်လျက် ကောင်လေးကို လှည့်ကြည့်ပြီး "မမက စကြွားဗျ သိလား" ဟု ပြောသံပင် မဆုံးသေး။ "ကင်းဘာလို့ မသိတဲ့လူနဲ့ သွားစကားပြောနေရတာလဲ" ဆိုသည့် ကောင်မလေး၏ ငေါက်ဆတ်ဆတ်အသံ။ "အို သမီး အဲဒီလို မပြောရဘူးလေ" ဟု ဟန့်တားလိုက်သော လူကြီးအသံ။

ကောင်လေးမှာ သိမ်ငယ် ဝမ်းနည်းစိတ်ကြောင့် ဝေ့တက်လာသော မျက်ရည်တို့ကို မမြင်စေရန် မျက်နှာကို အောက်ငုံ့ချလိုက်သည့် ခဏမှာပင် -

"ငွေမောင်းနဲ့ ကောင်လေး ကုန်းပေါင်သိမ်း၊ မော်တော်ထွက်ဖို့ လုပ်တော့" ဆိုသည့် အလုပ်ရှင် ဦးသန်းလွင်၏ အမိန့်သံကြောင့် ဝေ့လည်လာသော မျက်ရည်စတို့ သိမ်းသွားခဲ့ရတာ။ တစ်ရွာလုံးအပေါ်မှာ ဩဇာ

www.burmeseclassic.com

www.burmeseclassic.com



ညောင်းလှသည့် ကျောင်းဆရာကြီးနှင့် သူဌေးတို့ ကိုယ်တိုင်က အရေးတယူ ပျာပျာသလဲ ရှိနေရသော ဧည့်သည်တွေက ဘယ်ကများ လာကြပါသိမ့်။ ပေါင်းမိုးအောက်က သင်ဖြူးဖျာတွေပေါ်မှာ ကော်ဇောကြီးကို ထပ်ခင်းလို့။ ရေကင်းက ထည့်ပေးလိုက်သည့် စားစရာတွေကလည်းအစုံ။ ကော်ဖီရည်၊ ကိတ်မုန့်၊ ကောက်ညှင်းပေါင်း၊ ငါးကြော်၊ ကန်စွန်းဥပြုတ်၊ အာတာလွတ်ပြုတ်။

မိုးမလင်းခင်ကတည်းက ထခဲ့ရပြီး ရေနွေးတည်၊ ထမင်းချက်ရင်း ညကကျန်နေသော ထမင်းကြမ်းခဲကလေးနှင့် ငါးကလေးအိုးကပ်ဟင်းကျန်ကလေးကို လူးဖတ်စားထားရသော ကောင်လေးသည် မော်တော်မောင်းနေသည့် ကိုမဲအနားမှာ ကုတ်ကုတ်လေးထိုင်ကာ ဧည့်သည်များရှိရာသို့ အကြည့်သူခိုးလေး ဝေ့လျက် သိချင်စိတ်လေးနှင့် ဘီးတိုးနေမိသည်။

"အဲဒါ ဆရာကြီးညီပေါ့၊ မိုးညိုမှာပဲနေတော့ မင်း ဘယ်သိမလဲ၊ အခု ရန်ကုန်မှာ အရာရှိကြီးတဲ့၊ သူ့မိန်းမက ရန်ကုန်သူကွ၊ ဆရာဝန်မလို့ ပြောတယ်၊ အခုမိုးညိုကို လာလည်ရင်းနဲ့ ရေကင်းတို့ ရေလယ်သောင်တို့က ဆွေမျိုးတွေဆီကိုပါ လျှောက်လည်ကြတာတဲ့။ အဲဒီနားကို ယောင်လို့သောင်မှ မသွားလေနဲ့နော်၊ သူဌေးဆူလိမ့်မယ်"

ဒါကိုတော့ ကိုမဲ သတိမပေးလည်း အဲသည် ဧည့်သည်တွေနားကို သီသီလေး သွားဖို့ရန်ကို နည်းနည်းလေးမျှ စိတ်ကူးမရှိခဲ့ပါ။ သူဌေးဆူလိုက်မှာကိုလည်း စိုးကြောက်။ ပြီးတော့ ဟိုကြီးကျယ်သည့် မာနအိုးကောင်မလေး၏ အပြောအဆို တစ်ခုခု ရလိုက်မှာကိုလည်း မခံချင်။

"ဒီမှာ အများကြီးပဲ ဟိုကလေးတွေကိုလဲ ပေးစားလိုက်ပါအုံး" ဆိုသည့် မြို့ကလူကြီးအသံကို သဲ့သဲ့ကြားလိုက်ရသည်။ ခဏကြာတော့ "ကောင်လေးလာအုံး" ဆိုသည့် သူဌေးခေါ်သံကြောင့် အနားရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကောက်ညှင်းပေါင်းနှင့် ဥပြုတ်ပန်းကန်ကို လှမ်းယူရင်း မနေနိုင်သောစိတ်က ကောင်မလေးနှင့် ချာတိတ်တို့ကို အသာလှမ်းကြည့်မိခဲ့သည်။ ကောင်မလေးကို သူ့အမေ ဆရာဝန်မကြီးက ငါးကြော်အရိုး နှင်ပေးရင်းနဲ့ "ကိုတ်ကားပါဆို ကောက်ညှင်းပေါင်းချည်း စားနေတော့တာပဲ၊ ရင်ခံနေမယ် ဆိုဘိလေးရဲ့" ဟု ပြောလို့။ အို- အသံလေးက သိပ်နူးညံ့တာပဲ၊ ကောင်လေးအမေ အသံနှင့်တော့ တခြားစီ၊ ချာတိတ်လေးကိုပည်း သူ့အဖေက ကော်ဖီရည်ကို တယုတယ တိုက်ပေးလို့။ ချာတိတ်လေးက ကောင်လေးကို ရယ်ပြနေသော်လည်း ကောင်လေး ပြန်၍ ရယ်မပြရဲ။

"ကိုသူရ . . . ကြီးဒေါ်ပုကို မှတ်မိတယ် မဟုတ်လား၊ အဲဒါ ကြီးဒေါ်ပု မြေးပေါ့၊ သူ့သမီး ဘုံးစိက မွေးထားတာလေ"

"ဪ . . ဟုတ်လား၊ ကလေးနာမည် ဘယ့်နှယ် ခေါ်လဲ"

"ကလေးတွေ နာမည်လည်း ဟုတ်ဟုတ်ငြားငြား မရှိပါဘူး၊ သူ့ကိုပဲကြည့်၊ ယောကျာ်းလေးမို့ ကောင်လေးပဲ အမည်တွင်နေတာလေ၊ သူ့အောက်က ကလေးတွေလဲ မကောင်မလေးတို့ မကလေးမကြီးတို့၊ အဲ . . . အငယ်ဆုံးလေးက ဖရုံစိ ဆိုလား"

ဖြစ်ရလေ ဆိုသည့် လူကြီးတွေ၏ ညည်းညူသံ၊ ကောင်မလေးနှင့် ချာတိတ်တို့၏ တခစ်ခစ်ရယ်သံတွေ ရှေ့မှောက်မှာ ရှက်ရွံ့သိမ်ငယ်နေသော ကောင်လေး၏ လက်တုန်တုန်လေးတွေက ကောက်ညှင်းပေါင်းပန်းကန်လေး လွတ်ကျမသွားစေရန် မနည်းသတိထားခဲ့ရသည်။

စားချင်စိတ်လည်း မရှိတော့။ ကိုမဲတို့၊ ကိုငွေမောင်းတို့ ဘားသောက်သော အနားမှာ ထိုင်လျက် သောင်ပြင်ပေါ်မှ ဟင်္သာလေးတွေကို ကြည့်ငေးနေသည့် ကောင်လေး၏ စိတ်တို့သည် . . .

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတို့၏ ရေလယ်သောင်ရွာမှ မျှော်ကြည့်လျှင် ဧရာဝတီမြစ် တစ်ဘက်ကမ်းရှိ မြန်အောင်မြို့ကြီးနှင့် ကြံခင်းဘိလပ်မြေစက်ရုံကြီးတို့ကို ထင်းထင်းကြီး မြင်နေရသည်။

အဲသည် စက်ရုံကြီးမှာ ကောင်လေး၏ အဖေရှိသည်။ ကောင်လေးနှစ်တန်းအရောက်မှာ အဖေနှင့်အမေ ခဏခဏ ရန်ဖြစ်နေခဲ့ကြတာကို သတိမိနေခဲ့သည်။ နောက် ကောင်လေး စာမေးပွဲကြီး ဖြေခါနီးမှာ စက်ရုံကြီးမှနေ ရွာကိုပြန်လာခဲ့သည်။ စက်ရုံကြီးမှာ အဖေတစ်ယောက်ပဲ ကျန်ရစ်ခဲ့သည်။ "စာမေးပွဲဖြေဖို့ ကြံခင်းကို ပြန်ရအောင်၊ အဖေ့ဆီ ပြန်ရအောင်" ဟု ပြောလေတိုင်း အမေ့ အဆူအရိုက်တွေကိုသာ ခံခဲ့ရသဖြင့် ရှုဆာရုံပါလေတော့။ နောက်မှ သိလာရသည်က အဖေ နောက်မိန်းမ ယူသွားပြီဟုသာ။ သည်လိုနှင့်ပင် ကောင်လေး စာမေးပွဲ မဖြေခဲ့ရတော့။ ကောင်လေး ငိုခဲ့ရသည်။

အမေသည် ကောင်လေးတို့ မောင်နှမ သုံးယောက်ကို ဘွားအေကြီးနှင့် ထားရစ်ခဲ့ကာ အငယ်ဆုံး ဖရုံစီလေးကိုသာ ခေါ်သွားလျက် ရွှေကျင်သည့်အဖွဲ့နှင့် လိုက်သွားလေသည်။ သိပ်မကြာသော ကာလလေးမှာ အမေပို့လိုက်သော ငွေသုံးရာနှင့်အတူ ရွှေကျင်သည့် အဖွဲ့ထဲမှ လူတစ်ယောက်နှင့် နောက်အိမ်ထောင်ပြုလိုက်ပြီဖြစ်ကြောင်း သတင်းကိုပါ ရခဲ့လေသည်။

ကောင်လေးတို့ မောင်နှမတစ်စုမှာ မိဘနှင့်အတူ မနေရသဖြင့်

www.burmeseclassic.com



ဝမ်းနည်းအားငယ်ခဲ့ကြရသော်လည်း ကလေးများပီပီ ဆော့ကစားကြရင်းနှင့် မေ့မေ့ပျောက်ပျောက် ရှိခဲ့ကြရတာ။ ကျောင်းမနေကြရတော့သဖြင့် ကစားချိန်တွေကလည်း စိတ်ကြိုက်ရလို့။

ကောင်လေးကတော့ ယာထွက်သီးနှံတွေကို မြန်အောင်ဈေးကြီးသို့ သွားရောက်ရောင်းချရသော ဘွားအေကြီးနောက်သို့ နေ့စဉ်လိုက်ပါကူညီပေးရသည်။ ရွာပြန်ရောက်လျှင်လည်း ယာခင်းထဲသို့ သွားကာ သီးနှံတွေ ဝယ်ယူပေးရသည်။ ဒါကြောင့်လည်း အဆော့သန်၊ အစားသန်ပြီး ဘာမျှကူညီ မပေးနိုင်သေးသော ကောင်မလေး နှစ်ယောက်ထက် သူ့အပေါ်မှာ ဘွားအေကြီး အချစ်ပိုခဲ့သည်။

ဘွားအေကြီးနှင့် နှစ်နှစ်ကျော်ကျော် ဈေးရောင်းလိုက်ပြီးမှ ယခု 'မိဘမေတ္တာ' မော်တော်သို့ ရောက်ခဲ့ခြင်းပင်။ နည်းနည်းခိုင်းလို့ ရလာပြီဖြစ်သော မကောင်မလေးက သူ့အစား ဘွားအေကြီးနောက်သို့ ဈေးရောင်းလိုက်ပေးနေသည်။ 'မိဘမေတ္တာ' သည် ရေလယ်သောင် ရွာကြီးမှ ကြံခင်းရောက်လိုက်၊ မြန်အောင်ကူးလိုက်၊ မိုးညှိသို့ ပြေးဆွဲလိုက်နှင့် ဧရာဝတီတကြော စုန်ဆန်သွားလျက်။ အမိဧရာဝတီကို အမှီပြုနေရသည့် စိုက်ခင်းသမားတွေ၊ တံငါသည်တွေ၊ ကျောက်စရစ်ကျင်သည့်လူတွေ၊ ရွှေကျင်သူတွေ။

မြစ်ကြီး၏ ဝဲယာတစ်လျှောက်ရှိ ရွှေကျင်နေကြသည့် လူများကိုတွေ့လျှင် အမေများ ဘယ်အဖွဲ့မှာ ရှိလေမလဲဟု ဖွေရှာရသည်။ အမေသည် နောက်အိမ်ထောင်နှင့် ရွာသို့ တစ်ခါပဲ ပြန်ရောက်လာခဲ့သည်။ သူတို့အတွက် ငွေကိုတော့ သုံးလတစ်ခါ၊ လေးလတစ်ခါမျိုး ပို့ပေးတတ်ပါသည်။ အဖေကတော့ သူတို့ကို ရှိကြသေးသည်ဟုပင် ထင်ပါလေစ။

"အောင်း"

"တော်"

www.burmeseclassic.com

www.burmeseclassic.com



"အောင်း"

"တော်"

ကောင်လေး၏ ပျံ့လွင့်တွေးများကို ဟသ်ာတို့၏ တွန်ကျူး သံသာတို့က စုစည်းစေခဲ့သည်။ နှင်းထုက ကျဲပါးသွားခဲ့ပြီ။ နေရောင် အောက်တွင် ဟသ်ာအုပ် ကျနေသည်က ရွှေပြားကြီးကပ်ထားသကဲ့သို့ပင်။

"ဟသ်ာလေးတွေကို မဖမ်းရပါဘူးဆို၊ သူတို့က အမြဲနှစ်ကောင် တွဲရက်ပဲ နေကြတာတဲ့။ တစ်ကောင်ကို ဖမ်းလိုက်ရင် ကျန်တဲ့ နောက် တစ်ကောင်က ရင်ကွဲနာကျပြီး သေရောတဲ့။ ဖမ်းမိတဲ့ အကောင်ကလဲ သေသွားတာပဲတဲ့၊ ဒါကြောင့် ဟသ်ာလေးတွေကို သနားလို့ ဘယ်သူမှ မဖမ်းကြဘူးတဲ့၊ ကင်း လိုချင်တယ်လို့ ဘယ်တော့မှ မပြောနဲ့တော့နော်၊ ဒါကြာ ဖေဖေတို့ မေမေတို့နဲ့ ခွဲနေရအုံးမယ်"

မာနအိုး ကောင်မလေး၏ စကားတို့ကိုလည်း ချက်ချင်း ကြား ယောင်မိသွားသည်။ အဘွားလည်း သည်လိုမျိုး ပြောပြခဲ့ဖူးသည်။ အဘွား ပြောပြသည့် ဟသ်ာမောင်နှံ ပုံပြင်လေးတွေကို နားထောင်ရင်းနှင့် သနား ငိုခဲ့ကြရတာကိုလည်း မမေ့။

ချစ်စရာကောင်းလှသည့် ရွှေဟသ်ာလေးတွေကို လိုချင်တပ်မက် ခဲ့ပေမယ့်လည်း ဟသ်ာပုံပြင်တွေနှင့် ရင်းနှီးနေပြီဖြစ်သော မကောင် လေးများ ဘယ်တုန်းကမျှ ရွှေဟသ်ာလေးတွေကို ဖမ်းဆီးရန် မကြိုးစားခဲ့ သဖြင့် ဘာကြောင့်များ အဖေတို့ အမေတို့နှင့် ခွဲခွာနေကြရပါသလဲ။

ဒါဆို -

အဖေတို့ အမေတို့များ ဟသ်ာလေးတွေကို ဖမ်းဆီး စားသောက် ခဲ့ကြလေရော့သလား။ ရင်ထဲ ကျင်ခနဲ။ မျက်ရည်တို့သည် . . .

www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး . . . ဘာငူငိုင်ငိုင် ဖြစ်နေတာလဲ၊ ဟိုမှာ ထိုးဝါး ကိုယူ၊ ငွေမောင်းကို ကူစမ်း"

သည်နေ့ကို ကောင်လေး ယောင်တောင်တောင်။ စိတ်က အလုပ်ထဲမှာ သိပ်မရှိလှ။ ဒည့်သည်မိသားစုကို ကြည့်ပြီး၊ သူ့ဘဝကိုသူ သိပ်ကိုသိမ်ငယ်လို့၊ ကြေကွဲလို့၊ အဖေ့ကိုလည်း ထူးထူးခြားခြား လွမ်းဆွတ်နေလို့၊ အမေ့ကိုလည်း တမ်းတမိလို့၊ သည်တော့ ကိုမဲ အအော်ခံရတာ ဘာမှုမဆန်း။

ဝေ့တက်လာသော မျက်ရည်စတို့ကို ကမန်းကတန်း ပုတ်ထုတ်လိုက်ရသည်။ ထိုးဝါးကိုယူပြီး ကိုငွေမောင်းကို ကူထိုးပေးနေရတော့သည်။

ရေတက်ချိန်၊ ပြီးတော့ မော်တော်က ရေဆန်၊ ရေမြုပ်တွေက မြှစ်ထဲမှာအပြည့်။ ရေစီးကြမ်းသဖြင့် မော်တော်လေးခမျာ မြစ်လယ် အတိုင်းမောင်းရန် ခက်ခဲသွားသည်။ ကမ်းနားထိုးကပ်ပြီး ထိုးဝါးအကူကိုပါ ယူ၍ မောင်းနေရတော့သည်။

"ကမ်း သိပ်ကပ်မောင်းနေလို့ ကမ်းပါးပြိုကျတာနဲ့ တိုးနေအုံးမယ်၊ ကြည့်လုပ်ကြကွော၊ တော်ကြာ သောင်တင်နေတာတို့၊ နှန်းခတ်မရတာတို့နဲ့ ဒုက္ခပိုတိုးလာအုံးမယ်"

"ဟုတ်ကဲ့၊ သတိထားနေပါတယ် သူဌေး"

ကိုမဲကတော့လေ၊ သူဌေး ဘာပဲပြောပြော ဟုတ်ကဲ့နေတာပါပဲ။ ပြီးတော့မှ ကိုငွေမောင်းနှင့် ကောင်လေးတို့ကို ဖိဟောက်တာတာ၊ အခဲ

www.burmeseclassic.com

www.burmeseclassic.com



...သည်း . . .

"ကောင်လေး . . . အောက်ဆင်း၊ ကမ်းပါးအတိုင်း ကပ်သွား... မော်တော်ကို ကြိုးနဲ့ဆွဲ၊ ငွေမောင်းက ထိုးဝါးကူ၊ ငါထိန်းပြီး မောင်း...တ်မယ်၊ ရေစီးသိပ်ကြမ်းနေပြီ၊ ကောင်လေး သတိထားနော်"

ကောင်လေးလည်း "ဟုတ်ကဲ့" တစ်ခွန်းသာဆိုပြီး၊ ထိုးဝါးကို ...ယ်လို့ ကမ်းစပ်ပေါ်ကို ရောက်သွားရသည်။ ခေါင်းပေါ်မှာ မြင့်မားသော ...မ်းပါးယံ၊ ကောင်လေးလျှောက်ရသည်က တစ်ယောက်သွားရုံသာလေး။ ...ခြေတွေမို့ မနည်းခြေကုပ်ပြီး လျှောက်နေရသည့် ကြားထဲမှပင် တစ်...တစ်ချက် ချော်လဲလိုက်သေးသည်။

"ဟဲ့ . . . ဟဲ့"

"သတိထားနော် ကောင်လေး"

သည်အသံတွေနှင့်အတူ ချာတိတ်လေး၏ ရယ်သံကိုပါ ကြား...ရလို့ တစ်ဆက်တည်းမှာပင် -

"ဘာလို့ ရယ်တာလဲ ကင်း ရဲ့၊ ဒါမရယ်ရဘူး၊ သူ ဘယ်လောက်...ကောင်းလဲ"

မော်တော်ကြိုးကို အားစိုက်ဆွဲနေရင်း ကြားလိုက်ရတဲ့ မာနအိုး... ကောင်မလေးအသံ။ ဟုတ်ပါတယ်။ ကောင်မလေးအသံပါပဲ။ ...ကောင်လေး အားအင်တွေ ပိုရှိလာသလိုလို။

"တွေ့လား ဆွိဟီနဲ့ ကင်း၊ ပညာမတတ်တော့ ဆင်းရဲ၊ ဆင်းရဲ...တော့ အခုလို အလုပ်တွေ ပင်ပင်ပန်းပန်း လုပ်နေရရော၊ ဒါ့ကြောင့်...တို့ ကင်းတို့ကို စာကြိုးစားကြလို့ ပြောနေရတာပေါ့"

"သူ ကျောင်းနေချင်မှာပဲနော်၊ ခမမေ"

"အင်း . . . နေချင်မှာ မဟုတ်ပါဘူး ဆွိတီရယ်၊ ဒီလိုလူတွေက ...ကျောင်းနေရကောင်းမှန်း သိကြတာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သည်စကားတွေကိုတော့ ကောင်လေးမကြား။ ချော်မလဲစေရန် သတိထားလျက် ကိုငွေမောင်း၏ ထိုးဝါးညွန်ပြရာအတိုင်း ကြိုးကို အားစိုက် ဆွဲနေရင်းဖြင့်သာ . . . ။

ဧရာဝတီ၏ လှိုင်းလုံးများသည် ကမ်းပါးသို့ အရှိန်အဟုန်ပြင်းစွာ။

❀ ❀ ❀ ❀ ❀

မြဝတီ
( ဩဂုတ်၊ ၁၉၉၂ )

www.burmeseclassic.com

www.burmeseclassic.com



## မင်းကွန်းသောင်မှာခင်လေးကြူရှိသည်

ဟား . . . ပျော်လိုက်တာ။ ဟိုမှာ ဘုရားဖူးလှည်းတစ်စီး ...နေပြီ။ ဒီတစ်ခါတော့ အပိုင်ပဲ။ ကျွန်မတို့ မောင်နှမတစ်တွေပဲ ရှိတော့ ...။ ဂျစ်တို့၊ ငထူးတို့၊ ဖိုးချွန်တို့က ရှေ့လှည်းတွေကို လုစီးသွားကြတာ ...။ အဲဒီ ဂျစ်က အစ်ကိုအောင်ဦးတို့ အရွယ်မို့ပါနော်၊ ကျွန်မနဲ့ ရွယ်တူ ... ဒီလ်ကိုမထားဘူး။ အစ်ကိုအောင်ဦးတို့ အစ်ကိုထွန်းထွန်းတို့က ဂျစ်ဆို ...တက်နေကြရော။ အလကားစပျော့တွေ။

ဘိုးကံ့ဌေး လှည်းပဲ။ ဘုရားဖူးတွေ လှည်းနဲ့အပြည့်။ ကျွန်မတို့ ...ကို လှည်းရောက်လာတာနဲ့ လှည်းနောက်မြီးကို ကိုင်လိုက်ပြီး အလုပ် ...။

"ဦးဦးတို့၊ ဒေါ်ဒေါ်တို့၊ အန်တီတို့၊ မမတို့ရှင့်၊ ပုထိုးတော်ကြီး ...နဲ့ မြသိန်းတန်ဘုရားတို့ကို လှူဖို့ ဖယောင်းတိုင်နဲ့ အမွှေးတိုင်များ

www.burmeseclassic.com

www.burmeseclassic.com



ကို ဝယ်ယူအားပေးတော်မူကြပါရှင့်။ မြသိန်းတန်ဘုရားက ဦးဘိုင်းသမီး ဆင်ဖြူမယ် မင်းသမီးရဲ့ တစ်သိန်းတန်တဲ့ မြဘယက်ကို ဥပနာတည်ထားတာပါရှင်။ ပုထိုးတော်ကြီးနဲ့ ခြင်္သေ့ကြီးဟာ ဘိုးတော်ဦးဝိုင်း တည်ခဲ့တာပါရှင်။ ပုထိုးတော်ကြီးက လေးပုံမှာတစ်ပုံပဲ"

တစ်ယောက်တစ်ပေါက် ပြောကြရင်း လှည်းနောက်မှာပါလာတဲ့ ကျွန်မတို့ကို ကြည့်ပြီး လှည်းပေါ်မှ အန်တီတွေက -

"ဟောတော့ ဟောတော့ ကလေးတွေ။ ဟိုမှာ ပီစီလေးတွေလဲ ပါတယ်။ ဟော့ . . . ပီစီလေး မင်းကရော ဘာပြောတတ်လဲ၊ ပြောပါဦးကွ" လို့တအံ့တသြနဲ့ ပြောလာကြတယ်။

ပီစီလေးဆိုတာ ကျွန်မမောင်လေး သက်ဇော်လင်းကို ပြောနေကြတာ။ မောင်လေးက ချက်ချင်းပဲ . . .

- "ခြင်တစ်ကြီးကို ဦးပေါ်ဦးက တဲ့ရဲ့တယ်။ 'ဟယ်' ရို့ ပေါတာပဲ ရှိတေးတယ်။ ဘိုးတော်ဝိုင်းက တူ့နောက်က ရောက်ရာရော"

"ဟာ . . . ဘာတွေပြောသွားမှန်းလဲ မသိဘူး။ စကားကလည်း မပီ၊ ဝဲကလည်းဝဲ။ ကဲ . . . တိုးရစ်(စ်)ဂိုက်တွေ စကားပြန်လေးဘာလေး လုပ်ကြပါဦး"

ကျွန်မက လှည်းနောက်မြီးပေါ်ကို ခုန်တက်စီးလိုက်ရင်း။ ခြင်္သေ့ကြီးကို ဦးပေါ်ဦးက ကဲ့ရဲ့တယ်။ ဟယ် လို့ ပြောတာပဲ ရှိသေးတယ်။ ဘိုးတော်ဦးဝိုင်းက သူ့နောက်ကရောက်လာရော၊ ဟဲ့ - မောင်ပေါ်ဦး ဘာပြောမလို့လဲ လို့ မေးလိုက်တဲ့အခါ ဟိုဘက်ကမ်းကို ခုန်ကူးတော့မယ့် အတိုင်းပါပဲ ဘုရား" လို့ ပြန်ပြောလိုက်တယ်။ အန်တီတို့ ဖယောင်းတိုင်နဲ့ အမွှေးတိုင်တွေ ဝယ်ပါဦးနော် လို့လည်း ဈေးကြိုလိုက်တယ်။

"အလည်လေးတွေ၊ တကယ့် အလည်မလေး၊ ကဲ . . . ဝယ်ပါ့မယ်။ ဘယ်လိုရောင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖယောင်းတိုင်နဲ့ အမွှေးတိုင် နှစ်ခုပေါင်း တစ်ဆယ်ပါ အန်တီ"

"သမီးအစ်ကို အစ်ကိုအောင်ဦးဆီကလည်း ဝယ်လိုက်ပါဦး အန်တီရယ်။ သူက သမီးအစ်ကိုဝမ်းကွဲ ထွန်းထွန်းတဲ့။ သူနဲ့သမီး မခေါ်ဘူး သူ့ဆီက မဝယ်နဲ့"

ကျွန်မပြောတာကို လှည်းပေါ်မှ ဘုရားဖူးဧည့်သည်တွေအားလုံး သဘောကျနေကြပါတယ်။

"ခေါင်းတခါခါ၊ လည်တခါခါနဲ့ သူ့ဆံပင် နီတာရဲလေးကို ဘွင့်နေတာပဲ။ ကြည့်ရတာ အားလုံးကို သူဗိုလ်လုပ်နေပုံရတယ်"

အသားညိုညို၊ အရပ်အရှည်ကြီးနဲ့ အန်တီကြီးက အဲဒီလို ပြောလိုက်တာကို ကျွန်မ တအား သဘောကျသွားခဲ့တယ်။ အဲဒီအန်တီကြီးက သိပ်တော်တာပဲနော်။

ဟုတ်တယ်။ ဟောဒီမင်းကွန်းခေါင်းလောင်းကြီး၊ ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီးနဲ့ မြသိန်းတန်ဘုရားတို့ကို လာကြတဲ့ ဘုရားဖူးဧည့်သည်တွေကို လမ်းကြောင်းထဲကနေ ဆီးကြိုကြတဲ့ ကလေးအုပ်ထဲမှာ ကျွန်မက အားလုံးရဲ့ဗိုလ်။ အဲ - ဂျစ်၊ ငထူးနဲ့ ဖိုးချွန်တို့က လွဲရင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ပုထိုးတော်ကြီးက တစ်လုံးပဲ ပြီးသေးတယ်။ မတ်တတ်ကိုယ်တော်ကြီးရဲ့ မေးစေ့အောက်မှာ ဝလုံးလေးပေါ်နေလို့ ဘာဆုတောင်းတောင်း ပြည့်တယ်အန်တီရဲ့"

"တကယ် ပြည့်ရဲ့လား သမီးလေးရဲ့"

"ပြည့်တယ်ရှင့်၊ သမီးက မောင်လေးလိုချင်လို့ ဘုရားကြီးမှာ ဆုတောင်းတာ အမေကမွေးပေးတယ်"

"ဟုတ်လား . . . အဲဒါဆို အန်တီလည်း သမီးလေးလို စကားသိပ်တတ်တဲ့ ချစ်စရာသမီးလေးတစ်ယောက် လိုချင်နေတာ ရပါစေလို့ ဆုတောင်းဦးမှပဲ"

အသားညိုညို၊ အရပ်ရှည်ရှည်နဲ့ သိပ်ကို ချစ်စရာကောင်းတဲ့ အန်တီကြီးက ကျွန်မလက်ကိုဆွဲပြီး လျှောက်သွားနေတာပဲ။ အဲဒါကို . . .

"ဟင် . . . မေမေ့အရွယ်ကြီးနဲ့ ကလေးမွေးဦးမလို့လား"

"ဩော် . . . ဘယ်နည်းနဲ့ ရရပေါ့၊ မခိုင်ရယ်။ ဒီသမီးလေး မေမေတို့နောက်ကို လိုက်လာမယ်ဆိုရင်လဲ ရတာပဲပေါ့ သမီးရယ်"

"ထင်တယ်။ မေမေ ကလေးမွေးစားမယ့် စိတ်ကူးပေါ်နေပြီ . . . တာ သမီးထင်လို့ မေးတာ။ သိလား အန်တီလေး။ မေမေ့ . . . တာ များလှပြီ။ တစ်ယောက်မှလဲ ကောင်းကျိုးမပေးဘူး။ ခုလဲကြည့် . . . နှပ်တွေ ဖုန်သဲတွေနဲ့ ပေတူး ညစ်ပတ်နေတဲ့ ကလေးကိုများ တယ . . . ယ ရင်ခွင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ပါတ်လို့"

"အေးဟယ် ... ဒီလောက်အလှအသန့် ကြိုက်တဲ့ အမွေး အကြိုင်ကြိုက်တဲ့ မမအေးက ဒီလောက်ပေတူးနံစော်နေတဲ့ ကလေးကို ရင်ခွင်ထဲ ထည့်ချီထားတာ အံ့ဩနေတာ။ အန်တီလေးတို့တော့ မရဘူး"

ကျွန်မ ပေတူးနံစော်နေတာ မှန်ပေမယ့် ကျွန်မကို အဲဒီလိုပြော နေတာ မကြိုက်ပါဘူး။ အဲဒီအန်တီနှစ်ယောက်ကို မုန်းပါတယ်။ မျက် စောင်းထိုးပစ်လိုက်တယ်။

ကျွန်မနာမည် ခင်လေးကြူ။ အစ်ကိုက အောင်ဦး၊ မောင်လေး က သက်ဇော်လင်း၊ အဖေက ဘိုးဘွားရိပ်သာမှာ ညစောင့်လုပ်တဲ့ ကိုအေး ။ အမေကတော့ မလှကျင်လို့ ပြောလိုက်တဲ့အခါ ...

"သွက်လက်ချက်ချာလိုက်တာဟယ်။ ဒီလိုကလေးမျိုးကို ကောင်းကောင်းမွန်မွန်ထားပြီး ပညာတွေသာ သင်ပေးလိုက်ရင် ထူးချွန် တော်မြက်မှာ။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေဖြစ်မှာ"

"ဟွန်း ... မေမေ့ဟာမလေးက ဆရာဝန် အင်ဂျင်နီယာ ပြောနဲ့ ကျောင်းထားတာနဲ့ ငိုမယ့်ရုပ်"

အဲလို ဝင်ပြောတဲ့ ဦးဦးကို မကြိုက်ပါဘူး။ ဗွီဒီယိုမင်းသားနဲ့ တူတဲ့ အဲဒီဦးလေးကို မျက်စောင်းထိုးပစ်လိုက်ပြီး ...

"သမီး ကျောင်းနေတယ်။ နှစ်တန်း။ အစ်ကိုအောင်ဦးနဲ့ အစ်ကို ထွန်းတို့ကလေးတန်း"

"ကဲ ... အငယ်လေး သား ဘာပြောချင်သေးလဲ"

အန်တီကြီးက အဲဒီလိုပြောပြီး ရယ်နေပါတယ်။ ကျွန်မမုန်းတဲ့ အန်တီလေးနှစ်ယောက်ကလည်း "ညည်း နှစ်တန်းဆိုရင် အက်ပဲ(လ်) ပြီ" တဲ့။ ကျွန်မကို အထင်သေးနေတဲ့သူတို့ကို မဖြေချင်ပေါင်။ ချင်ယောင်ဆောင်ပြီး တစ်ဘက်ကို လှည့်နေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ အန်တီကြီးက ညည်းလေးကို အသည်းယားလာပြီတဲ့၊ အန်တီတို့နဲ့ လိုက်နေမလားတဲ့။

❀ ❀ ❀ ❀ ❀

ဟောဒီ မိုးမိတ်ကုန်းမြေကို လာကြတဲ့ ဘုရားဖူးဧည့်သည်တွေမှ အများကြီးရယ်ပါ။ မင်းကွန်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူစဉ်ကဆို မိုးမိတ်ကုန်း တစ်ခုလုံး လူတွေကိုဖွေးနေတာပါပဲ။ ဘယ်လူတစ်ယောက်မှ သူတို့နဲ့ လိုက်နေမလားလို့ မခေါ်ခဲ့ပါဘူး။ မပြောခဲ့ပါဘူး။

အန်တီကြီးကို ချစ်ပေမယ့် အမေတို့နဲ့ခွဲပြီး အဝေးကြီးကို မလိုက်ရပါဘူး။ အမေရယ်၊ အစ်ကိုရယ်၊ မောင်လေးတို့ရယ်ကို လွမ်းပြီးတော့လည်း ငိုနေရမှာ။

"လိုက်သွားပါလား ညီမလေးရဲ့။ အန်တီကြီးက ရွှေတွေအများကြီးဝတ်ထားတာ သူဌေးမကြီးဟ။ ညီမလေး တအားကောင်းကောင်းနေရမှာ။ အန်တီကြီးတို့အိမ်မှာ ဘီဒီယိုလဲ ရှိမှာပေါ့ဟ။ နင် ဘီဒီယို ကြိုက်တယ်မို့လား"

"ရွာမှာလည်း ရှိသားပဲဟာ"

"ရွာမှာက ပိုက်ဆံပေးကြည့်ရတာဟ။ အန်တီကြီးတို့က ကိုယ်ပိုင်ဝယ်ထားတာဆိုတော့ ညီမလေး ကြိုက်သလောက် ကြည့်ရတာပေါ့ဟ တတ်တယ်နော် အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ သားရဲ့၊ သားညီမလေးကို အန်တီတို့နဲ့ လိုက်စေချင်လား"

"ဟုတ်ကဲ့ အန်တီတို့နဲ့ လိုက်နေရင် ဘီဒီယိုထဲက မင်းသမီးလေးလို လှလှပပလေး နေရမှာပေါ့နော်။ အဝတ်အစားသစ်တွေနဲ့ ကားကြီးစီးပြီး ကျောင်းတက်ရမှာပေါ့"

"အေးပေါ့ . . . ဗွီဒီယိုထဲက မင်းသမီးလေးလို နေရမှာပေါ့နော်။ ခွားတို့က ဗွီဒီယိုသိပ်ကြိုက်တာပဲလား"

"တအားကြိုက်တာပဲ အန်တီ။ နေ့တိုင်း ကြည့်တယ်။ ညီမလေးက ဘီဒီယိုအပိုင် လိုချင်နေတာလေ"

"ဟုတ်လားသမီး။ အန်တီတို့ အိမ်လိုက်နေရင် ဗွီဒီယိုအပိုင်ရမယ်။ အန်တီတို့ ဗွီဒီယိုက အကြီးကြီးရယ် သိလား။ သမီးမှာ အခုဖိနပ်မရှိဘူး မဟုတ်လား။ အန်တီလှလှလေး ဝယ်ပေးမယ်"

ဖုန်သဲတွေပေလူးနေတဲ့ ကျွန်မခြေထောက် မည်းတူးလေးကို အန်တီကြီး မမြင်အောင် ဘယ်ဖွက်ရမှန်း မသိဘူး။ ကျွန်မတို့ရွာက လူအတော်များများ ဖိနပ်စီးလေ့ မရှိကြဘူးလေ။ ကျွန်မရှက်သွားတယ်။ ရွာမှာလည်း မနေချင်တော့ဘူး။ အစ်ကိုတို့ကလဲ လိုက်စေချင်နေတာ။

အမေ့ကို မေးလိုက်ဦးမယ်။ အမေထည့်ရင် လိုက်မယ်ဆိုပြီး၊ အန်တီကြီးတို့ ဘိုးဘွားရိပ်သာထဲ လျှောက်ကြည့်နေတုန်း မုန့်ပစ်စလက်ဆိုင်က အမေ့ဆီကို ပြေးရတယ်။

အမေ့ဆိုင်ကို ရောက်သွားတော့ အမောမပြေနိုင်ဘဲ အန်တီကြီးတို့နဲ့ လိုက်သွားချင်တယ်လို့ ပူဆာလိုက်ဟယ်။ အမေက တအားစကားများတာပဲ။ ဘယ်က အန်တီကြီးလဲ။ ဘာလာလုပ်တာလဲနဲ့ လျှောက်မေးနေတုန်း အစ်ကိုနှစ်ယောက်နဲ့ မောင်လေးတို့ ရောက်လာကြတယ်။ အမေက အစ်ကို ပြောပြတာကို သေချာနားထောင်ပြီးတော့ -

www.burmeseclassic.com

www.burmeseclassic.com



"သမီးက မောင်လေးလိုချင်တယ် ဆိုလို့ အမေက မွေးပေးထား ရတာ။ သမီးမရှိရင် မောင်လေးငိုနေမှာပေါ့။ မောင်လေးကို ဘယ်သူ ထိန်းမလဲ"

"အစ်ကိုထိန်း"

"အစ်ကိုက ကျောင်းသွားရတယ်။ ဘုရားဖူးကြိုရတယ်။ အဖေ က အလုပ်သွားရတယ်။ အမေက မုန့်ရောင်းရတယ်။ ဘယ်သူမှ မအား ဘူးသမီးရဲ့။ မောင်လေးကြီးမှ သမီးကို ပြန်လာခေါ်ပါလို့ ပြန်ပြောခဲ့ နော် သမီးလေး"

"အမေကလဲ သမီးက ခဏလေး လိုက်သွားမှာပါ။ ဘီဒီယိုကြီး အပိုင်ပေးမယ်တဲ့။ ဘီဒီယိုယူပြီး ပြန်လာခဲ့မှာပေါ့"

အမေ့ဘေးက ချာခနဲ လှည့်ပြီး ပြန်ပြေးလာခဲ့တယ်။ အန်တီကြီး တို့ကို ဘိုးဘွားရိပ်သာထဲ လှည့်ပတ်ရှာတယ်။ မတွေ့ဘူး။ မြစ်ဆိပ်ဆင်း သွားပြီ ထင်ပါရဲ့။ လိုက်မှ . . .

"နောက်ဆုံးမော်တော်ဗျို့။ မန္တလေးကို . . . မန္တလေးကို . . ."

မြစ်ဆိပ်က အသံကြောင့် ပြေးနှုန်းကို ပိုမြှင့်လိုက်တယ်။ သောင် ပြင်ကြီးကလည်း ဘာလို့ ဒီလောက်ကျယ်နေတာလဲ။

"ညီမလေးရေ ပြန်လာခဲ့ဟေ့။ အမေက လိုက်မသွားနဲ့တဲ့"

ဟော အစ်ကိုတို့ လိုက်ခေါ်ကြပြီ။ အစ်ကိုတို့ကလည်း ခုနတော့ လိုက်သွားဆိုပြီး၊ ဟင့်အင်း ပြန်မလာဘူး။ အန်တီကြီးနဲ့ လိုက်သွားမယ်။ ဘီဒီယို ယူမယ်။ ဟာ ဒီလွယ်အိတ်ကလည်း ရှုပ်လိုက်တာ။ အန်တီကြီး တို့နဲ့ လိုက်သွားရင် အမွှေးတိုင်နဲ့ ဖယောင်းတိုင်တွေ ရောင်းဖို့မှ မလိုတော့ တာ။

"အင့် လွယ်အိတ် ယူတော့ဘူး"

လွယ်အိတ်ကို သောင်ပြင်ပေါ် ပစ်ချပြီး ဆက်အပြေး မော်တော်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို လူတွေတက်တဲ့ ပျဉ်ပြားကြီး ဖယ်လိုက်တာ မြင်ရတယ်။

"အန်တီ အန်တီကြီး သမီး လိုက်မယ်"

ကျွန်မ ကုန်းအော်လိုက်တယ်။ ဟောဟိုမှာ အန်တီကြီးလက်ပြနေတယ်။ အားလုံးက လက်ပြနေကြတယ်။

"ညီမလေး လိုက်သွားရင် ညီလေးကို သူများနဲ့ ပေးပစ်မယ်တဲ့ လိုက်နဲ့နော်"

ကျွန်မအနားကို ရောက်လာပြီး မောကြီးပန်းကြီး ငိုသံပါကြီးနဲ့ ပြောလာတဲ့ အစ်ကို့စကားကြောင့် ကျွန်မ ဘာလုပ်ရမှန်း မသိတော့ဘူး။ မောင်လေးကို သူများပေးပစ်မယ်တဲ့။ ဟင့်အင်း . . မပေးရဘူး။ သူများတွေက မောင်လေးကို နှိပ်စက်ကြမှာပေါ့။ နိုင်ကြမှာပေါ့။ မပေးနဲ့။

"ဘော် . . ."

ဟော - ဥသြဆွဲပြီ။ မန်းမင်း မော်တော်ကြီး ထွက်ပြီ။ အန်တီကြီး ပါသွားပြီ။ ကျွန်မလေ သောင်ပြင်ပေါ်ကို ပစ်ထိုင်ချပြီး တအားငိုပစ်လိုက်တယ်။

ဘီဒီယို . . . ဘီဒီယို . . . ဘီ . . .

❀ ❀ ❀ ❀ ❀

မြို့တော်မဂ္ဂဇင်း
( ဇန်နဝါရီလ ၊ ၁၉၉၄ )

www.burmeseclassic.com

www.burmeseclassic.com



## သည်မိုးမှောင်တုန်း

❀ ❀ ❀ ❀ ❀

"ဗွမ်း"

ကျလာသော သစ်လုံးအရှိန်ကြောင့် ရေပြင်သည် ပန်းဖွားကဲ့
ဖြာထွက်သွားသည်။

ဖြိုးဝေတို့အားလုံး စိုစိုရွှဲနေကြပေပြီ။

ရေထဲသို့ရောက်လာသော သစ်လုံးကြီးကို ဆွဲယူလိုက်ကြသည
ဖောင်ဖွဲ့သည့်နေရာဆီသို့ တွန်းပို့နေကြဆဲမှာပင် နောက်ထပ်သစ်လုံး တ
လုံး ရေထဲသို့ပစ်ချရန်အတွက် ချောင်းကမ်းပါးသို့ ဝန်ချီစက်ကြီး ရော
လာပြန်သည်။

ဝန်ချီစက်၏ သံပါးစပ်ကြီးက ဖြန်းကနဲ ဟသွားသည်နှင့် သံ
စပ်ကြီးအတွင်းမှ သစ်လုံးကြီးက ဝုန်းဆိုကျလာသည်။ နိုင်ငံခြားသို့ တ
ရမည့်သစ်များကို ဖောင်ဖွဲ့နေကြခြင်း ဖြစ်သည်။ အိုးဘိုချောင်း ည် သ

www.burmeseclassic.com

www.burmeseclassic.com



များကို တံဆိပ်ရိုက်သူ၊ ဖောင်ဖွဲ့သူများနှင့် စည်ကားနေသည်။

"ဖြိုးဝေရေ . . . ဒီကို ခဏဟေ့ . . ."

အတွေ့တွေ့ သစ်သီလုပ်သားကြီး ဦးခင်အောင်က လှမ်းခေါ်ခြင်း ဖြိုးဝေ ဖောင်ပေါ်သို့ တက်ခဲ့သည်။ ဦးခင်အောင်က ဖြိုးဝေ၏ လက်ထဲသို့ ကြိုးစကို ထည့်ပေးပြီး -

"အဲဒီကြိုးလေးတွဲပေးစမ်းပါ ဖြိုးဝေရယ်၊ လေးလေးလက်က နာနေလို့ မဆွဲနိုင်တော့ လျော့နေရော"

"လက်နာရင်လဲ နားနေပါလား လေးလေးရယ်၊ အလကား လုပ်နေတယ်"

ဖြိုးဝေက ကရုဏာသက်စွာ ပြောမိသည်။ ဦးခင်အောင်သည် သွားတံတွေးကို ပစ်ကနဲ ထွေးထည့်လိုက်ပြီး -

"ဟ . . . ဖြိုးဝေ ရ အလကား လုပ်နေပါ့မလားဟ၊ ပိုက်ဆံရလို့ လုပ်နေတာပေါ့၊ ချီးတဲ့မှပဲ စားဖို့သောက်ဖို့ ပြည့်စုံနေရင် အိမ်မှာ နေ့ ထိုင်နေမှာပေါ့၊ ချီးတဲ့မှပဲ"

ဦးခင်အောင်၏ အပြောကြောင့် ဖောင်တစ်ဖွဲ့သားလုံး ဝါးကနဲ ရယ်လိုက်ကြသည်။

'ချီးတဲ့မှပဲ' သည် ဦးခင်အောင်၏ မပါမဖြစ်သည့် လက်သုံးစကားဖြစ်သည်။

"ဟ . . . ဖြိုးဝေကြီးရ မင်းကို ဆဲလဲဆဲသေး ဘာလို့ လုပ်ပေးနေရတာလဲ"

"အလကားဟေ့ . . . ဒီအဖိုးကြီး ပျင်းတိုင်း လက်နာတာပဲ အကြောင်းပြပြနေတာ မသိဘူးများ မှတ်နေလား . . ."

သစ်သီလုပ်သားကြီးများဖြစ်ကြသည့် ဦးခွေး၊ ဦးမောင်ရွှေနှင့် ဦးစိန်ဝင်းတို့က မခံချင်အောင် နောက်ပြောင်နေကြသည်။ ဦးခင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကမ္မ ကွမ်းတံတွေးကိုသာ တထွေးတည်းထွေးပြီး 'ချိုးတဲ့မှပဲ' ဂု ဂါထာ အလား ရွတ်ဆိုနေပါတော့သည်။

ဖြိုးဝေသည် ရယ်မောလျက်နှင့် ဦးခင်အောင်ကို ကူညီလုပ်ကိုင် ပေးနေသည်။

ဖြိုးဝေ၏ ဖခင် ချောင်းအုပ်ကြီး ဦးတင်ကြိုင်သည် ဖွဲ့ပြီးသမျှ ဖောင်တို့အား ခိုင်ခံ့မှုရှိမရှိ၊ သစ်လုံးမှ တံဆိပ်များ၊ မျှောစာတို့ ဒီအိုတို့နှင့် ကိုက်ညီမှု ရှိမရှိကို လိုက်လံစစ်ဆေးသည်။ ဖောင်နှင့်လိုက်ပါသွားမည့် ဖောင်လိုက်လုပ်သားများကိုလည်း လိုအပ်သည်တို့ကို မှာကြားနေသည်။

အိုးဘိုသစ်ဆိပ်သည် ဖြိုးဝေတို့ ဆွေစဉ်မျိုးဆက်၏ အသက် သွေး ဖြစ်သည်။ အဘေး၊ အဘိုး၊ အဖေတို့သည် သစ်ဆိပ်ဝန်ထမ်းများ ဖြစ်ကြသည်။ သည်မိသားစုမပေါက်ဖွားလာသော ဖြိုးဝေသည်လည်း -

❀ ❀ ❀ ❀ ❀

"ဟေး . . . ဖြိုးဝေ၊ ဆယ်တန်းအောင်စာရင်းတွေ မနက်ဖြန် ထွက်မယ်တဲ့၊ မန်နေဂျာကြီးက ပြောလိုက်တယ်"

လေးလေးအုန်းမြင့်က ချောင်းတစ်ဘက်ကမ်းမှနေ အော်ပြော သည်။ လေးလေးသည် ရုံးမှ ပြန်လာဟန်ရှိသည်။

"ဟုတ်လား လေးလေး"

ဖြိုးဝေ၏ ရင်ထဲ လှုပ်ခနဲ ဖြစ်သွားသည်။ စာတော်သူတစ်

www.burmeseclassic.com

www.burmeseclassic.com



...သောက်အနေဖြင့် မအောင်မှာကို မပူသော်လည်း အောင်စာရင်းနတ် ...စားသည် ထင်ရဲ့။

သစ်လုံးများကို နဖားထွင်း၍ သံကြိုးနှင့်သီကာ ခင်းထားသော ...တားလှုပ်တုတ်တုတ်အား ခါတိုင်းလို သွက်လက်မြန်ဆန်စွာ မလျှောက် ...။ သစ်လုံးများသည် ခြေချလိုက်တိုင်း ဟိုဘက်လိမ့်လိုက် သည်ဘက် ...လိမ့်လိုက်နှင့်။

လေးလေးအုန်းမြင့် ရပ်စောင့်နေသည့်နေရာသို့ ရောက်သော ...ခါ 'နက်ဖြန်ထွက်မယ်ဆိုတာ သေချာရဲ့လား' ဟုမေးမိသည်။

"မန်နေဂျာကြီး ပြောတာပဲ သေချာတာပေါ့မောင်၊ သူ့သမီးလေး ...ဲ ဆယ်တန်းဖြေထားသတဲ့၊ ဘယ့်နှယ်လဲ အောင်မယ်ထင်ရဲ့လား"

"ဒီ ဘယ်နှစ်လုံးလဲလို့ မေးစမ်းပါ"

"အေးကွာ ငါ့တူကြီး ဒီဆယ်ပုံးလောက် ရပါစေဗျာ"

ထိုစဉ် -

"ဦးချိုးဝေ . . . ဦးချိုးဝေ . . ."

ကလေးတစ်ဦး၏ မပီကလာလေးနှင့် ခေါ်သံကို ကြားရသည်။ ...လာရာသို့ ကြည့်လိုက်သည်။ ချမ်းသာတို့ ရွှေစုတို့ ကလေးအုပ်စုကို ...အိမ်သေးသေးလေးတွင်းမှာ တွေ့ရသည်။ သည်တဲလေးများသည် ...င်တဲလေးများ ဖြစ်ကြသည်။ ရောဝတီ၊ စစ်တောင်း၊ သံလွင် မြစ်များ ...ဆင်းလာသော ဖောင်တွဲများပေါ်မှာ ပါလာလေ့ရှိသည်။ သစ်ဆိပ် ...ရာအနှံ့အပြားမှာ ရှိနေသော သည်ဖဲသေးသေးလေးများသည် ...လေးတို့အတွက် ကစားစရာ တစ်မျိုးပင်။

ဖြိုးဝေသည် ကလေးများကို ပြုံးကြည့်လိုက်ကာ . . .

"ဘာလဲကွ ချမ်းသာ"

"ဦးချိုးဝေ ဒီ ချယ်ရှန်း ရရာယင် နော်တို့နဲ့ ဒိုးကျစ်တန်း ...ချား

www.burmeseclassic.com



ရအောင်”

“ဟော”

ချမ်းသာစကားကြောင့် သူရော၊ လေးလေးပါ ရယ်မိသွားသည်။ ပြီးမှ စိတ်မကောင်းဖြစ်ရသည်။ “အေး အေး ကစားမှာပေါ့ကွာ” ဟူသည့် ပြန်ပြောသည့် စကားသည်ပင် လေပျော့နေသည်။

“ဒါပဲကြည့်တော့ ငါတူရေ၊ တို့ သစ်ဆိပ်က ကလေးတွေ ပညာရေးနဲ့ နီးစပ်လား၊ မနီးစပ်ဖူးလား ဆိုတာ”

စကားကောင်း နေဆဲမှာပင် လေပြင်းတစ်ချက် ဝှေ့လာသည်။ ကောင်းကင်မှ တိမ်မည်းညိုတို့ ပို၍ အုံ့မှိုင်းလာခဲ့သည်။

“မုန်တိုင်းအရိပ်အရှိန်ရှိတယ်၊ ကျွန်တော် ဘုံးတိုင်တွေ စစ်ဖို့ ကမ်းနားဆင်းလာတာ သွားလိုက်ဦးမယ် လေးလေး” ဟု နှုတ်ဆက်ထွက်ခဲ့ရသည်။

သောင်းကျော်တန် သစ်လုံးကြီးများကို ခုန်ကူးကျော်လွှား သွားနေယင်းမှ သစ်ဆိပ်လုပ်သားများဘဝ အထွေထွေက ခေါင်းထဲသို့ တိုးဝှေ့ဝင်လာသည်။

သစ်ဆိပ်လုပ်သားများသည် သစ်မြုပ်ဖော်၊ သစ်သီ၊ ဖောင်ထုတ်၊ နေ့စောင့်၊ ညစောင့် စသည့် တာဝန်များသာမက မြစ်ထဲမှာ ပိုက်ချရသေးသည်။ ဝမ်းတစ်ထွာကို ပြည့်အောင် ရေလုပ်ငန်းမှ ရသော ဝင်ငွေနှင့် ကူဖြည့်ကြရခြင်းဖြစ်သည်။

သူတို့သည် သည်မြေမှာ မွေးကာ သည်ရေထဲမှာပဲ နှစ်ပေါင်းကြာရှည်နေသွားကြရသည်။ သည်မြေမှာ နေသူအချင်းချင်းပင် အိမ်ထောင်ပြုကြသည်။ ပေါက်ပွားလာသော ကလေးများသည် ကျောင်းနေကြရသူ နည်းပါးသည်။ နေရပြန်တော့လည်း ဘုန်းကြီးကျောင်းသားကလေးဘဝ ကတည်းကပင် မိဘများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ကို မျက်စိရည်၊ နားရည်ဝနေခဲ့ကြသည်။ သစ်ဆိပ်မှ

www.burmeseclassic.com

www.burmeseclassic.com



ကလေးတိုင်း ရေကို မကြောက်ကြ။ ရေကူးကျွမ်းကျင်ကြသည်။ ဖား ငါး ရှာတတ်ကြသည်။ အရွယ်ရောက်လာသောအခါ သစ်ဆိပ် အလုပ်ကြမ်း သမားဘဝကို ခံယူကြသည်။ သူတို့ လူဖြစ်လာရခြင်းသည် မိဘများ၏ သစ်ဆိပ်လုပ်သားဘဝနှင့် ရေလုပ်သားဘဝတို့ကို ပခုံးပြောင်းတာဝန် ထမ်းဆောင်ရန်အတွက် ဟုပဲ နားလည်ထားကြလေရော့သလား မသိ။

ဖခင် ဦးတင်ကြိုင်သည် အမြော်အမြင်ကြီးသော ဘိုးအေကြီး၏ အစီအမံဖြင့် ခေတ်ပညာကို ဆယ်တန်းအထိ သင်ယူခဲ့သူဖြစ်သည်။ ထို့ကြောင့် ချောင်းအုပ်ကြီး ရာထူးအဆင့် ရလာခဲ့သည်။ ပညာ၏ တန်ဘိုး ကို နားလည်နေသူပီပီ ဖြိုးဝေကို အများနည်းတူ ဘုန်းကြီးကျောင်းမှာ မထား။ သာကေတ ဆယ်ရပ်ကွက်ရှိ မူလတန်းကျောင်းမှာ ထားပေးခဲ့ သည်။

ဖြိုးဝေကလည်း သစ်ဆိပ်မိသားစုများ၏ ပင်ပန်းဆင်းရဲသော ဘဝ နိမ့်ကျသော အခြေအနေတို့ကို ငယ်စဉ်ကတည်းက နားလည်ခံစား ခဲ့သည်။ ဘဝကို တိုးတက်မြင့်မားစေရန်အတွက် စာကိုကြိုးစားခဲ့သည်။ သစ်ဘက်မှလည်း ဖခင်၏ လုပ်ငန်းမှာ ဝင်ရောက်ကူညီပေးခဲ့သည်။ ယခု ဆိုလျှင် ဆယ်တန်းစာမေးပွဲကြီးကိုပင် ဖြေဆို၍ ပြီးခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ညကတည်းက သည်းထန်စွာ ရွာသွန်းခဲ့သောမိုးသည် ယနေ့အထိ ဆက်နေသည်။ နံနက်လင်းပိုင်းတွင် မိုးမသည်းတော့သော်လည်း ဖွဲဖွဲမှုန်မှုန် ရွာလျက်ရှိသေးသည်။ ကောင်းကင်တစ်ခုလုံးသည် ပြိုကျတော့မယောင် မှိုင်းမှုန်ညှိုဆိုင်းလျက်။

ဖြိုးဝေတို့ သစ်ဆိပ် တစ်ပိုင်းလုံး ညက ကောင်းစွာ မအိပ်ခဲ့ကြရပေ။ ညကလေထန်လိုက်ပုံများမှာ အိမ်များသည် ပုခက်လွှဲနေသကဲ့သို့ သိမ့်သိမ့်ခါနေခဲ့သည်။

ညက အမျိုးသမီးများနှင့် ကလေးများသာ အိမ်မှာ ကျန်ရစ်ကြသည်။ အရွယ်ရောက်သော ယောကျ်ားသားအားလုံးမှာ လေထန်ထန် မိုးသည်းသည်းအောက်တွင် ပြေးလွှားနေခဲ့ကြရသည်။ တုံးများကို စစ်ဆေးကြရသည်။ နဖားများ ပြုတ်ထွက်မထွက်၊ သံကြိုးများ ခိုင်မခိုင်၊ ဘုံးတိုင်များယိုင်မယိုင်၊ စသည်တို့ကို ဂရုတစိုက် ဆောင်ရွက်ခဲ့ကြရသည်။

သစ်လုံးများကို နဖားထွင်း၍ တစ်လုံးနှင့်တစ်လုံး သံကြိုးဖြင့် ဆက်ထားသော သစ်လုံးတန်းရှည်ကြီးများသည် ကမ်းခြေတစ်လျှောက် တတန်းကြီးရှိသည်။ ယင်းတို့ကို ဘုံးတန်းဟုခေါ်သည်။ သစ်လုံးများ အလေအလွင့် နည်းပါးစေရန်အတွက် ဘုံးတန်းများက ကာကွယ်ထားသည်။ သံကြိုးဘုံးတန်းနှင့် အုန်းဆံဘုံးတန်း နှစ်ထပ် ကာရံထားသည်။

ဘုံးတန်းများ ခိုင်ခန့်စေရန်အတွက် ဘုံးတိုင်များနှင့် ထိန်းထားရသည်။ အကွက်ဘုံးတိုင်၊ ဒေါက်ဘုံးတိုင်နှင့် ရေဘုံးတိုင်ဟူ၍ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အထွက်ဘုံးတိုင်သည် ကုန်းပေါ်မှာ၊ ဒေါက်ဘုံးတိုင်သည် ရေစပ်မှာ၊ ရေဘုံးတိုင်သည် ရေထဲမှာ။ ဘုံးတိုင်သုံးခုသည် တတန်းတည်း ရှိသည်။ ဘုံးတန်းများကို ခါးကြိုးများနှင့် ထိန်းထားသည်။

ညက ရေတက်ကလည်းကြမ်း၊ လေတိုက်လည်း ကြမ်းလှုန်းလှသဖြင့် သစ်လုံးများမှာ ဘောင်ဘင်ခတ်နေသည်။ နတ်ဝင်သည့်အလား ညင်ရမ်းခါနေခဲ့သော သစ်လုံးများသည် တစ်လုံးနှင့်တစ်လုံး ရိုက်နေကြသည်။ သစ်လုံးမညပ်မိစေရန် သတိကြီးစွာ ထားခဲ့ကြရသည်။

ညက ကံကောင်းခဲ့သည်။ သစ်ဆိပ်တစ်ပိုင်းလုံးရှိ ဘုံးတန်းများ မြောထွက်ခြင်း မရှိခဲ့ပေ။ အရုဏ်တက်ခါနီးတွင် လေငြိမ်သွားသည်။ တစ်ညလုံး သည်းခဲ့သောမိုးသည်လည်း ဖွဲဖွဲမှုန်မှုန်သာ ရွာလေတော့သည်။

အခြေအနေကို စိတ်ချနိုင်ပြီဟု ယူဆကာ ကင်းစောင့်အားထားခဲ့ပြီး၊ အားလုံးပြန်လာခဲ့ကြသည်။

ဖြိုးဝေတို့သားအဖလည်း အိမ်ရောက်သည်နှင့် အဝတ်လဲလှယ်ကာ အိပ်ရာဝင်ခဲ့ကြသည်။ "သားကြီးလဲ ဒီညသတင်းစာတိုက်မှာ အောင်စာရင်း သွားစောင့်မယ်ဆိုတာ မသွားဖြစ်တော့ဘူးနော်" ဟု အဖေက စိတ်မကောင်းစွာနှင့် ဆိုခဲ့သေးသည်။ ဖြိုးဝေသည် မည်သို့မျှ မဖြစ်လေဟန်နှင့် "ထူးပါဘူး အဖေရယ်၊ မနက်ဆို သိရမှာပဲဟာ၊ ဒီလောက်လေမိုးသည်းနေတာ သူငယ်ချင်းတွေလဲ သွားကြမှာ မဟုတ်ပါဘူး" ဟု အဖေ့ကို ပြန်၍ နှစ်သိမ့်လိုက်ရသည်။

စိတ်ထဲမှာမူကား မင်းသက်နိုင်တို့တော့ ငါလာမလားလို့ စောင့်နေကြမှာပဲ၊ ဘယ်လောက်မိုးရွာရွာ ဒီကောင်တွေ သွားကြမှာ၊ ဒီအချိန်ဆို သိကုန်ရောပေါ့၊ ငါ . . . ငါ . . . ။

ညက အိပ်မက်ထဲတွင် အောင်စာရင်းကို သွားကြည့်နေခဲ့သည်။ သူ၏ သူငယ်ချင်းအားလုံး စာမေးပွဲ အောင်ကြသည်။ မိုးရေထဲမှာပင်

www.burmeseclassic.com

www.burmeseclassic.com



အပြေးပြန်လာခဲ့ကြသည်။ စိတ်ကူးထဲတွင် သူသည် စစ်ဗိုလ်ကြီးဖြစ်သွား လိုက်၊ ဆရာဝန်ကြီးဖြစ်သွားလိုက်၊ သစ်ဆိပ်ရုံးမှ မန်နေဂျာကြီးဖြစ်သွား လိုက်၊ သစ်ဆိပ်မှ ကလေးများကို စာသင်ပေးနေသည့် ကျောင်းဆရာလေး ဖြစ်သွားလိုက်နှင့်။

သူလန့်နိုးလာသောအခါ နံနက် ခုနစ်နာရီ ရှိပြီ။ အဖေသည် နံနက် ခြောက်နာရီကတည်းက ကမ်းနားသို့ ဆင်းသွားပြီဖြစ်ကြောင်းနှင့် သူ့ကို စာမေးပွဲအောင်စာရင်း သွားကြည့်ရန် မှာခဲ့ကြောင်းတို့ကို အမေက ပြောပြသည်။

အဖေ့ကို သနားသွားရသည်။ သူက တစ်ညလုံး ပင်ပန်းထား သည်ချင်း အတူတူ လူကြီးဖြစ်သူက စောစီးစွာ နိုးနေခဲ့သည်။ သူ့ အလုပ်လုပ်ရန်လည်း မနှိုးခဲ့။ အဖေ၏ မေတ္တာ၊ စေတနာ၊ အကြင်နာ တရား တို့ကို ခံစားရသည်။

သည်နေ့ သစ်စက်နှင့် နိုင်ငံခြားတို့သို့ ပို့ရန်အတွက် ရွေးသစ်များ ဖောင်ဖွဲ့ထားသည်တို့ကို ပြုပြင်ရမည်ဖြစ်သည်။ အရေးကြီးသည်။ ရုတ်ခြည် ရပ်လုံး မှုန်မှိုင်းနေသော ကောင်းကင်ကြီးကို ကြည့်ကာ ရာသီဥတုအခြေ အနေကို တွက်ဆကြည့်သည်။ မုန်တိုင်းကျနိုင်သည်။

လှိုင်းထနေသော ပဲခူးမြစ်ပြင်ကို လှမ်းမျှော်ကြည့်သည်။ အဖေ့ ကို စိတ်ပူသွားသည်။ လှိုင်းရှိနေလျှင် ဖောင်တွဲများ လှုပ်ခါကာ 'ဖောင်ပြို များ' ဖြစ်နေတတ်သည်။ အန္တရာယ်များသည်။ ခြေချော်ကျပြီး ဖောင်ညပ် ကာ ခြေလက်ကျိုးနိုင်သည်။ သေဆုံးနိုင်သည်။

အောင်စာရင်းကြည့် သွားရန်အတွက် သာကေတဘက်သို့ တည်ထားသော ခြေလှမ်းများကို ရုတ်လိုက်သည်။

ဖြိုးဝေ၏ ခြေလှမ်းများသည် ကမ်းနားဆီသို့။

www.burmeseclassic.com

www.burmeseclassic.com



"လှိုင်းရှိလဲ မတတ်နိုင်ဘူး။ ဒီသစ်တွေက ဒီနေ့အရောက်ပို့ရမှာ၊ ...ခင်ဆွဲသွားမယ့် သင်္ဘောတွေလဲ ရောက်နေကုန်ပြီ။ (ဃ)ပိုင်းဆို သင်္ဘော ...ာင် ထွက်သွားပြီ။ ဟော့ . . . ဟော့ . . . လှော်ရှေ့ သတိထား၊ သတိထား ...ည် တော်သေးလို့ကွာ"

အဖေ့အသံကို အိုးဘိုချောင်းစပ်ကပင် ကြားနေရသည်။ ဖြိုးဝေ ...ောက်သွားချိန်တွင် ဖောင်များကို ဘုံးပြင်သို့ ထုတ်ထားပြီးလေပြီ။ အဖေ ...ည် ဖြိုးဝေကို မြင်သွားသည်။

"ဟော့ . . . သားကြီး၊ အောင်စာရင်း-သွားမကြည့်ဘူးလား"

"အလုပ်တွေပြီးမှ သွားမယ် အဖေ"

စကားဆုံးသည်နှင့် ချောင်းထဲသို့ ခုန်ချလိုက်သည်။ အလုပ် ...သားများ ရှိရာသို့ ကူးသွားသည်။ လုပ်စရာရှိသည်တို့ကို ဝိုင်းဝန်းလုပ် ...သည်။ သည်လိုမှ မလုပ်လျှင် အဖေသည် အောင်စာရင်းကို ဇွတ်သွား ...ည့်ခိုင်းမည် မုချ။

ယခုတော့ အဖေ ဘာမှ မတတ်နိုင်တော့ပြီ။

ဖွဲဖွဲရွာသွန်းနေသော မိုးသည် တဖြည်းဖြည်း သည်းလာသည်။ ...သည်းပါလာသည်။ အားလုံးကို တက်သုတ်ရိုက် လုပ်ကိုင်နေရတော့ ...သည်။

လေတိုက်နှုန်းသည် ဖြည်းဖြည်းချင်း ကြမ်းလာခဲ့သည်။

"မုန်တိုင်းပါတယ်ဟေ့၊ အားလုံးသတိထားကြ၊ ဖောင်တွေမျော ...မယ်"

သတိပေးသံများ ဆူညံသွားသည်။

လူတွေရော သစ်လုံးတွေရော ရှုပ်ထွေးနေသည်။

မုန်တိုင်းကျခဲ့ပြီ။

"မနက်ဘက် မိုးနည်းသွားလို့ ဟုတ်ပြီ ထင်နေတာ၊ ...တဲ့မှပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းကျဖို့ အရှိန်ယူနေတာကိုး ချီးတဲ့မှပဲ"

ဦးလေးခင်အောင် ၏ 'ချီးတဲ့မှပဲ' ကို ခါတိုင်းလို မရယ်နိုင်ကြ တော့ပေ။

အနောက်တောင်ဆီမှ လေကြမ်းသည် တဝေါဝေါနှင့်။ လေရှိန် လှိုင်းရှိန်ကြောင့် သစ်လုံးများ မြောက်ကြွနေကုန်သည်။ ဖောင်တွဲများကို ဘုံးတွင်းသို့ ပြန်လည်ဆွဲသွင်းနိုင်ရန် ကြိုးစားကြရပြန်သည်။

"ဟာ ဟိုဘက်မှာ ဘုံးတန်းတွေ ပြုတ်ကုန်ပြီဟေ့၊ သစ်လုံးတွေ မျောကုန်ပြီ"

"အဲဒါတွေ မနေ့ကမှ ပြင်ထားတာ ချီးတဲ့မှပဲ"

မုန်တိုင်းအရှိန် ပြင်းလွန်းလှသည်။ ဘာမှ မခံနိုင်။ ကြိုးဘုံး၊ သံကြိုးဘုံး၊ ခါးကြိုး၊ ထိပ်ဆန့်ကြိုး၊ ဖောင်ဆက်ကြိုးများနှင့် သစ်ပျစ်များ ပြတ်ထွက်ကုန်လေသည်။ မြစ်ထဲသို့ မျောထွက်ကုန်သော သစ်လုံးကြီးများ ကို ခက်ခဲစွာ လိုက်လံဆယ်ယူကြရသည်။

လေးလေးအုန်းမြင့်သည် သစ်လုံးဆယ်ယင်းနှင့် တုံးညှပ်ကာ လက်မှာ ဒဏ်ရာရသွားရှာသည်။ ကျိုးသွားသည်ထင်သည်။ မုန်တိုင်းထဲ မှာပင် ဆေးရုံသို့ လိုက်ပို့ကြရသည်။

ဦးတင်ကြိုင်သည် ပြတ်ထွက်ကုန်သော ဖောင်ဆက်ကြိုးတို့ကို ပြုပြင်နေသည်။ လှိုင်းအပုတ် ဖောင်အလှုပ်တွင် မထိန်းနိုင်ဘဲ လဲကျသွား သည်။

"အဖေ သတိထား"

ဖြိုးဝေက စိုးရိမ်တကြီး လှမ်းအော်မိလိုက်သည်။ ဖခင်ကြီးထံ သို့လည်း ကူးသွားလိုက်သည်။ တစ်လုံးနှင့်တစ်လုံး အရှိန်ပြင်စွာရိုက်နေ ကြသော သစ်လုံးကြီးများကို ရှောင်ယင်းတိမ်းယင်းနှင့် ဖခင်ရှိရာဖောင် နားသို့ ရောက်သွားသည်။ နတ်ဝင်သည့်အလား ခါရမ်းနေသော ဖောင်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သို့ တွယ်တက်မည်ပြင်ဆဲ။

"ဟေး . . . ဖြိုးဝေ၊ ဖြိုးဝေ"

"စာမေးပွဲအောင်တယ်ဟေ့၊ ဂုဏ်ထူးနှစ်ခုနဲ့"

"တို့ အားလုံးအောင်တယ်ကွ"

အသံတွေ၊ အသံတွေ။

"ဟုတ်မယ် မထင်ပါဘူးလေ၊ အောင်စာရင်းကို စိတ်စွဲနေလို့ အသံလေသံတွေ ထင်ယောင်ထင်မှား ကြားနေဟန်တူပါရဲ့"

ဖောင်ပေါ်မှ ချော်ကျသွားသည်။ သတိထားပြီး နောက်တစ်ကြိမ် တွယ်တက်မည်ပြင်ဆဲ။

"ဟေး . . . ဖြိုးကြီးရေ"

နားကြားမလွဲပါ။ မင်းသက်နိုင်၏ ခေါ်သံပေပဲ။

လေကြီးမိုးကြီး မုန်တိုင်းထဲမှာ အပြေးရောက်လာကြသည် ဆို သော။

ကမ်းစပ်သို့ ဆတ်ကနဲ လှည့်ကြည့်သည်။ မိုးစက်များ ကြားထဲမှ သူငယ်ချင်းများ၊ လက်ပြောက်ပြနေကြသော သူငယ်ချင်းများ။

"မင်းအောင်တယ်၊ ဒီနှစ်လုံး"

အောင်တယ်။ ဒီနှစ်လုံးတဲ့။ ရင်ထဲမှာ လိုက်ကနဲ ဝမ်းသာမှု ဒီအရှိန်သည် မုန်တိုင်းအရှိန်ထက် ပိုမိုသွားပေလိမ့်မည်။ ဖောင်ကို တွယ်ထားသော လက်များကို အမေ့မေ့အလျော့လျော့ဖြင့် လွှတ်မိ လိုက်သည်ခဏ။

"အား"

"သား"

အဖြစ်အပျက်သည် မြန်ဆန်လွန်းလေစွ။

လှိုင်းနှင့်အတူ မြောက်ကြွခါရမ်းနေသော ဖောင်တွဲကြီးက

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဝေ၏နောက်မှ ရိုက်ချလိုက်သလို ဖြစ်သွားသည်။ မှောက်ကျသွားသော ဖြိုးဝေ၏ ကျောထက်ဆီမှ သစ်လုံးကြီး တစ်လုံးကလည်း မျောဖြတ်သွားကာ ဖောင်ကိုသွားတိုက်သည်။ ဝုန်းကနဲအသံနှင့်အတူ ဖောင်ပေါ်မှ လူအားလုံး အလဲလဲအပြိုပြို ဖြစ်ကုန်သည်။ မိမိကိုယ်ကိုမှ မနည်းသတိထားနေကြရသည်ဆိုတော့လည်း။

သည်မျှ လှိုင်းလေကြီးနေသည့်အချိန်တွင် မည်သူသည် မြစ်ထဲချောင်းထဲ ရေငုပ်ရှာရဲ ပါမည်နည်း။ စိတ်မကောင်းရုံကလွဲ၍။

ရေထဲသို့ တစ်ချီတည်းနှင့် နစ်မြုပ်သွားသော ဖြိုးဝေသည်လည်း တစ်ကြိမ်မှ ပြန်ပေါ်မလာတော့။ ချောင်းရိုးမှတစ်ဆင့် မြစ်ထဲသို့ မျောပါသွားလေပြီလား။ သို့တည်းမဟုတ်။

အားလုံးကမ်းပေါ်သို့ တက်ခဲ့ကြရသည်။ ဦးတင်ကြိုင်သည် ယောက်ျားကြီးတန်မယ့် အော်ဟစ်ငိုကြွေးနေရှာသည်။

အနောက်တောင်ဆီမှ လေကြမ်းသည် တဝေါဝေါနှင့် အသံပေး၍ လာပြန်ချေပြီ။

လျှပ်သည် ဝင်းလျက်။

မိုးသည် ထစ်ချုန်းမြည်လျက်။

မြတ်လေးမဂ္ဂဇင်း
( ဩဂုတ် ၊ ၁၉၈၆ )

www.burmeseclassic.com

www.burmeseclassic.com



## ဂိရိတတ္ထဇာတ်တော်ကိုပဲဖတ်ချင်ပါတော့သည်

❀ ❀ ❀ ❀ ❀

"ဟဲ့ . . . ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်လို့ဆို၊ အမေကလဲ ကျွန်မက **မိန်းကလေးချင်း** တာမနာ ပြောနေပါ့မလား။ အဲဒီကောင်မလေး တွဲနေတဲ့လူက သက်ရှိ မိန်းမပေါင်းလျက်ကြီးတဲ့။ ကလေးကသုံးယောက်၊ အကြီးဆုံးက ကျောင်း ဆောင်နေနေပြီတဲ့"

"အဲဒါကို ကောင်မလေးက မသိဘူးတဲ့လား"

"ပြောတတ်ဘူးလေ"

"ဩော် . . . ဒုက္ခ . . . ဒုက္ခ . . .၊ မိန်းကလေးတွေက အသေအချာ စုံစမ်းဖို့ ကောင်းတာပေါ့ကွယ်"

"အဲဒါ မိန်းကလေးတွေ ရဲတင်းတာ အတွေးတိမ်ကြတာပေါ့ အမေရဲ့။ ယောက်ျားတွေ ရှားနေတာ မြန်မြန်ယူထားလိုက်တို့၊ [illegible]းရဲ့ဦး

www.burmeseclassic.com

www.burmeseclassic.com



တို့၊ မရဲ့မောင်လေးတို့ အဲဒီအသံတွေကလည်း မြောက်ပေးကြတယ်လေ"

သမီးအကြီးဆုံး ကျောင်းဆရာမ အပျိုကြီးက ထုံးစံအတိုင်း ဟောဟောဒိုင်းဒိုင်း ပြောချလိုက်ရာ၊ သမီးလတ် ရုံးစာရေးမ နှင့် သမီးငယ် ဆေးကျောင်းသူတို့က ရယ်ကြလေသည်။

"မမကြီးက ပြောလည်း ပြောချင်ရဲ့၊ သီချင်းလည်း မရဘဲနဲ့"

သမီးငယ်က သူ့မမကြီးကို ချစ်စနိုး ကျီစယ်လိုက်သော်လည်း အကြောင်းသုံးပါး မရွေးသော အပျိုကြီးမျက်စောင်းက ဒိုင်းခနဲ ရောက်ရှိသွားရကာ . . .

"ဟွန်း . . . အငယ်မနော်၊ ပြောလိုက်ရင် ပြောင်စပ်စပ်နဲ့ ညည်းလေးတို့ ခေတ်ကသီချင်းတွေ၊ စာတွေကို ကျုပ်တို့က ရလည်း မရချင်ပါဘူး။ လျှာပေါ်လည်း မတင်ချင်ပါဘူး။ တင်ရအောင်လည်း မစွံပါဘူး"

"ဒါကတော့ သူ့အခါနဲ့သူကိုး မမကြီးရဲ့၊ မမကြီးတို့အတွေး မမကြီးတို့ အနုပညာတွေက အံ့ကိုက်နေသလို အငယ်လေးတို့လည်း အငယ်လေးတို့အမြင်၊ အငယ်လေးတို့အနုပညာတွေ၊ ခံစားမှုတွေကလည်း စံကိုက်ပဲ၊ ကမ္ဘာကြီးက ရပ်မနေသလို အနုပညာရေစီးကလည်း ပြောင်းနေတာပဲ"

"ဩော် . . . ဩော် . . . ရပ်မနေတဲ့ ကမ္ဘာကြီးပေါ်မှာ သူများ ယောက်ျားယူတာတို့၊ သူများအသိုက်အဝန်း ဖျက်ဆီးတာတို့က ဘာရေစီး ကြောင်းလဲ . . ."

သမီးငယ်သည် ထုံးစံအတိုင်း သူပြောချင်ရာကို ဖွတ်ပြောဆိုခဲ့ပြီး အစ်မလတ်ကို လက်တို့ကာ စကားဝိုင်းမှ မသိမသာ ဖဲခွာသွားခဲ့လေပြီ။

တကယ်တော့ သည်အကြောင်းအရာကို စတင်ခဲ့သူက သမီး ငယ်။ သူဈေးသွားရင်း ကြားသိလာခဲ့ရသော အရပ်ထဲမှ မိန်းကလေး တစ်ယောက်အကြောင်းကို ပြန်လည် ဖောက်သည်ချခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ အမေတစ်ယောက်တည်းသာ သမီးကြီး၏ ဗျစ်တောက်ရေရွတ်သံတွေကို ခေါင်းညိတ်အခင်းလိုက်ရင်းနှင့် ချက်ပြုတ်ရေးမှာ ဘူညီ ကျန်ရစ်ခဲ့လေတော့သည်။

"အမေ့သမီးငယ်တွေကို ကျပ်ကျပ် အလိုလိုက်နော်၊ တီရှပ်တွေ ပေါင်လည်အထိ ဖားလျားဖားလျားနဲ့ လုံချည်ကြတော့ ဒူးပေါ်တော့မယ်"

"သူတို့ နေထိုင်တတ်ကြပါတယ် သမီးရယ်၊ နေရာဟာကာ လိုက်ပြောနေလို့ရှိရင် သူတို့ စိတ်ရှုပ်ပြီး လင်ယူသွားရင် ဘယ့်နှယ့် လုပ်မလဲ"

"အို . . . ယူသွား ရှင်းတယ်"

"ဖအေ့, . . . ရှင်းတာကနောက်၊ ခုန သမီးကြီးပြောသလို ရပ်နေတဲ့ ကမ္ဘာကြီးပေါ်က အမြန်ဆုံးရေစီးအားနှုန်းထဲ သမီးညီမလေးတွေ သွားရင် ဘယ့်နှယ်လုပ်မလဲ"

"သတ်ပစ်မယ် အမေ"

သမီးကြီး၏ ပြတ်သားသော စကားသံ အဆုံးမှာ အမေ သက်ပြင်းချခဲ့ရသည်။

www.burmeseclassic.com



"ဆေးရုံမှာ ကလေးပျက်လို့ လာတက်တဲ့ လူနာမိန်းမတွေထဲမှာ မဟုတ်တရုတ် လုပ်ထားကြတာတွေ့ရရင် သိပ်စိတ်ဆင်းရဲရတာပဲ အမေ ရယ်"

သည်တစ်ခါတော့ အမေက နှစ်သိမ့်မှု မပေးနိုင်ခင်မှာ စကား နည်းသော သမီးလတ်က တွေးတွေးဆဆ မေးခွန်းထုတ်လာသည်။

"အင်း . . . မလတ်တို့ မိန်းမသားတွေဟာ သူတို့ ယောက်ျား သားတွေထက် ပိုပြီး သတ္တိကောင်းတာလား၊ ပိုပြီးမိုက်ဝံ့ကြတာလား မပြောတတ်အောင်ပဲနော်"

"ဒါ သတ္တိကောင်းတာ မဟုတ်ဘူး၊ ဒီအပင်စိုက်ရင် ဒီအသီးသီး မယ်ဆိုတာ သိလျက်သားနဲ့ မိုက်တွင်းကို့ သေချာတူးပြီး နက်ကြတာ"

သည်တစ်ခါတော့ အစ်မကြီး၏ စကားကို အလတ်မရော အငယ်မပါ ငြိမ်ပြီးနားစိုက်နေကြသည်။

ထုံးစံအတိုင်း သည်စကားဝိုင်းကို စခဲ့သူက သမီးငယ်။ ဆေးရုံ တစ်ရုံပြီးတစ်ရုံကို လက်တွေ့ဆင်းနေရပြီဖြစ်သော သမီးငယ်ပြန်လာလျှင် ပြောစရာတွေက အကြောင်းအရာ စုံလို့နေသည်။

အဖေသည် အလုပ်မှပြန်ရောက်သည်နှင့် စားသောက်ပြီး စာ ဖတ်ချင်ဖတ်၊ အပြင်ထွက်ချင်ထွက်နေတတ်သူ။ သမီးများနှင့် အနေဝေးသည် သူ။

သည်တော့ သမီးတို့၏ လုပ်ငန်းခွင်တို့၊ ကျောင်းတို့မှ အတွေ့

www.burmeseclassic.com



အကြံတွေကို နားထောင်ပေးမည့်သူက အမေတစ်ယောက်တည်းသာ။

အမေ့သမီးသုံးယောက်က တစ်ပုံစံစီ ဖြစ်ကြသည်။ သမီးကြီးက ဟောဟောဒိုင်းဒိုင်း ပြောဆိုတတ်သော်လည်း သံယောဇဉ်ကြီးရင့်တတ်သူ။ အကြီးမနှင့် ခုနစ်နှစ်ကွာသော အလတ်မကတော့ သူလေးရင်ထဲ ဘာရှိမှန်း မသိရအောင် ပိပိရိရိနှင့် တည်တည်လေးနေတတ်သူ။ အလတ်မနှင့် တစ်နှစ်သာခြားသော အငယ်လေးကတော့ မည်သူ့ကိုမျှ ဗိုလ်မထားဘဲ အရာရာပါပြီး၊ စပ်စုသည်နှင့်အမျှ စာတော်၍ ထက်မြက်သူ။

အငယ်နှစ်ယောက်နှင့် အကြီးမက အသက်ကွာသည်နှင့်အတူ အနေအထိုင် အပြင်အဆင် ဒီဇိုင်းတွေက တခြားစီ။

"အမေ့သမီးငယ်တွေကို ကျပ်ကျပ်အလိုလိုက်နေဒ်" ဟု ပူပန်စွာဆိုတတ်သူ။ အင်မတန်မှ အနေအထိုင် တော်ပါသည်ဆိုသော သမီးကြီးကိုပင် အမေစိတ်မချစွာ စိုးရိမ်နေတတ်ဂါယ် ဆိုတာကိုတော့ သမီးကြီးမသိ။

အမျိုးသမီးဆေးရုံကြီးမှာ လက်တွေ့ဆင်းနေရသော သမီးငယ်သည် ဘဝဒုက္ခသနတွေကို အစ်မတွေနှင့်အတူ ဆွေးနွေးလာတတ်သည်မို့ အတွေးအခေါ်မတိမ်သော သူတို့လေးတွေအတွက် အတန်အသင့် စိတ်အေးရသော်လည်း ဘယ်ထောင့်ဘယ်ချောင်ကနေ ဘယ်လိုပြဿနာ ပေါ်ပေါက်လာလေမလဲရယ်လို့ သမီးတို့အမေပီပီ တစ်နေ့မှ စိတ်မအေးရပေ။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ နာမည်ကို အခြားတစ်ယောက်ရဲ့ နာမည်နဲ့ ဘယ်သောအခါမှ မှားမခေါ်ခဲ့တာကို ကျေးဇူးတင်ပါသည် ကိုကို။

ကျေးဇူးပြုပြီး ပညာရှိအပေါင်းကို တောင်းပန်ပါရစေ။ 'ဒုတိယ' ဆိုတဲ့စကားလုံးကို 'ပထမ' ဆိုတဲ့ စကားလုံးရဲ့ရှေ့မှာ ပြောင်းထားဖို့ကို။ ဒါဆို ကိုကိုရဲ့ ဒုတိယ ဖြစ်နေရတဲ့ ကျွန်မ လည်း ပထမ ဖြစ်နေတဲ့ အခြားတစ်ယောက်ရဲ့ ရှေ့ကို ရောက်သွားနိုင်မလားဟင်။ မတရားတော့ဘူးဆိုတာ ကျွန်မကိုယ် ကျွန်မသိတယ်နော်။

ဒါပေမယ့်လည်း ကိုကိုရယ် .....

အချစ်မှာ မတရားဘူးဆိုတာ မရှိဘူးနော်။ ကိုကို့မှာ မိန်းမရှိတယ်။ ကလေးရှိတယ်။ ဘာဖြစ်လဲကိုကို။

ကျွန်မချစ်တယ်။

ဒါပေမယ့် ကိုကိုက ကျွန်မကိုပဲ ပိုချစ်ရမှာနော်။

တီးတိုးရယ်သံတွေ၊ ကဲ့ရဲ့လှောင်ပြောင်သံတွေ ဒါတွေကို ...

ကိုကိုရဲ့ အကြင်နာ၊ ကိုကိုရဲ့ ယုယမှု၊ ကိုကိုရဲ့ မြတ်နိုးတွယ်တာမှုတွေနဲ့ ထေပစ်လိုက်ပါတယ် ကိုကို။ လောကကို ရဲရဲကြီး ရင်ဆိုင်ဝံ့တယ်။

ကိုကို့ကြောင့် ကျွန်မ သတ္တိတွေ သိပ်ရှိနေပြီနော်။ ကျွန်မကို ...

စာအုပ်ကို အလန့်တကြား လွှတ်ချမိလိုက်သည်။ ဘယ့်နှယ်ဟာတွေပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်အား လူအားလေး ရှားပါးစွာ ရခိုက်မို့ သမီးတို့ စားပွဲပေါ်ရှိ တွေ့ရာစာအုပ်ကို ကောက်ယူဖတ်မိခါမှ ရုတ်ခြည်းနောက်ကျိသွားရတော့သည်။

တစ်လောဆီကလည်း မဂ္ဂဇင်းတစ်အုပ်ကို ကောက်ယူဖတ်မိသည်။ အမေတို့ခေတ်က စာရေးဆရာမကြီး တစ်ယောက်၏ ဝတ္ထုတစ်ပုဒ်ပါသည်။ ဘာသာတရား၊ ယဉ်ကျေးမှု၊ စည်းတွေ၊ ဘောင်တွေနှင့် ထုံမွှန်းသော အိမ်ထောင်ရေးဝတ္ထုကို အရသာရှိစွာ ခံစားဖတ်လိုက်ရသည်။

ကြည်နူးစွာဖြင့် အခြားဝတ္ထုများကို ဆက်ဖတ်လိုက်ရာ . . .

*ကြားထားတဲ့ သတင်းတွေ အားလုံးအမှန်တွေပဲလို့ ရင်နာစွာနှင့် လက်ခံရပြီကော။ အလျင်ဦးထားနှင့်သူ ရှိပြီးဖြစ်တဲ့ နှလုံးသားကိုမှ မက်မောတွယ်တာခဲ့မိတာ ဝဋ်ကြွေးပဲ ထင်ပါရဲ့။ သည်အချိန်ဆို ဘာလုပ်နေပါလိမ့်၊ မိသားစုနှင့်အတူ ချမ်းမြေ့ပျော်နေမှာလား။*

အဲသည်တုန်းကလည်း မျက်လုံးပြူး၊ ရင်ဘတ်ကိုဖိ၊ ဘုရားတစွာနှင့် စာအုပ်ကို လွှတ်ချခဲ့မိသည်။

ယခုလည်း . . .

"ဘုရား . . . ဘုရား . . . ဘုရား . . . ဒါတွေဟာ သမီးတို့တွေ နှစ်နှစ်ခြိုက်ခြိုက် ဖတ်နေတဲ့စာတွေတဲ့လား"

တစ်ခါတုန်းက ရပ်ကွက်စာပေဟောပြောပွဲသို့ လာရောက်ခဲ့သော စာရေးဆရာမတစ်ဦး၏ ဟောပြောချက်အချို့ကို အမေ သတိရသွားသည်။

"စာပေမှာ ဩဇာရှိတယ်ရှင့်၊ ကျွန်မငယ်ငယ်တုန်းက အိမ်ပြေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဝတ္ထုကို ဖတ်ပြီး၊ အိမ်ပြေးချင်လိုက်တာရှင်၊ ပြေးလဲပြေးခဲ့ပါတယ်၊ ဒါပေမယ့် ဝတ္ထုထဲမှာသာ မြီးကောင်ပေါက်မလေးရဲ့ တစ်နယ်ပြီးတစ်နယ် အိမ်ပြေးလမ်းဟာ ချောမွေ့ခဲ့တာလား။ ဝတ္ထုထဲ မဟုတ်တဲ့ တကယ့် လောကထဲမှာကျတော့ ကျွန်မဟာ မြို့ကူးပြီး တစ်မြို့တစ်ရွာကို မပြေးရဲလေတော့ ကိုယ့်မြို့ထဲမှာပဲ အိမ်ပြေးလုပ်နေခဲ့ရတယ်။ မြီးကောက်ပေါက်မလေးတို့ရဲ့ ထုံးစံအတိုင်း စည်းကမ်းကြီးလွန်းတဲ့ အမေ့ကို စိတ်ကောက်ပြီးတော့ပေါ့။ အဲဒါဟာ စာပေသြဇာထက်မြက်ထိရောက် စူးရှလွှမ်းမိုးမှုရဲ့ သာဓက တစ်ခုပါပဲ"

မှန်လိုက်တာ ဆရာမရယ်။ အခု ကျွန်မမတွေးရဲတော့ဘူး။ ရင်လေးနေရပြီ။ အခုသမီးတို့ကို သြဇာညောင်းနေတဲ့ စာတွေက . . . စာတွေက . . .

ငါးရာ့ငါးဆယ် နိပါတ်တော်ထဲက ဂိရိတတ္ထဇာတ်တော်ကို အမေ သတိရသွားရပြန်သည်။

ခြေအစုံကောင်းသော မြင်းကောင်းတစ်ကောင်သည် အားကောင်းသန်မာပါလျက်နှင့် တောင်သွားသွား မြောက်လားလား အားမရှိဟန် နွမ်းချည့်ယိုင်နဲ့စွာနှင့် ထော့နဲ့ထော့နဲ့ လျှောက်နေတတ်သည်။ ပြည့်ရှင်မင်းမြင်လေသော် ဘယ်အခင်းကြောင့် သင်းတစ်ကောင် အဖျင်းဆောင်လေသနည်း ဟု သမားတော် ပညာရှိများကို ပြေးကြည့်စေရန် တစ်ချက်လွှတ် အမိန့်တော်ထုတ်ခဲ့သည်။

သမားတော် ပညာရှိများကလည်း မြင်းဇောင်းသို့ သွားကြည့်ပြီးနောက် . . .

"မှန်လှပါ၊ မြင်းမှာ ပကတိ အကောင်းပါ ဘုရား။ သို့သော် မြင်းထိန်းသည် ခြေထော့နဲ့နှင့် အဆင်းမလှ ဖြစ်နေရပါသည်ဘုရား"

ပြည့်ရှင်မင်းသည် ခေတ္တတွေဝေသွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"သယ် ... မင်းကြီးများ"

"ဘုရား"

"သွား ... ယခု အတုယူမှား ငမိုက်သားမြင်း၊ တခြားမှာနေ၊ ခြေထောက်နဲ့ အထိန်း ဖယ်ခွာတိမ်းစေ၊ မြင်းထိန်းအသစ် ခန့်ထားရစ်စေ"

ရေမြေရှင် အမိန့် တသိမ့်သိမ့် တုန်ခဲ့သည်။

ရက်သတ္တပတ်အကြာတွင် ခြေထောက်နဲ့မြင်းသည် ခြေချောင်း ခေါင်မထော့ ခိုင်မာစွာ သွားလျက်ရှိပေပြီ။ ထိုမြင်းကို မဟာပြည့်ရှင် မင်းလတ်သော် ဤသို့ မိန့်တော်မူလေသည်။

"တိရစ္ဆာန် မည်မျှကောင်းကောင်း အထိန်းမတတ် စိမ်းဆတ် ဆတ်နဲ့၊ အထိန်းကောင်းသော် သိန္ဓောမြင်းပမာ လိုရာကိုသွား၊ အားသစ် ဆန်ပြည့်ပါဘိသနဲ့"

ဂိရိတတ္တဇာတ်တော်ထဲမှ ပြည့်ရှင်မင်း၏ မှတ်ချက်ချသံကို အမေ့နားနှင့် ဆက်ဆက်ကြားယောင်လာမိသလိုရှိသည်။ အမေ့ရင်တွေ ခုန်လာရသည်။

သွေးဆေးပုလင်းကို အမြန်ရှာ၍ သောက်ရလေသည်။

ရပ်မနေသော ကမ္ဘာကြီးထဲမှ အရှိန်အဟုန်အား အကောင်းဆုံး ခေတ်စီးနှုန်းထဲတွင် သွေးဆေးအမျိုးမျိုးကြော်ငြာကလည်းထိပ်ဆုံးဖြစ်သည်။

အမေတို့အတွက်ပဲ ဖြစ်ပေလိမ့်မည်။

လုံမလေးအမျိုးသမီးမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



## ဖော်ဝွတ်

ဟဲ့ . . . ခင်ခင်ကြီး၊ မိခင်ခင်ကြီး၊ တယ် . . . ဒီကောင်မ ဘယ်ရောက်နေလဲ။ ဘယ်သွားပုန်းနေလဲ။ မိခင်ကြီး၊ ရှင်ကို နောက်ထား အခု ဒီကိုလာစမ်း။ ဟင်း . . . ငါ့သမီး တော်လှ တော်လှ နဲ့ ယောင်းမ မြင်းစီးထွက်တယ်ပေါ့လေ။ ငါ့မှာဖြင့် ဆရာတော်ဘုရားက အခေါ် တော်ရှိ တော့ ထူးလှပါလားဆိုပြီး ကမန်းကတန်း ထသွားလိုက်ရတာ။ ဆရာတော် မိန့်စကားလည်း ကြားရရော၊ ငါ့မှာ အမောဆို့ပြီး မသေဘဲ ရှက်လွန်းလို့ ချက်ချင်းကို ဆယ်ခါပြန် သေသွားချင်တော့တာပဲ။

ဟဲ့ . . . မိခင်ခင်ကြီး၊ မအေကို မော့်ကြည့်စမ်း၊ ရှတုန်းကရှိခဲ့ပြီး ခုမှ မအေကို ကြောက်ချင်ယောင်ဆောင်မနေနဲ့။ ဟင်း . . . မိဘကိုများ ကြောက်ရွံ့တဲ့စိတ်၊ ရိုသေအလေးထားတဲ့စိတ် ရှိခဲ့ရင် ညည်း နေ့ကြီးတုန်း က ခုတ်ရှင်ကို ခိုးကြည့်ရဲပါ့မလား။ သူငယ်ချင်းတွေနဲ့ အရှားသွားမယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ အဟုတ်မှတ်ပြီး လွှတ်လိုက်ပါတယ်။ မိဘတားမြစ်တဲ့ ခေတ်ရှင်ကို ကြည့်ကြသတဲ့။ ပြီးတော့ အရှက်ကင်းလိုက်ကြတာ။ ကြည့်စမ်း မှန် လွန်တွေ ကိုယ်စီနဲ့တဲ့။ နေပါဦး . . . ညည်း အိမ်ကထွက်သွားတုန်းက အနေအထားအကျီ ထူထူပွပွ ဝတ်လို့ပါ။ ပြောစမ်း မှန်မှန် . . . ညည်းတို့ရဲ့ ဆယ့်နှစ်ကောဋ္ဌာသတွေကို အကုန်ဖော်ပြထားတဲ့ အဲဒီအကျီ ပါးပါး စ်လှစ်တွေကို ဘယ်နေရာမှာများ တကူးတက သွားလဲကြသတုန်း။

ဟဲ့ . . . မိခင်ခင်ကြီး၊ ငါမေးနေတယ်လေ။ ညည်းပါးစပ်က အမေးတာကျတော့ အ,နေပြီး ဟီဖို့ပဲ တတ်သလား။ ပြောစမ်းပါ။ ဖော် န်းကတော့ အရှက်မရှိ ဖော်ခဲ့ကြပြီး . . . ဘာ . . . မိမိလေးတို့ မှာ သွားလဲကြတယ် ဟုတ်လား။ အဲဒီအိမ်ကို မသွားပါနဲ့၊ ကာလသား ရှုန်းရုန်းနဲ့မို့ပါလို့၊ ညည်းကို ဘယ်နှစ်ခါ ပြောရမလဲဟင် . . . ညည်း တော် ရှုပိုးထိုးနေသလား။ လာစမ်း . . . ကဲ . . . ကဲ . . . ဆွဲလိမ်လွန်းလို့ ပေါင်တွင်းကြောလည်း ပြတ်တော့မယ်။ ဒါလည်း မမှတ်

ဟဲ့ . . . မိခင်ခင်ကြီး၊ ညည်း ဒီလောက်ပဲ အရှက်ကင်း နေရ သလား။ ဒီလောက်ပဲ ဖော်ချင်လှစ်ချင်ရင် လုံးဝမဝတ်ဘဲ နေပါတော့လား။ တော့ ဆရာတော်ဘုရားနဲ့မှ အတည့်တိုးပလေ။ ဆရာတော်က ညည်းတို့ ကျီတွေကို ချိတ်နဲ့ ဆွဲပစ်တယ်ဆို။ ကောင်းကြသေးရဲ့လားအေ။ ရာတော်နဲ့ တွေ့လို့သာ ညည်းတို့ အကျီတင်စုတ်တာ။ နို့မို့ဆိုရင် လူပါ ပြတ်ခဲ့မှာ။ ဘယ်နှယ့်တော် ကာလကြီးက ကောင်းတာမဟုတ်ဘူး။ တိုင်း ဖျင်ပင်နီနဲ့ ယောလုံချည် ဝတ်ကြဖို့ မြန်မာပီသဖို့ ကြွနေ့ရှိကြဖို့ကို ဘ်ြသြနေတဲ့ ကြားထဲကနေ ညည်းတို့က ဖော်ကြလှစ်ကြတော့ ဆရာ တော်လည်းပါရရော။ ပွဲကတော်ကြီး ထိပ်တင်မမဆိုတဲ့ ငါ့ရဲ့ ဂုဏ်သရေကို ညည်းက ဖျက်ပစ်တယ်ပေါ့။ မိဘမျက်နှာပျက် အရှက်ရအောင်လုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီး။ မိမနိုင် ဖမနိုင်သမီး၊ ဟင်း .. ဟင်း .. ကဲ .. ကဲ ..။

မရွှေလှိုင် လာပါဦး ဒီကို။ နေ့ခင်းက သမီးတို့ သူငယ်ချင်းတစ်ဒေ
ဘိုင်စကုတ် သွားကြတာကို မေမေဈေးကအပြန်မှာ လှမ်းတွေ့လိုက်ရ
တယ်။

အေးပါ၊ အမေ့ကို ခွင့်တိုင်ပြီးမှ သမီးလေးတို့ သွားကြတာ ဟုတ်
ပါတယ်။ ဘိုင်စကုတ်ကြည့်တာကို အမေအပြစ် မပြောပါဘူး။ အမေရော
အဖေပါ သမီးလေးကို ခွင့်ပြုထားတာပဲ။ အမေပြောချင်တာက သမီးလေး
တို့ လုံချည်တွေ တိုလှချည့်လား သမီးရယ်။ ခေတ် ... ဟုတ်လား
ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ခေတ်ကို အမေသဘောပေါက်ထားပါ
တယ်။ ဒါပေမယ့် သမီးရယ် ခေတ်ကပေးအပ်သမျှအရာတိုင်း ကောင်းတာ
မှ မဟုတ်တာ။ ခြေသလုံးတစ်ဝက်ပေါ် ဖက်ရှင်က မလှဘူး မပြောပါဘူး
လှပါတယ်။ သမီးလေး ခြေလှမ်းလှမ်းလိုက်တိုင်း ပေါ်ပေါ်လာတဲ့
ခြေသလုံးသား ဝင်းဝင်းလေးကို အမေတောင် လိုက်ပြီးငေးကြည့် နေရ
တာပဲ။ အင်း ... ယောက်ျားလေးတွေဆို မပြောနဲ့တော့ပေါ့။ မြူဆွယ်ရာ
ကျမနေဘူးလား။ သမီးလေးရယ်။ ရှက်စရာကြီးနော်။ ပြီးတော့ အမေ
တွေးတွေးပြီး စိတ်မချလိုက်တာ၊ ရင်တုန်လိုက်တာ။

ဟို .. ကလီယိုပါထရာ ဆံပင်ပုံလေးနဲ့ သမီးသူငယ်ချင်းက

www.burmeseclassic.com

www.burmeseclassic.com



ယ်သူ . . .။ ဩော် . . . ဗစ်တိုးရီးယား။ အေး . . အေး . . အဲဒီ
လေးမလေး လုံချည်ဝတ်ထားတာက ပိုဆိုးသေး ဒူးပေါ်ချင်နေပြီ။
တော့ သူ့ခြေသလုံးမှာက အမာရွတ်တွေနဲ့။ ညို့သကြီးကလည်း မည်း
။ တကယ်ဆို ဒါတွေကို ဖုံးဖုံးဖိဖိနဲ့ သပ်သပ်ယပ်ယပ် ဝတ်စားထားရင်
ကျက်သရေလေးက ပေါ်လာဦးမယ်။

အမေတို့ခေတ်က လုံချည်အထူကို အရှည်ကြီး ဝတ်ရတယ်။
ကျီရင်ဖုံး လက်ပွကြီးတွေနဲ့။ ပြီးတော့ အထဲက ရင်စည်းထားရသေး
ယ်။ အဲဒါအပြင် ရှင်မြီးကိုင်းပြားခါးရှည်ကြီးကိုလည်း ဝတ်ထားရသေး
။ တစ်ခါက အမေလည်း မှန်နိုင်လွန်လေးကို သူငယ်ချင်းတွေက
တ်ကြတော့ ဝတ်ချင်တာနဲ့ တစ်ခါလေး ခိုးဝတ်မိပါတယ်။ ဘာပြော
ောင်းမလဲ သမီးလေးအဖွားက ဆူလိုက်တာဆိုတာ ပေါင်တွင်းကြော
လိုက် ခေါင်းခေါက်လိုက် ရိုက်လိုက်နဲ့ အဖွား ဘီအေဆံထုံးကြီး ပြုတ်ကျ
အထိပဲ။ တကယ်ပြောတာ သမီးလေးရဲ့။ အခုပြောပြတော့သာ သမီး
အမေပါ ရယ်နေကြရတာ။ အဲဒီတုန်းကများ ဘိုင်စကုတ် အဲ သမီး
းအဖွား အခေါ် ဓာတ်ရှင်ပေါ့။ ဓာတ်ရှင်ကြည့်တာနဲ့ မှန်နိုင်လွန်
တာက မိန်းမပျက်ကို ဖြစ်လို့။

အခုလို သမီးလေးတို့ ထမီတိုတို ဝတ်ကြတာကိုသာ ဖွားအေကြီး
ရင်လား . . . ဟင်း . . .။

www.burmeseclassic.com

www.burmeseclassic.com



၃၀

ဆုမြတ် . . . အခု အဲဒီအကျီကို သွားလဲချေစမ်း။ ဝတ်ထ
တာက ဇာပေါက်၊ အထဲက ဘရာစီယာလေးနဲ့။ ဒီဘရာစီယာကို မဝတ်
နဲ့ဆိုတာ ဘယ်နှစ်ခါပြောရမလဲ။ အဲဒါ အိမ်ထောင်သည် သားသ
မအေတွေ အတွက်ဟဲ့။ ကိုယ်က အပျိုနုနုထွတ်ထွတ်လေး။ မအပ်မ
တော်တော် ဖော်ပြချင်နေရင်လည်း လုံးဝကို ဝတ်မနေနဲ့တော့ . . .

ဟော့ . . . အဲဒီခြေထောက်က ဘာဆောင့်တာလဲ။ လာ
ရိုက်ချိုးပစ်ရမလား။ အဲဒီမျက်နှာကို ခုပြင်လိုက်စမ်း။ မိဘက ဆု
ပြောတာမကြိုက်ရင်၊ မိဘမကြိုက်တာ မလုပ်နဲ့။ မိဘစကားနားထော
ဘယ့်နှယ်ဘော် . . . သူတို့ပဲ ပြန်ကြောက်နေရမယ့်ပုံ။ သားသမီးကို
မနိုင်ရင် ရွှေလှိုင် ဆိုတဲ့နာမည်ကို ပြောင်းပစ်မယ် . . . ဟွန်း။

မိဘကတော့ သမီး အလိမ္မာလေး မိန်းမမြတ်လေး ဆုတော
ကောင်းသူလေး ဖြစ်ပါစေဆိုပြီး၊ ဗေဒင်တွေနဲ့ တွက်ချက်လို့ ပေးလိုက်ရ
နာမည်။ ပန်းဆုမြတ်ဆိုတဲ့ နာမည်တောင် နှမြောတယ်။ ဝတ်ပုံစား
နေပုံထိုင်ပုံက တစ်ချက်မှ မျက်စိထဲ မတွေ့ဘူး။ ဆံပင်က ငှက်သိုက်
မျက်နှာက ဆေးရောင်စုံ။ မျက်ခုံးမွေးက တစ်ရှိတ်တည်းရိတ် . . .

ဇာပေါက်အကျီ တိုနံ့နံ့နဲ့ ဘရာစီယာ ဝတ်လွန်းလို့ ပြောရတ
တစ်မျိုး၊ ဟော . . . လုံချည်ဝတ်တာကျတော့ စည်ပင်သာယာ အမှိုက်
လှဲသမားတွေ သက်သာအောင် မြေပေါ်ပုံကျလို့ တိုတိုဝတ်ပြီး ပြောရတ
အာပေါက်တော့မယ်။ မိဘစကားကို အာခံရတာ၊ အရှိန်သတ်ရတာ

www.burmeseclassic.com



တစ်ရပ်လို့များ ထင်မှတ်နေကြသလား မသိပါဘူး။

ရုပ်ရှင်ကို တစ်လမှာ တစ်ခါကြည့်ပါလို့ ပြောထားလည်း မရ ကားသစ်လဲတိုင်း သိအောင်တစ်မျိုး မသိအောင်တစ်မျိုး၊ ကျောင်း ပြီး ရုပ်ရှင်ခိုးကြည့်တယ်ဆိုတဲ့ တိုင်စာသာ ရောက်ကြည့် သင်းဖအေနဲ့ တွေ့ပဲ၊ ဖအေနဲ့ ထိပ်တိုက်တိုးမှာ စိုးလို့ မအေက ကာဆီးကာဆီးလုပ် နေတာကို သင်းက အခွင့်ကောင်းယူနေတယ်။

ကာလသားသမီးများ ခက်ပါတယ်။ တို့တုန်းကများ မိဘ အဆူခံ ဦးလို့ မိဘမျက်နှာပဲ အရိပ်အကဲ ကြည့်နေရတာ။ အဖေနဲ့အမေလည်း သာသွားရော တို့ကို တစ်ခါမှ မဆူခဲ့ပါဘူး။ ပြောစရာရှိရင် လေအေး နဲ့ပဲ။ တို့ကလည်း အဆူခံစရာကိုမလိုအောင် မိဘစကားကို နား င် လိမ္မာခဲ့တာကိုး။

ဒီခေတ် ကလေးတွေများ ရင်မောပါတယ်။ သူတို့ကိုများ ဆူ ပြောလိုက်ရင် ခေတ် . . . ခေတ်နဲ့ တို့တုန်းကလည်း ခေတ်ဆိုတာ တာပါပဲ။ ဒါပေမယ့် သူတို့ခေတ်ဆိုတာက အင်း . . .။

အမေ မုန့်နိုင်လွန်လေး ဝတ်ခဲ့မိလို့ ဘီအေဆံထုံးကြီး ပြုတ်ကျ အောင် ရိုက်ခဲ့တယ်ဆိုတဲ့ အဘွားသာ ဘရာစီယာ ခေတ်ကို ကြုံရရင်

အင်း . . . ဒုက္ခ . . . ဒုက္ခ . . .။

ရွှေဆက် ဘာတွေများ တွေ့ကြုံရဦးပါမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကော . . . ဟဲ့ . . . ကော . . ကောမ၊ သြော် . . . ခက်လိုက်တဲ့ ကလေးမနှယ်။ မအေခေါ်နေတာကို နည်းနည်းလေးတောင်မှ လှည့်မ ကြည့်ဘူး။ ဖင်လှုပ်မပျက်၊ လက်ပဲခါပြတယ်။ ဒီဖင်ကလည်း အချိန်ပြည့် လှုပ်ခါနေတော့တာပဲ။ ကက်ဆက်ဖွင့်ပြီး ခါရုံတင် မဟုတ်ဘူး။ ဗီဒီယို ဖွင့်ပြီးတော့ကို ခါတွန့်နေတော့တာပဲ။ လာဘားဒါးရှိတ်တဲ့။ ဟွန်း . . . ညည်းကို ကောခါတွန့်လို့ပဲ ခေါ်တော့မယ်။

တကယ်ပြောတာ။ မအေကို စပ်ဖြဲဖြဲနဲ့ မျက်နှာပြောင်ပြ မနေနဲ့ ဖယ်စမ်းပါ။ မအေကို ဖက်လားပွေ့လား။ နမ်းလားရှုံ့လားနဲ့။ သူ့သူငယ် ချင်းကျနေတာပဲ။ ခေါ်တုန်းကတော့ မလာဘဲနဲ့။ ဝေးဝေးမှာ သွားတွ စမ်းပါအေ။ မျက်စိနောက် ခေါင်းမူးလွန်းလို့ပါ။

အေး . . . ဟုတ်တယ်။ ခုနကတော့ ခေါ်တယ်။ ဘာလို့ခေ လိုက်မှန်း အခု မမှတ်မိတော့ဘူး။ ညည်းတွန့်တာကို ကြည့်ပြီး ခေါင်း မူးနဲ့ မေ့သွားပြီ။ ရယ်မနေနဲ့။ မအေကို ပြောင်စရာကျနေတာပဲ။

တွန့်လို့ တွန့်တယ် ပြောတာပေါ့။ နာတတ်လိုက်တာ။ ရှေ့ခ်အင ရိုးလ် ခေတ်ကို ကောင်းကောင်းမီခဲ့တဲ့မအေတောင် ညည်းတို့ လာဘားဒ အကကို မျက်စိနောက်တယ်။

အကတင်မဟုတ်ဘူး။ ဆိုတဲ့သီချင်းတွေကလည်း ခေ တယ်ဆိုတဲ့ မအေတောင် ကြက်သီးထတယ်။ ဘာတဲ့ . . . ဒိုကို လ သမျှ အရာရာအားလုံး ကြိုက်တယ် ကောင်းတယ်တဲ့။ ရှိကြီးခိုးပါရဲ့

www.burmeseclassic.com

www.burmeseclassic.com



နောက် အဲဒီသီချင်းကို အော်ကြီးဟစ်ကျယ် မဆိုစမ်းပါနဲ့။ ကက်ဆက် သည်းမဖွင့်ပါနဲ့ မဖုရားရယ်။

နောက် ဟိုသီချင်းရှိသေးတယ်။ ဖွင့်ပြောခွင့်မရှိဘူးလား။ စောင့် ားရမှာပဲလား၊ ရင်ဖွင့်လိုက်မယ် သိပ်ချစ်နေပြီ ဟော့ ဘာလဲ ထူးဆန်းနေ ား။ ဘယ်လိုထင်လဲ။ ဒီမယ်လေး ညည်းတို့သီချင်းဆိုရတာ မောတောင် ောတယ်။ ဟဲ့ . . . မိတင် ရေခဲသေတ္တာထဲက အအေးတစ်ပုလင်း ယူခဲ့ း . . . ။

အံမယ် မအေကိုများ အဆိုကောင်းတယ်။ စီးရီးထုတ်ပါလားတဲ့။ ည်းနော် . . . ညည်း။ မိဘကို ကြောက်ရမှန်း ရိုသေရမှန်း တစ်စက် ေးမှ မသိဘူး။ ချစ်လို့ ဟုတ်လား။ အင်း . . . မိကေ . . . မိကေ ည်းတော့လား၊ ရှေ့လျှောက် ခက်ဦးမယ်။

ပြောလို့မရ ဆိုလို့မရ ဆင်ခြေဆင်လက်ကလည်း အမျိုးမျိုး တ်ပါပေရဲ့။

ဟော ခုနက စကတ်ဖို့ယို့ဖားယားနဲ့ အစွမ်းကုန် တွန့်ခါပြပြီး င်းမှုးအောင် လုပ်ခဲ့တာ အားမရသေးဘူး။ ရှော့ပင်န် နဲ့ တီရှပ် ဝတ် ပြန်ပြီ။ အေရိုးဗစ်ကစား ဦးမယ်ပေါ့လေ။ အင်း . . . အေရိုးဗစ် ားတာတော့ ကြိုက်ပါတယ်။ ကိုယ်တောင် ဗိုက်ပူဖင်ကောက် ဖြစ်မလာ ောင် နည်းနည်းပါးပါး ဝင်ကစားနေရသေးတာပဲ။ အိမ်ကအဘိုးကြီးကို ရိုးဗစ်ကြောင့် ထိန်းထားနိုင်တာ၊ အဟင်း . . . ဟင်း . . . ဟင်း။

အေရိုးဗစ်မှာတော့ သမီးက မအေ့ဆရာမပဲ။ ဒါပေမယ့် မိကေ ့ ပြောထားရဦးမယ်။ ဖအေရှေ့နဲ့ အစ်ကိုရှေ့မှာတော့ အဲဒီ ရှော့ပင်န် တ်ပါနဲ့။ လက်လှုပ်ခြေလှုပ် မနေပါနဲ့ဆိုတာ။

အဟုတ်ပဲ၊ အဟုတ်ပဲ၊ ခေတ်သားသမီးများ တယ် အပြော ်တာပဲ။ အပြောရသာ ကျပ်တာ၊ သူတို့ အဝတ်အစားများကတော့

www.burmeseclassic.com

www.burmeseclassic.com



တကယ်ချောင်လို့ သူတို့ဝတ်ကြတဲ့ ရုပ်ကြီးတွေက လူနှစ်ကိုယ်စာ၊ သုံးကိုယ်စာကြီးတွေ၊ ပေါင်လယ်ထိ ရှည်ပွကြီးတွေ။ အဲ . . . လုံချည်ကျတော့ ဒူးပေါ်အောင်ကို ဘိုလို့။

ကိုယ်တို့ခေတ်တုန်းက လုံချည် တရွတ်တိုက် အရှည်ကြီး ဝတ်ခဲ့ကြတာ။ လုံလုံခြုံခြုံ ဣန္ဒြေအပြည့်နဲ့။ ဘရာစီယာ ဝတ်တာလေးပဲ ရှိတယ်။ ဒါတောင် အမေဆူလွန်းလို့ ခိုးဝတ်ရတာ။

ကိုယ်တို့ ခေတ်တုန်းက အမေဆူလိုက်ရင် ရှေ့ဆက်မတိုးရဲတော့ဘူး။ ဒါတောင်မှ မိဘတွေက စိတ်ကျေနပ်ကြတာ မဟုတ်ဘူး။ အမြဲ မျက်လုံးဒေါက်ထောက်လို့ အပြစ်ရှာနေကြတာ။ ကောင်းစေချင်လို့ လိမ္မာစေချင်လို့ ဆိုတာ ကိုယ်ကိုယ်တိုင် သားသမီးရလာမှ နားလည်တော့တယ်။

အမေရေ . . . ဘာမှ မဝတ်ကြတော့တဲ့ ဗလာတွေတန်းစီနေတဲ့ ဗလာစီယာခေတ်ကို အမေ မကြုံလိုက်ရဘဲ စောစောသေသွားတာ ကံကောင်းတာပါ အမေရယ်။ ရုပ်ရှင် ခဏခဏ ကြည့်တာကို မကြိုက်တဲ့ အမေတစ်ယောက် အမေ့မြေးမ နိုင်ငံခြားဗီဒီယိုခွေတွေနဲ့ နေ့တိုင်းညတိုင်း ကြည့်နေတာသာ မြင်ရရင် အမေနေသွားရတဲ့ သက်တမ်းထက် ပိုတိုမယ် အမေ။

ဆံပင်က ငှက်သိုက်၊ မျက်နှာက ဆေးရောင်စုံလို့။ အမေအမြဲ ဆူခဲ့တာကို မှတ်မိနေတယ်။ သမီးတို့ခေတ်က မြန်မာမ ပီပီသသ ခေါင်းမှာ ဆံပင် ရှိခဲ့ပါသေးတယ်။ မျက်နှာလည်း မှုန်နေအောင် သနေတက်ကြပါသေးတယ်။ အခု အမေ့မြေးမတို့ ခေတ်က သံယောဇဉ်ချာတိတ်တွေ ခေတ် အမေရဲ့။ မျက်နှာကလည်း ဘာမှ မလိမ်းမခြယ် ပြောင်ရှင်းနေတာ၊ သူတို့ခေတ်နဲ့ သူတို့ဒီဇိုင်းကတော့ လိုက်ဖက်နေတာပဲ။ ဟုတ်နေတာပဲ လေ။ အိမ်ရှိလူကုန် အလုပ်လုပ်မှ စားရတဲ့ခေတ် မဟုတ်လား။ အချိန်

www.burmeseclassic.com

www.burmeseclassic.com



ည့် ပြေးပြေးလွှားလွှား ရှာဖွေနေကြရတာဆိုတော့ ခေါင်းဖီးချိန် ခြယ်သ ချိန် နည်းပါး ရှာပါတယ် အမေ။ အမေ့သမီးတော်မှ ဆံပင်တိုလေး အမေရဲ့ . . အဟဲ။ အမေ့မြေးမလော်က် မတိုတာဘဲ ရှိတယ်။ အင်း . . ဆံပင်အရှည်ကြီးထားကြတဲ့ မိန်းကလေးတချို့တော့ ရှိတယ်။ သူတို့ကို မြင်ချင်ရင် အမေ။

သနပ်ခါးလိမ်းရင်းနဲ့ တမလွန်က အမေ့ကို သတိရ တိုင်တည် နေတုန်း အိမ်ရှေ့မှာ ဆူညံဆူညံတွေ ကြားရလို့ ထွက်ကြည့်လိုက်တော့ အမေ့မြေးမ သူငယ်ချင်း အုပ်စုလေ။ 'ဟိုင်း . . . အန်တီ' လို့ နှုတ်ဆက် ကြတယ်။

အဲဒီကလေးတွေ နာမည်ကို ကြားရင် အမေစိတ်ဆင်းရဲသွား မယ်။ အမေက နာမည်ကို ဗေဒင်ကိန်းခန်းနဲ့ တွက်ကြည့်လို့ အဓိပ္ပါယ်ရှိရှိ ပေးတတ်တာ မဟုတ်လား။ 'လပြည့်မောင်' တဲ့။ 'မွန်းတည့်' တဲ့။ 'လှစ်' တဲ့ 'ဝိုင်းပြုံချစ်' တဲ့။ 'စုပြုံချစ်' တဲ့။ အမေ့မြေးမ နာမည်တော်မှ မိဘက အဓိပ္ပါယ်ရှိရှိ မှည့်ပေးထားခဲ့တဲ့ 'ကေသီဝေ' မဟုတ်တော့ဘူး။ သူ့ဘာသာ နာမည်မှည့်ထားလေရဲ့။ 'ကေသရာ' ဖြစ်လိုက်။ 'ကေသရီ' ဖြစ်လိုက်။ အမေ့ မြေး ညံ့တာကို ဝန်ခံပါတယ်အမေ။ သမီးလေ အမေတို့လို သားသမီး အပေါ်မှာ ဩဇာမညောင်းနိုင်ခဲ့ဘူး။

သူတို့ ဝတ်စားပြင်ဆင် နေထိုင်တာကို စိတ်မတွေ့ပေမယ့် ဒီလိုပဲ ကြည့်နေရတော့တာပဲ။ ခုလည်း ကြည့် အမေ။ ကောင်လေးတွေက ဆံပင် အရှည် ကျော့ဝဲဖားလျားနဲ့။ နားကွင်းနဲ့ ကောင်မလေးတွေက ဘိုကေ ဆံပင်တိုလေးတွေနဲ့။ မျက်နှာပြောင်ပြောင်မှာ နှုတ်ခမ်းနီရဲရဲတွေနဲ့။ အားလုံး ဘောင်းဘီတွေ၊ စကတ်တွေ ဝတ်ကြလို့။ အင်္ကျီဒီဇိုင်းကတော့ ကျောလှတ် ရင်လှတ်၊ ဗလာစီယာခေတ်လေ အမေ။ အဲဒီကလေးတွေရဲ့ မိဘတွေ လည်း သမီးလိုပဲ စိတ်မတွေ့ပေမယ့် မနိုင်လို့ လက်လျှော့ကြည့်နေရတာ

www.burmeseclassic.com

www.burmeseclassic.com



လား မသိဘူးနော် . . .။

သူတို့လေးတွေ စတိတ်(ချ်)ရှိုး သွားကြည့်ကြဖို့ သမီးကော် လာခေါ်ကြတာ။ စတိတ်(ချ်)ရှိုး ဆိုတာကို အမေ နားလည်အောင် ရှင်း ရရင် . . . အင်း . . .။

❀ ❀ ❀ ❀ ❀

မြားနတ်မောင်မဂ္ဂဇင်း
( နိုဝင်ဘာ ၊ ၁၉၉၁ )

www.burmeseclassic.com

www.burmeseclassic.com



## တီဗွီမှာသီချင်းဆိုဖူးသည်

ဥညြ ရင်တွေခုန်နေသည်။

သည်ည 'ပန်းဆုမြတ်ဣန္ဒြေ' အငြိမ့်အဖွဲ့ တီဗွီမှာ လာမည်လေ။ ညခုနစ်နာရီကတည်းက တီဗွီရှေ့ကို ရောက်နေခဲ့သည်။ ဟင့်အင်း .. မဟုတ်ပါဘူး။ ဥညြတို့အိမ်မှာ တီဗွီမရှိပါဘူး။ လမ်းထိပ်က ရေစက်အိမ်မှာ ဘစ်ကျပ်ပေးပြီး သွားကြည့်ရတာကို ပြောပြတာပါ။

'အံမယ် . . . မရွှေဥညြ၊ တယ်ဝီရိယကောင်းပါလား၊ ဘာလာမှာမို့လဲ'

'အငြိမ့်လေ အဒေါ်'

'အဝေးကြီး လိုသေးတယ်၊ သီချင်းကြီးတွေရော သတင်းတွေရော လာဦးမှာ ပျင်းစရာကြီး'

ဥညြ စိတ်ညစ်သွားသည်။ သီချင်းကြီးဆိုတာ တက[illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေမှ ဆိုတတ်တာလေ။ သူတို့ရဲ့ ဆိုနည်းဆိုဟန် ဆိုပေါက်တွေကို ပညာ ဝမ်းစာ ဖြည့်ဆည်းသည့်အနေနှင့် ကြည့်ချင်သည်။ တစ်ခါတစ်ရံမှ လာ ကြည့်ဖြစ်တာမို့လည်း အစီအစဉ် အစအဆုံးကို တစ်ဝကြီး ကြည့်ချင် နေသည်။ ဒါမှ ပေးရသော တစ်ကျပ်ကလည်း တန်မည်။

ရောက်လာပြီးမှတော့ မထူးတော့ပြီမို့ အိမ်ကို မပြန် တော့ဘဲ နေလိုက်သည်၊ ရီရီတို့ စက်ကြီး ပန်းထိုးအဖွဲ့ ပန်းထိုးပြီးသား ပိတ်စတွေ အပ်ချည်မွေး ဖြတ်နေကြသည်ကို ကူညီဖြတ်ပေးရင်းနှင့် တီဗွီချိန်ကို ရင် တခုန်ခုန် စောင့်နေရတော့သည်။

သည်အိမ်ကျတော့ အဝီစီရေစက်၊ ပန်းထိုးစက်၊ သိုးမွေးထိုးစက် ရေခဲသေတ္တာ၊ တီဗွီအပေါ်စက်၊ အောက်စက်၊ ကက်ဆက်နှင့် စက်တွေ စက်တွေ စုံလင်နေသည်။

ဥဩတို့ အိမ်မှာဖြင့် ချွန်စက်ပင် မရှိ။ အေးလေ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာပီပီ တရားကိုသိထားသူမို့ သူ့အကျိုးပေးနှင့် သူပဲ လေလို့ ဖြေသိမ့်နေတတ်ပါသည်။

အပ်ချည်မွေး ကူဖြတ်ပေးရင်း ကြုံရာစကား ပြောကြရင်းဖြင့် အငြိမ့်လာချိန် ရောက်လာသည်။ တီဗွီဖွင့်ပြီ၊ ဥဩ အသက်ပင်မရှူမိတော့ ဘူး ထင်သည်။

'ဟော . . . 'ပန်းဆုမြတ်ကြွေနန္ဒ' အငြိမ့်အဖွဲ့ဖျော်ဖြေ တင်ဆက် သည်ဆိုတဲ့ စာတန်းပေါ်လာပြီ။ ပေ...ဘ . . . ဟော ဖဲပြားရောင်စုံလှလှတွေ နှင့် ချည်ထားတဲ့ ကြက်သွေးရင့်ရောင်နှင်းဆီပန်းစည်းကြီး 'ဟယ် . . . နှင်းဆီပန်းတွေ လှလိုက်တာ' ဆိုတဲ့ စကားသံတွေမဆုံးခင်မှာဘဲ ချည်ထား တဲ့ ဖဲပြားတွေ ဖျတ်ခနဲ ဖျတ်ခနဲဆို ပြိုကုန်တယ်။ နှင်းဆီပွင့်တွေလည်း ကြဲပြန့်သွားတယ်။ နှင်းဆီပန်းခင်းကြီးရဲ့ အလယ်မှာမှ ...းသမီးလေး ပန်းဆုမြတ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟယ် . . . လှလိုက်တာ'

မင်းသမီးလေး ပြီးတော့ ပဲပင်ပေါက်၊ ပဲပြား၊ ဘဲသွေး၊ ခေါက်ဆွဲတဲ့ လူရွှင်တော်တွေ တစ်လှည့်စီ ပေါ်လာကြတယ်။

လူရွှင်တော်တွေ မိတ်ဆက်စကားပြော၊ ခွန်းထောက်ဆို၊ ...တ်လုံးတွေ ထုတ်ကြနဲ့ ဟော . . . မင်းသမီးဖယ်းကို ခေါ်နေပြီ။ ...င်းသမီးလေး ကတော့မယ်။ ဆိုတော့မယ်။ ဥသြ မျက်တောင်မှုပင် ...တ်မိပါလေတော့။

'အားပေးကြတဲ့ မိတ်သဟာအဆွေ ကျန်းမာတော် မူကြပါစေ၊ ...ကလေးလို လန်းဆန်းမွေးပျံ့ တင့်တယ်ပါစေ၊ ဆုမြတ်ကို ပန်ချွေ ...ခြွေ အပြုံးလေးနဲ့ နှုတ်ခွန်းဆက်သပါသလေ၊ ပန်းဆုမြတ်ကွန်ခြွေ ...မလေ အနုပညာရဲ့ သမီးပျိုအစစ်ပေ'

အို . . . ကောင်းလိုက်ပါတဲ့ အသံ။ တီဗွီဖန်သားပြင်က ... ထွက်လာတဲ့ အသံမို့ ပိုမိုပြီး နားဝင်ပီယံ ဖြစ်နေလေရော့သလား။

'မင်းသမီးလေးက ရုပ်လည်းချော၊ အကလည်းညက်၊ အသံက ...ည်း ကောင်းနဲ့ သူပြောသွားသလို အနုပညာသမီးပျိုအစစ်ပါပဲ'

'ပြင်ထားတာ မိတယ်၊ သူပန်ထားတဲ့ သစ်ခွပွင့်က တစ်ပွင့်သုံးရာ ...'

'မင်းသမီးပဲဟယ်၊ အဖိုးတန်ပန်းပဲ ပန်မှာပေါ့ သုံးရာလောက်ကို ...ထဲ ထည့်ပြောနေမှာမဟုတ်ဘူး၊ တစ်ကိုယ်လုံးလည်း စိန်တွေကို ...'

'အဲဒါ အစစ်တွေလား၊ အတုတွေလားဟင်'

သည်လို တစ်ယောက်တစ်ပေါက် အသံတွေ ညံနေသည့် ကြား ...ပင် 'ဟဲ့ . . . ဥသြမ၊ မင်းသမီးလေး အသံက နင့်အသံနဲ့ နည်းနည်း ...င်တယ်နော်' ဟု ပြောလာသူ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး ဥညြမ ဘဝင်တွေမြင့်ပြီး အသုပ်မရောင်းတော့လို့ တို့ ငတ်နေပါဦးမယ်ဟယ်'

'ဟုတ်ဘူးဟဲ့၊ တကယ်ပြောတာ၊ အသံဆွဲပုံလေးက အစ တကယ် တူတာပဲ၊ ရုပ်သာမမြင်ရရင် ဥညြမ ဆိုနေတာပါပဲ'

'ဥညြမ,သာ ဆိုရင် ရုပ်မမြင်သံမကြားမှ ပရိသတ်စည်မှာ'

ပြောတတ်လိုက်ကြတာ။ ပြောရက်လိုက်ကြတာ။ မင်းသမီးလေး ပန်းဆုမြတ်ဣန္ဒြေရဲ့ အသံက ဥညြအသံနဲ့ နည်းနည်းပဲ ဆင်တယ်တဲ့လား၊ တကယ်တူတာတဲ့လား။ ရုပ်သာ မမြင်ရလျှင် ဥညြမ ဆိုနေတာပါ တဲ့လား။

အဲဒါ . . . ဥညြရဲ့ အသံလေ။ ဥညြမကိုယ်တိုင် ဆိုနေတာ လေ။ ရှင်တို့ ရွှေမင်းသမီးလေးက ပါးစပ်လှုပ်ရုံလုပ်နေတာ။ မသိကြဘူး လား။ မသိကြဘူးတဲ့လား။ တစ်သက်လုံး အတူနေလာခဲ့ကြတဲ့ ကြားလာ ခဲ့ကြတဲ့ ဥညြမရဲ့ အသံကို မမှတ်မိကြတော့ဘူးတဲ့လား။ ဩော် . . . ဩော် . . .။

အဲဒါ . . . ဥညြဆိုနေတာ။ ဥညြရဲ့အသံလို့ ကမ္ဘာကြီးထိပ်ပေါ် ကနေ တံခွန်စိုက်ထူပြီးတော့ စိတ်ရှိလက်ရှိ ကြော်ငြာမောင်း ခတ်ပစ် ချင်စမ်း လှတယ်။ ဒါပေမယ့် . . .

ဒါပေမယ့်လေ . . .

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



'မေတ္တာတော်တူ နှစ်ကိုယ်မွားများစေဖို့ ထောက်ထားပျို ထောက်ထားပျို တူ့နယ်တယ် . . တူ့နယ် တယ့်နယ်တိန် ဟုတ်ပေဗျို့ . . ဂျိမ်း နောင်တပ်'

တစ်ရွာလုံးမှာ အမြင့်ဆုံးဆိုသည့် မန်ကျည်းပင် ထိပ်ဖျားမှနေ တွေ့ရာသီချင်းတွေကို လော်စပီကာ မလိုအောင် စိတ်ရှိလက်ရှိ အော်ဟစ်သီဆိုနေသံကို ကြားရလျှင် ဥဩမ,မှလွဲ၍ အခြား မည်သူမျှ မဖြစ်နိုင်။

ငယ်စဉ်ကတည်းကပင် ကလေးပီပီ အိုးပုတ်လေးများနှင့် ကစားမှုထက် ဖန်ခုန်တန်း ထုတ်စည်းတိုးတန်း ကစားကြဖို့ထက် သီချင်းဆိုတန်း ကစားရလျှင် သီချင်းဆိုနေရလျှင် ပျော်တတ်သည့် ဥဩမပေပဲ။

မွေးစကတည်းက ငိုသံလေးကပင်လျှင် အသံသာ ချစ်စဖွယ် ကောင်းသည်ကြောင့် ဥဩဟု အမည်ရခဲ့သည်ပဲလေ။

ဥဩတို့ နှယ်အေးရွာထဲမှာ ဂီတာသိမ်းမောင်ဆိုသည့် အရပ်တီးဝိုင်းလေး ရှိသည်။ ဥဩတို့ အိမ်နှင့်လည်း မဝေး။ ဂီတာသိမ်းမောင်တို့အဖွဲ့ သီချင်းတိုက်ပြီဆိုလျှင် လာရောက်နားထောင်တတ်သူ ဥဩမကလေးက ဦးစွာပင် သီချင်းရသွား စမြဲ။ အလှူမင်္ဂလာဆောင်တွေမှာ သူတို့တီးဝိုင်းအဖွဲ့ သီဆိုဧည့်မခံရခင်မှာပင် ဥဩမကလေးက မန်ကျည်းပင်ထိပ်ဖျားမှနေ တစ်ရွာလုံးကို ဖျော်ဖြေပြီးနေချေပြီ။

သည်လိုနှင့်ပဲ ခုနစ်နှစ်၊ ရှစ်နှစ် သမီးကတည်းက ဂီတာသိမ်းမောင်ဝိုင်းမှာ . အဆိုတော်ဥဩမလေး ဖြစ်လာခဲ့ရသည်။ ဂီတာ

www.burmeseclassic.com

www.burmeseclassic.com



သိမ်းမောင် ဝိုင်းကလည်း မခေ။ သူ့အရပ်နှင့် သူ့ဇာတ်တော့ ဟုတ်လို့နေသည်။ သူတို့တီးဝိုင်းက မကြာခဏပဲ အလုပ်ဖြစ်နေသည် ဆိုလေတော့ ဆိုချင်သည့် တေးတွေကိုလည်း ဆိုခွင့်ရ၊ ငွေစ,လေးလည်းရ ဆိုသောအခါ ဉဩမတို့ ကျောင်းစာသင်ခန်းကို ကျောခိုင်းခဲ့လေတော့သည်။

ကျောမခိုင်းလို့ကလည်း မဖြစ်။ မုန့်ဖိုးက မှန်မှန်မရ။ ရပြန်ပါတော့လည်း မစို့မပို့။ ကျောင်းစာအုပ်ကလည်း အပြည့်အစုံမဟုတ်။ ဂုန်လျှော်စက်ရုံလုပ်သားကြီး ခင်ပွန်းသည် ပန်းနာရောဂါနှင့် တိမ်းပါးသွားလေသောအခါ ကလေးငါးယောက်နှင့် ရှန်းကန်နေရသည့် အမေ့ခမျာ ဉဩတို့ကို ကျောင်းထားပေးခဲ့တာကိုပဲ တော်သေးသည်။ အစ်မနှစ်ယောက် နှင့် မောင်နှစ်ယောက်တို့ကြားမှ ဉဩမက အလယ်လူ။

အလယ်လူ ဖြစ်သော်လည်း လပ်မနေခဲ့ရပါ။ အစ်မနှစ်ယောက်စလုံးက အရွယ်မတိုင်မီမှာပင် ယောကျ်ားယူသွားကြသဖြင့် အမေ့အသုပ်ဆိုင်လေးကို ဉဩမပင် ကူညီလုပ်ကိုင်ပေးနေရသည်။ အမေကလည်း အဖေ့ပန်းနာရောဂါကို အမွေဆက်ခံခဲ့ပြန်ရာ အသုပ်စုံဆိုင်ကလေးကို ဉဩမပဲ ဦးစီးဆောင်ရွက်ပြီး ထမင်းနပ်မှန်ရေး ကြိုးစားနေရပေတော့သည်။ သီချင်းဆိုလိုက်၊ အသုပ်စုံတစ်လှည့် ရောင်းလိုက်၊ မမာသည့် အမေ့ကို ပြုစုလိုက်နှင့်ပဲ ဉဩသည် အရွယ်ရောက်လာခဲ့ရသည်။

နည်းနည်းတော့ အဆင့်မြင့်လာခဲ့သည်။ ဉဩမ သီချင်းဆိုနေသည်က ဂီတာသိမ်းမောင်တို့အဖွဲ့ မဟုတ်တော့။ နိုင်ငံကျော် 'စိန်စည်သွား' ဆိုင်းတော် မဏ္ဍာလာမှာ ဉဩသံ သာနေခဲ့လေပြီလေ။

သည်လိုနှင့် တစ်နေ့ . . . ။

www.burmeseclassic.com

www.burmeseclassic.com



အဲသည် တစ်နေ့သည် ဥဩမဘဝမှာ ထူးခြားသော မှတ်တိုင်လေး ဖြစ်ခဲ့သည်။

အလျှတစ်ခုတွင် 'စိန်စည်သူ' ဆိုင်းအဖွဲ့နှင့် ဖျော်ဖြေအပြီး အနားယူနေစဉ် ဧည့်သည်ရောက်လာသည်။ တွေ့လိုသူ ဧည့်သည်ကို မြင်ရလေသောအခါ အံ့သြခြင်းကြီးစွာက တစ်ကိုယ်လုံးကို နစ်မြုပ်လုဆာတော့။

ပန်းဆုမြတ်ကြွေ -

မဂ္ဂဇင်း စာမျက်နှာတွေပေါ်မှာ တီဗွီဖန်သားပြင်ပေါ်မှာ နေရာယူထားလေသူ ရွှေမင်းသမီးလေး . . .

ရွှေမင်းသမီး၏ နှုတ်ထွက်စကားတို့ကို ကြားရလေသောအခါ ဥဩပို၍ အံ့သြခြင်း ပြင်းထန်စွာက နစ်ဝင်တော့သည်။

"အရင်တုန်းက ဆုအတွက် ဆိုပေးနေတဲ့ အဆိုတော်က သက်ထပ်သွားလို့လေ။ သူ့အမျိုးသားက အနုပညာကို နားမလည်ဘူး။ ဆိုရတော့ဘူးဆိုလို့ ဆု အခက်တွေ့နေတာ။ လောလောဆယ် ဒီလထဲမှာ တီဗွီရိုက်ဖို့ကလည်း ရှိတယ်။ ပွဲလက်ခံထားတာတွေကလည်း အများကြီး။ ဆုတို့ ရှာတွေ့တဲ့ လူတွေကျတော့လည်း ဆုအသံနဲ့ နည်းနည်းပဲ ဆင်တယ်။ ဆုလိုချင်တာက ဆုအသံနဲ့ ချွတ်စွတ်နီးပါး တူတာကို လိုချင်တာ။ အစ်မ အသံကို ကြားလိုက်ရတော့ ဆုလိုချင်နေတဲ့အသံပဲ သိလား။ အခု အဆိုတော်တစ်ယောက်ကို သွားကြည့်ပြီး စိတ်တိုင်းမကျလို့ ပြန်လာတာ။

www.burmeseclassic.com

www.burmeseclassic.com



အစ်မ သီချင်းသံလေး ကြားလိုက်ရတော့ ပျော်သွားပြီး ဆိုင်းဝိုင်းကို ရှာ ခဲ့ကြတာလေ။ ဆုကို ကူညီမယ်မို့လားဟင် . . .။ အစ်မလည်း မနစ် စေရပါဘူး။ ပွဲခွင်တွေကိုတော့ ဆိုင်းပွဲရက်နဲ့ တိုက်နေခဲ့ရင် မလိုက်နိုင်ခဲ့ ထားပါ။ တိတ်ဗွီရိုက်တာကိုတော့ ကူညီပေးပါလား"

တီဗွီရိုက်ရမယ်တဲ့။ အေးလေ . . . တီဗွီမှာ သီချင်းဆိုရမယ် ကိုယ့်ရုပ်ကို မမြင်ရပေမယ့် ကိုယ့်အသံလေးကို တယ်လီဗေးရှင်း လာတာ ကြားရမှာ။ ဉဩရဲ့အသံကို မြန်မာ့ရုပ်မြင်သံကြားက လွှင့် ပေးမှာ။ နည်းတဲ့ အခွင့်အရေးလား။ ကုသိုလ်လား။ စိတ်ကူးတော မယဉ်မိခဲ့တဲ့ အဖြစ်။ တီဗွီမှာဆိုဖို့ မပြောနှင့် ရေဒီယိုမှာ အသံလွှင့်ဖို့ကို မမှန်းရဲခဲ့တာ။ ခုတော့ . . .

"အစ်မတို့ ဆိုင်းဆရာကို အပြောရခက်နေလို့လား"

"ဟုတ်တယ်၊ နက်ဖြန် အကြောင်းပြန်မယ်လေ"

"အစ်မလိပ်စာပေးလိုက်၊ ဆု ကိုယ်တိုင် လာခဲ့မယ်"

ဉဩ အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်။ ကျေးဇူး ဆိုင်းဆရာကို အကျိုးအကြောင်း ပြောပြလေတော့ လူဆိုတာ ကိုယ့် တိုးတက်ရာ တိုးတက်ကြောင်းကို ရှာဖွေနေကြတာပဲ။ နင့်ဘဝ အဆင်ပြေမယ်ဆိုလျှင် သွားပေါ့ဟု ကြည်ဖြူခွင့်လွှတ်ခဲ့သည်။ ပွဲရက် မရှိတဲ့နေ့တွေတော့ ဆိုင်းထဲ လိုက်ဆိုပေးပါဦးဟာ ဆိုသည့် နှုတ်ဆက် စကားက ဉဩ မျက်ရည်လည်စေခဲ့သည်။

သည်လိုနှင့်ပင် တီဗွီမှာ သီချင်းဆိုချင်လွန်းလှသူ ဉဩလေးခမှာ ပန်းဆုမြတ်ကဗ္ဗြေ၏ ကန့်လန့်ကာနောက်ကွယ်မှ တေးသည်လေး ဖြစ်ခဲ့ ပြီ။

"အစ်မရေ၊ ဆုတို့ အလုပ်က ကတိတည်မှ၊ သစ္စာရှိမှ ဖြစ် နော်။ ဆုအတွက် အစ်မ ဆိုပေးနေရတာ ဘယ်သူ့မှ မပြောလိုက်ပါနဲ့

www.burmeseclassic.com



အစ်မတို့ ဆိုင်းအဖွဲ့ကိုလည်း နှုတ်ပိတ်ထားပေးဦး"

တည်တည်စူးစူးလေး ပြောလာသော မင်းသမီးလေး၏ မှဲ့စွန်း ၏ ကြည်စင်ဝင်းပ လှရက်နိုင်လွန်းသည့် မျက်နှာဖူးဖူးလေးကို ငေးစိုက် ကြည့်ရင်း ခေါင်းညိတ်ပြကာ စိတ်ချပါဟု -

တီဗွီစတား မင်းသမီးလေးအတွက် ဆိုပေးနေရတာကိုပင် ဂုဏ်ယူချင်သလိုလို။

သို့သော် . . .။

⁂ ⁂ ⁂ ⁂ ⁂

"ဟင် . . . ဘယ်ဖြစ်မလဲ အစ်မရဲ့။ အစ်မခရေ့ထွက်ဆိုလို့ ဘယ် ဖြစ်ပါ့မလဲ။ အစ်မအသံကို ပရိသတ်က မှတ်မိနေတဲ့ဟာပဲ။ ဆူ သံအောက်သွားမှာပေါ့"

"မင်းသမီးအတွက် စတီရီယိုပေါ့၊ အစ်မက မြန်မာသံဆိုမှာပါ။ ရိသတ် မသိပါဘူးကွယ်"

"အို . . . မဖြစ်ဘူး . . . မဖြစ်ဘူး . . . မဖြစ်ပါဘူး . . . နောက်ဆုံးဒီအချိုးချည့်ပဲ။ သူတို့ ရုပ်တွေနဲ့များ ရှေ့ထွက်ချင်ကြသေးတယ်"

ရွှေမင်းသမီးလေးက ခြေဆောင့်ပြီး လှည့်ထွက်သွားသည်။ ဆံရှည်ချောချောနှင့် တတ်ထားတဲ့ ပညာတွေ၊ ပိုင်ဆိုင်ထားတဲ့ စေ့စပ်စိမ် ခန်းသာတွေ၊ အနုပညာရှင်ဆိုတဲ့ ဂုဏ်ထူးတွေကိုမှ အားမနာ ထွက်ထွက်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းလှပါလား။

သူတို့ ရုပ်တွေနဲ့များ ရှေ့ထွက်ချင်ကြသေးတယ်တဲ့။ ဝေ့တက်လာတဲ့ မျက်ရည်တွေကို ကျမလာစေဖို့ အံတင်းကာ ထိန်းထားသည်။

ခုလို ရှုံဖိုး အဆိုတော်ဘဝမဖြစ်ခင်က ဥဩဆိုတာ ဆိုင်းဝိုင်းအဆိုတော်ပါ။ ဥဩဆိုတာ မည်းပြာပြာ ပိန်ကပ်ကပ် သွားခေါလေးနှင့် သူပဲရယ်လို့ ပရိသတ်တွေကို သိစေခဲ့တာပါ။ အေးလေ။

ပန်းဆုမြတ်ကွက်ခြေအဖွဲ့၏ အစီအစဉ်တွေက တောင့်စေ့လို့ နေသည်။ အကတစ်လှည့်၊ တေးသံသာတစ်ဖုံ၊ ဟာသတစ်မျိုး၊ ပြဇာတ်တစ်သွယ်၊ အငြိမ့်ခွင်က တစ်နည်းနှင့် ရှုမငြီးရအောင် တင်ဆက်သည်။ ဆိုလေတော့ တေးသံသာ အခန်းအတွက် နာမည်ကျော် အဆိုတော်တွေ ပါ,ပါလာခဲ့ကြသည်က ထုံးစံ။

ဥဩလည်း သူတို့နည်းတူ တေးသံသာကဏ္ဍမှာ ပရိသတ်ရှေ့မှောက် ထွက်ပြီးဖျော်ဖြေ တင်ဆက်ချင်သည်လေ။ ဘုရားစူးရစေရဲ့ အဟုတ်ပါ။ မင်းသမီးလေးကို အောက်စေဆိုတဲ့ စိတ်ယုတ်မာကြီးနဲ့ မဟုတ်ရပါဘူး။ အကျည်းတန်မလေး ဖြစ်ပေမယ့် ဥဩဆိုတဲ့ အမည်လေးနှင့် လိုက်ဖက်ညီရအောင် အသံလေးက သာလိုက်တာလို့ ချီးကျူးခံချင်လို့ပါ။ ပရိသတ်ရဲ့ လက်ခုပ်သံကို ဥဩကိုယ်တိုင် ရယူချင်လွန်းလို့ပါ။ ခုတော့ ဥဩ စတီရီယိုပဲ,ဆိုဆို မိုနိုပဲ,ဆိုဆို ရရှိတဲ့ ဩဘာသံတွေက ဥဩအတွက် မဟုတ်ဘူးလေ။ သည်အသိက ကြာလာတော့လည်း သူ့အကျိုးပေးနှင့် သူ့ပဲလေလို့ ဖြေသိမ့်လို့ဖရ။

"သမီးရေ ဥဩလေး။ ရော့ ရော့ . . . သမီးညီမက မှန်ချိုးအားပေးခိုင်းလိုက်လို့ ဒီည မြို့နယ်လူကြီးတွေပါ လာအားပေးကြမယ်ဆိုတော့ သမီးအသံလေး ပိုကောင်းအောင်လို့တဲ့။ အရေးကြီးတဲ့ညမှာအသံကပ်နေမှာကို သမီးညီမက စိုးရိမ်နေပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး၏ အမေကြီးက မှန်ချီအသံကောင်း ဆေးပုလင်းလေးကို လာပေးရင်းနှင့် ချော့နေသည်။ စောစောက ပြဿနာကြောင့် သည်ည ညစ် လိုက်မှာကို စိုးရိမ်နေကြဟန် ရှိသည်။

စိတ်ချပါ အမေကြီးရယ်။ ဥဩတို့ဘဝက နိမ့်ကျပေမယ့် စိတ်ဓာတ်က ဟိုးအထက်မှာပါ။ ဒီည ပန်းဆုမြတ်အတွက် အသံ ပိုကောင်းအောင်ဆိုရမယ်။ ပရိသတ်ရဲ့ လက်ခုပ်ဩဘာကို ပိုညံစေရမယ်။ ပရိသတ်ရဲ့ မေတ္တာတွေ ပိုမိုရယူစေရမယ်။ အနုပညာသည်ဆိုတာ ကန့်လန့်ကာရဲ့ ရှေ့မှာပဲ ရှိရှိ၊ နောက်မှာပဲ နေနေ၊ သူ့တာဝန်ကို သူ သစ္စာရှိသွားမှာပါ။ ဒါတို အမေကြီးရဲ့ ရွှေမင်းသမီးလေး နားမလည်တာ အဆန်းတော့ မဟုတ်ပါဘူး။

ဥဩ၏ ရင်ထဲမှာ ပြောစရာစကားတွေ ပုလုံစီနေခဲ့ပေမယ့် အမေကြီး ပြောသွားသည့်ကိုသာ ငြိမ်သက်စွာ နာခံနေလိုက်သည်။ လက်ထဲမှ မှန်ချီဆေးပုလင်းလေးကိုသာ တင်းကျပ်သည်ထက် တင်းကျပ်အောင် ဆုပ်ကိုင်ထားရင်း သည်ပွဲခွင်ပြီးလျှင်တော့ စိန်စည်သူဆိုင်းအဖွဲ့သို့ ပြောင်းရွှေ့ ရောက်ပေဦးတော့မည်ဟု။ ထိုအခါ ဥဩအတွက် ကြော်ငြာဘောင်း ဂုဏ်ပုဒ်တစ်ခုလည်း တိုးမြှင့်လာပေလိမ့်မည်။

❁ ❁ ❁ ❁ ❁

ရုပ်ရှင်အပြုံ့တေမဂ္ဂဇင်း
( ဩဂုတ် ၊ ၁၉၉၂ )

www.burmeseclassic.com

www.burmeseclassic.com



၆

## ပွရှိန်းရှတဲ့သောရောင်စုံချိုချဉ်လေးတွေ

'ကိုကျော်မောင်း၊ ကိုကျော်မောင်း . . . အို . . . ကိုကျော်မောင်း'

'ဟင် . . . ဟင် . . .'

'တဟင်ဟင်နဲ့ ဘာဖြစ်နေရတာလဲတော်၊ ဒီမှာ ဆိစစ်ပြီးသား အကြော်တွေကို ဗန်းထဲ ပြောင်းထည့်ပါလို့ ပြောနေတာ ရှင်က ဘာတွေ ငူငိုင်နေရတာလဲ'

'ဩော် . . . သားတွေသမီးတွေကို တွေးနေမိလို့ပါကွာ'

သည်လို ပြောလိုက်ကာမှ စာဥ၏ မျက်စောင်းကြီးက ဒိုင်းခနဲ

'ဘာလဲ . . . ရှင်က ဟိုဘုတ်ကြီးကို လှမ်းကြည့်ပြီး သီချင်းဆိုတဲ့ ကျုပ်သမီးကို စိတ်ထဲကနေ ဆူနေတာ မဟုတ်လား။ ရှင့်ဖို့ . . . သမီး ကလေးကိုများဆို အပြစ်ချည့် မြင်နေတော့တာပဲ။ သွန်း . . . သမီး

www.burmeseclassic.com



လေး အောင်မြင်လာတော့မှ ငါ့သမီး ငါ့သမီး ဖြစ်မနေနဲ့။ ခိုင်ခင်ဦးတို့ ကော်နီတို့ တင့်တင့်ထွန်းလေးတို့များ သီချင်းတစ်ပုဒ် ဆိုလိုက်တာနဲ့ ထောင် တစ်သောင်းတောင် ရကြသတဲ့'

သူခိုင်းတာလည်း လုပ်ပေးရသေး၊ အဟောက်ချည့် ခံနေရ ဖြင့် ဦးကျောက်မောင်း စိတ်တိုသွားသည်။

'ဟာ . . . မင့်သမီးက ခိုင်ခင်ဦး ကော်နီမှ မဟုတ်တာ'

'ဟွန်း . . . သူတို့ထက်တောင် သာသွားဦးမယ်'

ထိုစဉ် ဆိုက်ကားနှစ်စီး ရောက်လာပြီး "အကြော်တစ်ပွဲဗျို့။ မြန် . . .။ ထမင်းကြမ်းနဲ့ တုတ်ရမယ်။ ရေနွေးအရင် ပေးဗျာ။ ရှိုး . . . အီး . . . ဒီနှစ်ဆောင်းအအေးကို ိုပါတယ်ဗျာ" ဆိုပြီး ဖောက် သည်တွေ ရောက်လာသဖြင့်သာ စာဥ ပါးစပ်သေနတ်ဒဏ်ကို သက်သာ ခွင့်ရတော့သည်။

ဦးကျောက်မောင်းသည် အကြော်ပွဲ ပြင်ပေးပြီးနောက် ဝဲယာ စ်ဖက်ရှိ 'သည်ရေး(စ်)' နှင့် 'ဒေါ်လာ' စင်မြင့်ဖျော်ဖြေပွဲဆိုသည့် ဆိုင်း တ်ကြီးများ မကျေမချမ်း မော့ကြည့်မိပြန်သည်။ ခုန သည်ဘုတ် တွေကို ဘာရယ်မဟုတ် ငေးနေမိသည့်အတွက် "တော်က ဟိုဘုတ်ကြီးကို မ်းကြည့်ပြီး သီချင်းဆိုတဲ့ ကျုပ်သမီးကို စိတ်ထဲကနေ ဆူနေတာ ဟုတ်လား" ဟု ဟောက်ခဲ့ခြင်းပင်။

သက်ပြင်းရှိုက်မိသွားသည်။ သမီးနှောင်းက အတွေးထဲ ရောက် ာပြန်သည်လေ။ သူကပဲ သမီးနှောင်း၏ အရည်အချင်းတွေကို မမြင် တ်လေသလား။ အထင်သေးနေမိသလား။ သမီးနှောင်းကပဲ အယုံကိုး ရဲကိုး နေလေရော့သလား။ ဖခင်တစ်ယောက်၏ စေတနာ၊ မေတ္တာ၊ ဒန်သောကတွေကို ခေတ်အတွေး ခေတ်အသိ ခေတ်ပညာတတ်ဘစ်ဂျီး ဖြစ်သူ သမီးကလေး နားလည်နိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်မီးရောင်စုံများနှင့် ထိန်လင်းနေသော 'ဒေါ်လာ' 'သည်ရေး(စ်)' တို့၏ ရွှမ်းပြက်မှုတို့ကို နှင်းထုကြီးနှင့် မီးခိုးငွေ့များက ဖုံးလွှမ်းရန် ကြိုးစားနေကြသော်လည်း အချည်းနှီးပင်။

သည်လို မီးရောင်စုံတွေ လင်းလက်နေသော ကြော်ငြာဘုတ်များနှင့် ဂိတ်ရှိုးများအောက်တွင် ကျင်လည်ခဲ့ရသော ဘဝလေးဆီသို့ အတွေးလေး ဝေ့ခနဲ။

ကာလသည် ဝေးကွာလှသည်တော့ မဟုတ်သေး။

* * * * *

ကျောက်မောင်းဆိုသော အမည်က ဂိတ်စီးစပါယ်ရှယ်လစ်(စ်) အဖြစ် ဇာတ်သဘင်လောကမှာ ထင်ရှားခဲ့သည်။ ခြေတောင့်၊ လက်ညောင်း၊ ပါးစပ်အမြုပ်တစီစီထွက်အောင် လုပ်ရသော ဂိတ်စီးသမား၏ ဝင်ငွေမှာ တစ်ညကို အစိတ်၊ သုံးဆယ်သာ ဖြစ်သည်။

ဇာတ်ထဲရောက်လာရသည့် မူလရည်ရွယ်ချက်ကတော့ မြဇာတ်မင်းသားလုပ်ရန်၊ အရပ်ပြဇာတ်များမှာ အမြဲ မင်းသားဖြစ်ခဲ့သည့် အရှိန်အားကိုးနှင့်ပင်။ ထင်းခွဲရေခပ် ဟိုလူခိုင်း သည်လူခိုင်းခံဘဝနှင့်က ပထမ ဇာတ်တစ်ဇာတ်မှာ တစ်နှစ်မျှ ကြာမြင့်ခဲ့သည်။ ဘာမှ ဖြစ်မလာသည့်အတွက် ရန်ဖြစ်ပြီး ထွက်ခဲ့သည်။ ပင်ကိုယ်ဗီဇကိုက မျက်နှာကြီးသတင်းတင်း၊ လေသံမာမာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်မင်းသား ဖြစ်ချင်လွန်း၍သာ မနည်း သည်းခံနေခဲ့ရခြင်း ပင်။

သည်လိုနှင့် တစ်ဇာတ်ပြီးတစ်ဇာတ် ပြောင်းရွှေ့ရောက်ရှိရင်း ဇော်ပိုလ်အဖွဲ့သို့ရောက်မှ မြဲခဲ့ရခြင်းပါပေ။ ဖြစ်ချင်လွန်းသော ပြဇာတ် မင်းသားအနေနှင့်တော့ မဟုတ်။ ကားဆွဲလိုက် တစ်ခါတစ်ရံ လူကြမ်းဝင် တပ်လိုက် ရှိရင်းမှ သူနှင့်အလိုက်ဖက်ဆုံး ဂိတ်စောင့်တာဝန်ကို ရခဲ့လေ သည်။ ဇာတ်အတွေ့အကြုံ စုံနေပြီမို့ ဇာတ်အထာ ညက်နေသူပီပီ ပြဇာတ် မင်းသားမပြောနှင့် လူရွှင်တော်ပင် မမှန်းနိုင်တော့ဘူးဆိုတာကို သဘော ပေါက်ခဲ့ပြီလေ။

ဟောတစ်ရံ ဟောတစ်ရံ ပြောင်းရွှေ့ ဇာတ်က,ကြရင်းမှပင် အကြော်သည်လေး စာဥနှင့် ဖူးစာဆုံခဲ့ကြသည်ပဲ။ သားနှစ်ယောက် သမီး တစ်ယောက် ပွားစီးခဲ့ကြသည်ပဲ။ စာဥသည် သူ ဇာတ်ထွက်သွားချိန် ဆိုလျှင် ကလေးငယ်များတစ်ဖက်နှင့်ပင် ကုလားလေးတစ်ယောက်ကို အကူခေါ်ပြီး အကြော်ဆိုင် ထွက်သည်။ အကြော်ဆိုင် မထွက်နိုင်သော အတွင်းဆိုလျှင်လည်း အိမ်ရှေ့မှာပင် ခေါက်မုန့်တို့ မုန့်လင်မယားတို့ကို ဆိုင်ရောင်းသည်။ စာဥကို သနားသော်လည်း သူ့ဝင်ငွေလေးနှင့် မိသားစု မထိန်းနိုင်ရကား သည်အတိုင်းပဲ ကြည့်နေခဲ့ရတော့သည်။ ဇာတ်နား သည့် အချိန်ဆိုလျှင် သူပင် အိမ်မှာ ပြန်ကပ်နေရသည် မဟုတ်ပါလား။

ယခုလို နှစ်တွေနှင့် ချီပြီး နားနေကြရသည့် သဘင်သမား တို့၏ အညံ့ဆုံးကာလမျိုးတွင် စာဥ၏ မုန့်ဆိုင်ကိုပဲ အားထားနေရတာ သူလည်း အကြော်ဆိုင်လုပ်သား တစ်ဖြစ်လဲခဲ့ရပါသည်။

သားကြီးနှစ်ယောက်က ပညာပါရမီ နည်းပါးစွာနှင့် ခြောက် တန်း ခုနှစ်တန်းတွေကို တဗုန်းဗုန်း ကျကာ ထွက်လာခဲ့ကြ၏။ ဇက် သမား လုပ်ကျွေးကြရင်း အိမ်စရိတ် ကာပေးခဲ့ကြသည်။ အသက်ရှု

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း ချောင်ခဲ့ရသည်။

သမီးကလေးနှောင်းကတော့ ဆိုးနွဲ့ကျွတ်ဆတ်သော်လည်း ပညာရေးဘက်မှာ ချွန်နေသည်။ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ခဲ့သူ။ ယခု တက္ကသိုလ်မှာ ပထမနှစ်။

သမီးနှောင်း၏ တက္ကသိုလ်စရိတ်အတွက် စာဥ၏ အကြော်ဖိုမီးခိုးလည်း မတိတ်ရတော့ချေ။ တက္ကသိုလ်ကျောင်းသူ သမီးကို အကြော်ဆိုင်နား အထိမခံသည်အထိ စာဥ သည်းသည်းလှုပ်နေရသည်။ သမီးဖြစ်သူကလည်း အကြော်ဆိုင်ဖက် ခြေဦးလှည့်သူ မဟုတ်ခဲ့ပါ။

ကျောင်းတွေ ပိတ်ထားသဖြင့် အလှပြင်သင်တန်း တက်ထားခဲ့သူ သမီးနှောင်းက အလှပြင်ဆိုင်မှာပင် ပြန်လည် အလုပ်လုပ်ခဲ့သည်။

သည်မှာပင် ပြဿနာက စ,ခဲ့ပါတော့သည်။

သမီးနှောင်း အသက်က ဆယ့်ရှစ်နှစ်ပင် မပြည့်သေး။

သည်တော့ သည်ခေတ် မြို့ကောင်ပေါက်မလေးတွေ ပုံစံအတိုင်း ခေါက်ရိုးက မကျိုး။ သမီး၏ နုဖတ်သော အလှကို သိမ်မွေ့မြင်ချင်သော်လည်း သမီးနှောင်း ပုံစံက ဘာဆင်ယင်ထုံးဖွဲ့မှုဟု အမည်မတပ်နိုင်အောင်ပင်။

သမီးနှောင်းတို့ခေတ်က ဟံဇားပင်နီဖျင်ခေတ် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဒွိုင်းခေတ်ဆိုတာကို ဦးကျောက်မောင်း သဘောပေါက်ထားပြီးသားပါ။ သို့ပေမယ့် သမီးနှောင်းက လွန်ကဲနေပြီဟု ထင်မိသည်။ ဖခင်နှင့် အစ်ကိုများ ရှေ့မှာပင် တစ်ချက်မှ အငြိမ်မနေ။ ပါးစပ်လှုပ်၊ ခြေလှုပ်၊ လက်လှုပ်၊ ခေါင်းလှုပ်၊ တစ်ကိုယ်လုံးလှုပ်နှင့် တေးတညည်းညည်း ရှိနေတတ်သည်။

လုံချည်ဝတ်တာကလည်း ဒူးခေါင်း ပေါ်တော့မည်ထင်သည်။ စကပ် ဖို့ရိုးဖားရား။ ဘောင်းဘီတို ကိုးရိုးကားရားနှင့် တင်ကလိမ်ချိတ်ထိုင်ပြီး ဂစ်တာတီးချင် တီးနေတတ်သည်။ ဖအေရှေ့၊ အစ်ကိုရှေ့ရယ်လို့လည်း အနေအထိုင် ဆင်ခြင်ရကောင်းမှန်း မသိ။ ဖခင်တစ်ယောက်အနေနှင့် ပြောရန် မသင့်တော်သဖြင့် စာဥကို တိုးတိုးတိတ်တိတ် ပြောပြရသည်။

'ရှင့်နှယ်ရှင် . . . သူတို့ခေတ် သူတို့ပုံစံပဲ။ ရှင်ကြည့်မရရင် မကြည့်နဲ့ပေါ့။ မျက်နှာလွှဲနေပေါ့။ ဘယ့်နှဲ့ နေရာတကာကို စမ့်ချောင်းဘောက သပြေတောင်းရွှာ မျက်စိနဲ့ မကြည့်စမ်းပါနဲ့။ ရှင့် သပြေတောင်းရွာကိုလည်း တစ်ခေါက်တစ်ကြေး ပြန်ကြည့်စမ်းပါဦး။ လူငယ်တိုင်း သမီးနှောင်းလို ချည့်ပဲ။ တီဗွီတို့ ဗွီဒီယိုတို့ ပြက္ခဒိန်တို့ဆိုတာက ကောက်ရိုးပုံရှိတဲ့နေရာတိုင်း ရောက်တယ်။ မင်းသား မင်းသမီး အဆိုတော်တွေ ဘာဝတ်ဘယ် ဘယ်လိုပြင်ဆင်တယ်ဆိုတာ ကြည့်ပြီး တောကလေးရော မြို့ကလေးရော အကုန် အတုခိုးနေကြတာပဲ။ ကျုပ် ကြည့်ကြည့်နေတယ်။ သမီးကလေးကိုများဆို အပြစ်ရှာတဲ့ မျက်စိနဲ့ပဲ ကြည့်နေတော့တာပဲ။ ရှင့်သမီး အရင်းပါရှင်'

'အေးကွာ . . . ငါ့သမီးအရင်းမို့ ပြောနေရတာပေါ့ကွာ။ သူစိမ်းသာဆို လွှတ်ထားမှာပေါ့။ ဘယ်လိုနေနေ'

'ဘယ်လိုနေနေ ဆိုရအောင် ကျုပ်သမီးက မဟုတ်တာ လုပ်နေတာ မဟုတ်ဘူးရှင့်။ သူ့ဘာသာ အလှအပ အသန့်အပြန့်ကြိုက်လို့ သပ်သပ်ရပ်ရပ်နေတာ၊ သီချင်းဆိုတာ သူ့ဝါသနာပဲ။ အိမ်လ[illegible] ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



မပါတာ ကျေးဇူးတောင် တင်ရဦးမယ်။ ရှင်တောင် မင်းသားဖြစ်ချင်လို့ ဇာတ်ထဲရောက်ခဲ့တာ မဟုတ်လား'

'အေးပေါ့ . . . အေး၊ ငါလို ယောကျ်ားရင့်မကြီးတောင် မင်းသားမဖြစ်ဘဲ ဂိတ်စောင့်ဖြစ်ခဲ့ရလို့ မင့်သမီး အနုအထွတ်လေး အဆိုတော် မဖြစ်။ ဗွီဒီယိုမင်းသမီး မဖြစ်ဘဲ . . .'

'ကိုကျောက်မောင်း ဆက်ပြောလေ၊ ပြောလေ၊ ပြောရဲပြောကြည့် စမ်း။ ကျုပ်သမီးလေးက တော့်လို အကျည်းတန် အသားမည်းအသံကွဲကြီး မဟုတ်ဘူး'

သမီးလေးအတွက် ပူပင်ဆိုရလေတိုင်း နောက်ဆုံး သူနှင့် စာဥ သာ ရန်ပွဲနွှဲရင်း အဆုံးသပ်ရသည်က ထုံးစံ။

စာဥနှင့် သမီးလေးကို ပြောပြချင်တာတွေက ရင်ထဲအပြည့်၊ အနုပညာလောက။ အထူးသဖြင့် သမီးလေး ရည်မှန်းနေသည့် ရုပ်ရှင် ဗွီဒီယို၊ တေးဂီတနယ်ပယ်တို့သည် ငွေကို ထွေလိုခင်း ကစားနိုင်မှ လမ်းဖောက်နိုင်မှ လမ်းလျှောက်ရတာဆိုတာတွေ။ ငြိစွန်းနိုင်တယ်၊ နာကျင်နိုင်တယ် . . .။

လမ်းရှင်းသန့်သန့်လေး လျှောက်ရတယ်ဆိုတာ ဂိတ်စောင့်နဲ့ အကြော်သည်တို့ရဲ့သမီး။ လက်သမားတွေရဲ့ နမအတွက် မဟုတ်ပေဘူး၊ သမီးကလေးရယ် သည်နယ်မှာ နေရာလေး တစ်နေရာ ရဖို့အတွက် ဘာတွေ ပေးဆပ်ခဲ့ပြီးပြီလဲကွယ်။ အတွေးကို ရှေ့မဆက်နိုင်။ ရင်ထဲ နာလာရသည်။

တစ်ခုခုကို လိုချင်လျှင် တစ်ခုခုကို ပေးဆပ်ရတယ်ဆိုသည့် စကားက ပူပန်သောကကြီးသူ ဖခင်တစ်ယောက်၏ သည်းပွတ်နှလုံးကို အပ်ဖျားနှင့် ဆွနေသကဲ့သို့။

'သမီး ကြိုးစားနေတာက ရုပ်ရှင်မင်းသမီးဖြစ်ဖို့၊ ဗွီဒီယိုရိုက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



တ်(ချ်)ရှိုး အဆိုတော်ဖြစ်ဖို့ သိလား။ ရှင့်လို ဇာတ်ရှုပ်ရှုပ်ထဲ ဝင်ဖို့ တ်ဘူး'

စာဥကြောင့်လည်း ခက်သေးသည်။ သမီးနှောင်းကို အရမ်း ထင်ကြီး အရမ်းမျှော်လင့်ပြီး အရမ်းမြှောက်စားလွန်းနေသည်။ ပရိသတ် လူတွေများစွာကို ဟိန်းခဲ့ဟောက်ခဲ့ ဂိမ်းခဲ့နိုင်သော ဦးကျော် င်း ခမျာ အိမ်မှာကျမှပဲ ဦးလည်း မနိုင်, ပွဲလည်း မနိုင်။

အနုပညာနယ်ပယ်ဆိုတာ ဇာတ်မှ အငြိမ့်မှ မဟုတ်ပါဘူး။ လုံးလိုလိုဟာ သူ့နည်းသူ့ဟန် ဝက်ဖဲလေးတွေ ကိုယ်စီနဲ့ ဆိုတာကို သက်လုံး အကြော်ပဲ ရောင်းလာသည့် စာဥထက် နားလည်နေသူမို့ လေးအတွက် ရတက်မအေးဘဲ အိပ်မပျော်ညတွေ များခဲ့ရပြီ သမီး လေးရယ်။

သမီးကလေးလက်ထဲ အဝတ်အထည် အသစ်အဆန်းတွေ စ်ပွဲ့တစ်ပိုက် ပါလာခဲ့ရင် . . .

သမီးကလေး ရင်ခွင်ထဲ ဂစ်တာသစ်တစ်လက် ရောက်လာခဲ့ရင်

သမီးကလေးထံမှာ အဖိုးတန် အလှပြင်ပစ္စည်းတွေ မြင်ခဲ့ရရင်

. . .

သမီးကလေးထံမှာ

. . . . . . . . .

. . . . . . . . .

. . . . . . . . .

သမီးကလေး ဘယ်ကရလဲ။ ဘယ်သူပေးလိုက်တာလဲ။ ဘယ်လို း နှင့် ရတာလဲ။ သမီးကလေး ကိုယ်ကျင့်တရားကို အထင်သေးလို့ တ်ပေမယ့် အလှပြင်ဆိုင်က ရတဲ့ လခက ငါးရာထဲ မဟုတ်လား း နှောင်းရယ်။ အဖေ အစိုးရိမ်ကြီးလွန်းနေပြီတဲ့လား သမီး။

www.burmeseclassic.com

www.burmeseclassic.com



'သမီးတို့ အလှပြင်ဆိုင်က တီဗွီရိုက်မယ့် အဆိုတော်တွေ၊ ဗွီဒီယို ရိုက်မယ့် မင်းသားမင်းသမီးတွေ မဂ္ဂဇင်းမျက်နှာဖုံး မယ်တွေကို အလှပြင် ပေးရတာ အမေရဲ့။ သမီးလေ သူတို့နဲ့ သိရတာ ဆက်သွယ်ခွင့်ရခဲ့တာတွေ ကြောင့် သိပ်ဝမ်းသာဂုဏ်ယူတာပဲ။ သူတို့ကို သိပ်အားကျတာပဲ။ သူတို့လို ဖြစ်အောင် ကြိုးစားနေတာ အမေရဲ့။ ဖြစ်ကို ဖြစ်ရမယ်။ သမီးကိုယ် သမီး ယုံတယ်'

'သမီးကလေး အမေကို သမီးကလေး ပြောပြောနေတာ အမေ ကြားနေရပါတယ်။ အဖေ့ သက်ပြင်းရှိုက်သံကိုတော့ သမီးကလေး မကြား ဘူးနော်'

သီချင်းတိုက်နေရလို့ ဗွီဒီယိုရိုက်သွားနေရလို့ စသည့် စသည့် အကြောင်းပြချက်များ မရှိးသလို တစ်ညအိပ်နှစ်ညအိပ်နှင့် အိမ်ပြန်မလာ တတ်တဲ့ ရက်လေးတွေလည်း များလာခဲ့ပြီရော သမီးကလေးရယ်။

သမီးကလေးကို ဖခင်တစ်ယောက်အနေဖြင့် အကျိုးသင့် အကြောင်းသင့် မေးမည်၊ ပြောမည်၊ ဆုံးမမည်၊ ကြံရွယ်လေတိုင်း စာဥနှင့် သာ ထိပ်တိုက်တိုးနေရတော့သည်။ ခက်သည် သမီး။

'သမီးလေး အောင်မြင်မှ ကျုပ် အကြော်သည် ဘဝက ငြိမ်းမှာ၊ တိုက်နဲ့ကားနဲ့ဇိမ်နဲ့ နေရမှာ။ သမီးလေး ဘုန်းကြီးလို့ သက်ရှည်ပါစေ'

စာဥခမျာ သနားစရာပင် ကောင်းနေတော့သည်။ သမီးကလေး သာ ဘာမှဘာမှဖြစ်မလာခဲ့လျှင် စာဥ ရူးလေမည်လား မသိ မသိ။

လောလောဆယ်တော့ တိုက်ကြီး ကားကြီး ဇိမ်ကြီးနှင့် မနေရ သေးသော်လည်း စာဥတစ်ယောက် အကြော်ဖို၊ ခေါက်မုန့်ဖိုတို့ကိုတော့ ကျောခိုင်းခဲ့ပြီ။

'နှောင်း မိဘတွေ အကြော်ကြော်ရောင်းရတယ်ဆိုတာ နှောင်း အသိုင်းအဝိုင်းက သိသွားမှာ ရှက်တယ် အမေ။ အမေ အကြော် မကြော်

www.burmeseclassic.com



ခဲ့တော့။ နှောင်း စတိတ်(ချ်)ရှိုးတွေ လိုက်ဆိုနေရပြီပဲ။ နောက်ဆို အမေ့ ဗိုက်ဆံတွေ အများကြီးပေးတော့မှာ'

'ဟုတ်တယ် အမေရ၊ ညီမလေးက ဗွီဒီယိုရော ရုပ်ရှင်ကြီးမှာပါ အောင်မြင်လာမှာ။ စူပါမင်းသမီး ဖြစ်ကိုဖြစ်မှာ။ ညီမလေး အောင်မြင်ရင် ကိုကြီးကို ဒတ်ဆန်းတစ်စီး ဝယ်ပေးကွာ။ ကားမောင်းသင်ပြီး ကားဆွဲမယ်'

'ကိုကိုလေးကတော့ ဗွီဒီယိုမင်းသားပဲ လုပ်ချင်တယ်ကွာ။ ညီမလေးကို လာငှားတဲ့ ကုမ္ပဏီတွေကို ပြောပေါ့။ ကျွန်မကို လိုချင်ရင် ကျွန်မအစ်ကိုကို မင်းသားတင်ရိုက်ရမယ်။ ကျွန်မအမေကိုလည်း အမေ က ထည့်ရိုက်ရမယ်လို့'

'သွားစမ်း . . . အရူးအပေါ၊ မအေကိုများ'

ရယ်သံတွေဟာ အိမ်လေးကို လှုပ်ခါသွားစေတယ်။ သမီးလေးတို့ရဲ့ စကားဝိုင်း အရယ်ဝိုင်းတွေထဲမှာ အဖေ ဘယ်တော့မှ ပါဝင်ခဲ့ဘူး။ သည်လိုပဲ သမီးကလေး အမြဲရယ်ရွှင်ပျော်နေနိုင်ပါစေ။

ပန်တျာမိုးဇော်ဗိုလ်ဇာတ် မဟာသဘင်အဖွဲ့ကြီး ပြန်လည်လှုပ်ရှားနိုင်သေးသဖြင့် အိမ်မှာပဲ နားနေရပါသည်ဆိုကာမှ . သွေးတိုးလို၊ နှလုံးလိုလိုနှင့် မူးရိပ်မူးဝေဖြစ်လိုက်၊ ရင်ဘတ်အောင့်လိုက်၊ ကြောနာလိုက်နှင့် ကျန်းမာရေး ချို့ယွင်းလာရရှာသော ဦးကျောက်မောင်းမှာ တရိပ်ရိပ်တက်နေသော ကုန်ဈေးနှုန်း သမုဒ္ဒရာ လှိုင်းလုံးကြီးများအောက်မှာ နစ်မြုပ် မသွားစေရန်အတွက် သမီးကလေး ပေးလာသော ငွေစက္ကူတွေကို ဘယ်က ရလာသလဲ၊ ဘယ်လိုရလာသလဲဆိုတာ မတွေးမိဖို့ ကြိုးစားနေရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုတော် မင်းသမီးလေး နော်င်း ၏ ဗွီဒီယိုကားများ ယခုထိ ပေါ်ထွက်မလာသေးပါ။

ရင်ခုန်သံမဂ္ဂဇင်း
( မတ် ၊ ၁၉၉၁ )

www.burmeseclassic.com

www.burmeseclassic.com



## ဟိုဘက်နဲ့သည်ဘက်

❀ ❀ ❀ ❀ ❀

သည်အချိန် သည်ရာသီရောက်ပြီဆိုတာနဲ့ စက်ဘီးငှားတဲ့ဆိုင်တွေ အလျှိုလျှို ပေါ်လာတော့တာပဲနော်။

သည်နှစ်ဆို လောင်စာဆီရှားလို့ဆိုလား လူတိုင်းလူတိုင်း စက်ဘီး ကိုယ်စီနဲ့ တရုတ်ဘီးလေးတွေများ လှမှလှ။

ခြေနင်းခန်းမက ချမ်းသာတို့တောင်မှ ထီပေါက်လို့တဲ့။ တရုတ်ဘီးလေး ဝယ်ထားတယ်။ ကြက်ဖ အမျိုးအစားဆိုလား . . . ။

အို . . . ဟိုဟာဆိုလား . . . သည်ဟာဆိုလားနဲ့ တိတိကျကျ မပြောနိုင်တာက ညီထွေးက ကလေးပဲဟာ။ ကလေးမှ အိမ်ထဲကနေ အိမ်ပြင်ကို ထွက်ချင်တိုင်း ထွက်လို့ရတဲ့ကလေး မဟုတ်ပါဘူး။ သည်တော့ တခြားကလေးသိသလောက်၊ ညီထွေး မသိပါဘူး။ တခြားကလေးတွေ လည်သလောက် တတ်သလောက်လည်း ညီထွေး မလည် မတတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတာ ပြောပြရမှာ ညီထွေး မရှက်ပါဘူး အားငယ် တာပါပဲ။ ညီထွေးကလေ . . . ညီထွေးက ချိုင်းထောက် အကူအညီနဲ့ သွားလာနေရတဲ့ ခြေနှစ်ဖက်လုံး သိမ်နေတဲ့သူပါ ခင်ဗျာ။

ဘုရားသခင်က ကိုယ်နဲ့ ထိုက်တန်ရာကိုသာ ပေးသနားတော်မူ တယ်လို့ ညီထွေးတို့ အင်္ဂလိပ်စာဆရာမက ပြောဖူးပါတယ်။ ညီထွေးလည်း သိမ်နေတဲ့ ခြေထောက်လေးတွေနဲ့ပဲ ထိုက်တန်လို့ နေမှာပေါ့နော်။ ညီထွေး စိတ်ကို အဲလိုဖြေပါတယ် ခင်ဗျာ။

တခြားကလေးတွေ လမ်းပေါ်မှာ ကစားပြေးလွှားနေကြသလို ညီထွေးလည်း ဆော့ကစားပြေးလွှားချင်တာပေါ့။ တူတူပုန်းကြတာ၊ စိန်ပြေးကြတာ၊ ထုပ်စည်းတိုးကြတာ၊ သားရေကွင်းပစ်၊ ကျောက်ဒိုးပစ် ဂေါ်လီပစ်ကြတာ အို . . . ကစားနည်းမျိုးစုံကို စုံတကာ့စုံအောင် ဆော့ကစားနေကြတဲ့ ကလေးတွေနဲ့အတူ စိတ်ကူးထဲမှာတော့ ညီထွေး လည်း ပြေးလွှားကစား နေတာပါပဲ။

ခုတော့ . . . ညီထွေးလေ . . . ညီထွေး . . .

အခန်းရှေ့က ဝရန်တာလေးမှာပဲ ထိုင်ပြီး အဲသည် ဆော့ကစား နေကြတဲ့ ကလေးတွေကို ငေးနေရတော့တာပဲပေါ့။

ကျောင်းမှာလည်း သည်လိုပဲလေ။ ညီထွေး အခု ခြောက်တန်း ကို ရောက်နေပါပြီ။ ဒါတောင် ညီထွေးက ကျောင်းနေချင်တယ်လို့ ပူဆာဆာချင်း ထားခဲ့ရင် ရှစ်တန်းကျောင်းသားကြီး ဖြစ်နေမှာ အခု ညီထွေး အသက် ဆယ့်လေးနှစ် ရှိနေပြီလေ။

ညီထွေးရဲ့ သိမ်နေတဲ့ ခြေထောက် ပိန်လှီလေးတွေကြောင့် တခြားကလေးတွေက အနိုင်ကျင့်ကြမှာ၊ ပြောင်လှောင်ကြမှာ ဖိုးအေး သည်အရေးကိစ္စတွေဆို ရတ်ချည်း ထ,မပြေးနိုင်မှာ . . . မိဘတွေက အဲသည်လိုတွေး စိုးရိမ်စိတ်ပူပြီးတော့ အစော်ကြီးကြီးမှ ကျောင်းထား

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ကြတာ။

ညီထွေးလေ . . . စိတ်ငယ်နေတဲ့ ကြားထဲကပဲ အဆိုးထဲကနေ အကောင်းကို တွက်ပြီး ဖြေသိမ့်ပါတယ် ခင်ဗျာ။ ဘာလဲဆိုတော့ ကျောင်းနဲ့ အိမ်နဲ့က မျက်စောင်းထိုးလေးပဲလေ၊ အဲလို နီးနေလို့ပဲ ကျောင်းနေခွင့် ရခဲ့တာပါ ခင်ဗျာ။ အဖေက သစ်စက် အလုပ်သမားပါ။ အမေက ညီထွေးတို့ ကျောင်းရှေ့မှာ မုန့်မျိုးစုံ ရောင်းပါတယ်။ သည်တော့ ညီထွေးကို အမေက ခဏခဏ လာကြည့်ပေးနေနိုင်တာပေါ့။

ခုတော့ . . . ကျောင်းတွေကလည်း ပိတ်ခိုန် ဆိုတော့ အမေ့ မုန့်ဆိုင်လေးလည်း ခြောက်ခြောက်သွေ့သွေ့။

ညီထွေးလည်း သူငယ်ချင်းတွေ၊ ဆရာမတွေနဲ့ မတွေ့ရတော့လို့ ခြောက်ခြောက်သွေ့သွေ့။ စာအုပ်တွေ ဖတ်လိုက်၊ ဝရန်တာကနေ လမ်းပေါ်မှာ ဆော့ကစားနေကြတဲ့ ညီထွေးနဲ့ ရွယ်တူကလေးတွေကို အားကျငေးကြည့်နေလိုက် .

'မျောက်မူးလဲသေတို့တော့ စက်ဘီးဝယ်ထားပေးမိတာ အတောင်တပ်ပေးထားသလို ဖြစ်နေပါပြီတော် . . .'

ခြေရင်းခန်းက ချမ်းသာရဲ့ အမေ့အသံပေါ့။

ချမ်းသာတို့ကတော့ မိုးလင်းကတည်းက စက်ဘီးတစ်စီးနဲ့ လမ်းပေါ်မှာ တလွှားလွှားနဲ့လေ။ စက်ဘီးကို အပေါ်ကို ထောင်ထောင်ပြီး စီးလိုက်သေးတယ်။ ဒါကို သူ့အမေက ထွက်ကြည့်ပြီး ပြောလိုက်တာလေ။

အို . . . ညီထွေးလေ . . . မျောက်မူးလဲသေလို့ ချမ်းသာလို အပြောခံ အဆူခံချင်လိုက်တာ။ ကျန်းမာသန်စွမ်းတဲ့ ခြေထောက်နှစ်ချောင်းနဲ့ မျောက်ရှုံးအောင် ပြေးလွှားဆော့ကစားပစ်ချင်လိုက်တာ။ ချမ်းသာလို စက်ဘီးတလွှားလွှားနဲ့ မိုးပျံအောင် စီးပစ်ချင်လိုက်တာ . . .။ ခုတော့ . . .။

www.burmeseclassic.com

www.burmeseclassic.com



'ဖော့ . . . ညီထွေး . . . စက်ဘီးစီးမလားကွ၊ ငါ မင်းကို တင်နင်းမယ်လေ . . .'

သည်လို ပြောလာတဲ့ ချမ်းသာကို ညီထွေး ခေါင်းပဲ ရမ်းပြနေရ ဟာယ်။ အို . . . ညီထွေးကို သူလှောင်တာ မဟုတ်ပါဘူး။ ချမ်းသာက ညီထွေးကို ညာပါတယ်။ အကူအညီ အမြဲပေးပါတယ်။ အခု ညီထွေး စက်ဘီးစီးချင်ပေမယ့် ချမ်းသာ စက်ဘီးမှာ ဘယ်အတူလိုက်စီးရဲပါ့မလဲ။ မတော်မပြု လဲကျသွားရင် အကျိုးဆော့ အကာန်းမော့နဲ့ ကွဲရှ ခံနေရဦးမယ် လေ . . .။

အင်း . . . ကိုကိုကြီးနဲ့ မမကြီးကိုတော့ စက်ဘီးစီးချင်တယ်။ အငှားဆိုင်က နာရီဝက်လောက် ငှားပေးပါလို့တော့ ပူဆာထားတာပဲ။ ကိုကိုကြီးက အဖေနဲ့အတူ သစ်စက်မှာလုပ်တယ်။ မမကြီးကတော့ ဆီးထုပ် ထုပ်တယ်လေ၊ သူတို့ သည်တစ်ပတ်ငွေရှင်းရင် ငှားပေးမယ် လို့တော့ ကတိပေးထားကြတာပါပဲခင်ဗျာ။

ဟော . . . ပြောရင်းဆိုရင်း ဖေဖေရော၊ ကိုကိုကြီးရော၊ မမကြီး တို့ပါ အလုပ်က ပြန်လာနေကြကုန်ပြီ။

ဟယ် . . . ကိုကိုကြီးက စက်ဘီးလေးကို တွန်းယူလာတယ်။ ဝရန်တာမှာ ထွက်မျှော်နေတဲ့ ညီထွေးကို မြင်ရတော့ ကိုကိုကြီးက ရယ်ပြီး လက်မြှောက်နှုတ်ဆက်တယ်၊ စက်ဘီးကိုလည်း ပုတ်ပြတယ်။ ဖေဖေနဲ့ မမကြီးကလည်း လှမ်းကြည့်ပြီး ရယ်ပြနေကြတယ်။

အိုလေ . . . ညီထွေး . . . ညီထွေး . . . ညီထွေး . . . ဝမ်းသာလိုက်တာ၊ ကိုကိုကြီးတို့ စက်ဘီးငှားပေးလာပြီ၊ ညီထွေး . . . ညီထွေး စက်ဘီးစီးရတော့မယ် . . . စက်ဘီးစီးရတော့မယ်။

အိုလေ . . . စက်ဘီးတကယ်စီးရတော့ ရင်ထဲတဒိတ်ဒိတ်လုပ်နဲ့၊ ပွဲခင်းထဲမှာ မမကြီးတို့နဲ့အတူ ရဟတ်ကြီးစီးတုန်းကအတိုင်းပဲ ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးနဲ့မမကြီးက ညီထွေးကို စက်ဘီးပေါ်တင်ပြီး ရှေ့နောက် ထိန်းပေးရင်း တွန်းပေးကြတယ်။

ညီထွေးလေ . . . စက်ဘီးလက်ကိုင်လေးကို မရဲတရဲ ကိုင်ထား ရင်းနဲ့ ပိန်ပိန်လှီလှီ တွဲလွဲလေးကျနေတဲ့ ခြေထောက်နှစ်ချောင်းကို မကြည့် အောင် နေရတယ် . . . ဘုရားကလည်းနော် ညီထွေးကို ဘာလို့များ ယ်လက်အင်္ဂါ ပြည့်ပြည့်စုံစုံ မပေးလိုက်တာပါလိမ့်။

စက်ဘီးစီးရလို့ ဝမ်းသာတာလေးပျောက်ပြီး အားနည်းချက် ကြောင့် ဝမ်းနည်းအားငယ်စိတ်တွေ ဝင်လာမိတယ်။ စက်ဘီးစီးရတဲ့ အတွက် အပျော်စိတ်တွေလည်း ဘယ်ရောက်ကုန်ပြီ မသိတော့ပါဘူး။ ခင်စိတ်လည်း မရှိတော့ဘူး။ ဆက်မစီးတော့ဘူး . . .။ ကိုကိုကြီးရယ် . . . လို့ ပြောတော့မယ့်အလုပ်မှာ လက်ခုပ်လက်ဝါးတီးပြီး ရယ်သံကို ကြားလိုက်ရတယ်။ ဗလုံးဗထွေး အာလုပ်သံကြီးနဲ့ ညီထွေး . . . ညီထွေးလို့ အော်ခေါ် သံကိုလည်း ကြားလိုက်မိတယ်။

ဒါ . . . ဒီပါရဲ့အသံ။

သိပ်သေချာတာပေါ့၊ ဒီပါမှ ဒီပါအစစ်။ ဖျတ်ခနဲ လှည့်ကြည့် လိုက်တော့ ညီထွေးကို လက်ညှိုးထိုးပြီး အားပါးတရ ရယ်နေတဲ့ ဒီပါကို မြင်လိုက်ရတယ်။

'ဟေး . . . စက်ဘီးစီးတဲ့ လူက ဟိုကြည့်သည်ကြည့် မလုပ်ရ ဘူးလေ၊ ရှေ့ကိုပဲ ကြည့်ရတယ်'

ကိုကိုကြီးအပြောကြောင့် ဒီပါကို လှစ်ခနဲ ...ယ်ပြပြီး ရှေ့ဘက်ကို ...ကနာပြန်လှည့်လိုက်ရတယ်။ လက်ကိုင်ဟို ...င်းရင်းရင်း စတိုင်ပါ ...ခင်မိသွားတယ်။ မသိမသာလည်း ရင်ကို... သွားသလားပဲ။ စောစော... အားနည်း၊ အားငယ်၊ အားလျော့စိတ်တွေ လှစ်ခနဲဆို ပျောက်သွား...

အဲဒါတွေအစား မာန် ဟုတ်တယ်၊ အားမာန်တွေ ...

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဒီပါ

ဒီပါဟာ ညီထွေးနဲ့ ရွယ်တူကောင်လေးလေ၊ ဒီပါက ခြေလက် အင်္ဂါ အပြည့်အစုံပါပေမယ့် အကြောဆွဲနေရှာတယ်၊ ပြီးတော့ ကျပ်မပြည့် တဲ့ ရောဂါပိုင်ရှင်၊ ဒီပါ့ကို လမ်းထဲက လူတွေက ပန်းစကား ကျော်ဟိန်းလို့ ခေါ်ကြတယ်။

ညီထွေးက ဒီပါ့ထက် စာတော့ ဦးနှောက်ကောင်းသေးတယ်၊ စာသင်နိုင်တယ်၊ စာဖတ်နိုင်တယ်၊ တွေးခေါ် မြော်မြင်ကြည့်နိုင်တယ်။

ညီထွေး ကံကောင်းပါသေးတယ်နော် . . . ။

အဟတ် . . . ဟတ် . . . ဟား။

ဟား . . . ဟား . . . ဟား . . .

ရယ်ရတယ်ဟေ့ . . . သိပ်ရယ်ရတယ်။ ခြေထောက်မရှိတဲ့ လူ၊ ခြေထောက်သေးသေးလေးလူက စက်ဘီးစီးရတယ်လို့ပဲ အဟား . . . ဟား . . . ။

သူကများ စက်ဘီး [illegible]ချင်ရတယ်လို့ပဲ၊ ဟား . . . ဟား။

ငါ့လို ခြေထောက်နှစ်ချောင်းကောင်းရင် မပြေးတော့ပါဘူး မိုးပျံ နေမလားဘဲ။ အတော်ဟုတ်တဲ့ကောင်၊ ဟား . . . ဟား . . .

www.burmeseclassic.com

www.burmeseclassic.com



ား။

ရယ်ရတယ်ဟေ့၊ ဟောဒီမိုးလောက်ကြီး ရယ်ရတယ်။

ငါလည်း စက်ဘီးငှားစီးလိုက်ဦးမယ်၊ ပိုက်ဆံ ပိုက်ဆံမရှိလို့သာ ော်။ ညီထွေးအစ်ကိုတွေ၊ အစ်မတွေက ညီထွေးကို ချစ်ကြ၊ စက်ဘီး ားပေးကြပေမယ့် ငါ့ဆို အော်ငေါက်နေကြတာပဲ၊ စက်ဘီး ငှားပေးမှာ ည်း မဟုတ်ဘူး။

စက်ဘီးသာ ငှားပေးရင် ဟောသည် ခြေထောက်တွေနဲ့ ဝီး ... ဝီးမြည်အောင် စီးပစ်မှာ၊ စက်ဘီးစီးတာ ဘာခက်တာမှတ်လို့၊ ဘီးနှစ်ဘီးကို ဖင်ကြားညှပ်ထည့်လိုက်ရင် ပြီးတာပဲ။

ခုတော့ ညီထွေးတို့များ အစ်ကိုတွေ၊ အစ်မတွေ ဝိုင်းဝိုင်း ည်နေတဲ့ ကြားထဲကနေ တုန်တုန်ချည့်ချည့်၊ ကြောက်ကြောက်ရွံ့ရွံ့နဲ့၊ အေးပေါ့ ညီထွေးက ခြေထောက်မှ မရှိတာပဲ။

ဒီပါနဲ့ လူချင်းလဲပစ်ချင်လိုက်တာ၊ ဟား ... ဟား ... ား ...။

သိပ်ရယ်ရတာပဲဟေ့ ...။

❀ ❀ ❀ ❀ ❀

သောင်းပြောင်းထွေလာရယ်စရာ
( မေ ၊ ၁၉၈၉ )

www.burmeseclassic.com

www.burmeseclassic.com



ကြာတောရေနံ့သာမှာ

"နန်းပန်ရောက်တော့မယ် . . . ထကြဖော့"

သည်အသံကြောင့် နောင်း ဆတ်ကနဲ လန့်နိုးလာသည်။ ဖြ
ကနဲ ထထိုင်လိုက်သည်။ မော်တော်သမား အယ်မင်းအား အလန့်တကြာ
မေးမိသည်။

"ဟယ် . . . အယ်မင်း၊ နန်းပန်ရောက်တော့မယ် . . . ဟုတ်
ကြောင်း"

"အေး . . . နင်တို့ကလည်း အိပ်လိုက်ကြတာဟာ . . .၊ မော်
တော်ပေါ်မှာ ဖြစ်ဆလိုအိပ်ရလို့ဆာပဲ၊ ပုဇွင်းကူးနဲ့မျှားဆို တစ်ဆက်
ထပါတော့မလား . . . မဆိဘူး"

"အော့ . . . တစ်ဆက်လုံး မထပဲ ဆေတော်ခေါ်မှာက နင်
. . . အယ်မင်းရဲ့၊ နင် . . . "

www.burmeseclassic.com

www.burmeseclassic.com



အယ်မင်း၏နောက်ပြောင်စကားကို တစ်ခွန်းမခံဘဲ ပြန်ပက်လိုက်သည်။ နောင်းပဲလေ။ သူများမှ မဟုတ်တာ။ အယ်မင်း၏ စကားက စောစောစီးစီး မင်္ဂလာမှ မရှိတာဘဲ။ နောင်းတို့ ဈေးသည်အုပ်စုမှာ မော်တော်ထဲ ဈေးတောင်းတွေကြားမှာ ထိုင်ရင်း ငိုက်လာရသူတွေ။ နောင်း တစ်ယောက်သာ ဦးပိုင်းမှာ နေရာရသူဖြစ်၍ ကွေးကွေးလေး အိပ်ခွင့် ရှိခဲ့သူ။

မအိပ်ဘဲ နေနိုင်ကြပါ့မလား။

သည်နေ့ နန်းပန်ဈေးမှာ ရောင်းချရန်အတွက် မနေ့က တစ်နေ့လုံး ကုန်ကြမ်းများကို ကုန်ချောအသွင် ပြောင်းခဲ့ကြရသည်။ မယ်နီနှင့် ဘင်ထွေးတို့က တစ်နေကုန် ပဲလှော်နှင့် မန်ကျည်းစေ့ လှော်ခဲ့ကြရသည်။ မယ်ပြုံးက တို့ဟူးကြော်ခဲ့ရသည်။ မယ်စောက တို့ဟူး ခေါက်ဆွဲ လုပ်ခဲ့ရသည်။

နောင်းခမျာတော့ တစ်နေကုန် စာလေးခွေမုန့် ကြော်နေခဲ့ရသည်။ နှစ်တင်းဝင်တောင်းကြီးနှင့် လေးတောင်း ကြော်ခဲ့ရသည်။ မုန့်ကြော်အပြီးမှာ တစ်ကျပ်တန် မုန့်ထုပ်လေးတွေကို ပလပ်စတစ်အိတ်နှင့် ထုတ်ရပြန်သည်။ ပြီးတော့ အိတ်လေးတွေကို မီးနှင့်တို့၍ ပိတ်ရပြန်သည်။ ခနက်ဈေးယူမည့် ပစ္စည်းများအားလုံးစနစ်တကျ သိမ်းဆည်းပြင်ဆင်ပြီးသော အခါ ည နာရီပြန် နှစ်ချက်ထိုးပြီ။

တစ်နေကုန် ပင်ပန်းမှုဒဏ်ကြောင့် အိပ်ရာထဲရောက်သည်နှင့် ချက်ချင်း အိပ်ပျော်သွားရသည်။ ဘုန်းတော်ကြီးကျောင်းမှ နံနက် လေးနာရီ အုန်းမောင်းခေါက်သည်နှင့် မျက်စိနှစ်လုံးက ကျင့်သားရစွာ ပွင့်လာခဲ့သည်။ နိုးသည်နှင့် လူးလဲထကာ မောင်ငယ်နှစ်ယောက်အား နှိုးရသည်။

နောင်းတို့ မောင်နှမသုံးယောက်သည် မုန့်တောင်းများကို ထမ်းကာ မော်တော်ဆိပ်သို့ ဆင်းခဲ့ရသည်။ နတ်တော်လဆန်း ရှစ်ရက်၏

www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်တွင် ခေါင်တိုင်မော်တော်ဆိပ်လေးသည် မော်တော်သမားများ၊ ဈေးသည်များနှင့် သက်ဝင်လှုပ်ရှားနေသည်။

မောင်လေးနှစ်ယောက်သည် ပစ္စည်းများကို မော်တော်ပေါ်သို့တင်ပြီးသည်နှင့် ပြန်သွားတော့သည်။ မော်တော်ထွက်အောင်ကိုပင်မစောင့်။ အိပ်ချင်မူးတူးနှင့် ဖြစ်နေကြသည်။ သြော် . . . ကလေးတွေပဲလေဟု နောင်းမှာ ဖြေတွေးရသည်။ ခွင့်လွှတ်ရသည်။ မိမိသည် အစ်မကြီးမဟုတ်ပါလား။

နောင်းတို့ ဈေးသည်အုပ်စုက ခြောက်ယောက်ဖြစ်သည်။ မယ်နီတင်ထွေး၊ မယ်စောနှင့် နောင်းတို့ မိန်းကလေးငါးယောက်နှင့်အတူ တစ်ဦးတည်းသော ယောကျ်ားဈေးသည် အယ်စိန်မြင့်အေးတို့ ဖြစ်သည်။ ဈေးပတ်တိုင်း လိုက်နေကျ အယ်မင်း၏ မော်တော်လေး စက်နှိုးသည်နှင့်နောင်းတို့လူစုက အိပ်ငိုက်ပြီဖြစ်သည်။ ဆိုခဲ့ပြီးသည့်အတိုင်း ပင်ပန်းထားကြသည်။ အိပ်ရေးပျက်ထားကြသည် မဟုတ်ပါလား။

ခေါင်တိုင်ရွာနှင့် နန်းပန်ရွာကို ကူဘိုတာ မော်တော်နှင့် တစ်နာရီခွဲကျော်မျှ သွားရသည်။ ငွါန်ဆင်စက်နှင့် ဆိုပါက နာရီဝက်ပဲကြာသည်။ ယခု နောင်းတို့ စီးသော မော်တော်က ကူဘိုတာစက်ဖြစ်သည်။ မော်တော်ပေါ်မှာ တရေးကောင်းကောင်းရသည်။ နန်းပန်ရွာသို့ ရောက်ကာနီးမှာ အယ်မင်းက နှိုးပေးရသည်။

ယနေ့ ဘယ်နှစ်ကြိမ်မျှ အော်ခေါ်နှိုးခဲ့ရသည်မသိ။ အယ်မင်းကတော့ နောက်နေလေပြီ။ မော်တော်ပေါ်မှာ ဖြစ်သလို အိပ်ရလို့သာပဲ၊ ပုဇင်းကူး (မွေ့ရာ) နဲ့များဆို တစ်သက်လုံး ထပါတော့မလား မသိဘူးတဲ့မသိဘူးတဲ့လေ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"အိုး . . . ရှိုး . . . နင်တို့ နှစ်ယောက်ကလဲ ဦးပိုင်းနဲ့ ပဲ့ပိုင်းတွေမှာ ထိုင်နေကြပြီးတော့ ဆူနေတာပဲ၊ ကောင်းကောင်းမအိပ်ရဘူး . . . ဟူး . . ."

မော်တော်အလယ်ပိုင်းမှာ အိပ်လိုက်လာကြသူများလည်း တုန်တုန်ခိုက်ခိုက်နှင့် နိုးလာကြလေသည်။ ဆောင်းလယ်နတ်တော်လလည်း ဖြစ်ပြန်၊ မော်တော်အရှိန်နှင့် လေကလည်း တိုးပြန် ဖြစ်နေသဖြင့် အချမ်းမှာ ကမ်းကုန်နေသည်။

"ကေလာမရောက်သေးဘူး မဟုတ်လား၊ ကေလာကွေ့လွန်ယင် ငါ့ကို နှိုးနော် . . ."

အအိပ်မက်သော မယ်နီက သူ့ပဲလော်တောင်းကြီးကို ဖက်ထားကာ အိပ်နေရင်းမှ မျက်လုံးမဖွင့်ဘဲ ပြောလေသည်။

အယ်မင်းသည် ဟက်ကနဲ ရယ်လိုက်ကာ "ငါပြောတယ် မဟုတ်လား၊ ပုဇင်းကူးနဲ့ဆို တဆက်လုံး ထမှာ မဟုတ်ဘူးလို့" ဟု မခံချင်အောင် ပြောပြန်လေသည်။

"အယ်မင်းနော် . . . မုန့်ဆိမ်းနဲ့ ဖွတ်ပေးတတ်ကြောင်း"

နောင်းက မုန့်ဆိမ်း (တံမြက်စည်း) ကို မြှောက်ပြလိုက်ပြီး ကြိမ်းရသည်။ အယ်မင်းသည် အနောက်အပြောင်သန်သော်လည်း နောင်းအို တော့ လန့်သည်။ နောင်းသည် ဘယ်သူနှင့်မျှ မတူသည့်နောင်း။ ခပ်ထက်ထက် နောင်း မဟုတ်လား။ အယ်မင်းထံမှ နောက်ထပ်အသံမထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။

"ရှီး . . . အီး . . . လက်ကို ထုံသွားကြောင်း"

တင်ထွေး၊ မယ်ပြုံး၊ မယ်စော တို့ထံမှ တရှီးရှီး တအီးအီး အသံများ ထွက်လာသည်။ သူတို့သည် မျက်နှာသစ်ရန်အတွက် အင်းထဲသို့ လက်အချမှာ ဖအော်လိုက်ကြခြင်းဖြစ်သည်။ နောင်းတို့သည် နန်းပန်နား ရောက်ကာနီးမှ လူးလဲထ၊ မျက်နှာသစ် သနပ်ခါးလိမ်း၊ ခေါင်းဖြီးကာ ေးထဲဝင်ကြသည်မှာ ထုံးစံ။

နောင်းသည် မျက်နှာမသစ်ဖြစ်သေးပဲ လရောင်လည်း မပြယ်သေးသော အရုဏ်သစ်စ အင်းလေး၏အလှကို ခံစားနစ်မျောနေမိသည်။ ကြာဖြူ၊ ကြာနီ၊ ကြာညို စသည့် ငါးမည်ကြိုင်သင်းသော အင်းလေး၏ သဘာဝအလှနှင့် မှိုင်းညို့သော တောင်တန်းကြီးများ ပတ်လည်ဝန်းရံထားသော ရှုခင်းသည် နောင်းအဖို့ ဘယ်တော့မှ ရိုးအီ၍ မသွား။ အင်းလေးနှင့် ပတ်သက်သည့် စာကဗျာတို့သည်လည်း ရေးဖွဲ့၍ မဆုံးနိုင်။

နောင်းအား ကဗျာဆရာမလေးတစ်ယောက်ဖြစ်ရန် ညောင်ရွှေမြို့နယ်စာပေ ဥပ်သား အဖွဲ့ဝင်တစ်ဦးဖြစ်ရန်တို့အတွက် အင်းလေး၏ အလှဓာတ်ခံအားတို့က တွန်းပို့ပေးခဲ့သည်ပဲ မဟုတ်လား။

နောင်းရေးစပ်ခဲ့သည့် ကဗျာများသည် စားပွဲမှာ အေးဆေးစွာထိုင်၍ စိတ်ကူးတယဉ်ယဉ်နှင့် အချိန်ယူရေးစပ်ခဲ့ရသည် မဟုတ်။ ဈေးရောင်းသွားရင်းနှင့် စိတ်ကူးရလျှင် ရသလို မော်တော်ပေါ်မှာ ရေးဖွဲ့ခဲ့ရခြင်းဖြစ်သည်။

ယခုလည်း နောင်း၏ နှလုံးသားအတွင်းသို့ အနုပညာသည် စီးမျောဝင်ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာရွက်လေ့ ရေမျောလို့
ကြာတော ရေနံ့သာ
ဝေးရပ်ကလာ။
မယ်တို့မှာ မျက်နှာကအများ
တစ်သက်ပန် ဆွေငင်ပွန်း
ကျွမ်းချင်ရဲ့လား။

နောင်းရေးစပ်သည့် ကဗျာတော့ မဟုတ်။ အင်းသားတို့ ရိုးရာ ဆိုက်တေးတစ်ပုဒ်ဖြစ်သည်။ လရောင်နှင့် တင့်တယ်နေသော ကြာပွင့်များ ကို မြင်ရ၍ သည်တေးတစ်စ ရင်မှာလာငြိခြင်းပင်။

ပြီးတော့ မနေ့ညကပဲ သည်တေးကို ချစ်သူ အထွန်းက ခပ် သည်းသည်းလေး ဆိုသွားသေးသည် မဟုတ်ပါလား။

နောင်းသည် ခေါင်တိုင်ရွာ အလှပဂေး။ ကွမ်းတောင်ကိုင်တစ် ဦး။ ဈေးသည်ဖြစ်၍လည်း မျက်နှာချို၊ အပြောချိုသည်။ ပြီးတော့ ကဗျာ ဆရာမတစ်ဦးအနေနှင့်လည်း မြို့မိတ်ဆွေတို့ ပေါ်များလာသည်။ ဒါတွေ ကြောင့်ပင် နောင်းအား စိတ်မချ။ အမြန်လက်ထပ်ချင်ပြီဟု မကြာခဏ အထွန်းက ပူဆာလေ့ရှိသည်။ အထွန်းသည် အင်းလေးရေပြင်ကျယ်ကြီး အတွင်းမှာ မှော်ကော်ရသူ၊ ရွှံ့နှစ်ဆယ်ယူ ရောင်းရသူတစ်ဦးဖြစ်၍ အား ငယ်နေတတ်သည်။

နောင်းကဲ့သို့ ကဗျာမစပ်တတ်ပေမယ့် အထွန်းသည် ရင်ထဲမှ ခံစားချက်များကို တိုက်တေးဆိုသည်းပြရင်းနှင့် ထုတ်ဖော်တတ်လေသည်။

ကြည့်လေ . . .

နောင်းကို ပြောပုံကိုက . . . မယ်တို့မှာ မျက်နှာက အများ တစ်သက်ပန်ဆွေခင်ပွန်း၊ ကျွမ်းချင်ရဲ့လား တဲ့။ ကျွမ်းချင်ရဲ့လားတဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အော့ . . . မယ်နောင်း၊ ဘာတွေငိုင်နေကြောင်း"

"ပုံကြည့်ရတာ စာကဗျာရေးဖို့တော့ ဟုတ်မယ်မထင်၊ ဆူရည်စား အယ်ထွန်းကို လွမ်းနေတဲ့ရုပ်၊ ဟုတ်ကြောင်း၊ မဟုတ်ကြောင်း"

အင်မတန်စကားများသော မယ်စောနှင့် တင်ထွေးတို့၏ အသံများကြားရမှ နောင်း၏ အတွေးစများ ပြတ်တော့သည်။ သူတို့စကားများမှာ မှန်နေပြားသော်လည်း "လူ့ခဲအော့ အပုံမခရာနဲ့" (သူများအကြောင်း မပြောနဲ့) ဟု ခပ်တည်တည်နှင့် ပြန်အော်ပစ်လိုက်သည်။

နောင်းတို့ အင်းသားများ ပြောကြသော စကားများမှာ မြန်မာစကားများပင်ဖြစ်သည်။ ဒ ချို့အသုံးအနှုန်းများ ကွဲပြားသည်။ စကားပြောမြန်သည်။ ဝဲသည်။ 'သ' နေရာတွင် 'ဆ' အသံထွက်၍ ပြောဆိုကြသည်။ မြန်မာစကားပင် ဖြစ်သော်လည်း မြန်မာများ ရုတ်တရက်နားလည်ရန် မလွယ်ကူပါ။

နောင်းသည် မယ်စောတို့အုပ်စု ဆက်လက်နောက်ပြောင်နေကြသည်ကို မကြားချင်ယောင်ဆောင်၍ မျက်နှာသစ်လိုက်သည်။ အင်းရေ၏ အထိအတွေ့ကြောင့် လက်ဖဝါးမျက်နှာတို့ ထုံကျင်သွားသည်။

နောင်းသည် မော်တော်ဦးတွင် ပုဆစ်တုတ်၍ ပုံ့ပုံ့လေးထိုင်ကာ စလွယ်သိုင်းထားသော လွယ်အိတ်ထဲမှ သနပ်ခါးဗူးလေးကို ထုတ်ယူလိုက်သည်။ ရောင်နီဦး အလင်းအောက်တွင် မှန်ဝိုင်းကလေးကို ထောင်ကြည့်သည်။ ရှင်မတောင်ကို ကိုယ်တိုင်သွေး၍ သည့်ယူလာသော

www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးရည်ကို ဗူးထဲမှ နှိုက်ယူလိုက်၏။ လက်မှ သနပ်ခါးကိုပါးပေါ်သို့ ဘင်လိုက်သည်ခဏ . . .

"ဟာ . . . ဟာ . . . တိုက်ကုန်လိမ့်မယ်၊ တိုက် . . . တိုက် . . ."

"ဝုန်း"

အလန့်တကြား ဆူညံသံများနှင့်အတူ ဝုန်းကနဲအသံကြီးကို ကြားလိုက်ရသည်။ မော်တော်သည် သိမ့်ကနဲတုန်သွားပြီး ချာလပတ်လည်သွားသည်။ မော်တော်ဦးမှာ ပုဆစ်တုတ်ထိုင်နေသော နောင်းလည်း နောက်သို့ ပက်လက်လန်ကျသွားသည်။ မုန့်တောင်းနှင့် ဆောင့်မိပြီး ဘေးသို့ စောင်းကျသွားပြန်ကာ မော်တော်နံရံနှင့် မျက်နှာတစ်ခြမ်း ဆောင့်မိလေတော့သည်။ မိုက်ကနဲ မူးသွားသည်။

နောင်းသည် အမြဲသတိထား နေသူဖြစ်၍ မူးရိပ်မူးဝေနှင့်ပင် ဘုန်းရုန်းထလိုက်သည်။ အခြေအနေကို စူးစမ်းသည်။ မော်တော်ချင်း တိုက်မိသည်။ အားလုံးအလဲလဲအပြိုပြို ဖြစ်နေကြသည်။ ပဲလှော်တောင်း အားဖက်ကာ အိပ်လိုက်လာသော မယ်နီတစ်ယောက် အင်းထဲကျသွားသည်။ မယ်နီက ရေကူးတတ်၍ တော်သေးသည်။ မော်တော်ပေါ်သို့ ပြန်တက်လာသော မယ်နီအား အယ်မင်းက ဆွဲတင်နေလေသည်။

ဝင်တိုက်သော မော်တော်သည် နောင်းတို့ မော်တော်အား တော်ချာလှည့်မောင်းနေကာ အခြေအနေကို စောင့်ကြည့်နေလေသည်။ သို့သော် ဘာဖြစ်သွားသေးလဲ၊ ဘာညာနှင့် တစ်ခွန်းမှမမေး။ မမေးသည့်ပြင် 'ညောင်ရွှေကို အချိန်မီရောက်ပါတော့မလား။ တောင်ကြီးမှာ ချိန်းထားတာ လွဲကုန်တော့မှာပဲ၊ အရေးထဲ ဖာကူဆိုလ်က ဝင်ရဆေးတယ်။ မော်တော်မောင်းတာ ဘာကြည့်မောင်းနေတာလဲ မဆိဘူး။ တို့မော်တော်ကို စစ်ကြည့်ဦးဟေ့၊ ကွဲသွားလား၊ ပွန်းပဲ့သွားလား' ဆိုသည့်အသံများကို

www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည်။

နောင်းတို့ ဒေါ်သထွက်သွားကြသည်။ ဆူတို့မှ အဆက်ရှိတယ် ထင်နေလား။ ဆူတို့မှ အရေးကြီးတယ်မှတ်နေလား။ ဆူတို့ပစ္စည်းမှ ပစ္စည်း စွဲဆလား။

နောင်း၏ ဒေါ်သသံက စာကနဲလျှံကျသွားသည်။

"ဟေ့ . . . နင်တို့ကလည်း ဝင်တိုက်ဆေးတယ်။ ဘာ ကိုယ် ချင်းမစာ ပြောနေကြောင်း"

"ငါတို့တိုက်တာ မဟုတ်ကြောင်း နင်တို့ ဝင်တိုက်ကြောင်း၊ နင်တို့ မှားကြောင်း"

ယောက်ျားသံ၊ သည်အသံနှင့် သည်ဟန်ကို နောင်းတို့အားလုံး သိလိုက်သည်။ မန်ကျည်းဆိပ်ရွာက အယ်ချား။

"နင် ယောက်ျားစကားပြော၊ ငါတို့ မော်တော်က ရှောင်ပေး အောင် လမ်းရှိလို့လား၊ ဒီဘက်မှာ ကွန်းတန်းကြီးခံနေတာ နင့် မျက်စိ ကန်းနေကြောင်း"

"ငါတို့မှာ မီးမပါဘူး"

"မီးမပါလည်း လရောင်ရှိတယ်။ မြင်နိုင်တယ်"

"မြင်တဲ့လူက အရင်ရှောင်ပါလား"

"လူစကားပြော၊ ရှောင်စရာ နင့်ဘက်မှာ အင်းပြင်အကျယ်ကြီး မမြင်ဘူး ဆိုတာထား၊ စက်ဆံကို နင်မကြားဘူးလား၊ မော်တော် မမောင်း တတ်ယင် မောင်းစားမနေနဲ့"

နောင်းသည် ရန်တွေ့နေယင်းမှ ခြေထောက်များ ရေစိုလာသည် ကို သတိပြုမိလိုက်သည်။ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ မော် ထဲမှာ ရေ . . . ရေတွေ၊ ခုမှ ကိုယ့်မော်တော်ကိုယ် စစ်ဆေးကြည့်ရတော့ သည်။ စောစောပိုင်းက ဒေါ်သစိတ်မွန်ထူစွာနှင့် တစ်ဘက်ကို ရန်တွေ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်စောနေခဲ့သည်လေ။

"ဟောတော့ . . . မော်တော်ကြီးကွဲသွားကြောင်း"

"ဟာ . . . ဒီအထိကွဲကြောင်း"

မော်တော်အလယ်မှ အယ်စိန်မြင့်အေးကလည်း အလန့်တကြား သအော်သည်။ မော်တော်သည် အလျား ၃၂-တောင် ရှိသည်။ ယခု တစ်ဝက်ခန့် ကွဲသွားသည်။ ယခုမှ အသေအချာ သတိထားမိတော့သည်။ မော်တော်သည် ရေဝင်၍ တအိအိနှင့် မြုပ်နေလေသည်။

နောင်းမှလွဲ၍ ကျန်လူအားလုံး ပဲ့ပိုင်းသို့ စုပြုံတိုးသွားကြသည်။

တစ်ဘက်မော်တော်မှ ပြန်ပြောနေသံတို့ကို ကြားရသော်လည်း ကိုယ့်ဇောနှင့်ကိုယ် ဖြစ်နေကြ၍ ဘာမှ ပြန်မပြောနိုင်ကြသေး။

"ဟ . . . အဲဒီမှာ စုနေလဲ မော်တော်က တစ်စီးလုံး မြုပ်မယ့်ဟာပဲ၊ လွတ်မလား၊ လာကြ၊ ဒီကွန်းတန်းပေါ်"

နောင်းသည် ပြောပြောဆိုဆိုနှင့် အနားမှ ကွန်းတန်း (ကျွန်းချောင်းကြီး) ပေါ်သို့ ခုန်တက်ကူးသွားလိုက်သည်။ ထိုအခါမှ ကျန်သည့်လူအားလုံး ကွန်းတန်းပေါ်သို့ ခုန်ကူးလာလေသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ကွန်းတန်းသည် သိပ်မကြီးမားသဖြင့် တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာသည့် လူခုနစ်ယောက်၏ အလေးချိန်ကြောင့် ရေအောက်သို့ နစ်မြုပ်သွားသည်။ နောင်းတို့အားလုံး ခါးလယ်အထိ ရေမြုပ်ကုန်ကြသည်။ "မဖြစ်ဘူးဟေ့၊ ငါတို့ရေကူးနေမယ်" ဟု အယ်မင်း၊ အယ်စိန်မြင့်အေး၊ မယ်နီ နှင့် မယ်စော တို့က အင်းထဲ ခုန်ချသွားကြသည်။ လူလေးယောက်ဒဏ် လျော့သွားသဖြင့် ကွန်းတန်းက ရေပေါ်သို့ အနည်းငယ်တက်လာသည်။ နောင်းတို့ ဒူးဆစ်အထိပဲ ရေမြုပ်လေသည်။

"ဟေ့ . . . ဟေ့ . . . ဟိုမှာ မော်တော် ထွက်ဆွားပြီ"

"ဟေ့ . . . အယ်ချား . . . နင်တို့ လူမဟုတ်လား၊ နင်တို့ကြောင့် ငါတို့မော်တော်ပဲ ကွဲဆွားပြီ၊ မြုပ်တော့မယ်၊ ကုန်ပစ္စည်းတွေအဆုံးရှုံးရတော့မယ်။ လူတွေလဲ ဒုက္ခရောက်နေကြတာ မြင်နေရက်နဲ့ အတိုင်း ထားခဲ့ရလား၊ နင် အင်ဆား မဟုတ်ကြောင်း ဟုတ်ကြောင်း"

"ဟေ့ . . . မန်ကျည်းဆိပ် ရွာဆား၊ နင့်ကို ငါတို့ ဂုန်ပစ္စည်းဖိုးတွေ မလျော်ခိုင်းပါဘူးဟဲ့၊ ငါတို့ကို နင့်မော်တော်နဲ့ ခေါ်ဆွားပေး၊ နန်းပန် ပို့ပေးပါ"

"လာပါဟဲ့ . . . ငါတို့ ရေကူးနေရတာ ချမ်းလှကြောင်း၊ မလုပ်ပါဘူး၊ ဟူး . . . ဟူး . . ."

နောင်းတို့ တစ်ဖွဲ့လုံးက တစ်ယောက်တစ်မျိုး အော်ပြောနေကြသော်လည်း အယ်ချားသည် လှည့်၍မျှပင်မကြည့်။ မော်တော်သော

www.burmeseclassic.com



သည် တဖြည်းဖြည်းနှင့် ဝေး . . . ဝေး သွားတော့သည်။

"တောက် . . . ဆူလုပ်ပုံက ငါတို့ အင်းဆားတွေ နာမည်ပျက်ကြောင်း"

ဟုတ်သည်။ အင်းသားဆိုသည်မှာ ရိုးသားသည်။ စိတ်ကောင်းစေတနာရှိသည်။ ဒုက္ခရောက်နေသူတွေ့လျှင် သိသိမသိသိ ကူညီပေးတတ်သည်။ ယခု . . . အယ်ချားတို့ မော်တော်ပေါ်မှာ ပါလာသည့်သူတွေ၏ အပြုအမူသည် အင်းသားတို့၏ သိက္ခာကျရပါကြောင်း။

နောင်းတို့ မော်တော်လည်း အင်းလေးရေပြင်ကျယ်အောက်သို့ စုန်းစုန်းမြုပ်၍ သွားပေသည်။ ပဲလှော်များ၊ စာလေးခွေများ၊ တို့ဟူးခေါက်မုန့်များသည် ရေပေါ်တွင် ပေါလောမျောလျက်၊ အချို့သည် ရေစီးကြောင်းနှင့် စီးပါသွားသည်။ အချို့သည် ကြာပွင့်တောမှာ ငြိတွယ်စုပုံလျက်။ စောစောပိုင်းက သာတောင့်ယာယာနှင့် အေးချမ်းလှပနေသော ကြာတောရေနံ့သာထက်ဝယ်။

"အမယ်လေး . . . ငါ့မုန့်တွေတော့ ကုန်ပါပြီ။ ဆားတွေ၊ ငါးပိတ်တွေလည်း ရေပျော်ကုန်ပါပြီ၊ အမေရေ . . . အမေ့ဆမီး အရင်းပြုတ်ပြီတော့"

"ငါ့မော်တော်က နှစ်ဆောင်းကျော်ဟ . . . ဟီး . . ."

"ငါတို့ ဘာမှ မဖြစ်တာပဲ တော်လှကြောင်း"

"ဟော . . . ဟော . . . ဟိုမှာ မော်တော်တစ်စီး၊ ကယ်ကြပါ၊ ကယ်ကြပါ၊ ဒီမှာ မော်တော်မြုပ်သွားလို့"

"ကယ်ကြပါဗျို့"

အဝေးမှ မော်တော်သည် နောင်းကို့ဘက်သို့ လှမ်းကြည့်သော်လည်း မောင်းမလာခဲ့ပါ။ ကမ်းခြေနားသို့ ပိုကပ်ကာ မောင်းပြေးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် မော်တော်တစ်စီး၊ လေးစီး၊ ခြောက်စီး၊ ဆယ်စီး၊

ရေကူးနေရသည့် လူစုလည်း ရှမ်းပြည်ဆောင်းဒဏ်ကြောင့် ခြေလက်များ ထုံကျင်လာလိုက်၊ ကွန်းတန်းပေါ် သို့ ခုန်တက်လိုက်၊ ကွန်းတန်းမြုပ်မည်ပြင်လိုက်၊ ရေထဲခုန်ဆင်းကာ ကူးနေလိုက်။ မော်တော်လာသည်ကို မြင်လျှင် ကယ်ပ်ါ၊ ကူညီပါ တစာစာ အော်လိုက်ကြရနှင့် . . .

ကေလာကွေ့သည် နာမည်ကြီးကွေ့။ မကြာခဏ ဓားပြတိုက်တတ်သည့်နေရာ။ နောင်းတို့လူစုအား ဓားပြတိုက်ခံနေရသည် အထင်နှင့် မော်တော်များ ရှောင်ပြေးကြခြင်းပဲ ဖြစ်မည်။

. ကံကောင်းထောက်မစွာနှင့် မော်တော်တစ်စီးမှ မိတ်ဆွေတစ်ယောက်က "ကယ်ကြပါ" ဆိုသည့် နောင်း၏ အသံစူးစူးအား ကျက်မိသွားသည်။

"ဟေး . . . ခေါင်တိုင်က နောင်းလား . . ."

"ဟုတ်ကြောင်း . . . ငါတို့ မော်တော် မြုပ်သွားလို့ ဂကကူပါ"

"နင်တို့ ဓားပြတိုက်ခံရကြောင်း"

"မဟုတ်ကြောင်း၊ နင် . . . မိုင်းသောက်က အယ်မြ ဟုတ်ကြောင်း"

နောင်းတို့ ထင်ထားသည့်အတိုင်းပင်။ အယ်မြက နောင်းတို့လူစုအား လာကယ်ရင်းနှင့် ပြောပြလေသည်။ ကေလာကွေ့မှာ မော်တော်တစ်စီးအား ဓားပြတိုက်နေသည်။ သတိထား၍ သွားပါဟု လမ်းတွေ့သည့် မော်တော်များက သတိပေးသွားကြကြောင်း ပြောပြလေသည်။

နောင်းတို့ကလည်း ဖြစ်ပျက်ပုံ အလုံးစုံအား ပြောပြရသည်။ တောက် . . . လူမှုဟုတ်ရဲ့လား ဟု အယ်မြက ဒေါသဖြစ်နေလေသည်။ သူလည်း နန်းပန်ဈေးမှာ ဈေးရောင်းသွားမည်ဖြစ်၍ နောင်းတို့ အဆင်သင့်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းပန်ဈေးသို့ရောက်၍ နောင်းတို့ဖြစ်ပျက်ခဲ့ပုံအလုံးစုံတို့ကို ဈေးသူဈေးသားများ သိသွားကြသည်နှင့် အားလုံး မခံမရပ်နိုင် ဖြစ်ကုန်ကြသည်။ ချက်ချင်းပင် နန်းပန်ရဲစခန်းမှာ အမှုဖွင့်ကြလေသည်။ ပြီးတော့ . . . ညောင်ရွှေဆိပ်သို့ အယ်ချား၏ မော်တော်အမီကို လိုက်ပို့ကြသည်။

လူသားအချင်းချင်း ထားရှိအပ်သော မေတ္တာစိတ်၊ ကြင်နာစိတ်၊ အနာစိတ်တို့နှင့် နောင်းတို့အား ဆက်ဆံကူညီမှုပေးခဲ့ပါလျှင် အမှုလုပ်သည်မဟုတ်။ လျော်ကြေးတောင်းမည်မဟုတ်။

ယခုတော့ . . . တောင်ကြီးမှာ ချိန်းထားသောကိစ္စ လွဲမှာစိုး၍ ဆီကာ မိမိအတ္တ အကျိုးစီးပွား တစ်ခုတည်းကိုသာကြည့်ပြီး၊ မိမိကြောင့် ဒုက္ခရောက်နေသူတို့အား ရက်စက်စွာ ပစ်ထားရက်ခဲ့သော လူတို့အတွက် ဆိုက်တန်သော ဆုသည်ကား . . .။

သောင်းပြောင်းထွေလာရယ်စရာ
( ဩဂုတ် ၊ ၁၉၈၅ )

www.burmeseclassic.com

www.burmeseclassic.com



## နေပူထဲလည်းလျှောက်ရပါတယ်

"နေပူထဲလည်း လျှောက်ရပါတယ် . . . ခရောင်းလမ်းဘေး
လည်း ကျော်ရပါတယ် . . . ဆူးမြေ့ရာလည်း ဖြတ်ရပါတယ် . . .
မောင်နဲ့သာ ဆိုယင်ကွယ် . . ."

"မဆိုရင် ဘယ်လောက်ပေးရမလဲ မမဲတူ . . ."

"စိတ်ညစ်ရတဲ့ ကြားထဲမှာ ခင်ဗျားအသံကြီးကလဲ"

"မည်းမည်းတူးတူး မမည်းတူရေ အသားကလည်းမည်း၊ မျ
နှာကလည်း ဆယ်ပြားစေ့ဆိုပါမှ ဘယ်သူက ဖနောင့်နဲ့ ပေါက်ထားသ
မသိဘူး။ အလယ်က ခွက်နေသေးဗျား၊ ခွက်တဲ့ကြားထဲကနေ နှုတ်
မည်းမည်းကြီးက ချွန်ထော်လန်ပြီး ထွက်လာပြန်ရော၊ အမှန်ေ
ပြောရင်း ကြက်သီးထလိုက်တာဗျာ၊ ခင်ဗျားရုပ်နဲ့ ကျုပ်ကို နှိပ်စ
ရတာ အားမရသေးလို့ အသံဆိုးကြီးနဲ့ပါ နှိပ်စက်ပြန်ပြီလားဗျာ၊ တော

www.burmeseclassic.com



တော့ မဆိုပါနဲ့တော့"

သူတို့ ဘယ်လောက် စစ ကျုပ်သည်းခံနေပါတယ်။ မကြားချင်ယောင်ဆောင်နေပါတယ်။ ဒီလိုပဲ သူတို့က ရှင်းရှင်းနှီးနှီးနဲ့ ပြောင်တတ်နောက်တတ်တာပဲလေ၊ ဒါကြောင့် ကျုပ် သီချင်းကို ကျုပ်ဆက်ဆို နေမိခဲ့တယ်။

ဒီသီချင်းကလည်း ဘုတာမှာ အမြန်ရထားကြီး ရပ်နေတုန်းက ကြားလိုက်ရတဲ့ သီချင်းပဲ။ အမှန်က ကျုပ်တို့ သာလွန်ဘူတာမှာ အဲ-အမဲလမ်းဘူတာလည်း ခေါ်တယ်။ ကူမဲသွားတဲ့ လမ်းပေါ်မှာရှိတဲ့ ဘူတာမှာပဲတော်။ ကျုပ်တို့ သာလွန်ရွာလေးရှေ့မှာ ရှိတာပဲဟာ။ သာလွန်ဘူတာကိုတော့ တရားဝင်မှည့်မထားခဲ့ကြဘူး။ ထားပါလေ၊ ဒါက ကျုပ်နဲ့ မဆိုင်ဘူး။ ခုန . . ကျုပ်ပြောနေတဲ့ စကားတောင် ဘယ်ရောက်သွားပါလိမ့်။

သြော် . . . သတိရပြီ။

အဲဒီ သာလွန်ဘူတာမှာ အမြန်ရထား ရပ်တာမဟုတ်ဘူးလေ။ အဲဒီနေ့က ရထားရှောင်ရင်းနဲ့ ရပ်ခဲ့တာ။ ကျုပ်တို့ကတော့ ရထားတွေ ရပ်ရင် ပျော်နေတာပဲ။ ကျုပ်တို့ ဈေးရောင်းရတာကိုး။ ကျုပ်နဲ့ မီဝင်းတို့ ညီမနှစ်ယောက်က ငှက်ပျောသီးရောင်းတယ်။ အဖေနဲ့ အမေက ထန်းရည် ရောင်းကြတယ်။

"နေပူထဲလည်း လျှောက်ရပါတယ် . . . ခရောင်းလမ်းတွေလဲ ကျော်ရပါတယ် . . . ဆူးမွှေ့ရာလည်း ဖြတ်ရပါတယ် . . .၊ မောင်နဲ့သာ ဆိုရင်ကွယ် . . ."

အဲတော် . . . အဲတော် . . . ကောင်းလိုက်တဲ့အသံ၊ နားကြောထဲ စိမ့်အေးသွားတာပဲ။ အမေလည်း ပြေသွားတာပဲတော်။ ရထားပေါ်မှာ ခရီးသည်တွေအတွက် ကက်ဆက်ဖွင့်ပေးထားတာလေ။ အမြန်ရထားကြီး ဆိုတာ သစ်သစ်လွင်လွင် တောက်တောက်ပပနဲ့ ကက်ဆက်တွေလည်း

www.burmeseclassic.com

www.burmeseclassic.com



မါတယ်။ မီးချောင်းတွေလဲပါတယ်။ ပြီးတော့ စာပို့ရထားတွေ လော်ကယ် ရထားတွေလိုလည်း ခရီးသည်တွေက ကျပ်ညပ်မနေဘူး။ ခရီးသည်တွေ အားလုံးကလည်း ဝတ်ကောင်းစားလှတွေနဲ့ . . .။ အားကျလိုက်တာလေ ကျုပ်မသေခင်မှာ တစ်ခါလောက်တော့ အမြန်ရထားကြီးကို စီးဖူးချင်လိုက် တာတော် . . .။

ကျုပ်လည်း ရထားပေါ်က ကက်ဆက်နဲ့ အပြိုင်သီချင်း လိုက် ဆိုရင်းနဲ့ . . .။ တစ်တွဲပြီးတစ်တွဲ လျှောက်ကြည့်ပစ်တယ်။ အငမ်းလွန် . . . အကြည့်လွန်သွားလိုက်တာ ငှက်ပျောသီးသည်လို့ ခေါ်နေတာ တောင် မကြားနိုင်တဲ့အထိပါဘဲလေ . . .။

"အမယ်လေး ဈေးသည် . . . ဘာတွေများ စိတ်ကူးယဉ်နေလို့ မကြားတာလဲ" ငှက်ပျောသီး ခေါ်ဝယ်တဲ့အဘွားကြီးက ပြုံးပြီးမေးတာခံရ တယ်။ ကျုပ်က ရယ်နေခဲ့တယ်။ ဒီမှာတင် . . . အနားမှာ ရှိနေတဲ့ ဈေး သည်လေး သန်းသန်းငွေးက ဝင်ရှည်တယ်လေ။

"သူက အမြန်ရထားကြီးကို စီးချင်လို့တဲ့ . . .။ အဲဒါ လျှောက် ကြည့်ပြီး သွားရေကျနေလို့ မကြားတာ . . ."

ကဲ . . . ကျုပ်ကို ရှက်သွားတာပဲ။ သူတို့က ကလေးမို့ မရှက် တတ်ပေမယ့် . . . ကျုပ်က အပျိုပဲ ရှက်တာပေါ့။ ငှက်ပျောသီးဝယ်တဲ့ အဘွားကြီးက သနားတယ်ထင်ပါရဲ့။ ငှက်ပျောသီးတစ်ဖီး နှစ်ကျပ်ခွဲဆို တာကို ဈေးမဆစ်တော့ဘဲနဲ့ ဝယ်တယ်။ ငွေသုံးကျပ်ပေးပြီးတော့လည်း မအမ်းနဲ့တော့တဲ့။ အခုတော့လည်း ကျုပ်ပျော်သွားတာပ။ အပိုရတဲ့ ငါးမူး က ကျုပ်စုဘူးထဲ ရောက်မယ့် ပိုက်ဆံလေ။ အမေ့ကို ငှက်ပျောသီးတစ်ဖီး နှစ်ကျပ်ခွဲနဲ့ ရောင်းရသမျှ ရှင်းပေးပြီး . . . အပိုရတာဆို ကျုပ်တို့သိအမ်း နှစ်ယောက်ရဲ့ ကိုယ်ပိုင်ငွေပဲ . . .။

"နေပူထဲလည်း လျှောက်ရဲပါတယ် . . . ခရောင်းလမ်းတွေ

www.burmeseclassic.com



သည်း ကျော်ရပါတယ် . . . ဆူးမွေ့ရာလည်း ဖြတ်ရပါတယ် . . . ခေါင်နဲ့သာ ဆိုရင်ကွယ် . . ."

ဘယ်လိုဖြစ်နေတယ် မသိဘူး။ ခုတလော . . . ကျုပ်ပါးစပ်ထဲ ဒီသီချင်းပဲ ရောက်နေတယ်။ ဘာလုပ်နေနေ ဒီသီချင်းပုဒ်လေးပဲ ဆို နေမိတယ်။

အင်း . . . ကျုပ်စောစောက ပြောနေတာက ဒီသီချင်းကို ဆိုရင်းနဲ့ သူတို့ စကြ ပြောင်ကြတဲ့ အကြောင်းနော်။ သည်းခံပါနော်။ ကျုပ်က စကားမပြောတတ်တော့ ဟိုရောက်သည်ရောက် ဖြစ်နေကုန်ပြီ . . .။

ကျုပ်ကို နောက်ကြ ပြောင်ကြတဲ့ သူတို့ဆိုတာက ကိုစိုးမြင့်တို့ သိုက်လေ။ သူတို့က ကိုင်းတံတားပေါ်မှာ ဖြတ်သွားဖြတ်လာတဲ့ ကား တွေကို ပိုက်ဆံကောက်ကြတဲ့ အလုပ်သမားတွေပေါ့။ သိတယ်မဟုတ် လား။ ခန်းဖွင့်တံတား အရှည်ပေ သုံးရာကျော်တဲ့ တံတားတွေကို ဖြတ် သွားရင် ဖြတ်သန်းခပေးရတယ်လေ။ ဧပြီလ တစ်ရက်နေ့က စခဲ့တာပေါ့။ ကျုပ်တို့ ဈေးရောင်းတဲ့ ကိုင်းတံတားကြီးက ပေလေးရာ့ရှစ်ဆယ် ရှိတယ်။ ဟိုး . တံတားထိပ်မှာ ဒီအကြောင်းတွေ ရေးထားတာပဲ။ သိတာပေါ့။ ကျုပ်က အသုံးလုံးသင်တန်းတက်ခဲ့ဖူးတော့ စာဖတ်တတ်တာပေါ့ . . .။

သာလွန်ဘူတာမှာ ဈေးရောင်းရင်းကနေ . . . ကိုင်းတံတားကို ရောက်သွားလို့ နားမလည်တော့ဘူးလား။ စကားပြောလောသွားလို့ပါ။ ကျုပ်စကားပြော မတတ်ဘူးလို့ ပြောခဲ့သားပဲ . . .။

ဒီလိုတော် . . . . .

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ သာလွန်ဘူတာက သေးတော့ သာစည်နဲ့ မန္တလေး ဆွဲတဲ့ လော်ကယ်တစ်စီးပဲ ရပ်တယ်။ မနက်ဘက်မှာ သာစည်က အထွ နဲ့ . . .။ ညနေဘက်မှာ မန္တလေးကအပြန် . . . အဲဒီနှစ်ကြိမ်ရပ်တ လေးကိုပဲ လုပြီးဈေးရောင်းကြရတယ်။ နေ့လယ်ကျတော့ ပေလမ်း က ဆိပ်မှာ ရောင်းတယ်လေ။ ကျုပ်တို့ သာလွန်ရွာကလေးက လုပ်ကိုင်စ သောက်ရတာတော့ လွယ်တယ်။ ရန်ကုန်-မန္တလေး ကားလမ်းရော ရထ လမ်းရော ဖြတ်တဲ့နေရာမို့ ဈေးရောင်းသွက်တယ်။ ဈေးမရောင်းရ လည်း တောထဲလိုက်အုံးမလား။ ဆည်ရေသောက်နယ်မြေမို့ သီး စိုက်ခင်းတွေက တစ်နှစ်လုံး စိမ်းနေတာပဲလေ။ ပေါင်းပေါက်၊ ငရုတ်စို နှမ်းကြဲ၊ ကောက်စိုက်၊ ပျိုးနုတ်ဆိုတဲ့ တောအလုပ်တွေကလည်း ပြည့်လို့ ဒါပေမယ့် သာလွန်ဟာ ဈေးသည်ရွာကြီးပဲ၊ ရွာတစ်ဝက်ဟာ ဘူတာဈေ သည်တွေချည်းပဲလေ . . .။

ဘူတာမှာ ရောင်းကောင်းပေမယ့်၊ နေ့ခင်းဘက်ကျတော့ . . . ပေလမ်းမှာ သိပ်မတွင်ကျယ်ဘူး၊ ထီလာ-မန်းကားလောက်ပဲ ရပ်တ မဟုတ်လား။

အခု ကိုင်းတံတားကြီး ထိပ်မှာကျတော့ ဖြတ်သန်းခ ငွေပေး ရတော့ မရပ်တဲ့ ကားရယ်လို့ မရှိတော့ဘူး။ တောင်ကြီးက ဆင်းလ ကားတွေရော . . . ရန်ကုန် . . . ချောက် . . . ကျောက်ပန်းတော ဘက်တွေက ဆင်းလာတဲ့ ကားတွေရော . . . ကားမှန်သမျှ ရပ်ရတော

www.burmeseclassic.com

www.burmeseclassic.com



တာပဲ . . . ။

သည်တံတားကြီးက ကိုင်းနားမှာ ရှိနေလို့ ကိုင်းတံဟားလို့ အလွယ်ခေါ်ခဲ့ကြတာလေ။ တံတားထိပ်မှာတော့ စမုံချောင်းတံတားလို့ ရေးထားတယ်။ တံတားကြီးက အရှေ့နဲ့အနောက် တန်းမတ်စွာ ရှိတယ်။ တံတားကြီးရဲ့ အရှေ့ဘက်ထိပ်ပိုင်းဟာ ကျုပ်တို့ရဲ့ နယ်မြေအစပဲ။ အနောက်ဘက်ခြမ်းဟာ ဝမ်းတွင်း နယ်မြေပိုင် ဖြစ်ပါတယ်။

ကျုပ်တို့ သာလွန် ရွာကလေးနဲ့ ကိုင်းရွာဟာ မြေကျင်ခရီး ခရီးဝက်တောင် မကြာပါဘူး။ လှမ်းမြင်နေရတာပဲလေ။ ပြီးတော့ ကိုင်းတံတားကြီးနဲ့ စမုံချောင်းဟာလည်း ကျုပ်တို့ ဆော့ကစားနေကျ နေရာလေးပဲဟာ။

သည်တံတားထိပ်မှာ ဈေးရောင်းဖို့ အကြံရတာက မိတင်လေးရဲ့ အားဇူးပဲ။ သူကပြောလာတယ်လေ။ ကိုင်းတံတားထိပ်မှာ ကားတွေ တစ်တန်းကြီး ရပ်ပြီး ပိုက်ဆံကောက်နေတာ သိပ်ကြည့်လို့ ကောင်းတာပဲ။ နေ့က စမုံထဲ ရေသွားချိုးရင်းနဲ့ ကြည့်ခဲ့ကြတာတဲ့။ ခုလည်း သွားကြည့် လို့ လိုက်ဦးမလား လို့ ခေါ်လာတယ်။ ကျုပ်ကို ညီအစ်မလည်း နေ့ခင်း ဘက်ဆိုတော့ ဈေးရောင်းပါးတာနဲ့ လိုက်သွားတယ်။ ဆိုင်မှာ အမေ့ကို ထားခဲ့တယ်။ ကောင်မတွေ လော်ကယ်မီအောင် ပြန်လာခဲ့ကြနော် . . . ဆိုတဲ့အမေ့အသံက နောက်က ပါလာခဲ့သေးတယ်။

ဟုတ်တယ် . . . ။ မိတင် ပြောတာမှန်တယ်။ တံတားထိပ်မှာ ကားတွေ တတန်းကြီး ရပ်လာလိုက် ဂိတ်မောင်းတံကြီးက ဖွင့်ပေးလိုက်နဲ့ ကြည့်လို့ အလွန်ကောင်းတာပဲလား။ တံတားကြီးရဲ့ ထိပ်တစ်ဘက်တစ် ချက်မှာ ပိုက်ဆံကောက်တဲ့ ဂိတ်ရုံလေးတွေ တစ်ခုစီ ရှိတယ်။ ကားပေါ်က ဆင်းလာပြီး အဲဒီဂိတ်မှာ ငွေသွားပေးရတယ်။ ဂိတ်က ဖြတ်ပိုင်းလေး ပါလာမှ လမ်းကို ပိတ်ထားတဲ့ မောင်းတံကြီးက ဖွင့်ပေးတာ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ကြည့်နေတုန်းမှာပဲ . . . အနောက်ဘက်ထိပ် ဂိတ်က လူတွေလည်း ပျာယာခတ်သွားကုန်ပြီ။ တံတားပေါ်မှာက တောင်ကြီးကားသုံးစီး အပြိုင်မောင်းလာကြတယ် . . .။

"ဟော့ . . . လမ်းပိတ်ထားကွ . . . ခရာမှုတ်သံ မကြားဘူးလား . . ."

"မင်းအဘ ကားတွေက ပိုက်ဆံမပေးဘဲ မောင်းလာကြတာ . . ."

"ဟော့ . . . ဖိုးအေး . . . မင်း လမ်းပိတ်ပြီး ရပ်နေလိုက်ကွာ"

"ဟာ . . . တိုက်သွားမှာပေါ့ . . ."

အရှေ့ဘက် ဂိတ်ရုံက လူတွေ ပျာယာကို ခတ်နေတာ ပဲ။ ဒီ... တင် လူတစ်ယောက်က ကျောက်ခဲတွေ ဘာတွေတင်တဲ့ လက်တွန်းလှည်းကို တွန်းသွားပြီး ကားလမ်းကို ပိတ်ထားလိုက်တော့တယ်။ ဒီတော့ အပြင်းမောင်းလာတဲ့ ကားတွေလည်း ရပ်ကုန်တယ်။

"အလယ်ကားဗျို့ ၊ အလယ်ကား . . . ၊ သက်သက်ညစ်လာတာ . . ."

"ဟော့ကောင် ပေးလိုက်ကွာ၊ ကြာတယ် . . ."

"ကျွန်တော်တို့ကလည်း ကျွန်တော်တို့ ကိုယ်ကျိုးအတွက် ကောက်တာ မဟုတ်ပါဘူး။ ဒီလမ်းတွေ တံတားတွေ ပျက်စီးရင် ပြင်ဆင်ဖို့ အတွက်ပါ။ လမ်းတွေ တံတားတွေ မပြင်ဆင်ပဲထားရင် ခင်ဗျားတို့ ကားတွေပဲ ဒုက္ခရောက်မှာပဲ မဟုတ်လား . . ."

ဩော် . . . ဒီလူ အတော်စိတ်ရှည်ပါလား။ သူရှင်းပြနေတာမှာ အလယ်ကားက လူက ဆောင့်ကြီးအောင့်ကြီးနဲ့ ငွေကိုပေးသွား လိုက်ရတယ်။ ဖြစ်ပုံက ရှေ့ကကားနဲ့ နောက်ဆုံးကားက ငွေပေးနေတော့ ဂိတ်မောင်းတံက ဖွင့်ထားလိုက်တယ်။ အဲဒါကို အခွင့်ကောင်းယူ

www.burmeseclassic.com

www.burmeseclassic.com



အလယ်ကားဇာ ညပ်ပါလာကာ။ သူကို့ဖြစ်နေကြပုံကို ကြည့်ကောင်းကောင်းနဲ့ ငေးကြည့်နေတုန်းမှာပဲ အကြံကောင်းတစ်ခုကို လက်ကနဲရသိုက်တယ်။ အဲဒါကတော့ ဒီတံတားထိပ်မှာ စျေးလာရောင်းကြဖို့ပါပဲ။

ရလာတဲ့အကြံကို အားလုံးသဘောတူကြပြီး နောက်နေ့မှာ ချက်ချင်း အကောင်အထည်ဖော်ခဲ့ကြတယ်။ ကျုပ်အပါအဝင် ဆယ်ယောက်ပဲလေ။ စျေးဗန်းတွေ၊ ရေအိုးတွေနဲ့ ရောက်လာကြတဲ့ ကျုပ်တို့ အုပ်စုကို တက်ကလူတွေက လက်မခံချင်ကြဘူး။ တချို့က မရောင်းရဘူးလို့ ပြန်နှင်ထုတ်တယ်။ တချို့ကတော့ ရောင်းပါစေကွာ၊ တို့လည်း အူစိုတာပေါ့၊ ဒီမှာ စျေးသည်တွေရှိတော့ စိုပြည်လာတာပေါ့၊ ဟုတ်ဘူးလား လို့ ပြောကြတယ်။

"ဟာ . . . လမ်းဗိုလ်ကြီးက ခွင့်ပြုလို့လား . . . တော်ကြာဆူခံထိတော့ တို့ပဲ ခံရမှာ . . . ကြည့်လုပ်ဇနော် . . ."

"အေး . . . ဒါကတော့ ဟုတ်တယ် . . . ဟေ့ . . . မင်းတို့ဒီနေ့ မရောင်းကြနဲ့ဦးကွာ . . . တို့ဆရာကို မေးထားလိုက်ဦးမယ် . . . နက်ဖြန်မှ လာခဲ့ကြနော် . . . ရောင်းဆိုလည်း ရောင်းကြပေါ့ . . . မရောင်းရဘူးဆိုလည်း ပြန်ကြပေါ့ . . ."

ကျုပ်တို့ အုပ်စုက ချက်ချင်း မပြန်သေးဘဲနဲ့ ပေကတ်ခံနေတုန်းမှာပဲ လမ်းဗိုလ်လေး ရောက်လာတယ်။ ကျုပ်တို့ ပြဿနာကို သိသွားတယ်။ စျေးရောင်းဖို့ ခွင့်ပြုလိုက်တယ်။ ဒါပေမယ့် စည်းကမ်းလေးနဲ့ရောင်းရမယ်တဲ့။ အထက်က လူကြီးတွေ လာစစ်တဲ့အချိန်နဲ့ လမ်းဗိုလ်ကြီးအား လာတဲ့အချိန်တွေမှာ မရောင်းရဘူးတဲ့။ ပြီးတော့ ကားပေါ်က ခရီးသည်တွေ စိတ်ညစ်လာရအောင် အတင်းအဓမ္မ စျေးမရောင်းရဘူးတဲ့။ ကျုပ်တို့အားလုံးကလည်း လမ်းဗိုလ်လေးရဲ့ စည်းကမ်းတွေကို လိုက်နာပါမယ်လို့ ကတိပေးခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျုပ်တို့ အုပ်စုလည်း ကိုင်းတံတားအရှေ့ဘက်ထိပ်ရဲ့ ဈေး
သည်လေးတွေ ဖြစ်လာခဲ့ကြတာပဲ။ မနက်ခင်းမှာ ဘူတာထဲ စောင့်ရောင်း
ပြီးတာနဲ့ တံတားထိပ်ကို ရောက်တာ။ တစ်နေကုန်ရောင်းပြီးတော့ ညနေ
မှာ လော်ကယ်ရထား အပြန်ကို သွားရောင်း။ အို . . . တစ်နေ့ကို အစိတ်
အမြတ်က ပြေးမလွတ်ဘူး။ ကျုပ်တို့ ဈေးသည်အုပ်စုလည်း ဆယ်ယောက်
မကတော့ဘူး။ နှစ်ဆယ်ကျော်နေပြီ၊ ငှက်ပျောသီးသည်က ကျုပ်တို့ညီ
အစ်မ နှစ်ယောက်ပဲ ရှိခဲ့တာ။ ခုဆို မမဲလုံးနဲ့ ဝင်းမောင်တို့ပါ ငါးလာပြီ
မုန့်စုံသည်ရယ်၊ စီးကရက်သည်လည်း တိုးတာပဲ။ ရေသည်တွေကဆို
လမ်းမမှာ ဖွေးဖွေးလှုပ်နေပြီ။ သူတို့က အရင်းမလိုဘူးလေ။ ရေအိုးထဲ
ရေကုန်ရင် စမ်းထဲက သဲတွင်းလေးတွေကို ပြေးခပ်ရင်းနဲ့ ရေသည်တွေ
လည်း တစ်နေ့ကို တစ်ဆယ် ဆယ့်ငါးကျပ် ဝင်တယ်။ နေကပူတယ်လေ
အညာနွေက သိတဲ့အတိုင်းရယ်။

* * * * *

"အားနွဲ့တဲ့သူဆိုပြီး မထားခဲ့နဲ့မောင်ရယ် . . ."

"ဟာ . . . ဆိုပြန်ပြီ နှိပ်စက်လှချည်လား မမဲတူရေ နေကပူပူနဲ့
နားထဲ သံရည်ကျိုလောင်းချလိုက်သလိုပဲ၊ ခင်ဗျားအသံကြီးကလဲဗျာ"

ကျုပ်ငြိမ်နေလို့ မရတော့ဘူး။ ပြန်ပြောမှ ဖြစ်တော့မယ်။ ကျုပ်
နာမည် အေးအေးမြင့်လည်း သူတို့ နာမည်ဖျက်ခေါ်တာနဲ့ ဂိတ်တစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



ခာ မမဲတူလို့ တွင်နေပြီ။ "ကျုပ်ဆဲလိုက်မှာနော် . . . ကျုပ်က ပျင်းလို့ ဘစ်ခါတစ်လေမှ ဆိုတာ။ တော်ကြီးသာ နတ်ရှုးရှုးပြီး နတ်သီချင်းတွေ အမြဲဟစ်နေတာ"

"ဟော့ မဲတူရ . . . ငါက စတီရီယို ကိုင်းတင်အောင် ဆိုပြီး ဆီးရီးထုတ်တော့မှာ သိဘူးလား"

"ဟေး . . . ဆီးသီး ထုပ်တော့မယ်တဲ့ ဟေး ဟေး . . ."

ကျုပ်တို့က အဖွဲ့ကောင်းကောင်းနဲ့ ဝိုင်းပြောတော့မှ ကိုစာင် အောင်ကြီး ငြိမ်ကျသွားတော့တယ်။ မှတ်ထား . . .

ခုတော့လည်း ဂိတ်က သူတို့တစ်ဖွဲ့လုံးနဲ့ ကျုပ်တို့အားလုံးနဲ့ ခင်မင်နေကုန်ပြီလေ။ ကျုပ်တို့ကလည်း သူတို့အဖွဲ့ ရှိနေလို့ ဈေးရောင်းရ တာ။ သူတို့အဖွဲ့ကလည်း ကျုပ်တို့အုပ်စုရှိနေလို့ အပျင်းပြေကြရတာ။ အစိုးနေကြရတာ။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလို လုပ်ငန်းသဘော အရ မောင်နှမတစ်တွေလို့ပြောရင် ကြီးကျယ်တယ်လို့ ထင်မှာပဲ။ တကယ် ကို ရိုးရိုးသားသားနဲ့ ခင်မင်နေခဲ့ကြတာပါ။ ပြောင်ကြနောက်ကြနဲ့ မောင် နှမအရင်းတွေလိုပါပဲတော် . . .။

အဲဒါကို ကိုင်းက ဈေးသည်အုပ်စုက မနာလိုကြဘူး။ ပြောရဦး မယ်။ ကျုပ်တို့သာလွန်အုပ်စုက တံတားရဲ့ အရှေ့ဘက်ထိပ်မှာ ဈေးရောင်း ကြမှန်းသိလာတော့ ကိုင်းရွာအုပ်စုကလည်း အနောက်ဘက်ထိပ်မှာ ဈေး ရောင်းထွက်လာကြတယ်။ ကျုပ်တို့အုပ်စုလောက်တော့ ဈေးသည်မစုံဘူး။ ရေသည်နဲ့ အကြော်သည်လောက်ပဲ။ ၁၅-ယောက်လောက်ရှိမယ်၊ ကလေး တွေချည်းပဲလေ။

ကျုပ်တို့ အုပ်စုကတော့ အစွယ်စုံတယ်။ အုပ်စုထဲမှာ အကြီးဆုံး ဖြစ်တဲ့ မမဲလုံးက အသက်-၂၅ လောက်။ ကလေးတစ်ယောက်အမေ၊ အိမ်ထောင်ပျက်။ ပြီးတော့ အသက်-၂၀ လောက်ရှိတဲ့ သန်းမြင့် သူက

www.burmeseclassic.com

www.burmeseclassic.com



လည်း ကလေးတစ်ယောက်မိခင်၊ သူ့ယောကျ်ားက သာလွန်ဥတာမှာ အလုပ်သမား။ ပြီးတော့ ကျုပ်က အသက် ၁၈-နှစ်၊ ကျုပ်ညီမ ရီဝင်းက အသက် ၁၅-နှစ်၊ အပျိုဆိုလို့ ကျုပ်တို့ နှစ်ယောက်ပဲ ရှိတယ်လေ။ ကျန် တာတွေက ၁၀-နှစ် အောက်နဲ့ ၃၀-နှစ်ကျော် ကလေးတွေချည်းပဲ။

ပြဿနာက ကျုပ် အပျိုအရွယ် ဖြစ်နေတာက စတာပဲ။ ရီဝင်း ကအပျိုပေါက်ဆိုပေမယ့် ကလေးစိတ်က ပျောက်သေးတာမဟုတ်ဘူး။ သနီးသန်းဌေးတို့ မိတင်တို့ အုန်းမြင့်တို့လို ရေသည်ကလေးတွေနဲ့ အပြိုင် ဆော့ကစားနေတုန်းပဲ။ နေ့လည် နေပူကြီးထဲမှာ ကျောက်ခဲပစ်တမ်း ကစားလား ကစားနေရဲ့။ ကားနံပါတ်တွေမှတ်ကြပြီး ဖဲရိုက်တမ်း ကစား လား ကစားနေရဲ့။ စမုံချောင်းထဲမှာ ရေကူးပြိုင်လား ပြိုင်နေရဲ့။ ကျုပ် လည်း ရီဝင်းလို ကစားချင်တာပါပဲ။ ဒါပေမယ့် အပျိုဆိုတဲ့ အသိစိတ် ကလေးက ထိန်းထားတယ်။ ဂိတ်ရုံးမှာလည်း ကျုပ်နဲ့ရွယ်တူ လူပျိုတွေ ရှိနေတော့ ကျုပ်အများကြီး ထိန်းထိန်းသိမ်းသိမ်းနေခဲ့ပါတယ်။ ဈေးသည် မို့ လွယ်တယ်ဆိုတဲ့ အပြောကို မခံနိုင်ဘူးလေ။ ဒါပေမယ့် အားလုံးနဲ့ အလိုက်တသင့် အဆင်ပြေအောင်တော့ ဆက်ဆံရတာပေါ့။ ဈေးမရောင်း ရဘူးလို့ နှင်ထုတ်နိုင်တဲ့ အခွင့်အရေးက သူတို့လက်ထဲမှာ ရှိတယ် မဟုတ် လား။ အဲဒါကို ကိုင်းက ဈေးသည်အုပ်စုက မလိုတမာစကားတွေ ဆိုကြ တယ်။ ကျုပ်ကို တိုက်ရိုက် မပြောသေးသရွေ့ ကျုပ်သည်းခံနေခဲ့ပါသေး တယ်။

တစ်နေ့ကတော့ သည်းမခံနိုင်လောက်အောင်ကို ရန်စလာ တယ်။ အဲဒီနေ့က ကျုပ်နဲ့ ထွန်းဦးတို့ စကားပြောနေကြတာလေ။ ထွန်းဦး က ဂိတ်က အလုပ်သမားပေါ့။ သူက အိမ်ထောင်သည် တစ်ယောက်။ သူတို့က ထုံးစံအတိုင်း ကျုပ်အသားမည်းတာနဲ့ အကျည်းတန်တဲ့ရုပ်ကို ပြောင်နေကြတာလေ။ ရိုးသားစွာ ခင်ကြသူတွေပါတော့။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အသားမည်းပေမယ့် ပတ္တမြားခဲတော့ တန်ဖိုးကြီး တယ်။ တော်တို့သာ အလကားလူတွေ . . ."

ကျုပ် . . . အဲသလို ပြောနေချိန်မှာ ကိုင်းရွာသူတစ်စုက တံတားကြီးကို ဖြတ်လာနေကြတယ်။ ဒီလူစုထဲမှာ ပါလာတဲ့ ထွန်းဦးရဲ့ ခယ်မလေးက ကျုပ်ကို စောင်းတယ်။ ယုတ်မာတဲ့စကားလုံးမို့ ပြန်မပြော ချင်ခနဲ့။ ကျုပ်ကို ထွန်းဦးနဲ့ ပေးစားတဲ့စကားဆို နားလည်ပါတယ်နော်။

ကျုပ်လည်း ကျုပ်ကို စောင်းဆဲမှန်း ဧက်ကနဲ သိလိုက်ပြီး ဘယ် ထိကနေဘယ်လို သူတို့အုပ်စုရှေ့ကို ရောက်သွားတယ် မသိဘူး။ ထဘီကို တိုဝတ်ပြီး ရန်ဖြစ်ပစ်လိုက်တယ်။ ကျုပ်တို့ သာလွန်ဈေးသည် ဟစ်အုပ် ဆိုးက ညီတယ်။ ရေအိုးတွေ၊ ရေခွက်တွေ၊ ကျောက်ခဲတွေ၊ တုတ်တွေ ပြီး ဝိုင်းထားလိုက်တယ်။ သူတို့ မဟန်မှန်းသိတော့ တံတားကြီးအတိုင်း ပြေးကြတယ်။ ကျုပ်တို့ အုပ်စုကလည်း အနောက်ဘက်ထိပ်အထိ လိုက်သွားပြီး စိန်ခေါ်ပစ်လိုက်တယ်။ သတ္တိရှိရင် စောင်းဆဲမနေနဲ့ လာ လူချင်းလုံးမယ်လို့။

ပျိုးဥယျာဉ်ထဲကနေ လမ်းဗိုလ်လေး ဖြေးထွက်လာတယ်။ ကျုပ် ပြဿနာကို ရှင်းပေးပါတယ်။ နောက်ကို ဒီလိုရန်ဖြစ်နေကြရင် ဘယ်သူ ဈေးမရောင်းရတော့ဘူးတဲ့။

"ဗိုလ်လေး သူတို့ကိုသာ ပြောထားပါ။ ကျုပ်တို့ကို လာ ရန်မစ ခနဲ့။ ကျုပ်တို့က အေးအေးနေတာပါ။ ရိုးရိုးသားသား ဈေးရောင်းနေ ကျုပ်တို့ယောက်ျားယူချင်ရင် လူပျိုလလွတ်တွေ တစ်ပုံကြီးရယ် တို့သာ . . ."

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့က မှန်နေလို့ ကိုင်းအုပ်စုကို လမ်းဗိုလ်လေးက အထော
ကြီးဆူပစ်တယ်။

အဲဒီနေ့ကစလို့ ကိုင်းအုပ်စုလည်း ဝပ်သွားတာပဲ၊ ထွန်းဦးအ
အဝင် ဂိတ်ကလူတွေက ကျုပ်ကို အားနာမျက်နှာပူနေကြတယ်။

ကျုပ်က ပို မျက်နှာပူတာပေါ့။ မိန်းကလေးပဲ။ ဒါပေမယ့် မျ
နှာပူတယ်၊ ရှက်တယ်ဆိုပြီး ဒီတံတားထိပ်ကို ဈေးလာမရောင်းရင် နေ့
မြတ်ငွေ နှစ်ဆယ်အစိတ်ကို ဘယ်သူက ပေးမလဲ။ အဖေထန်းရည် ေ
ရတဲ့ငွေက အိမ်စရိတ်ထဲရောက်တာ မဟုတ်ဘူး။ အဖေက မူးနေတာ
ပိုကာဆွဲပစ်တာပဲ။ အိမ်စားစရိတ်ရယ်၊ အငယ်လေးနှစ်ယောက်
ကျောင်းစရိတ်ရယ် တို့ဟာ ကျုပ်နဲ့ ရီဝင်းနဲ့ ဈေးရောင်းပြီး ရှာနေရတာ
ကျုပ်တို့ ညီအစ်မနှစ်ယောက်က ကျောင်းမနေခဲ့ဘူး။ စာတတ်တာ အ
ကား၊ ဈေးရောင်းမှ ပိုက်ဆံရတယ်ဆိုတာ ကျုပ်မိဘတွေရဲ့ လက်သုံးစ
ပဲလေ။ ကျုပ်တောင် အ,သုံးလုံးဝေး တက်ထားလို့ ရေးတတ်ဖတ်တတ်
တာ။

ပညာမတတ်ရင် ငွေရှာရတာ ပင်ပန်းတယ်ဆိုတာ ကျုပ်
တော့ နားလည်နေပြီ။ ဒီအသိနဲ့ အငယ်နှစ်ယောက်ကို ကျောင်းထား
ခဲ့တာ။ ကျုပ်မောင်လေးနဲ့ ညီမလေးတို့ကို ကျုပ်တို့လို မပင်ပန်းစေချင်
လေ။

အခု ကျုပ် ရှက်လို့ မျက်နှာပူလို့ဆိုပြီး တံတားထိပ်ကို ဈေး

www.burmeseclassic.com

www.burmeseclassic.com



ရောင်းတော့ရင် မောင်လေးနဲ့ ညီမလေးတို့ကို ကျောင်းပြန်အပ်ဖို့ စုနေတဲ့ ဗူးထဲကို ငွေထည့်နိုင်တော့မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ကျုပ် ကိုင်းတံတားထိပ်မှာ စျေးရောင်းနေမြဲပါပဲ။

အို . . . မသနားပါနဲ့။ သူများသနားတာ မခံချင်ပါဘူး။ သနားစေချင်လို့ ပြောနေတာလည်း မဟုတ်ပါဘူး။ ဘူတာမှာ စျေးရောင်းတဲ့သူ အားလမ်းမမှာ စျေးအော်ရောင်းရဲတဲ့သူ ဆိုပြီး အထင်သေးချင်တဲ့ လူတွေကို နားလည်သွားစေချင်တဲ့ ဆန္ဒတစ်ခုပဲ ရှိပါတယ်။

သနားတယ် ဆိုလို့ သတိရသေးတယ်။ ဟိုတလောက စာရေးဆရာမ တစ်ယောက် ရောက်လာတယ်။ ကျုပ်တို့လို စျေးသည်လေးတွေ ဘဝကို လေ့လာပြီး ဝတ္ထုရေးဖို့ ရောက်လာတာတဲ့။ ရုပ်ပြကာတွန်းတွေ ဖတ်နေတဲ့ ကျုပ်က စာရေးဆရာမ ဆိုကာကို နားလည်တယ်။ သူမေးသရွေ့လည်း ကျုပ်ပဲ ပြောပြနေရတာပဲ။

“ညီမလေးတို့ စျေးရောင်းတဲ့နေရာမှာ အရိပ်လေးရှိရင် ကောင်းမယ်ကွယ်။ ခုတော့ သစ်ပင်မရှိတဲ့ လွင်တီးခေါင် သဲကုန်းကြီးမှာ အထက်ကပူ အောက်ကပူနဲ့ ပြီးတော့ ဖိနပ်မပါတဲ့ ကလေးတွေက များတယ်။ ဒီလောက် ပူလောင်နေတဲ့ မွန်းတည့်နေကို လာသာနေတယ်များ ထင်နေကြသလား မသိဘူး။ ကျောက်ခဲပစ်တမ်း ကစားတဲ့သူနဲ့၊ စိန်ပြေးတမ်း ကစားနေကြတဲ့သူနဲ့။ မမဖြင့်လေ နေပူလွန်းလို့ ခေါင်းမူးလာလေလေ ညီမလေးတို့ကို တွေးပြီးသနားလေလေပဲ၊ ပျိုးဥယျာဉ်ထဲက အပင်တွေက လမ်းဘေးမှာ အရိပ်ရအောင် စိုက်ပေးဖို့ ပျိုးထားတာတဲ့။ အဲဒီသစ်ပင်တွေ မကြီးခင် ညီမလေးတို့တော့ နေပူဒဏ် ခံနေရတော့မှာပဲ။ မိုးရွာလိုက်ရင် ကောင်းမယ်ကွယ်။ မိုးရွာတော့ ညီမလေးတို့ အပူဒဏ် သက်သာသွားမှာ”

မမစာရေးဆရာမရဲ့ ကရုဏာစကားကြောင့် ကျုပ်ရယ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူကတော့ စေတနာအစစ်နဲ့ ပြောရှာတာပါပဲ၊ ဒါပေမယ့် ...

"အပူဒဏ် သက်သာသွားတော့ ဘယ်ကောင်းမလဲ မမရဲ့"

"ဟင် ... ဘယ်လို ..." ဆိုပြီး မမရဲ့ မျက်လုံးလေးတွေ ပြူးဝိုင်းသွားလေတယ်။

"မိုးအေးလို့ အပူရှိန် လျော့သွားရင် ဘယ်သူက ရေဝယ်သောက်တော့မှာလဲ ဘယ်သူက ရေခဲအေးအောင်ဆိုပြီး ငှက်ပျောသီး ဝယ်စားတော့မှာလဲ။ ကျုပ် - အဲ ကျွန်မတို့ကတော့ အရိပ်မရှိလေ ကောင်းလေပဲ ပုဆိုး ခြုံထားရင် နေလုံတာပဲ မမရဲ့၊ နေပူလို့ကတော့ ဘယ်လောက်ပူပူ ပူစမ်းပါစေတော်၊ အေးမှာသာ ကြောက်တာပါ"

ကျုပ်ဘဝပေး အသိကို ပြောပြတော့ မမခမျာ သက်ပြင်းကြီး ချပြီး ကျုပ်ကိုငေးကြည့်နေခဲ့တဲ့ ပုံစံလေးကို ခုထိ မြင်ယောင်နေဆဲပါပဲ တော်။

ဟော ... ကားရှည်ကြီးတွေ လာပြီ။ အဝေးပြေး ဟီးနိုးကားကြီးတွေကို ကျုပ်တို့က ကားရှည်ကြီးတွေလို့ အလွယ်ခေါ်ကြတာ၊ ကားရှည်ကြီးတွေဆိုရင် စျေးရောင်းကောင်းတယ်။ တစ်ခါတည်းနဲ့ ငှက်ပျောသီး ရှစ်ဖီး ကိုးဖီး ရောင်းရတာလေ။ ကျုပ် စျေးရောင်းလိုက်ဦးမယ်နော်။

ဟော ... သီချင်းသံ ကားကြီးပေါ်က ဖွင့်လာတဲ့ ကက်ဆက်က သီချင်းသံ၊ ကျုပ်အမြဲဆိုညည်းနေလေ့ရှိတဲ့ သီချင်း။

"နေပူထဲလည်း လျှောက်ရဲပါတယ် ... ခရောင်းလမ်းတွေလည်း ကျော်ရဲပါတယ် ... ဆူးမွေ့ရာလည်း ဖြတ်ရဲပါတယ် မောင်နဲ့သာဆိုရင်ကွယ် ..."

ဟုတ်တယ်၊ ကျုပ်တို့ဘဝဟာ နေပူထဲလဲ လျှောက်ရဲပါတယ်၊ ခရောင်းလမ်းတွေလည်း ကျော်ဝံ့ပါတယ်။ ဆူးမွေ့ရာကိုလည်း ဖြတ်နိုင်ပါတယ်။ ဒါတွေဟာ ကျုပ်ရဲ့ ပင်ကိုယ် အစွမ်းသတ္တိပါ။ ဘယ်က မောင်း

www.burmeseclassic.com



ပေါ်ပါဘူး။

"ဟောဒီမှာ ငှက်ပျောဖီးကြီးတွေ ကြီးတယ် အလုံးလှတယ် ချိုတယ်လေ ဝယ်ကြဦးမလား"

ကျုပ်ရဲ့ အသံဟာ ပေါ့ပါးသွက်လက်နေတယ်။ ပတ်ဝန်းကျင်တော့ သဲပြင်တွေဟာ နေပူရှိန်ကြောင့် တံလျှပ်တွေ တရိပ်ရိပ် ပြေးနေလေရဲ့ . . . ။

သောင်းပြောင်းထွေလာရယ်စရာ
( ဩဂုတ်၊ ၁၉၈၄ )

www.burmeseclassic.com

www.burmeseclassic.com



## ကွဲလိပ်ကျောင်း

"မားမီ . . . မားမီ . . ."

တင်ပပခိုင်၏ ချွဲနွဲ့နွဲ့ လေသံက 'မာမီ' ပင် မပီပါလေတော့

"မားမီရေ . . . မားမီ"

"ဟဲ့ . . . ဟဲ့ . . . ကလေးတွေ၊ ဘယ်လိုဖြစ်လာကြတာလဲ အပြေးပြေး အလွှားလွှားနဲ့ ချော်လဲကုန်မှဖြင့်နော်"

ခိုင်သည် ထမင်းအိုး တည်ရန် ပြင်ဆင်နေရင်းမှပင် သမီးငယ် ၏ စူးရှရှခေါ်သံကို ကြားခဲ့ရသည်။ လျှပ်စစ် ထမင်းအိုးကို ခလုတ်ဖွင့် လိုက်ပြီးနောက် အိမ်ရှေ့သို့ ကမန်းကတန်း ထွက်လိုက်ရသည်။ သမီးငယ် တင်ပပခိုင်နှင့် ကလေးငယ် သုံးလေးယောက်တို့သည် တိုက်ထဲသို့ အပြေး အလွှား ရောက်လာခဲ့ကြပါသည်။ ခိုင်သည် အပြေးရောက်လာသော သမီး ငယ်အား ဆီးပွေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး သမီးငယ်ရယ်၊ ဒီလောက်တောင် တကြော်ကြော် အော်ပြီး အသည်းအသန် ပြေးလာရအောင် ဘာတွေများ ဖြစ်လာကြတာလဲ၊ တစ်ကိုယ်လုံးလဲ ချွေးတွေရွှဲလို့၊ မောနေပြီ"

"မားမီ၊ သမီးလေ . . . သမီး . . ."

"မောနေတာကို သမီးလေးရယ် ရေသောက်လိုက်ဦးနော်၊ ပြီးမှ ဖြည်းဖြည်းပြော၊ မာမီနားထောင်ပေးမယ်။ ကဲ-လာကြ အားလုံး ရေသောက်လိုက်ကြအုံး"

"ဟင့်အင်း မားမီ၊ ရေမသောက်ချင်ဘူး၊ သမီးတို့အားလုံးကို စပတ်ကလင်တိုက်ပါ"

"အလိုတော်"

"သမီး စာမေးပွဲအောင်တယ် မာမီရဲ့၊ ဒီနေ့ အောင်စာရင်းထွက်တယ်"

"ဟုတ်လား။ သမီးငယ် စာမေးပွဲအောင်တယ်၊ အဆင့် ဘယ်လောက်လဲ"

"သမီးက အဆင့်သုံးရတယ်။ ဟောဒီမောင်ငြိမ်းအေးကတော့ အဆင့်တစ်၊ ဇာခြည်က အဆင့်နှစ်၊ အေးမြမွန်နဲ့ မောင်ငြိမ်းသူက ပူးတွဲ အဆင့်လေး ရကြတယ် မားမီရဲ့"

"ဟား တယ်ဟုတ်ကြပါလား။ တိုက်မယ်၊ တိုက်မယ်၊ သမီးငယ်တို့ သောက်ချင်တဲ့ စပတ်ကလင် အဝတိုက်မယ်။ ကဲ - အားလုံး မီးဖိုခန်းကို လာခဲ့ကြ"

တင်ပပခိုင်တို့ မဟာပထမတန်း အုပ်စုသည် စပတ်ကလင်ရည် သောက်လိုက်၊ အီကလဲမုန့်လေး မြုံ့လိုက်နှင့် ဖြိုးဝေသွားကြကုန်သည်။

"ဇာခြည့်မာမီနဲ့ မောင်ငြိမ်းအေးတို့မာမီပါ အောင်စာရင်းသွားကြည့်ပေးတယ်မားမီရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မာမီလဲ သိရင် လိုက်ကြည့်ပေးတာပေါ့ သမီးရဲ့ ခုဟာက သမီးငယ် ဇာခြည်တို့အိမ်ကို သွားကစားရင်းနဲ့ သမီးတို့ သိကြ တာ မဟုတ်လား"

သူတို့ အောင်စာရင်းကို လိုက်ကြည့်စေချင်သော သမီး၏ဆန္ လေးကို နားလည်လိုက်သည်။ သမီးကို အလေးထား၍လည်း ရှင်းပြရသေး သည်။ သမီးကကျေနပ်သွားသည်။

"မားမီချစ်"

သမီးငယ်က ပူဆာလျှင် သုံးနေကျ လေကလေးနှင့် ခေါ် လိုက် ၍ ခိုင် ပြုံးမိသွားသည်။ "ဘာလဲသမီး" ဟု ရွှင်ကြည်စွာနှင့် ထူးသည်

"ဇာခြည်တို့ မာမီကလေ ဇာခြည် စာမေးပွဲအောင်လို့ အုန်း ခေါက်ဆွဲကျွေးမယ်တဲ့၊ မောင်ငြိမ်းအေးတို့ မာမီကလဲ ဒံပေါက်ကျွေးမှာ တဲ့ မားမီရဲ့"

"သမီးတို့ အိမ်ကိုလဲ ကျွေးခိုင်းမှာ အန် ်ီ၊ ကျောင်းက ဆရာ တွေနဲ့ သူငယ်ချင်းတွေ အားလုံးကို ဖိတ်ကျွေးမှာ၊ သမီးဆရာဝန်မကြီး ဖြစ်တဲ့နေ့ဆို ကရဝိက်မှာကို ကျွေးပစ်မှာလို့ ဖေဖေက ပြောထားပါတယ်

အသွက်မလေး အေးမြမွန်က သူ့အမည် ကျန်နေမှာစိုး၍ ကမန်းကတန်း ဝင်ပြောလေသည်။ ခိုင့်မှာ ရယ်လိုက်ရသည့် ဖြစ်ခြင်း

"ဟောဒီ မောင်ငြိမ်းသူလေးကရောကွယ်၊ သားစာမေးပွဲအောင် တာ ဘာကျွေးမှာလဲ ပြောပါအုံး"

"သူတို့ကျွေးတာတွေထက် အကောင်းဆုံးကို ကျွေးမှာပေါ့ အန်တီရဲ၊ သားကကြီးရင် ဗိုလ်မှူးလုပ်မှာပဲဟာ"

"အံမယ် ငါက နင့်ထက်ပိုကောင်းတာကို ကျွေးမှာပေါ့ ငါက ဗိုလ်မှူးမ ဆရာဝန်မကြီး တင်ပပခိုင် သိလား"

ခိုင့်မှာ နောင်တစ်ခေတ်၏ လူငယ်လေးများကို ကြည့်ပြီး ကြည်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း တသိမ့်သိမ့် ခံစားနေရပါသည်။

"ကဲ . . . သူငယ်ချင်း နှစ်ယောက် စကားနိုင်လုတာ ရပ်တော့၊ ...မာ သမီးဇာခြည်လေးက သူကြီးရင် ဘာလုပ်မယ်ဆိုတာ ပြောချင်နေပြီ ...တ်လားသမီး"

အားလုံးထဲမှာ အချောဆုံး အလှဆုံးဖြစ်သော ဇာခြည်လေးက ...ခါင်းလေးငဲ့ကာနှင့် ရှက်နေလေသည်။

"အန်တီကို ပြောပြပါအုံးကွယ်၊ သမီးဇာခြည်လေး ကြီးလာရင် ဘာလုပ်မယ်ဆိုတာ"

"ဇာဇာကြီးလာရင် ဘွဲ့ယူပြီး ရုပ်ရှင်မင်းသမီး အဆိုတော် လုပ် ...ပါ အန်တီ။ ဒက်ဒီနဲ့ မာမီကလဲ ရုပ်ရှင်မင်းသမီးလုပ်ရမယ်လို့ ပြော ...ားပါတယ်ရှင်"

"အေး . . . အဟေး ဟေး ဟုတ်ပြီ၊ ဟေ့ သမီးဇာဇာက လှ ...တော့ မင်းသမီးဖြစ်ကို ဖြစ်မှာပါ။ အသံလေးကလဲ ကောင်းတာပဲ၊ နိုင်ငံ ...ကျော် စတီရီယို အဆိုတော်ကြီးလဲ ဖြစ်မှာ အမှန်ပါပဲကွယ်။ ဟောဒီ သား ...မောင်ငြိမ်းအေးကရော၊ သား ကြီးလာရင် ဘာလုပ်မှာလဲ"

"သားသားက မိဘ လုပ်ကျွေးဖို့ အထူးကု ဆရာဝန်ကြီး ...ဖြစ်အောင် ကြိုးစားနေတာပါ အန်တီ၊ သားသားက အတန်းထဲမှာ အမြဲ ...ဆမ်း အဆင့်တစ် ရပါတယ်။ ဇာခြည်က သူအဆင့်တစ်မရလို့ ငိုသေး ...တယ် အန်တီရဲ့"

"ဩော် . . . ဘာလို့ ငိုရတာလဲ သမီးဇာရယ်၊ ငိုလိုက်တော့ ...မောင်ငြိမ်းအေးကို ပိုပြီး ရှုံးသွားတာပေါ့၊ ဒီနှစ် ဒုတိယတန်းမှာ အဆင့် ...တစ်ရအောင် ပိုပြီးကြိုးစားလိုက်နော်"

"ဇာခြည် ဘယ်တော့မှ သားကိုမနိုင်ဘူး အန်တီ၊ သားသားက ...တော်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောပြန်ပြီလား"

ခိုင့်မှာ ရယ်မောကြည်နူးနေရင်းနှင့် ကလေးနှစ်ယောက်ကို ပြန်ဖြေရပြန်သည်။

"မောင်ငြိမ်းအေးက စ,တာပါ သမီးဇာရယ်၊ ကဲ . . . ကဲ . . . သမီးဇာဇာ စိတ်ဆိုးမနေနဲ့တော့၊ သူငယ်ချင်းတွေဆိုတာ ချစ်ချစ်ခင်ခင် နေရတယ်။ စိတ်ဆိုးအောင် မစ,ရ မပြောင်ရဘူး။ ရန်မဖြစ်ကြရဘူးနော် ကဲ . . . သမီးတို့ သားတို့ အားလုံး အိမ်ခဏပြန်ပြီး ရေမိုးချိုး လှလှပပ ပြင်ခဲ့ကြ၊ အန်တီက ခေါက်ဆွဲကြော်ထားမယ်၊ ကျောက်ကျောကျိုထားမယ် အားလုံးပြန်လာစားနော်"

"စားပြီးရင် မောင်ငြိမ်းသူတို့အိမ်မှာ တယ်လီဗေးရှင်း သွားကြည့်မယ်နော် မားမီနော်"

သမီးတင်ပပခိုင်၏ ပူဆာမှုကို ခိုင်က ကြည်နူးပေါ့ပါးစွာနှင့် ခေါင်းညိတ်ပြလိုက်သည်။ ကလေးများလည်း ပျော်ရွှင်စွာနှင့် ပြန်လည် ထွက်ခွာသွားကြလေသည်။

ခိုင်လည်း မဟာဒုတိယတန်းကြို ကျောင်းသားကြီးများအတွက် စားသောက်ဖွယ်ရာများကို ပြင်ဆင်နေရတော့သည်။

"မားမီ"

"ရှင် . . . ရှင့်"

"သမီး စာမေးပွဲအောင်တဲ့ အကြောင်းကို ဒက်ဒီဆီ စာရေးပြီး အောင်နော် မားမီ၊ ဒက်ဒီပြန်လာရင် တယ်လီဗေးရှင်း ယူခဲ့ပါလို့လဲ ရေး ရမယ်"

သမီးကရေချိုးခန်းတွင်းမှ အော်ပြောနေခြင်းဖြစ်သည်။

ခိုင်သည် အားရကျေနပ်စွာ ပြုံးမိလိုက်ရင်း . .

"ရေးရမှာပေါ့ သမီးငယ်ရဲ့ သမီးစာမေးပွဲအောင်တဲ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရော၊ ကိုကိုကြီး ဆယ်တန်း ဖြေနိုင်တဲ့အကြောင်းရော၊ မမကြီး ရှစ်တန်း ဖြေနိုင်တဲ့အကြောင်းရော၊ ကိုကိုလေး ငါးတန်းဖြေနိုင်တဲ့အကြောင်းရော အားလုံးစုပြီး ရေးဖို့ အခုပဲ မာမီ စိတ်ကူးနေတာ"

ခိုင်၏ ခင်ပွန်းက နိုင်ငံခြားသင်္ဘောသားဖြစ်သည်။ ယခုသင်္ဘော လိုက်နေသည်။ အမေရိကားမှာ ရောက်နေသည်။

သမီးငယ်၏ အသံစူးစူးလေးက ရေချိုးခန်းအတွင်းမှ ထွက်ပေါ် လာပြန်ပါသည်။

"မားမီ ... သမီးအဆင့်သုံးရတာပါ ထည့်ရေးပေးနော်"

"အေးပါ ... စကားအိုးကွဲမရယ် သေသေချာချာရေးပါ့မယ်၊ မြန်မြန်ချိုးတော်မူပါနော်၊ တော်ကြာ သမီးသူငယ်ချင်းတွေ ရောက်လာ တဲ့အချိန်မှာ သမီးအလှပြင်မပြီးဘဲ နေလိမ့်မယ်"

❀ ❀ ❀ ❀ ❀

"ဆရာမကူးတို့ ဘယ်သွားမား"

"အောင်စာရင်းကပ်သွားမား၊ ပေါင်မှီအော့ ဈေးသွားမား"

"အော့ ... ဈေးသွား ..."

ဆရာမကြီး နန်းကြည်သန်းနှင့် လက်ထောက်ဆရာမများဖြစ်ကြ သည့် ဆရာမျိုးဝင်း၊ ဆရာမနန်းနီနီဝင်း၊ ဆရာမစောတင်မေထွေးတို့သည် ခြေတစ်လျှောက်လုံး ပါးစပ်လည်းမနား၊ လက်လည်း မနားခဲ့ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ညောင်ရွှေမြို့နယ်တွင်းရှိ ပေါင်းပိုင်းကျေးရွာ မူလတန်းကျော
ကလေးမှ ဆရာဆရာမများဖြစ်ကြသည်။ သူတို့အားလုံး ညောင်ရွှေမြို့ပေါ
မှာပဲ နေကြသည်။

ပေါင်းပိုင်းရွာသည် မြို့နှင့် သုံးမိုင်ခွဲခန့် ဝေးသည်။ အနော
ဘက်ရှိ လက်မောင်းကွေး တောင်ခြေမှာရှိသည်။ အင်းလေးဒေသရှိ ရွ
နှစ်ရာကျော်ထဲမှ အပါအဝင် ရွာကလေးဖြစ်သည်။

ဆရာဆရာမများအတွက် ကျေးရွာလူကြီးများက လှေတစ်စေ
ပေးထားသည်။ တစ်ယောက်ကို တက်တစ်ချောင်းစီဖြင့် ညီညီညာညာ
လှော်၍ ကျောင်းသွားကြရပြန်ကြရသည်။ ယခုနွေရာသီကျောင်းပိတ်ရ
ဖြစ်၍ လှေကို ရွာသို့ ပြန်အပ်ထားခဲ့သည်။ ထို့ကြောင့် သည်နေ့ အော
စာရင်းကပ်ရန် သွားရာမှာ လှေအတွက် အနည်းငယ် အခက်အခဲ တွေ့ခ
သည်။ အိမ်တိုင်းမှာ လှေရှိသော်လည်း လှေကိုသာ အမြဲတစေ သုံးနေကြ
သဖြင့် ငှားမရနိုင်ဖြစ်နေခဲ့သည်။ နောက်ဆုံးမှာ အယ်ဦးက လှေငှားလို
၍တော်သေးသည်။

ဆရာမစောတင်မေထွေးသည် လှေဦးမှာ ပုဆစ်တုပ်၍ ကြုံ့ကြ
လေးထိုင်ကာ လှော်လာသည်။ ဆရာမျိုးဝင်းက ပဲ့ကိုင်သည်။ ကျောင်းအု
ဆရာမကြီး နန်းကြည်သန်းနှင့် ဆရာမလေး နန်းနီနီဝင်းတို့က အလယ်
မှာ ထိုင်ကြသည်။

အင်းသားများ ပြောသောစကားမှာ မြန်မာစကားပင်ဖြစ်သေ
လည်း 'သ' နေရာမှာ 'ဆ' သံကို အသုံးပြုကြသည်။ မြန်လည်းမြန်၊ ဝဲလ
ဝဲကြသဖြင့် သူတို့စကားကို မြေပြန့်သူမြေပြန့်သားများ နားမလည်ကြ
ပေ။ ဥပမာအားဖြင့် 'ဘယ်သွားမလဲ' ဟုဆိုလျှင် 'ဘယ်ဆွားမလဲ' ဟု ပြေ
ကြသည်။ ဒေသအလိုက် အချို့စကားအသုံးအနှုန်းများမှာလည်း လုံး
ကွဲပြားသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး . . . ကိုကိုဇော် အောင်စာရင်း ကပ်ပြီ၊ သွား - ကြည့်နေဉ"

ချောင်း၏ ဝဲဘက်ရှိ ခြေတံရှည်အိမ်လေးပေါ်တွင် ကိုကိုဇော်သည် ညီငယ်လေးကို ပွေ့ထားပြီး သူ့ဆရာဆရာမများအား ငေးကြည့်နေလေသည်။ ကိုကိုဇော်က မည်သို့မျှ လှုပ်ရှားမှုပြမလာသဖြင့် ဆရာမလေး စောတင်မေထွေးက ထပ်ဆင့်ကာ လှမ်းပြောလိုက်ရပြန်သည်။

"ဆရာမတို့ စာမေးပွဲအောင်စာရင်းကပ်ကြမယ်။ ကိုကိုဇော် အောင်တယ်၊ လာကြည့်နေဉ"

"ငါမအား . . . မေ့တို့ ဖတို့ လယ်ထဲ ဆင်းသွားကြတယ်"

ဆရာမလေး စောတင်မေထွေး ခမျာ 'ဩော်' ဟုသာ။ ဆရာဆရာမလေးဦးလုံးမှာ သက်ပြင်းရှိုက်မိလိုက်ကြပါသည်။

"ရှေ့မှာ ကျော်ဟိန်းတို့ အိမ်ပဲ၊ အောင်စာရင်းကပ်တာ ပြောရအုံးမယ်၊ အိုး . . . အိုး . . . တံခါးတွေ ပိတ်ထားတယ်၊ မရှိကြဘူး ထင်တယ်"

"အင်း . . . ဒီအချိန်က အိမ်လူကုန် ခြံထဲသွားကြရတဲ့ အချိန်ကိုးကွယ်၊ ကျော်ဟိန်းလေး ကွဲကျောင်းမှာပေါ့။ ရွာပြင်ရောက်ရင် တွေ့မှာပါပဲ"

ဆရာမကြီး နန်းကြည်သန်း ပြောသလိုပင် ကျော်ဟိန်းတို့ အုပ်စုအား ရွာပြင်ဘက်၌ ကွဲကျောင်းနေကြသည်ကို တွေ့လိုက်ရသည်။

"ဟေး . . . ကျော်ဟိန်း၊ ဘုန်းမြင့်၊ စောမင်းတို့ ဒီနေ့ အောင်စာရင်း ကပ်မယ် . . . သွားကြည့်နေဉ"

"ကျွန်တော်တို့ အောင်ပါ့ဆလား ဆရာမကူး"

သည်အုပ်စုကတော့ တတိယတန်း ကျောင်းသားကြီးများ ဖြစ်နေကြ၍ ကျွန်တော် ခင်ဗျားနှင့် ယဉ်ကျေးစွာ ပြောဆိုတတ်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အောင်တယ်နော့၊ ကျောင်းကို လာကြည့်အုံးနော့"

"ကွဲကျောင်းနေရတာ နေမရှိမှ အိမ်ပြန်ရမယ် ဆရာမကူး"

"ငါတို့ ကွဲစီးပြီး ကျောင်းကို အောင်စာရင်း သွားကြည့်ရအောင်"

"သွားမယ် . . . သွားမယ်"

"အော့ . . . ငါတော့ မလိုက်ကြောင်း၊ မွေ့ ဖတို့ ဆူကြောင်း"

အောင်စာရင်း သွားကြည့်ရေးအတွက် သူတို့ အချင်းချင်း ပြဿနာ ဖြစ်နေကြသည်။ ဆရာမကြီးမှာ ဖြေရှင်းပေးရပြန်သည်။

"အောင်စာရင်းကို ဒီနေ့ သွားမကြည့်ဖြစ်လဲ နောက်နေ့တွေမှာ သွားကြည့်နော့၊ ရတယ် . . . ကပ်ထားတဲ့ အောင်စာရင်းကိုဆာ ဆွဲမဆုတ်ကြနဲ့နော၊ ဆရာမတို့ သွားမယ်"

ကျွန်းမျောပေါ်မှ မြက်ဖုတ်အား ဆွဲထားသည့်လက်တို့ကို လွှတ်လိုက်ပြီး လှေကို ဆက်လှော်ခဲ့ကြသည်။ ကျော်ဟိန်းတို့ အုပ်စုလည်း အောင်စာရင်းအကြောင်းကို ဆူညံစွာ ပြောဆိုကြရင်းနှင့် ကျန်ရစ်ခဲ့ကြလေသည်။

ကျော်ဟိန်းလေးသည် အသက် ဆယ့်သုံးနှစ် ရှိပြီဖြစ်သည်။ အသက် ရှစ်နှစ်ရောက်မှ ကျောင်းလာအပ်သည်။ ထိုနေ့ကို သတိရနေပါသေးသည်။

"အား . . . လား၊ ကျော်ဟိန်းတဲ့လား၊ စူပါစတား မင်းဆား နာမည်ပါလား"

"အော့ . . . ဆရာမကူး၊ ဖောင်တော်ဦး ဘုရားပွဲမှာ ရုပ်ရှင်ပြတယ်ရော၊ ကျော်ဟိန်းကားလေ၊ မင်းဆားကျော်ဟိန်းကို ကြည့်ပြီး ကြောင်း၊ နောက်နေ့မှာ ဆူ့ကို မွေးကြောင်း"

သည်သို့ပင် ကျော်ဟိန်း၏ မိခင်ဖြစ်သူ မယ်ကြာအုံးက ရှင်းပြခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အော် . . . ရှေ့မှာ ခွန်ပေါ်လွန်းတို့ အုပ်စုဟော့"

"ဒီကွဲလိပ်ကျောင်းဆားအဖွဲ့ကိုလည်း ပါးစပ်နဲ့ အောင်စာရင်း ထုတ်ပေးခဲ့ရမှာလား အန်တီဆန်း"

"ဒါပေါ့ အယ်ဝင်း"

ခွန်ပေါ်လွန်းတို့ ကလေးအုပ်စုသည် ကွဲများစီးနေရင်းမှ သူတို့ ဆရာဆရာမများအား ကြိုဆိုနှုတ်ဆက်နေကြလေသည်။ သည်အုပ်စုကို လည်း အောင်စာရင်းထုတ်ပြန်ခဲ့ရသည်။

"ဆရာမကူး၊ ကျွန်တော်တို့ လေးတန်း အောင်စာရင်းရော ထွက်ပါပြီလားခင်ဗျ"

"အော် . . . မထွက်သေးကြောင်းနော့"

"ကျွန်တော် လေးတန်းအောင်ပြီးရင် တောင်ကြီးကောလိပ် သွားရကြောင်း ဆရာမကူး"

"ဟေ . . ."

ဆရာမကြီးတို့အဖွဲ့မှာ အယ်ညီ၏ အမေးစကားကို သဘောကျ သွားကြသည်။

"လေးတန်းအောင်ပြီးရင် ညောင်ရွှေမြို့ကျောင်းမှာ နေရအုံးမယ် နော့၊ ဆယ်တန်းအောင်ပြီးမှ တောင်ကြီးကောလိပ်ကျောင်း နေရမယ် ဖြစ်ကြောင်း"

"ခုတော့ ကောလိပ်ကျောင်းမရောက်ခင် ကွဲလိပ်ကျောင်းနေ ကြအုံးပေါ့ကွာ"

ဆရာမျိုးဝင်းက သူ့ထုံးစံအတိုင်း ခပ်ပျော်ပျော်လေး ပြောခဲ့ သည်၊ အင်းသားတို့က 'ကျွဲ' ကို 'ကွဲ' ဟုပဲခေါ်ကြသည် မဟုတ်လား။

"အင်း . . . အန်တီဆန်းရေ၊ ရွာကန့်လန့်ကျောင်းဆားအုပ်စု တွေကိုတော့ ပါးစပ်အောင်စာရင်း ထုတ်ပေးခဲ့ရပြီ၊ ဒီအတိုင်းဆို တော့င်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်သူမှ အောင်စာရင်း လာကြည့်မယ့်ပုံ မပေါ်ဘူး၊ ထူးပါဘူး အန်တီ ဆန်းရယ်၊ ကျွန်တော်တို့တစ်တွေ ပေါင်းပိုင်းရယ်၊ ပျားပင်ရယ်၊ ရေပယ် အောက်ရွာတွေရယ်ကို လျှောက်သွားပြီး တစ်အိမ်တက်တစ်အိမ်ဆင်းနဲ့ အောင်စာရင်း လျှောက်ပြောရအောင်ပါနော်"

"ဒီအချိန်က အလုပ်ကဲတဲ့အချိန်မဟုတ်လား အယ်ဝင်းရယ်၊ စာမေးပွဲအောင်တာကို ကလေးပီပီ လွတ်လွတ်ကျွတ်ကျွတ် ဝမ်းမသာနိုင်တဲ့သူတို့လေးတွေကို ကြည့်ကြည့်ပြီး ကရုဏာသက်ရတယ်"

ဆရာမျိုးဝင်းသည် မနှစ်ကမှ ဘွဲ့ရဆွဲခန့်နှင့် အလုပ်ဝင်သူဖြစ်၍ အောင်စာရင်းထွက်ချိန်ကို မကြုံဖူးသေး။

"ကျွန်တော်လဲ ဒီလိုပါပဲ၊ အန်တီဆန်းရယ်၊ တမင်ရယ်စရာ ပြောတာပါ"

"အယ်ဝင်းက ရယ်စရာပြောပေမယ့် တကယ့်ကိုပဲ ရွာထဲသွားပြီး စာမေးပွဲအောင်ကြောင်း ပြောပြရတာ၊ ကျောင်းမှာအောင်စာရင်းကပ်ထားပေမယ့် ခများများမှာ ကွဲကျောင်းဆွားရ၊ လယ်ထဲသွားရ မဟုတ်လား၊ ဘာပဲ ဒြန်ဖြစ် ကွဲလိပ်ကျောင်းသားတွေ စာမေးပွဲဖြေဖြစ်သွားကြတာကို ဝမ်းသာနေရတာပါပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပိုင်းရွာ မူလတန်းကျောင်းတွင် ဝန်းကျင်ရွာများဖြစ်ကြသော ရွာကန့်လန့်၊ ပျားပင်ရွာ၊ ရေပယ်အောက်ရွာနှင့် ဈေးကုန်းရွာတို့မှ ကလေးများ ကျောင်းလာတက်ကြသည်။

အင်းလေးဒေသ၏ လယ်ယာစိုက်ပျိုးချိန်သည် မြေပြန့်ဒေသနှင့် ပြောင်းပြန်ဖြစ်သည်။ မြေပြန့်မှာ ကောက်စိုက်ချိန်သည် အင်းလေးဒေသမှာ ရိတ်သိမ်းနေပေပြီ။ မြေပြန့်မှာ ကောက်ရိတ်ချိန်၊ စပါးပေါ်ချိန်သည် အင်းလေးမှာ လယ်ယာလုပ်ငန်းခွင် စတင်ချိန်ဖြစ်၏။

အင်းလေးကန်အတွင်းရှိ ရွာများမှာ မိုးတွင်းဆိုလျှင် မြေတစ်သက်မံပင်မရှိ။ ရေပြင်ကျယ်ကြီးသာ ဖွေးနေခဲ့သည်။ တန်ဆောင်မုန်းလ၊ နတ်တော်လများသို့ ရောက်မှ အင်းရေသည် တဖြည်းဖြည်းချင်း ကျလာသည်။ ပြာသို၊ တပို့တွဲလများတွင် လယ်ယာကို ပြုပြင်ကြလေသည်။ တပေါင်း၊ တန်ခူးလများတွင် လယ်စိုက်ကြသည်။

လယ်ယာများကို ထွန်ယက်ရန်အတွက် တောင်ပေါ်နေ ပအိုဝ်းများ၊ တောင်ရိုးလူမျိုးများထံမှ ကျွဲများကို အခပေး၍ ငှားရမ်းရသည်။ အင်းသားများမှာ ကျွဲနွားမွေး၍ မရပေ။ မိုးတွင်းဆိုလျှင် ကျွဲနွားများ ထားစရာမြေနေရာ မရှိသောကြောင့်ဖြစ်သည်။

ပအိုဝ်းနှင့် တောင်ရိုးလူမျိုးများသည် တောင်တက်လမ်းများ အကြမ်းခံသော ကျွဲများကိုသာ မွေးမြူကြသည်။ မိုးကုန်သွားသော ကျွဲများအတွက် စားကျက်ခင်းနှင့် ရွံ့လူးရန်တို့မှာ တောင်ပေါ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွဲများကို ထိန်းကျောင်းပေးရန်အတွက် အင်းသားတို့အ
ငှားရမ်းရတော့သည်။ သည်အချိန်ကလည်း အင်းသားများမှာ လယ်ယ
ထွန်ယက်ရန်အတွက် ကျွဲများကို အလိုရှိနေကြသည်မဟုတ်ပါလား။ သူ
အပြန်အလှန် အကျိုးပြုနေကြသည်။

သူတို့ချင်း သူတို့ အပြန်အလှန် အကျိုးပြုနေကြသည်က အ
မကြီး။ ဆရာမကြီးနန်းကြည်သန်း၏ တပည့်များ ကွဲလိပ်ကျောင်းရော
ကုန်သည်က ခက်သည်။

အင်းသားတို့ လယ်ယာလုပ်ငန်းခွင်စတင်ကြသည့် မြသ
တပို့တွဲလများကလည်း အတန်းတင် စာမေးပွဲကြီးနီးသည့်အချိန်၊ ကျော
သင်ခန်းစာများကို အရေးတကြီးဖိသင်ရသည့်ကာလ။ စာသင်ကျော
ထဲမှာကား ကျောင်းသားများက တဖြည်းဖြည်းနည်းပါးလာခဲ့သည်
ကလေးများသည် မိဘ၏ လယ်ယာလုပ်ငန်းခွင်များမှာ ဝင်ကူကြရသည်
အများစု ကလေးများသည် ကျွဲများ အငှားကျောင်းကြရသည်၊

"ခက်တာပဲ၊ သည့်ကလေးတွေ စာတော်ကြရက်ဆားနဲ့ အော
ခြေရှိရက်ဆားနဲ့ ကျောင်းကို လုံးဝမလာကြတော့ဘူး၊ သူတို့ ကွဲကျော
ကြတဲ့နေရာကို စာလိုက်ဆင်ရပုံပေါ်နေပြီ၊ အင်း . . . ဘယ်လိုလုပ်
ကြောင်း"

ဆရာမကြီးသည် ကလေးများ စာသင်ခန်းအတွင်းသို့ ပြ
ရောက်ရေးကို ကြံဆခက်ခဲ့ရသည်။ ထိုစဉ်ကလေးတစ်ယောက်၏ တို
တောသံအား ကြားလိုက်ရသည်။

"ဆရာမကူး . . . ဆရာမကူး . . . ကျော့်ဟိန်းရယ်၊ ကျော
ထဲ ကွဲတွေ ယူလာကြောင်း"

ကျောင်းဝင်းထဲမှာ မြေပဲခင်းရှိသည်။ ပန်းအလှများ၊ သီးနှံပင်
များလည်း အနည်းအကျဉ်း စိုက်ပျိုးထားသည်။ ထို့ကြောင့် ကျွဲနွားမျာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းထဲမဝင်ရအောင် အမြဲဂရုတစိုက် ရှိကြသည်။ ယခု ကျော်ဟိန်း က ကျွဲများကို ကျောင်းဝင်းထဲ မောင်းသွင်းလာသည်ဆိုပါလား။

"ဆရာမကူး . . . ကျွန်တော် စာတွေမရဘဲ၊ စာမေးပွဲကျမှာ စိုးလို့ ကွဲကျောင်းရင်းနဲ့ ကျောင်းလာချင်ပါကြောင်း"

ကျော်ဟိန်းလေးသည် လက်ကိုပိုက်၍ ခြေစုံလေးရပ်ကာ ရိုကျိုးစွာ ပြောနေရှာသည်။ သူလေးသည် လွယ်အိတ်နှစ်လုံးကို ကြက်ခြေခတ်လွယ်ထားသည်။ တစ်လုံးသည် ကျောင်းလွယ်အိတ်ဖြစ်ပြီး နောက်တစ်လုံးသည် ထမင်းထုပ်ထည့်ထားသည့် လွယ်အိတ်ဖြစ်သည်။ အကျီနှင့်လုံချည်မှာလည်း နွံ့ပေနေလေသည်။ ဆရာမကြီးထံမှ စကားပြန်မရလေသော အခါ မရဲတရဲနှင့် ပြောရှာပြန်သည်။

"ကွဲတွေကို ကြိုးနှင့် ချည်ထားပါကြောင်း"

ဆရာမကြီးက နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ ကျော်ဟိန်းလေး၏ ပခုံးနှစ်ဘက်ကို အားပါးတရ ဆုပ်ကိုင်ပြီး . . .

"ကျေးဇူးတင်လိုက်တာ ကလေးရယ်၊ ကွဲကျောင်းနေကြရတဲ့ ကလေးတို့တစ်တွေကို စာသင်ခန်းထဲ ပြန်ရောက်အောင် ဘယ်လိုလုပ်ရပါ့မလဲလို့ စဉ်းစားလိုက်ရတာ၊ ခုမှပဲ . . ."

ယခင်က ဆရာမများ လက်ထက်ကာတော့ သည်အချိန်မှာ မည်သို့စီစဉ်ခဲ့ကြသည်မသိ။ ယခုဆရာမကြီး နန်းကြည်သန်းလက်ထက်မှာတော့ ကျွဲကျောင်းနေရသော ကလေးများအားလုံးကို စာသင်ခန်းထဲ အရောက်ခေါ်လိုက်သည်။ သူတို့ ကျွဲနွားများကိုပါ ကျောင်းဝင်းထဲသို့ အဝင်ခံရသည်။ ကျောင်းပိုင်မြေပဲခင်း ပျက်လည်းပျက်ပါစေတော့၊ ပန်းပင်များ ကုန်လည်း ကုန်ပါစေတော့၊ ကလေးများ စာမေးပွဲ အောင်စေဖို့ပဲ အရေးကြီးသည် မဟုတ်ပါလား။

သို့နှင့် ခလောက်သံ ဒိုးဒိုးဒေါင်ဒေါင်နှင့် ကျွဲများသည် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်းထဲမှာလည်းကောင်း၊ အနီးအနားရှိ ဝါးရုံတောစပ်မှာလည်းကောင်း၊ ကျောင်းရှေ့ရှိ ချောင်းထဲမှာလည်းကောင်း . . .။

တစ်ခါတစ်ရံတွင် . . .

"ဟော . . . ကွဲတွေ ခတ်ကုန်ပြီ၊ အယ်ညီ မင်းကွဲတွေထ[illegible]တယ်။ ဆွားအုံး . . . ဆွားအုံး"

သည်လိုမျိုးလေးလည်း ရှိသေးသည်။

"ကွဲတွေ တောင်ပေါ်တက်ဆွားကြောင်း၊ ဘယ်ဆွဲကွဲ ဘယ်[illegible]ကွဲ"

ဆရာမကြီးတို့မှာ ကလေးများကိုလည်း ဂရုတစိုက်နှင့် စာသင်[illegible]ကျွဲများကိုလည်း မျက်စိလျှင်လျှင်ထားကာ လှမ်းကြည့်ရနှင့်။

"အင်း . . . ဟိုကတောင်ကြီးကောလိပ်၊ ဒီက ပေါင်းပိုင်[illegible]ကွဲလိပ်"

သည်လို ရယ်ပွဲဖွဲ့ရင်းနှင့်ပဲ ကလေးများ စာမေးပွဲ ဖြေဖြစ်လာ[illegible]ကြသည်။ ဆရာမကြီး ပဲာဝန်ထမ်းဆောင်လာသည့် သက်တမ်း သုံးနှ[illegible]အတွင်းမှာပင် အောင်ချက်ရာခိုင်နှုန်းက တစ်နှစ်ထက်တစ်နှစ် မြင့်လာ[illegible]ခဲ့ရသည်။

တစ်နေ့တွင် . . .

တောင်များပတ်လည် ဝိုင်းရံလျက်နေသော အင်းရေပြင် ကွ[illegible]ကွက်ကလေးအတွင်းရှိ ဤလူငယ်လေးများထဲမှ တောင်ထိပ်များကို ကျော်[illegible]ဖြတ်ကာ ပင်လယ်ပြင်သို့တိုင်အောင် ကူးလူးပြီး ကမ္ဘာပတ်သွားမည့်သ[illegible]များ ထွက်ပေါ်မလာနိုင်ဘူးလို့ မည်သူပြောနိုင်မှာလဲလေ။

"အန်တီဆန်းရေ . . . ဘုန်းတော်ကြီးကျောင်းက ခေါ်းရည်[illegible]ပူပူလေးရလာပြီ၊ မှင်းစားကြရအောင် . . ."

ဆရာမျိုးဝင်းက ရေနွေးကရားအိုးလေး မြှောက်ပြပြီး ကျောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တက်လာရင်းနှင့် လှမ်းပြောလေသည်။ ထိုအခါမှပင် ကျောင်းနံရံ အဲလေ - ဥပုသ်ဇရပ်ပါ။ ဇရပ်နံရံပါ။ ရွာဦးဘုန်းတော်ကြီးကျောင်း၏ တစ်ခုတည်းသော ဇရပ်အိုကြီးကို စာသင်ကျောင်း ပြုလုပ်ထားရခြင်း ဖြစ်သည်။ အဲသည် ဇရပ်အိုတဖြစ်လဲ ကျောင်းနံရံမှာ ကပ်ထားသည့် စာမေးပွဲ အောင်စာရင်းအား ငေးကြည့်နေရင်းနှင့် လွန်ခဲ့သော နှစ်များဆီသို့ ပျံ့လွင့်ရောက်သွားနေသော အာရုံများသည် ဆရာမျိုးဝင်း အသံကြားရမှပင် ပြန်လည်စုစည်းမိတော့သည်။

ကျောင်းခန်းထဲတွင် ဆရာမလေးနှစ်ယောက် ပြင်ထားသော ထမင်းဝိုင်းက အသင့်ဖြစ်နေသည်။ ဆရာမကြီးတို့ အားလုံး ထမင်းထုပ် ယူလာကြခြင်းဖြစ်သည်။

"ကဲ . . . စားကြ . . . စားကြ၊ ပြီးရင် ရွာတွေကို လျှောက်သွားမယ်၊ လမ်းမှာတွေ့သမျှ ကျောင်းဆားမိဘတွေ ကလေးတွေကို အောင်စာရင်းထွက်တဲ့အကြောင်း ပြောပြမယ်"

"ဒါပေါ့ အန်တီဆန်းရဲ့ . . . ဆရာမိဘ ကျောင်းသားဆိုတာ ရင်းနှီးနေမှ ကောင်းတာ၊ တိုက်ပညာရေး မဟုတ်လား"

တစ်စိတ်တည်း တစ်ဝမ်းတည်းနှင့် တက်ညီလက်ညီ ရှိလှသော ဆရာဆရာမများ ထမင်းစားနေစဉ်မှာပင် ကျောင်းဝင်းဝဆီမှ ခလောက်သံ ဒိုးဒိုးဒေါင်ဒေါင်သံကို ညံညံစီကြားလိုက်ရသည်။ ပြတင်းမှ လှမ်းမျှော်ကြည့်မိကြသည်။ ကျောင်းသို့ လာနေကြသော မောင်ကျော်ဟိန်းလေးတို့ ကျောင်းသားအုပ်စုအား တွေ့ရသည်။ ကလေးများသည် ကျွဲများကို စီးလျက် . . . ။

ငွေတာရီ

( ဖေဖော်ဝါရီ ၊ ၁၉၈၆ )

www.burmeseclassic.com



## ရေကန်နားကပန်းလန်းဆန်းရဲ့လား

ဖေဖေ . . . မေမေ
မာပါစေ
မေမေ့စကား
အရေးထား
ဖေဖေ့စကား
သားလေးစား . . .

"ဟယ် . . . ငှါမြေးလေးက စာသွားလိုက်တာ အလွှင်းကို ဆိုနေတာပဲ၊ ကဲ . . . လူတော်လေး မောင်ငြိမ်းအေးက နောက်တစ်ခေါက် ထပ်ဆိုပြပါဦး၊ ဘွားဘွားနားထောင်ချင်လို့"

ဘွားအေကြီး၏ မြှောက်ပင့်စကားကို ငါးနှစ်အရွယ် ကလေး

www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးက သဘောအကျကြီး ကျသွားသည်။ သူ့အသံစာစာလေးနှင့် စာပိုဒ်ကို နောက်တစ်ခေါက် ထပ်ဆိုလေသည်။

သည်မြင်ကွင်းကို ကြည့်၍ ကလေးငယ်၏ မိခင်ဖြစ်သူက ပြုံးသည်။ ပြီးတော့ . . .

"အမေ့မြေးက စာသွားမယ့်သာ သွားနေတာ၊ အဲဒီစာပိုဒ် သင်နေချိန်မှာ နောက်တန်းက မိုးဟိန်းဇော်တို့နား သွားဆော့နေတယ် လေ။ ရှေ့တန်းကို မနည်းပြန်ခေါ်ယူရတယ်"

မောင်ငြိမ်းအေး၏ မိခင် ကေးရီ က မူလတန်းပြဆရာမလေး ဖြစ်သည်။ သူငယ်တန်းကျောင်းသားကြီး မောင်ငြိမ်းအေး၏ အတန်းပိုင် ဆရာမလည်း ဖြစ်သည်။ ယခုမောင်ငြိမ်းအေးက သူ့ကို ဆော့သည်ဟု ပြောခြင်းကို လက်မခံဘဲ ပြန်၍ရှင်းသည်။

"ငြိမ်းငြိမ်းက မဆော့ပါဘူး မေမေဆရာမရဲ့၊ မိုးဟိန်းဇော်နဲ့ စကားပြောနေကြတာပါ"

"အမယ်တော် ကြီးကြီးကျယ်ကျယ် လူက လက်တောက်လောက် လေးရှိသေးတယ်၊ စာသင်ချိန်မှာ စကားပြောနေကြသတဲ့၊ အမေ့မြေးတော့ သား ရိုက်ရရင်တော့ နာတော့မှာပဲ"

"နေစမ်းပါအေ . . . ညည်းကလဲ ကလေးကို စကားပြောရင် မာန်နေတော့တာပဲ၊ နည်းနည်းပါးပါးများ ချော့ပြောစမ်းပါ။ ကဲ . . . ဘွားဘွားကို ပြောပြပါဦးသားရယ်၊ ဒီနေ့ကျောင်းမှာ သားသူငယ်ချင်းတွေ နဲ့ ဘာစကားတွေ ပြောလာခဲ့ကြသလဲ"

မောင်ငြိမ်းအေးက လူလည်လေး ဖြစ်သည်။ သည်အိမ်မှာ အမိကဖြစ်သော ဘွားအေကြီးက သူ့ဘက်မှာ ရှိနေကြောင်း သိနေသူပီပီ မအေက မာန်လိုက်သည်ကို မမှုခဲ့။ ဘွားအေကြီးကို ပြုံးရွှင်စွာနှင့် အားပါး တရ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဟိန်းဇော်က သိပ်ရယ်ရတာပဲ ဘွားဘွားရဲ့ အဟား ဟား"

မြေးဖြစ်သူက စကားကို ရှေ့မဆက်သေးပဲ ရယ်နေသည်ကို ကြည့်၍ ဘွားအေက သဘောကျနေသည်။ မိခင်က သားတော်မောင် တတ်နေသည်ကို ကြည့်ကာ အသည်းယားနေသည်။ မောင်ငြိမ်းအေးက ရယ်၍ဝမှ စကားကိုဆက်သည်။

"သိလား ဘွားဘွားရဲ့၊ မိုးဟိန်းဇော်က ပြောတယ်၊ သူက ဇာခြည်ကို ကြိုက်တယ်တဲ့"

ဘွားအေကြီးရော မိခင်ပါ မျက်လုံးပြူးသွားကြသည်။

"ဘာ . . . ဘယ်လိုပြောတယ်၊ မေမေ့ကို ပြန်ပြောပြပါဦး သား . . ."

"ဇာခြည်ကို ကြိုက်တယ်၊ ကြီးလာရင် ယူမယ်တဲ့"

"အမယ်လေးတော့၊ အမယ်လေး . . . နင်တို့ကို အုပ်ချုပ်တဲ့ ဆရာမ ငါတော့ နာမည်ပျက်တော့မှာပဲ၊ သူငယ်တန်းလေးက ဒီစကားမျိုး တွေ ပြောရသတဲ့လား၊ လူကြားလို့မှ ကောင်းသေးရဲ့လား . . ဟင် . . ဒီမှာ မောင်ငြိမ်းအေး . . ."

"ခင်ဗျာ"

"မင်း ဘယ်တော့မှ အဲဒီကောင်လေးနား သွားမထိုင်ရဘူး စကားမပြောရဘူး၊ အတူတူမဆော့ရဘူး၊ ကိုယ့်နေရာမှာပဲ ကိုယ်ထိုင် ဘယ်မှ မရွေ့နဲ့၊ နောက်ကိုလဲ လှည့်မကြည့်နဲ့ ကြားလား"

"ဟုတ်ကဲ့"

"မေမေ့ လက်သံကို သိတယ်မို့လား"

"ဟုတ်ကဲ့"

"မိုးဟိန်းဇော် လူဆိုးတော့လား၊ နက်ဖြန် ကျောင်းရောက်ရင် အသေကို ဆော်ပစ်ဦးမယ်၊ မောင်ငြိမ်းအေး မင်းလဲ သတိထား"

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ ဘွားအေကြီး ငံမကယ်၍ မောင်ငြိမ်းအေး
တစ်ယောက် ကုပ်ကုပ်လေး ငြိမ်နေလေတော့သည်။

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါ တပည့်တို့ . . . အားလုံးထိုင်"

သည်ကျောင်းသည် သူငယ်တန်း အတန်းခွဲ သုံးခုရှိသည်။ ဆရာ
မဒေါ်ကေးရီကိုင်ရသည်က အတန်းခွဲ (က) ဖြစ်သည်။ ကျောင်းသားပေါင်း
၅၀-ယောက် ရှိသည်။ ကေးရီကို ဒေါ်ကေးရီဟု အမည်မှာ ဒေါ်တပ်ခေါ်
ကြား အရွယ်မှာ ငယ်သေးသည်။ ပြီးတော့ စိတ်ထက်သူလည်း ဖြစ်သည်။
ချက်ကျပြတ်သားသည်။

ယခုလည်း ထိုင်နေသော တပည့်အပေါင်းကို စူးရှသော မျက်
ဝန်းနှင့် ဝေ့ကြည့်လိုက်သည်။ အကြည့်ကို မိုးဟိန်းဇော် ထံမှာ ရပ်လိုက်
သည်။ မိုးဟိန်းဇော်လေးသည် ထုံးစံအတိုင်း ညိုးငယ်သော မျက်နှာလေး
နှင့် ငြိမ်သက်စွာ ထိုင်နေသည်။ ဆရာမ၏ စူးရှခက်ထန်သော အကြည့်
ကြောင့် မျက်လွှာလေး ချထားသည်။ သည်ကလေး အတန်းထဲမှာ အေး
ဆေးသည်။ စာလည်းအတော်ကြီး မဟုတ်ပေမယ့် လိုက်နိုင်သည်။ သည်
လနှင့် သည်မျှအေးစက်သော ကလေးငယ်သည် ပေါက်တတ်ကရ စကား
များပြောဆိုခဲ့သည် ဆိုသည်မှာ ဟုတ်မှ ဟုတ်ပါ့မလား။ မောင်ငြိမ်းအေး

www.burmeseclassic.com

www.burmeseclassic.com



ကလည်း လိမ်လည်ပြောဆိုတတ်သူ မဟုတ်။ ပြီးတော့ မိုးဟိန်းဇော်က ပေါက်တတ်ကရ စကားများကို တကယ်ပင် ပြောဆိုခဲ့သည် ဖြစ်စေ ဦးတော့ သည်စကား အဓိပ္ပါယ်ကို သည်ကလေးက သိပ္ပါမလား။ လူကြီး တွေ ပြောကြသည်ကို မှတ်ထားပြီး လိုက်ပြောခြင်းပဲ ဖြစ်မည်။

ဘာပဲဖြစ်ဖြစ် ဆရာမဒေါ်ကေးရီ၏ တပည့်များသည် လိမ္မာ ယဉ်ကျေးသော ကလေးငယ်များသာ ဖြစ်စေရမည်။ ကိုယ်အမူအရာ နှုတ်အမူအရာများ ရိုင်းစိုင်းသူ မဖြစ်စေရ။

"မိုးဟိန်းဇော် ဆရာမဆီကို လာစမ်း"

ဆရာမဖြစ်သူ၏ လေသံမာမာကြောင့် မိုးဟိန်းဇော်ခမျာ မဝံ့မရဲ လေးနှင့် ရောက်လာသည်။ လက်လေးပိုက်ထားပြီး မျက်လွှာလေးချကာ ရပ်နေသည်။

"မိုးဟိန်းဇော် ဆရာမ မျက်နှာကို မော်ကြည့်စမ်း၊ ဟုတ်ပြီ ဆရာမမေးတာကို မှန်မှန်ဖြေနော်၊ မင်းကြီးလာရင် ဇာခြည်ကို ယူမယ်လို့ ပြောတယ်ဆို"

မိုးဟိန်းဇော် မျက်လုံးလေးစွေပြီး မောင်ငြိမ်းအေးကို ကြည့်လိုက် သည်။

ဟုတ်နေပါပြီ။ ဆရာမ ဒေါ်ကေးရီ ဒေါသထွက်ချင်လာသည်။

"ဘယ်သူ့ကိုမှ ကြည့်စရာမလိုဘူး။ မိုးဟိန်းဇော် ဇာခြည်ကိုယူ မယ် ကြိုက်တယ်လို့ မင်းပြောခဲ့တယ် မဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

"ကြည့်စမ်း၊ အဲဒါ ကလေးစကားလား၊ နေစမ်းပါဦး၊ မင်းက အတန်းထဲမှာ ဇာခြည်တစ်ယောက်ပဲ ကြိုက်လား၊ တခြား ဘယ်သူ့ကိုရော ကြိုက်သေးလဲ၊ ပြော . . ."

"တင်မိုးလှိုင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . တင်မိုးလှိုင်ကိုလဲ ကြိုက်တယ်၊ အေး ကောင်းတယ်။ ကောင်းတယ်။ တခြားဘယ်သူရှိသေးလဲ မြန်မြန်ပြော"

"ဟို . . . ဆရာမ ရိုက်မှာလား"

"ပြောရင် မရိုက်ဘူး၊ မပြောရင်တော့ ရိုက်မှာဘဲ"

"ဟို . . . မောင်ငြိမ်းအေးကိုလဲ ကြိုက်ပါတယ် ဆရာမ"

"ဟင် . . ."

ဒေါ်သမျက်ဝန်းတို့မှာ အံ့အားသင့်မှုအရောင် ပြောင်းသွားရသည်။ ကေးရီမှာ ရယ်လည်း ရယ်ချင်သွားသည်။ သည်အမှုကို မည်သို့ဆုံးဖြတ်ရမည်လဲ။

"ကဲ . . . ကဲ . . . နင်ကြိုက်တဲ့လူ ကုန်ပြီလား၊ ကျန်သေးလား ပြော . . ."

"အဲဒီသုံးယောက်ပဲ ကြိုက်ပါတယ် ဆရာမ"

"ကောင်းပြီ ဒီမှာ မိုးဟိန်းဇော် သေချာနားထောင်၊ ဟောဒီအတန်းကရော တစ်ကျောင်းလုံးမှာ ရှိရှိသမျှရော၊ ကောင်မလေးတွေကို ကြိုက်တယ်တို့၊ ယူမယ်တို့ နောက်ဘယ်တော့မှ မပြောနဲ့၊ ကောင်လေးတွေကိုလဲ မပြောနဲ့၊ နောက်ထပ်ပြောသံကြားရရင် မင်းကို အမှုန့်ကြိတ်စက်ထဲ ထည့်ပြီး တစ်ကိုယ်လုံးကို အမှုန့်ကြိတ်ပစ်မယ် ဘာမှတ်လဲ၊ မောင်လှဆိုင်က အမှုန့်ကြိတ်စက်ကို မြင်ဘူးတယ်မဟုတ်လား"

မိုးဟိန်းဇော်လေး မျက်ရည်တောက်တောက်ကျပေပြီ။ သားသမီးချင်း ကိုယ်ချင်းစာနာ သံနားသော်လည်း သည်အချိန်မှာ အလျှော့ပေးလိုက်ရင် သနားရာမရောက်၊ ချစ်ရာမကျ ဖြစ်ပေလိမ့်မည်။

"တိတ် မျက်ရည်တွေသုတ်၊ အသံကို မျိုချ၊ နောက်ကို ပြောဦးမှာလား"

"မပြောတော့ပါဘူးဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



"သွား ကိုယ့်နေရာမှာ ကိုယ် ငြိမ်ငြိမ်လေးထိုင်နေ၊ စကားမ
မနေနဲ့၊ ဟော့ . . . အားလုံး နားထောင်ကြစမ်း၊ မင်းတို့အားလုံး တ
ယောက်နဲ့တစ်ယောက် ချစ်တယ်တို့၊ ကြိုက်တယ်တို့၊ ယူမယ်တို့ မပြေ
ကြရဘူးနော်၊ ပြောသံကြားရရင် ဆရာမကိုလာတိုင်၊ လာတိုင်တဲ့သူ
ဆုချမယ်၊ ပြောတဲ့သူကိုတော့ အမှုန့်ကြဲတ်စက်ထဲမှာ ထည့်ကြိတ်ပစ်မယ်
အားလုံး ကြားကြလား"

"ကြားပါတယ် ဆရာမ"

"ကဲ အားလုံး မြန်မာ ဖတ်စာအုပ်ကိုဖွင့်၊ မနေ့က တက်ပေးလို
တဲ့ သင်ခန်းစာကို ညီညီညာညာဆိုကြ"

*"ပန်းပန်ထားပါ*
*ဘယ်ကပန်းလဲ*
*ရေကန်နားကပန်း*
*ငန်းဆန်းရဲ့လား*
*လန်းလန်းဆန်းဆန်း ကုံကော်ပန်း"*

www.burmeseclassic.com

www.burmeseclassic.com



မူလတန်းကလေးများထဲတွင် ယခုမှ ကျောင်းနေစအရွယ် သူငယ်တန်းကလေးများသည် ကိုင်တွယ်ရ အခက်ဆုံးဖြစ်သည်။ မိခင်၏ မျက်ကွယ်သို့ စတင်ဝင်ရောက်ချိန်ဖြစ်ရာ မိမိကိုယ်မိမိ အားကိုးချင်သော စိတ်ဓာတ်ရှိလာအောင်၊ ဖွဲ့သတ္တိရှိလာအောင်၊ ကျောင်းသူကျောင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးစိတ် ရှိလာအောင် စသဖြင့် ကလေးများ၏ စိတ်ထားကလေးများ ဖြူစင်လှပလာစေရန်အတွက် ဆရာမများမှာ အစွမ်းကုန်ပြုစုပျိုးထောင် ကြရလေသည်။ ကေးရီထင်ပါသည်။ ကလေးများသည် မူလတန်းမှာကတည်းက အစစအရာရာ အခြေခံကောင်းသွားပါမှ သူတို့လေးများ၏ ဘဝတစ်လျှောက်လုံး အောင်မြင်မှုများ ရရှိသွားနိုင်ပါသည်။

တစ်မနက်ခင်းလုံး အော်ဟစ်စာသင်ခဲ့ရ၊ ပြဿနာရှင်းပေးခဲ့ရနှင့် မောပန်းသမျှတို့ကို မုန့်စားလွှတ်ချိန်လေး ရောက်မှ ခေတ္တအမောဖြေရသည်။ စာဆက်သင်နိုင်ရန်အတွက် အားသစ်မွေးရသည်။

ပါလာသော ထမင်းချိုင့်လေးကို ဖွင့်၍ မောင်ငြိမ်းအေးနှင့်အတူ သားအမိနှစ်ယောက် စားရန်ပြင်ဆင်နေဆဲမှာ တစ်ဘက်ခန်းမှ ဆရာမကြီးဒေါ်အေးကြင်စိန် နှင့် ဒေါ်အောင်သန်းစိန်တို့လည်း ထမင်းဘူး ကိုယ်စီနှင့် ရောက်လာကြသည်။ စားရင်းသောက်ရင်းနှင့် တပည့်များ၏ ပညာရေးအခြေအနေများကို ဆွေးနွေးကြသည်မှာ ထုံးစံဖြစ်သည်။

"ဟော . . ."

www.burmeseclassic.com

www.burmeseclassic.com



မြင်နေကျ မြင်ကွင်းဖြစ်သော်လည်း သည်နေ့အတွက် ထူးခြားနေသည်။ ကေးရီသည် စားလက်စ ထမင်းပင် တို့ကနဲ ရပ်သွားခဲ့ရသည်။ ပြီးမှ ဖြည်းဖြည်းချင်းစားကာ အတွေးဝင်နေမိသည်။

အင်း . . . ဇာခြည်နဲ့ မိုးဟိန်းဇော်တို့ ထမင်းအတူတူစားနေကြပါလား။ ဇာခြည့်အမေက အနားမှာထိုင်ပြီး ဂရုတစိုက်နဲ့ ကျွေးနေတယ်။ မိုးဟိန်းဇော်အိမ်ကလာတာ တစ်ခါမှ မတွေ့ဖူးဘူး။ ဘယ်လိုပါလိမ့်။ ပြီးတော့ ဒီကလေးမျက်နှာကလည်း အမြဲတမ်း ညှိုးနေတာပဲ။ ဆော့ကစားနေတာရယ်လို့လဲ သိပ်မတွေ့ဘူး။ ဇာခြည့်ကို ကြိုက်တယ် ယူမယ်ဆိုပြီး သူပြောတာကို စသိသိချင်းတော့ ဒေါသဖြစ်မိတယ်။ တင်မိုးလှိုင်ရော မောင်ငြိမ်းအေးရောပါ ယူမှာဆိုတော့ သူဘာကို ဆိုလိုတယ်ဆိုတာ ချက်ချင်း နားလည်လိုက်တယ်။ ဒါပေမယ့် ဒီလိုလူကြီးစကားတွေကို နောက်မပြောတော့အောင် ကြိမ်းလိုက်ရတာပဲ။

အတွေးစတို့ကို ဆရာမ ဒေါ်အေးကြင်စိန်၏ အသံက ဖြတ်တောက်လိုက်သည်။

"ဘယ်လိုလဲ၊ ဒေါ်ဗိုက်၊ ငေးလှ ငိုင်လှချည်လား"

ကိုယ်ဝန်ငါးလကျော် လွယ်ထားရသော ကေးရီကို နောက်ပြောင်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ ကေးရီက မနက်က ပြဿနာကို ပြောပြလိုက်သည်။ အပျိုကြီးဒေါ်အောင်သန်းစိန်က ရင်ဘတ်ဖိ၍ . . .

"အမယ်လေး . . . "လေး . . . ၊ ဒီအရွယ်တွေက ဒီစကားတွေ ပြောတတ်နေပြီလား၊ နောက် မပြောတော့အောင် နားနားလေး ဆွဲလိမ် မပစ်လိုက်ဘူးလား၊ ကေးရီရဲ့ . . . " ဟုဆိုသည်။

"အင်း . . . ကျွန်မလဲ ပထမတော့ ဒေါသထွက်သွားမိသေးတယ်။ ဒီစကားအဓိပ္ပါယ်ကို ဘာမှန်းညာမှန်းမသိဘဲ၊ လူကြီးတွေပြောသံကြားနဲ့ လိုက်ပြောတာလေ၊ ပြီးတော့ မောင်ငြိမ်းအေးရောယူမှာ ဆိုတော့

www.burmeseclassic.com



ကျွန်မသိလိုက်တယ်၊ သူချစ်တယ်ဆိုတာကို မပြောတတ်တာ ဆရာမရဲ့၊ ပြီးတော့လည်း ဒီကလေးက အေးဆေးလွန်းအားကြီးလို့ သတိထားနေမိတာကြာပြီ။ သူ့အိမ်ကလဲ ကျောင်းအပ်တုန်းက တစ်ခါပဲလာပြီး မနောက်ပိုင်းမလာဘူး၊ ဇာခြည့်အမေ လှိုင်ပဲ အပို့အကြို လုပ်နေတာတွေ့ရတယ်။ ဒီကလေး အကြောင်းကို လှိုင့်ကိုမေးရ ကောင်းမလားလို့ စဉ်းစားနေတာ"

သူတို့ ပြောနေစဉ်မှာပင် ဇာခြည်၏ မိခင်ဖြစ်သူ လှိုင်က ပြုံးပြုံးလေးနှင့် လှမ်းကြည့်သည်။ ဆရာမ ဒေါ်အေးကြင်စိန်က "လှိုင်ရေ ခဏလာပါဦး" ဟု ခေါ်သည်။ လှိုင်ရောက်လာသည်။ ကေးရီက အကျိုးအကြောင်းကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်သည်။ လှိုင့်မျက်နှာလေး နွမ်းသွားသည်။

"ကလေးက သနားစရာပါ ဆရာမရယ်၊ မေတ္တာငတ်နေရှာတာလေ၊ သူ့အဖေနဲ့ အမေက ကွဲနေတယ်။ ကလေးနှစ်ယောက်ကို တစ်ယောက်စီခွဲယူကြတယ်။ မိုးဟိန်းဇော်ကို သူ့အဖေက ခေါ်ထားတယ်၊ သူ့အောက် အငယ်ကောင်မလေးကိုတော့ သူ့အမေက ခေါ်သွားတယ်"

"ကလေးတွေ သံယောဇဉ်နဲ့ ပြန်ပေါင်းဖို့ ကြိုးစားသင့်တယ်ကွယ်"

"မလွယ်တော့ပါဘူး ဆရာမရယ်၊ သူ့အမေကလဲ နောက်အိမ်ထောင်ပြုသွားပြီ။ သူ့အဖေကလည်း တစ်ယောက်ပြီးတစ်ယောက်တွဲပြီး အိမ်ပေါ် ခေါ်တင်လာတာပဲ"

"ဟင် . . . သူ့မိဘတွေက ဘာမှ မပြောဘူးလား"

"နိုင်မှ မနိုင်တော့တာ၊ သားလူဆိုးကို ပေလယ်ပျက် ထားလိုက်တော့တယ်။ လူကြီးကို မုန်းတော့ ကလေးကိုလည်း ပစ်ထားလိုက်ကြတာပေါ့"

"အို . . . မဟုတ်တာ . . . ကလေးမှာ အပြစ်ရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အိမ်နဲ့ လှိုင်တို့အိမ်က မျက်စောင်းထိုးဆိုတော့ ဒီကလေး ဖြစ်နေပုံကို အားလုံး သိနေတယ်။ ကလေးက သူ့အမေနဲ့ သူ့ညီမလေးကို လည်းလွမ်း၊ အိမ်မှာအတူနေရတဲ့ အဖေကလည်း ဂရုမစိုက်၊ အဘိုးအဘွား နဲ့ အဒေါ်တွေကလည်း မြင်လိုက်တာနဲ့ ဆူတာပဲဆိုတော့ ကလေးက တဖြည်းဖြည်း အားငယ်လာတာ၊ အရင်ကဆို ဒီကလေးသိပ်သွက်တာ ဆရာမရဲ့။ လှိုင်ကလေ ကြားထဲကနေ သနားတာနဲ့ ကျောင်းသွားကျောင်း ပြန်လည်း စောင့်ခေါ်၊ ကျွေးစရာရှိလည်းကျွေး ဆိုတော့ လှိုင်တို့ သားအမိ ကို သူချစ်တယ်လေ"

သည်လိုသိလာရသောအခါ ကလေးကို ရက်စက်စွာဆူခဲ့ခြင်း အတွက် ကေးရီ စိတ်မကောင်းဖြစ်ရတော့သည်။ အတန်းထဲမှာ မိုးဟိန်း ဇော်လေးသည် အမည်နှင့် မလိုက်စွာပင် အေးဆေးသည့်အတွက် အခြား ကလေးများက အနိုင်ကျင့်ချင်ကြသည်။ မိုးဟိန်းဇော် အနားတွင် ဇာခြည် တင်မိုးလှိုင်နှင့် မောင်ငြိမ်းအေးတို့ကိုသာ အမြဲတွေ့ရသည်။ မောင်ငြိမ်း အေးနှင့်တော့ မိုးဟိန်းဇော်က အတူတူကစားသည်။ မျောက်ရှုံးအောင် ဆော့သော မောင်ငြိမ်းအေးက အခြားကလေးများနှင့် သွားရောက်ကစား နေချိန်ဆိုလျှင် မိုးဟိန်းဇော် တစ်ယောက်တည်း ငြိမ်ငြိမ်လေး ထိုင်နေသည် ကိုသာ တွေ့ရတတ်သည်။ သည်လိုကလေးထံမှ မမျှော်လင့်သော စကား ကိုကြားရသဖြင့်လည်း ပို၍ဒေါသထွက်ခဲ့ရခြင်း ဖြစ်သည်။ ယခုတော့ . . .

"ဩော် . . . ကလေးရယ်"

မိဘအရိပ် တစ်ခြမ်းပဲ့နေရှာသော၊ ရှိသည့်အရိပ်တစ်ခြမ်းကော လည်း အေးမြမှုမရှိသော မိုးဟိန်းဇော်လေး၏ ရင်ထဲမှ ခံစားရမှုများကို ထပ်တူထပ်မျှ ခံစားလိုက်ရသည်။ ကေးရီ၏ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွား ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကနဲဆို တင်မမကို သတိရသွားသည်။ တင်မမသည် ကားရီ ဘိုကလေးဆရာအတတ်သင် သိပ္ပံကျောင်း တက်ခဲ့စဉ်က ဆုံတွေ့ ရသော သူငယ်ချင်းဖြစ်သည်။ တစ်ခေါင်တည်းမှာ ခုတင်ချင်း ကပ် လျက်နေခဲ့ရသည်။

တင်မမမှာ ထူးခြားသော အကျင့်တစ်ခု ရှိသည်။ အိပ်ရာဝင်ပြီ ဆိုလျှင် စောင်မှ အမွေးများကို နုတ်လိုက်ရမှ အိပ်ပျော်လေ့ရှိသူဖြစ်သည်။ အမွေးပွသော စောင်ကိုသာ သုံးသည်။ သင်တန်းကာလ တစ်နှစ်အတွင်း စောင်လေးထည်တိတိ အမွေးတုံးသွားခဲ့ရသည်။ ကျောင်းပိတ်ရက် အိမ် ပြန်တိုင်း အမွေးကတုံးစောင်နှင့် စောင်အသစ်ကို လဲယူလာလေ့ရှိသည်။ ထမတော့ သူ့ အကျင့်ကို သတိမထားမိခဲ့။ သို့သော် အိပ်ယာမှထတိုင်း သူ့ဆံပင်များ အင်္ကျီများပေါ်မှာ စောင်အမွေးများ ကပ်နေသည်ကို တွေ့ရ ၍များ၍ မေးသောအခါမှ သူပြောပြလေသည်။

တင်မမလည်း မိဘအရိပ် တစ်ခြမ်းပဲ့ နေရှာသူဖြစ်သည်။ သူ နှစ်သမီးအရွယ်မှာ ဖခင်က နောက်အိမ်ထောင်ပြုသွားသည်။ သူ့တို့ကို ပြန်လှည့်မကြည့်စတမ်း ပစ်ခွာစွန့်ထွက်သွားလေသည်။ တင်မမက အငယ် ဆုံးသမီးပီပီ မိဘနှစ်ယောက်ကြားမှာ အိပ်ရသည်။ ဖခင်ကြီးက ရင်ခွင်ထဲ မှာ ဖက်ထား၍ ချော့သိပ်ခဲ့ရသည်။ ဖခင်ကြီး၏ ရင်ဘတ်မွေးများမှာ သည်။ တင်မမလေးက ဖခင်ကြီး၏ ရင်ဘတ်မှ အမွေးများကို ဆွဲယူ တ်သပ်ကစားရင်းနှင့် အိပ်ပျော်သွားလေ့ရှိသည်။ ဖခင်ကြီး ထွက်သွား ာစတွင် တင်မမအတွက် အိပ်မပျော်ညများစွာ ရှိခဲ့ရသည်။ ဖခင်ကြီး အိပ်ရာမှာ ကွက်လပ်ဖြစ်နေသည်ကို ကြည့်၍ မိခင်ကြီး မသိရအောင် ကျိတ်ငိုခဲ့ရသော အဖြစ်တို့ များစွာ ရှိခဲ့ရသည်။

ဖခင်ပျောက်ဆုံးသွားခဲ့ရသော တင်မမအတွက် အမွေးပွ စောင်များသည် ဖခင်ကိုယ်စား အစားထိုးနေရာယူခဲ့ကြသည်။ ဖခင်ကြီး၏

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ဖမွှးနုလေးများအစား စောင်မှ အမွေးလေးများကို ဆွဲယူနုတ်ကာ အလွမ်းဖြေလာခဲ့ရသော တင်မမလေးသည် ဖခင်ပြန်လာလေဦးမလား ဟူသော မျှော်လင့်ချက်လေးနှင့် အသက်ရှင်နေရသူဖြစ်သည်။

"ဟယ် . . . တင်မတို့ အဖေက လုံးဝမှကို ပြန်မလာတော့ဘူးလား . . ."

"ဟုတ်တယ် . . . သတင်းတွေတော့ ကြားနေရပါတယ်။ နောက် အိမ်ထောင်နဲ့ ကလေးတွေတောင် ရနေပြီတဲ့။ တင်မ ဆုတောင်းပါတယ်။ အဲဒီကလေးတွေလဲ တင်မလို အဖေပျောက် ဝေဒနာ မခံစားကြရပါစေနဲ့လို့ . . ."

"အိုကွယ် . . ."

"မိဘတွေဟာလေ သားသမီးတွေရဲ့ ခံစားမှုကို မေ့ထားကြတယ်။ သူတို့ ဘဝသာယာရေးအတွက် တစ်ချစ်ပြီးတစ်ချစ် ပြောင်းချင်ကြတယ်။ ထူထောင်ပြီးသား အိမ်ထောင်ကိုတော့ တည်မြဲအောင် သာယာအောင် မကြိုးစားချင်ကြဘူး။ တင်မလေ . . အစစအရာရာ သိပ်အားငယ်တာပဲ၊ ဘာပဲလုပ်လုပ် ဘယ်သူနဲ့ပဲ ယှဉ်ယှဉ် အမြဲမဝံ့မရဲ ဖြစ်ရတယ်။ မိကွဲဖကွဲ နေလာခဲ့ရတဲ့ ကလေးတိုင်း တင်မ လိုပဲလား မသိနော်"

တင်မ၏ မေတ္တာငတ် ဝေဒနာသည် ကေးရီ၏ ရင်ထဲသို့ ထိရှကူးစက်ခဲ့ရသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . . ဖြိုး။

ဖြိုးအဖြစ်က တစ်မျိုးဖြစ်သည်။ မိစုံဖင်နှင့် အတူတကွ နေရပါ သျှက်နှင့် ဖခင်၏မေတ္တာကို အပြည့်အဝ မရရှိခြင်းဖြစ်သည်။ ဖြိုး၏ဖခင် က မိုးလင်းသည်နှင့် အရက်နှင့် မျက်နှာသစ်နေသူ၊ ရှာဖွေ၍ ရသမျှအား သုံးကို အရေဖျော်ပစ်သူ၊ လူမမာသည် ဇနီးနှင့် သားသမီးများမှာ မဝရေ စာနှင့် ဒုက္ခရောက်နေကြသည်ကို လျစ်လျူရှုထားရက်သူ ဖြစ်လေသည်။ မိသားစု ခုနစ်ယောက်၏ တာဝန်ကို ဖြိုး၏ ကျောင်းဆရာမ လစာလေး နှင့် မနိုင်ဝန်ထမ်းထားရရှာသည်။

"ကေးရီရယ် ဖြိုးတော့လေ ဒီတစ်သက် အိမ်ထောင်မပြုတော့ ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဖေဖေ့လို အရက်သမားယောကျ်ားမျိုးနဲ့ တွေ့ မှာ ကြောက်တယ်ကွယ်"

"ယောကျ်ားတိုင်းမဟုတ်ပါဘူး ဖြိုးရယ်၊ ကြောက်တတ်ရန်ကော"

"ကြောက်ရတယ် ကေးရီရဲ့၊ မိသားစု ချမ်းမြေ့သာယာရေးကို သာ အဓိကထားတတ်တဲ့ ယောကျ်ားမျိုးကတော့ ရှိတော့ရှိတယ်၊ ရှား တယ်ပေါ့ကွယ်။ အနှဖတွေအမေတွေ ပြဿနာဖြစ်ကြရင် ကြားထဲက မြေစာပင်တွေက ဖြိုးတို့လို သားသမီးတွေပဲပေါ့။ ကေးရီတို့အ[illegible] သောက်မစားနဲ့ မိသားစုကိုလည်း ဂရုစိုက်တဲ့ ချစ်ခင်သူဆိုတော့ [illegible] ဝဒနာကို နားလည်ပါ့မလားမသိဘူး။ ဖြိုးလေ အမေနဲ့အမေ[illegible] ချစ်ချစ်ခင်ခင်ရှိပြီး မောင်နှမတွေ ပျော်ပျော်ရွှင်ရွှင် စည်းစည်း[illegible]

www.burmeseclassic.com



နဲ့ ရှိကြတဲ့မိသားစုလေးထဲမှာ ဘာလို့ လူမဖြစ်ခဲ့တာလဲ မသိဘူးနော်"

"ဪ . . . သူငယ်ချင်းရယ် . . ."

ယခု မိုးဟိန်းဇော်။

မိုးဟိန်းဇော်၏ မေတ္တာငတ်ဝေဒနာသည်လည်း ကေးရီ၏ အနက်ရှိုင်းဆုံးသော ရင်ထဲတစ်နေရာမှနေ တစစ်စစ်မြည်အောင် ခံစား နေရပါလေသည်။

ဇာခြည်၊ တင်မိုးလှိုင် နှင့် မောင်ငြိမ်းအေး တို့သည် မိုးဟိန်းဇော် ကို ချစ်ခင်ကြသည်။ အခြားသူများကဲ့သို့ အနိုင်မကျင့်။ ကြင်နာစွာနှင့် အတူစား အတူကစားကြသည်။ ထို့ကြောင့် မိုးဟိန်းဇော်က ထိုသုံးယောက် ကို ချစ်သည်။ သူ့ရင်ထဲက အချစ်ကို သူမပြောပြတတ်။ သူသိသည်က သူ့ဖခင်သည် မိန်းကလေးတစ်ယောက်ပြီး တစ်ယောက်ကိုတွဲ၍ အိမ် ပေါ်သို့ ခေါ်တင်လာနေခြင်းပင်။ သားကြီးလာရင် ဖေဖေ့လို မိန်းမတွေ အများကြီးယူနော် ဟူ၍ပင် သင်ပေးသေးလား မပြောတတ်ပေ။

လှိုင်ပြောပြသော မိုးဟိန်းဇော်၏ ဘဝကို နားထောင်နေရင်း မေတ္တာငတ်နေကြရှာသော ဝေဒနာရှင်များကို အစဉ်လိုက် တွေးသွား ခဲ့သည်။

မိုးဟိန်းဇော်လေးကို အကြင်နာ မျက်ဝန်းများနှင့် လှမ်းကြည့် မိသည်။ အနားတွင် မောင်ငြိမ်းအေးကိုပါ မြင်လိုက်ရသည်။ စားပွဲမှ မည် သည့်အချိန်က ထသွားမှန်းပင် မသိလိုက်။ မောင်ငြိမ်းအေးသည် လက်ထဲ မှ အီကလဲမုန့်ကို မိုးဟိန်းဇော်လေးကို ကျွေးနေသည်။ မိုးဟိန်းဇော်က မုန့်ကို မယူသေးဘဲနှင့် ကေးရီကို လှမ်းကြည့်လာသည်။ သူ့ဆရာမ လှမ်းကြည့်နေကြောင်းကို သိသောအခါ မျက်နှာလေးငယ်သွားပြီး မောင် ငြိမ်းအေးကို ခေါင်းယမ်းပြလိုက်သည်။ မောင်ငြိမ်းအေးကပါ သူ့မိခင်ကို လှမ်းကြည့်ပြီး မျက်နှာလေးငယ်သွားလေသည်။ မိုးဟိန်းဇော်နား မသွား

www.burmeseclassic.com

www.burmeseclassic.com



စကားမပြောရ၊ အတူတူမဆော့ရဟု မိခင်ဖြစ်သူက ကြိမ်းထားသည် မဟုတ်ပါလား။

ကေးရီသည် ဤသို့ ပြောခဲ့ခြင်းမှာ ဆရာမဖြစ်ပြီး တပည့်များအပေါ် ခွဲခြားခြင်းမဟုတ်။ မိမိသားကို ရိုင်းစိုင်းသောသူနှင့် မပေါင်းစေလိုခြင်း ဆန္ဒစော်သွားသည့် မိခင်မေတ္တာနှင့် ဖြစ်သည်။

မိုးဟိန်းဇော်၏ ဘဝကို ကေးရီ နားလည်ပြီ။

မိုးဟိန်းဇော်၏ ရင်ထဲကို ကေးရီ မြင်နေရပြီ။

သည့်ပန်းလေး လန်းဆန်းလာစေရန်အတွက် ကေးရီ ပြုစုပျိုးထောင်ပေးရပါဦးမည်။

"မိုးဟိန်းဇော်ရေ ... သားလာပါဦး"

ကေးရီက အပြုံးမျက်နှာ သာယာညင်းသွဲ့သော အသံလေးနှင့် ခေါ်လိုက်သည်။ ထုံးစံအတိုင်း မိုးဟိန်းဇော်လေးသည် မဝံ့မရဲနှင့် ရောက်လာကာ မျက်လွှာလေးချ၍ လက်လေးပိုက်ကာ ရပ်နေသည်။

သည်နေ့ အိမ်က အီကလဲမုန့်လေးခု ထည့်လာသည်။ ဆရာမကြီးနှစ်ယောက်နှင့် သူတို့သားအမိအတွက် ယူလာခြင်းဖြစ်သည်။ ဆရာမကြီးနှစ်ယောက်ကို မုန့်တစ်ခုစီပေးလိုက်ပြီးနောက် သူ့အတွက် ကျန်သောမုန့်တစ်ခုကို မိုးဟိန်းဇော်လေးအား ပေးလိုက်သည်။

"သား ... နောက်ကို ဘယ်ကောင်မလေးကိုမှ ကြိုက်တယ်ယူမယ်လို့ မပြောရဘူးနော်၊ အားလုံးဟာ မောင်နှမတွေလိုပဲ ချစ်ချစ်ခင်ခင်နေရမယ်၊ ဆရာမပြောတာ မှတ်ထားနော်၊ ကဲ ... သွားတော့၊ သွားတော့၊ မောင်ငြိမ်းအေးနဲ့ အတူတူကစား၊ အတူတူစား၊ ဇာခြည်နဲ့ တင်မိုးလှိုင်တော့ မရှိကြတော့ဘူး၊ အပြင်မှာ ဖန်ခုန်တမ်း ကစားနေကြပြီနဲ့တူတယ်"

မုန့်လေးယူ၍ ပြုံးရွှင်စွာ ထွက်သွားသော မိုးဟိန်းဇော်လေးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ရင်မှာ အတိုင်းမသိ ကြည်နူးသွားရသည်။

ဆရာမကြီးနှစ်ယောက်ကလည်း သူတို့ မုန့်နှစ်ခုကို ပြန်လည်မျှဝေ၍ ကေးရိကို ကျွေးလေသည်။

ခဏကြာသော် ကျောင်းတက်ခေါင်းလောင်းသံကို ကြားရသည်။ ဆရာမကြီးများလည်း ကိုယ့်အတန်းကို ကိုယ်ပြန်သွားကြသည်။ ကလေးများလည်း အတန်းထဲသို့ ပြန်ဝင်လာကြသည်။ ကလေးများ၏ စာအံသံတို့လည်း ကျောင်းလေးထဲမှာ ပျံ့လွင့်ထွက်ပေါ်လာပါသည်။

*"ပန်းပန်ထားပါ*
*ဘယ်ကပန်းလဲ*
*ရေကန်နားကပန်း*
*လန်းဆန်းရဲ့လား*
*လန်းလန်းဆန်းဆန်း ကုံကော်ပန်း"*

"ကလေးတွေဆိုတာ ပန်းလေးတွေလိုပါပဲ၊ ဒီပန်းလေးတွေ ပိုးမွှားဒဏ်က ကင်းဝေးပြီး ငွားငွားစွင့်စွင့်နဲ့ လှပစွာ ဖူးပွင့်လာစေဖို့က ရေခံမြေခံကောင်းဖို့နဲ့ ပြုစုပျိုးထောင်မှု ကောင်းဖို့လိုတယ်၊ လက်ဦးဆရာ မိဉ်ထိုက်စွာ ပုဏ္ဏာစရိယ မိနဲ့ဖ ဆိုသလို မိဘတွေမှာ တာဝန်အရှိဆုံးပေါ့။ တာဝန်အရှိဆုံးဆိုတဲ့ လက်ဦးဆရာတွေ မကောင်းခဲ့ကြတော့လဲ . . ."

❁ ❁ ❁ ❁ ❁

စာပေလုလင်သားမဂ္ဂဇင်း
( ဒီဇင်ဘာလ၊ ၁၉၈၄ )

www.burmeseclassic.com

www.burmeseclassic.com



## သာကေးရိုးယားသူမချိုရီ

"သာကေးရိုးယားကို . . . သာကေးရိုးယားကို တစ်ကျပ်နော်"

"စိမ်းစိမ်းလေး မမရေ၊ စိမ်းစိမ်းလေး . . ."

"အနီလေး . . . ရဲရဲလေး . . . သာကေးရိုးယားကို သွားကြ ...သား . . . တစ်ယောက်မှ တစ်ကျပ်ငွေည်း ရယ်လေ"

မြန်မာပြည်ထဲရှိ ရန်ကုန်ရွှေမြို့တော်ကြီးတွင် 'သာကေးရိုးယား' ...သည့် နယ်မြေလေးရှိပါသည်ဟုဆိုလျှင် ဆိုက်ဘေးရိုးယား၊ ကိုးရိုးယား၊ ...တြီးယား၊ ယိုးဒယား တိုင်းပြည်များနှင့် နာမည်ဆင်တူသောကြောင့် ...းရသူအပေါင်း ရုတ်တရက်တွင် အံ့အားသင့်သွားကြပေလိမ့်မည်။

သာကေတသူ ချိုရီပင်လျှင် ပထမကြားရစဉ်က ကြောင်သွားမိ... မျက်မှောင်လေးကုပ်၊ မျက်ခုံးလေးတွန့်မျှ စဉ်းစားမိလိုက်သည်။ ...ယ် ...လေးက ကားနံပါတ်အနီ အစိမ်း ခွဲခြားပြောလိုက်မှပင်၊ ...ော် . . .

www.burmeseclassic.com

www.burmeseclassic.com



တို့ သာကေတတိုင်းပြည်ကြီးကို အမွှမ်းတင် ခေါ်တာပါလားဟု နားလည်ရတော့သည်။ "အင်း . . . စီးပွားရေးသမားများ လာဘ်မြင်တတ်လိုက်ကြတာ၊ လူတွေ စိတ်ဝင်စားအောင် ထွင်လဲထွင်တတ်ကြပါပေရဲ့" ဟု တွေးမိသည်။ မျက်နှာလေးက ပြုံးတုံ့တုံ့ ဖြစ်လာခဲ့ရသည်။

"လိုက်မလားကွဲ့ သာကေးရီးယားကို၊ လိုက်ကြမလားကွဲ့ သာကေးရီးယားကို"

"အစ်မရေ . . . အစ်မ၊ အနီလေးလေ၊ မလိုက်သေးဘူးလား မိုးရွာတော့မယ် အစ်မရဲ့ . . . တော်ကြာ အလှတွေ ပျက်ကုန်မှ . . ."

သဘော်သားကားဆရာတို့ကလည်း ဟစ်ကြသည်။ ကြားကားဆွဲသည့် သဘော်သားကားများမှာလည်း ပုံစံစုံလင် ထွေပြားစွာ ရှိကြသည်။

တွေးငေးနေသော ချိုရီကို ကြားကားသမားလေးက အော်ပြောသွားခြင်းဖြစ်၏။ သူပြောသွားသလိုပင် ကောင်းကင်တစ်ပြင်လုံး မိုးသားများ မည်းတက်လာလေပြီ။

တစ်ကျပ်တန် ကြားကားကို ချောင်ချိသက်သာစွာစီးသွားလျှင် အိမ်သို့ မိုးလွတ်လေလွတ် ရောက်သွားနိုင်သည်။ သို့ပေမင့် ချိုရီ မှာ တစ်ကျပ်ဆိုသည့် အတိုင်းအတာကို ကြည့်ရပါသေးသည်။ လိုင်းကားစီး၍ ပြားသုံးဆယ်သာ ကုန်မည်။ အစစအရာရာကိုပင် အကုန်အကျ နည်းစေရန် ချိုရီခမျာ တွက်ရချက်ရပါသည်။

"ကွန်ပျူတာ ဆရာတွေတောင်မှ ငါ့လောက်တွက်ရချက်ရပါ့မလားမသိ"

ချို့တဲ့ အားနည်းလှသော သူ့ဘဝကို စိတ်ပျက်အားငယ်စွာ ပြန်သည်။

တစ်ကျပ်တန် သဘော်သားကားပေါ်သို့ အလုအယက် တက်

www.burmeseclassic.com



နေကြသောသူများကို ချိုရီက အားကျသော အကြည့်နှင့် ကြည့်မောနေဆဲ မှာပင် မိုးက သဲကြီးမဲကြီး ရွာချလာသည်။ မည်မျှပင် မိုးဖြိုင်ဖြိုင်သည်း ပါစေ၊ သိမ်ကြီးဈေးမှတ်တိုင်၌ ချိုရီတို့ သာကေတအုပ်စုမှာ လျော့မသွား သည့်အပြင် တိုးလာချေသေး၏။ ချိုရီမှာ ရုံးရှေ့မှ နံပါတ်ရှစ်၊ ကိုးကား များစီး၍ သိမ်ကြီးဈေးမှတ်တိုင်တွင် ဆင်းပြီး သာကေတကားများကို စောင့်နေခြင်းဖြစ်သည်။

မိုးကလည်းသည်း၊ ကားကလည်း အလာပြတ်နေသဖြင့် ခရီး သည်များ ကားစောင့်သည့် တဲလေးအတွင်း ပြည့်ညပ်နေပေသည်။

"ဟယ် ... ဒီသေနာလေးကလဲ ... ကားမလာနိုင်ရတဲ့ ကြားထဲ ... တကျိကျိ တအီအီနဲ့"

သဘော်သသွားကား တစ်ကျပ်နား မသိဝံ့သော ချိုရီတို့ကဲ့သို့ လူတန်းစားများမှာ ကျပ်ကျပ်ညပ်ညပ်၊ ခုန်ခုန်ပေါက်ပေါက်၊ လူးလူးလိမ့် လိမ့်နှင့်ပင် လိုင်းကားများကိုပဲ အားကိုးနေရပါသည်။ ရိန်းဂျားကား စီးဖူး သူတိုင်း သိကြပေသည်။ ခေါင်မိုးပေါ်၊ ကားစက်ခေါင်းပေါ်၊ ကားဘေး နှစ်ဘက်စလုံးပေါ်တို့တွင် တို့လို့တန်းလန်းနှင့် ဆပ်ကပ်လူပဒေသာ ကသကဲ့သို့ ခရီးသည်များ လိုက်ပါကြရ၏။

သာကေတအပြန် တံတားအတက်ကွေ့ကြီး နှစ်ကွေ့ကို အား ကုန် ကွေ့မောင်းတတ်သော ကားဆရာများကြောင့် ချိုရီမှာ သံဗုဒ္ဓေဂါထာ ကို နေ့စဉ် ရွတ်မိနေရသည်။ ထိုကွေ့နှစ်ကွေ့ရောက်လျှင် ဟိုဘက်အိသွား လိုက်၊ သည်ဘက်အိသွားလိုက်နှင့် မှောက်တော့မလိုဖြစ်သော ကားကြီး ကြောင့် ခရီးသည်အားလုံး မျက်စိစုံမှိတ်ကာ ဘုရားတကြသူချည်းပင်။

ခရီးသည်များ၏ ဒုက္ခကို မစာနာ၊ဆဲ လေယာဉ်ပျံရှုံးအောင် မောင်းလာသော ရိန်းဂျားကားကြီးနှင့်ပင် ချိုရီမှာ တိုးဝှေ့စီးနင်းလိုက်ပါ ၍ ပြန်လာခဲ့ရသည်။ မှတ်တိုင်ရောက်၍ ကားပေါ်မှ ဆင်းလိုက်မှပင်

www.burmeseclassic.com

www.burmeseclassic.com



အသက်ကို တဝကြီး ရှူထုတ်လိုက်မိ၏။ တစ်နေ့တာ ဝဋ်ကျွတ်ပြန်ပြီပဲ။

သာကေတတွင်လည်း အဝတ်လေးမိုးရွာထားသည်ကို တွေ့လိုက်ရသည်။ မြို့သစ်များ၏ ထုံးစံအတိုင်းပင် မိုးရွာလိုက်သည်နှင့် ဗေကပ်သော ရွှံ့ဗွက်များက နေရာယူထားကြပေသည်။

"မမကြီး ပြန်လာပြီဟေ့ . . . မမကြီး ပြန်လာပြီ . . ."

"မမကြီးရေ ဘာပါလဲ . . ."

"ပလာတာ မှာလိုက်တာ ပါလား မမကြီး . . ."

ရွှံ့ဗွက်ထဲတွင် ဘောလုံးကန်နေကြသော ကလေးအုပ်စုထဲမှ ကလေး သုံးယောက်က ချိုရီဆီသို့ ပြေးချလာကြရင်းက လှမ်းအော်မေးနေကြ၏။

ကလေးများအနားသို့ ရောက်မလာမီပင် သူတို့ဆီမှ ရွှံ့တစ်စက်က ချိုရီကို ဦးစွာမိတ်ဆက်လာခဲ့သည်။

"ချော်လဲကုန်တော့မှာပဲ၊ ကြည့်စမ်း၊ ကိုသက်လေးနဲ့ ကိုဖြူကိုမိုးရော၊ မိုးရွာထဲ ဘယ်လောက်ကြာနေပြီလဲ၊ အအေးမိလိမ့်မယ်၊ ဟော်တော့နော်၊ မောင်မောင် ႏလးတို့ စားဖို့ မမကြီး ဘိန်းမုန့်ဝယ်လာတယ်"

"ဟင် . . . မမကြီးကလဲ ဘိန်းမုန့်ကြီး၊ တစ်ခါလာလဲ ဘိန်းမုန့် တစ်ခါလာလဲ ဘိန်းမုန့်နဲ့၊ ပလာတာ ဝယ်လာပါဆိုနေမှပဲ . . ."

"ပလာတာ စားချင်တယ် မမကြီးရဲ့ . . ."

ကလေးများက စုအောင့်၍ ဆိုကြသည့် ဘိန်းမုန့်အစား ပလာတာဝယ်လာပါ ဟူ၍ ပြောရသည်မှာလည်း သူတို့၏ နေ့စဉ်လုပ်ငန်း ထုံးစံကြီးလိုပဲ ဖြစ်နေကြသည်။ စေတနာရှိသော်လည်း မဝယ်နိုင်သော အင်အားကို သူတို့လေးများ နားမလည်ဘဲ ရှိကြသည်။

"အို . . . မောင်လေးတို့ရယ် . . ."

ချိုရီ၏ ရင်ထဲတွင် နင့်ကနဲ ဖြစ်သွားကာ ညည်းတွားမိသည်၊

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များကလည်း ဝေ့တက်လာရသည်။ ထို့ကြောင့် ရွှံ့အလူးလူးနှင့် မောင်ငယ်သုံးယောက်ကို ဘာမျှ ဆက်မပြောနိုင်တော့ဘဲ အိမ်ထဲသို့သာ ဝင်လာခဲ့ရသည်။

"သမီးကြီး မိုးတွေရွာလာပြီ၊ ခြင်း အမေ့ကိုပေး . . ."

အမေက ခြင်းရက်နေရာမှထ၍ ချိုရီကို ကရုဏာနှင့် ဆီးကြိုလိုက်သည်။ အမေ့အပြုံးလေးကို အိမ်ပေါက်ဝမှ ဆီးမြင်လိုက်ရသည်နှင့် တစ်နေကုန် ပင်ပန်းလာသမျှ ပြေပျောက်ရမြဲဖြစ်၏။

ခြင်းကို အမေ့အားပေး၍ ခြေထောက်ကို ရေဆေးရပြန်သည်။ ဘင်ဂရ ကားတိုးစီးရသောကြောင့် အမြဲတမ်း ခေါင်းက စုတ်ဖွားပုံစံဖြစ်ရသည်။ ရွှံ့ထူသော မြို့သစ်ဖြစ်သဖြင့်လည်း ဖိနပ်၊ ခြေထောက်တို့မှာ ဖုန်များ၊ ရွှံ့များ အလိမ်းလိမ်း ကပ်နေကြရသည်။

ခြေထောက်ဆေးပြီး၍ အိမ်ပေါ်သို့ ရောက်လာသောအခါ အဆင်သင့် ခူးပြီးသား ထမင်းဝိုင်းကို မြင်လိုက်ရသည်။

"အအေးမိနေလိမ့်မယ်၊ မြန်မြန်အဝတ်လဲလိုက် ချိုရီ၊ ခေါင်းတွေလဲ ရေစင်အောင်သုတ်ပစ်၊ ပြီးရင် ထမင်းလာစား၊ ပူပူနွေးနွေး အဆင်သင့်တယ် . . ."

အမေက ချိုရီကို လှမ်းပြောရင်းနှင့် အချဉ်ဟင်းအိုးကို နွှေးနေသည်။ ချိုရီလည်း မြန်မြန်အဝတ်လဲရသည်။ အိမ်ရှေ့တွင် မောင်ညီမလေးများ ဘိန်းမုန့်ဝေခြမ်း စားနေကြသံကို ကြားနေရ၏။

ထို့နောက် အမေခူးပေးထားသော ထမင်းကို စားရင်းနှင့်ပင် တစ်နေကုန် ကြုံလာခဲ့ရသမျှ ပြန်ပြောပြမည်။ နောက်ဆုံးတွင်မှ "ချိုရီကျတော့လည်း ဆင်းရဲလိုက်တာ အမေရယ်" ဟု ထုံးစံအတိုင်း ပြောနေကျစကားနှင့် အဆုံးသတ်ပေလိမ့်မည်။

အမေသည် ချိုရီတို့ မောင်နှမ ကိုးယောက်ကို အမေနှင့် လမ်းခွဲ

www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့မှစ၍ ဈေးရောင်း၍လည်းကောင်း၊ ခြင်းရက်၍လည်းကောင်း၊ စက္ကူအိတ်လုပ်၍လည်းကောင်း၊ ယိုစုံလုပ်၍လည်းကောင်း၊ ကျွေးမွေးလာခဲ့သည်မှာ ယခုအချိန်ထိပင်ဖြစ်သည်။ အဖေနှင့်အမေ အိမ်ထောင်ရေး အဆင်မပြေကြသောကြောင့် လမ်းခွဲကြချိန်တွင် သုံးဆယ့်ရှစ်နှစ်မျှသာ ရှိသေးသော ငယ်ငယ်ချောချောအမေသည် လောကဓံကို ရဲရင့်စွာ ရင်ဆိုင်ခဲ့သည်။ သားသမီးများကို စနစ်တကျပင် ထိန်းသိမ်းလမ်းညွှန်ခဲ့သည်။

ထို့ကြောင့်ချိုရီသည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကျောင်းသူဘဝ အလုပ်သမားဘဝသို့ ယောင်ချာချာနှင့် ရောက်လာခဲ့ရပေသည်။ ညီမ လေးများဖြစ်ကြသော တိုးရီနှင့် ကေးရီ တို့ကိုလည်း စက်ချုပ်ခိုင်းခဲ့သည်။ မောင်လေးငွေမောင်းကို ပုံနှိပ်တိုက်တစ်ခုမှာ အလုပ်ဝင်ခိုင်းခဲ့သည်။ ကျန် သောအငယ်ငါးယောက်ကိုတော့ ကျောင်းဆက်ထားခဲ့လေသည်။

ဆယ်တန်းကို အမှတ်ကောင်းကောင်းရအောင် ဖြေပြီး၊ ဆေး ကျောင်းတက်၊ ဆရာဝန်မကြီးလုပ်လိုက်မည်ဟူသော စိတ်ကူးယဉ်ခ[illegible] များမှာ အဖေနှင့် အမေလမ်းခွဲကြပြီးသည်နှင့် နေလာနှင်းသို့ ပျောက်ကွယ် ကုန်တော့သည်။ အလုပ်ရှာရသည့် ဒုက္ခများကြောင့် ထိုနှစ်က ဆယ်တန်း ကို ဖြေပင်မဖြေလိုက်ရတော့ပေ။

ချိုရီတို့ ရုံးသည် ပြည်လမ်းမကြီးပေါ်ရှိ ဆေးတက္ကသိုလ်လိပ်[illegible] ရှေ့မှာ တည်ရှိနေသောကြောင့် နေ့စဉ် သူနှင့်ရွယ်တူ ဆေးတက္ကသိုလ် ကျောင်းသူလေးများကို ကြည့်ကာ ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ မိမိ[illegible] ကို မကျေနပ်စိတ်များက တစ်နေ့တခြား ကြီးထွားလာခဲ့ရသည်။

"ငါ့ဘဝကိုက ဆိုးလိုက်တာနော် . . ." ဘာကိုမှ ဖြစ်ႉ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကပဲ ဖြစ်သည်။ ဗိုလ်ချုပ်ဈေးထဲသို့ ချိုရီတို့ ညီအစ်မ နှစ်ယောက် ခြင်းများ သွားသွင်းသောနေ့က ဂျူတီကုတ်ကလေး လက်မှာ ပိုက်ပြီး နားကျပ်လေး ထည့်ထားသောခြင်းကိုဆွဲလျက် ကျက်သရေတင့် နေသော ငယ်ပေါင်းသူငယ်ချင်း မြမြသိန်းကို တွေ့ခဲ့ရသည်။ ချိုရီတို့မှာ ဖြင့် ဆိုင်သွင်းရမည့်ခြင်းများ အထပ်လိုက်နှင့် ထိုးထိုးထောင်ထောင် မနိုင် မနင်းဖြစ်နေရသည်။ ရုံးနောက်ကျမည်စိုး၍လည်း မြမြသိန်းနှင့် စကား ကောင်းကောင်း မပြောနိုင်ခဲ့ပေ။ ထို့ထက်လုံလောက်သော အကြောင်း ကဖြင့် မြမြသိန်းနှင့်သူက ကျောင်းမှာ စာပြိုင်ဖက်လည်းဖြစ်ခဲ့သည်။ ဆရာဝန်ဖြစ်ရမည်ဟူသော ရည်မှန်းချက်များဖြင့် စိတ်ကူးယဉ်ထားခဲ့ကြ သူများလည်း ဖြစ်ကြ၏။

"ဩော် . . . မြမြသိန်းတောင် နောက်ဆုံးနှစ်ရောက်နေပြီ။ ငါ့မှာဖြင့် ခုထိ ခြင်းတောင်းလေးဆွဲပြီး ရုံးပြေးနေရတုန်း၊ ပလက်ဖောင်း ပေါ် လမ်းလျှောက်နေရတုန်း၊ ခြင်းရက်နေရတုန်းပါပဲလား။ နေရတာ တောင်မှ ရွှံ့ထူဖုန်ပေါ ရေရှားတဲ့ သာကေတမှာ၊ ဒါကြောင့် ကားသမား တွေကတောင် ပြောင်လှောင်ပြီးတော့ တို့ကို သာကေးရီးယား ပြည်သူတွေ တဲ့ . . ."

ဤအားငယ်သော အတွေးဖြင့် ချိုရီမှာ မျက်ရည်ဝဲလာမိသော ကြောင့် မြမြသိန်းနှင့် ချက်ချင်းလူခွဲလိုက်ရခြင်းဖြစ်သည်။

"ငါ့ဘဝကိုက ဆိုးလိုက်တာနော် . . ."

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ချိုရီက ဘဝကို မကျေမနပ်အဖြစ်တင်လိုက်ပြန်သည်။ ရန်ဖြစ်လိုက်ပြန်သည်။

"အဲဒီ အစ်မလေးက ဂျူတီကုတ် ဝတ်ထားရင် ဘယ်လောက်လှလိုက်မလဲမသိဘူး၊ ငယ်ငယ်လေးနဲ့ ဆရာဝန် ဖြစ်တော့မယ်၊ တော်လိုက်တာနော် . . ."

အရေးထဲ ညီမငယ် သက်ရီကတစ်မျိုး၊ ချိုရီက မျက်စောင်းထိုးလိုက်သည်။ ဒါကိုမသိဘဲ ညီမငယ်က စကားဆက်နေပြန်သည်။

"နော် မမကြီး . . . အဲဒီ အစ်မလေးက ကံကောင်းလိုက်တာ"

"ရှည်လိုက်တာ သက်ရီရယ် . . . တိတ်တိတ်နေစမ်းပါ . . ."

အားလုံးကို မကျေနပ်နေသော ချိုရီက စိတ်တိုစွာနှင့် ညီမငယ်ကို အော်ငေါက်လိုက်မိသည်။ ပြီးတော့မှ ဗိုတ်မကောင်းဖြစ်နေရတော့၏။ ကိုယ်က အကြီးဆုံးဆိုတော့ အခုလို အော်ငေါက်မိလျှင် ခများများ နေ့တတ်ရှာမည်မဟုတ်ပေ။

"သြော် . . . သူတို့တွေကလဲ ကြီးပဲ မကြီးနိုင်ကြတော့ဘူး"

မောင် ညီမလေးများ၏ ကျောင်းစရိတ် စားစရိတ်က တစ်နှစ်ပြီး တစ်နှစ် တက်လာခဲ့သည်။ ဒါတောင် ချိုရီအပြင် တိုးရီ၊ ကေးရီ၊ ငွေမောင်းတို့ပါ အလုပ်လုပ်နေကြသေး၏။ အိမ်မှာ အမေကလည်း ခြင်းရက်၏။ ဈေးရောင်း၏။ စက္ကူအိတ်လုပ်၏။ ကျောင်းအားသည့်အချိန်တွင် ကလေးများက အမေ့ကို ကူညီကြသည်။ ရန်ကုန်မြို့ကြီးဆိုသည်ကလည်း အိမ်ရှိလူကုန် အလုပ်လုပ်နိုင်မှ မနက်စာ ညစာ အလျဉ်မီသည် မဟုတ်ပါလား။

နာမည်ကသာ ချိုရီရီ၊ လူကဖြင့် ချိုလည်း မချို ရယ်လည်း မရယ်နိုင်သော ဘဝပါပေ။

ချိုရီ၏ ဖခတ်လမ်းလေးမှာ ငွေရှာရသော အဖေခန်း၊ အုပ်ချုပ်ရသော အမေခန်း၊ ပြုစုပေးရသော အစ်မကြီးခန်း၊ ပင်ပန်းရသော အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သမားခန်း၊ စသည်ဖြင့် အခန်းတော်တော်များများက နေရသည်။ ဘဝကို မနစ်မွန်းစေချင်သဖြင့်လည်း ဆယ်တန်းအောင်ဖို့ကို ကြိုးစားကာ ကျောင်းသူအခန်းကို က,လိုက်ရသေးသည်။

"ဘယ်သွား မလို့လဲ မချိုသဲ၊ ဆယ်တန်းဖြေဖို့ နှစ်တိုင်းပဲ"

တချို့က ချိုရီ ဆယ်တန်း မအောင်သေးသည်ကိုပင် ကဲ့ရဲ့သတင်း ဆိုကြသေးသည်။ ချိုရီများ ဆယ်တန်းဖြေမည်ဆိုလျှင် အိမ်မှာ တစ်ခုမဟုတ်တစ်ခုခုတော့ ဖြစ်တတ်သည်။ ပထမ အဖေနှင့်အမေ အိမ်ထောင်ရေးပြိုကွဲကြသောကြောင့်၊ နောက်နှစ် စိတ်ပင်ပန်းလူပင်ပန်းနှင့် အမေဖျားသောကြောင့်၊ နောက်နှစ် မောင်လေး ဆေးရုံတက်ရသောကြောင့်၊ စသဖြင့် ကြောင့်ပေါင်းများစွာနှင့်ပင်၊ ဘယ်နှစ်များကျမှာမှ လွတ်လွတ်ကင်းကင်း စိတ်ချမ်းသာစွာနှင့် ဆယ်တန်းကို ဖြေဆို အောင်မြင်ရမလဲမသိ။

"ငါ့ကံကိုက ဆိုးလွန်းပါတယ်"

ထုံးစံအတိုင်း ဘဝကို မကျေမနပ်ဖြစ်ကာ ညည်းမိပြန်သည်။

"အဖေကလဲနော်၊ ကားစီးနိုင်တဲ့ ရာထူးလေးရအောင် ပညာသင်ပေးပြီးမှ အမေနဲ့ ကွဲကြရင်ပြီးရော၊ ခုတော့ အစောကြီးကွဲရတယ်လို့ပဲ . . ."

ဒါကလည်း သူနှင့် ရွယ်တူ ကျောင်းသူလေးတစ်ယောက်သည် ရွှေဝါရောင် ကော်ရိုလာကားလေးကို ဆေးတက္ကသိုလ်နယ်မြေထဲမှ မောင်းထွက်သွားသည်ကို မြင်လိုက်မိသဖြင့် ပလက်ဖောင်းပေါ်မှ ချိုရီက ဘယ်မှာရှိမှန်းမသိသော အဖေ့ကို အပြစ်တင်လိုက်ခြင်း ဖြစ်သည်။ အဖေသည် အခြဲစ်သစ်နှင့် တိမ်နှယ်လွင့်မြူးကာ ပျော်ပါးနေမည်သာ ဖြစ်သည်။ ချိုရီတို့ကို သတိရနေအားမည်မထင်။

ခြင်းလေးဆွဲ၍ ဆေးတက္ကသိုလ် ကျောင်းတော်ကြီးဆီသို့ ဆေး

www.burmeseclassic.com

www.burmeseclassic.com



မောလျှောက်လာနေသော ချိုရီကို တအားမောင်းလာသော ကားကြောင့် လမ်းပေါ်မှ နွံ့ဗွက်များ စင်ကုန်တော့သည်။

ငိုချင်လျက်လက်တို့ ချိုရီမှာ မျက်ရည်လည်ရွဲနှင့် ရုံးရောက်လာသောကြောင့် အားလုံး အထိတ်တလန့် ဖြစ်သွားခဲ့ကြသည်။

"ဘာဖြစ်လာတာလဲ ချိုရီ၊ နင့်ကို ဘယ်သူဘာလုပ်လိုက်လို့လဲ"

"နင့်ကို ရည်းစားစကား အတင်းလိုက်ပြောလို့လား"

"ကားပေါ်က ချော်ကျလို့လား၊ တစ်ကိုယ်လုံးလဲ နွံ့ချည်းပဲ"

ဘာမှ ပြန်မပြောနိုင်။ ချိုရီက ဝမ်းနည်းပန်းနည်း ငိုလို့သာနေသည်။ စိတ်ရှိသရွေ့ အားရအောင် ငိုပြီးမှ ကားနွံ့စင်၍ ငိုကြောင်းကို ပြောပြရသည်။

"ဖြစ်မှဖြစ်ရလေ ချိုရီရယ်၊ ကားနွံ့စင်လို့များ ရှိုက်ကြီးတငင် ငိုရတယ်လို့ပဲ၊ အရူးမ . . . လန့်လိုက်ရတာ"

ရုံးသူရုံးသားအပေါင်းက ချိုရီကို ဝိုင်းဟားကြ၏။

"ရှင်တို့က ဒါပဲ သိတာကိုး၊ ချိုရီကလေ ကားလှလှကြီးစီးပြီး ဆေးတက္ကသိုလ်တက်၊ ဆရာဝန်မကြီးလုပ်ချင်တာရှင့် သိလား၊ ခုလို ပင်ပန်းတဲ့ဘဝကို စိတ်ကူးထဲတောင် မထည့်ဘူး။ ခုတော့ ရုံးတစ်မျိုး၊ ရုံးဆင်းတော့လည်း ဆေးခန်းမှာ အလုပ်ဝင်လုပ်ရသေးတယ်။ ရှင်တို့လို အိမ်ကို တိုက်ရိုက် ပြန်နိုင်တာ မဟုတ်ဘူး။ အိမ်မှာလည်းတစ်မျိုး၊ ကျောင်းမှာလည်းတစ်မျိုးနဲ့ ပင်ပန်းစိတ်ရှုပ်ရတာတွေ ရှင်တို့ မသိဘူးနော်၊ အားလုံး ဒီကောင်မ အပူချည်းပဲ"

ချိုရီက ရင်ထဲမှ အော်ဟစ် ပြောနေမိသည်။ ချေပနေမိသည်။

"ငါ့ဘဝကို မသိကြဘဲနဲ့များ . . . ဟင်း"

အားလုံးကို စိတ်တိုဒေါသဖြစ်သည်နှင့် မြန်မြန်သေချင်လိုက်တာ ဟုလည်း တွေးနေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အခုနေ ငါသေသွားရင် လောလောဆယ် သင်္ဂြိုဟ်ဖို့စရိတ်တောင် အမေ့မှာ ရှိမှာမဟုတ်ဘူး။ မောင်လေးတွေကလည်း ငယ်ကြသေးတယ်၊ ညီမလေးတွေကလဲ 'ဘာမှဆို ကြောက်တတ်ကြတယ်။ အမေ ဒုက္ခရောက် ကျန်ရစ်ခဲ့မှာ၊ ဘုရား . . . ဘုရား . . . တပည့်တော်မ မသေပါနဲ့အုံးဘုရား၊ ခုနဟာ အလကားပြောတာပါဘုရား၊ ဩော် . . . ငါ့နှယ်၊ ဒုက္ခ . . . ဒုက္ခ . . ."

ဘဝကို မကျေနပ်တိုင်း ချိုရီ၏ အတွေးများက ယောက်ယက်ခတ်နေရတော့သည်။

❀ ❀ ❀ ❀ ❀

တစ်နေ့ အင်းစိန်ရှိ အဒေါ်၏ခင်ပွန်း ခရီးထွက်သွား၍ အဖော်အဖြစ် ချိုရီသွားနေပေးရသည်။ သည်မှာပဲ မသီတာနှင့် ခင်မင်လာခဲ့ရ၏။ မသီတာက ချိုရီတို့အဒေါ် ခြေရင်းအိမ်မှ ဖြစ်သည်။

ချိုရီ ရုံးသွားချိန်ဆိုလျှင် မသီတာတစ်ယောက် မုန့်ဟင်းခါးရောင်းပြီး ပြန်လာချိန်၊ သို့မဟုတ် ကျောင်းသွားချိန်ဖြစ်သည်။

ယနေ့လည်း ချိုရီ ရုံးသွားချိန်တွင် သီတာလည်း လွယ်အိတ်ကလေးဆွဲ၍ ထွက်လာချိန်နှင့် ဆုံမိကြသည်။

"သီတာက ဖက္ကာသိုလ်မှာ ရူပဗေဒ တတိယနှစ်ဆို၊ ဟိုနေ့က အဒေါ်ပြောမှ သိရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ချိုရီ"

"မနေ့ညက မနက်သုံးနာရီလောက် တစ်ရေးနိုးလာတော့ သီတာ မီးဖိုနေတာတွေ့တယ်၊ မုန့်ဟင်းရည် ထချက်တာလား"

"ဟုတ်တယ် . . . နေ့တိုင်း သုံးနာရီ ထတာပဲ၊ ဒါတောင် စက်ရုံထဲကို ခြောက်နာရီ မရောက်နိုင်လွန်းလို့ အပြေးအလွှား လုပ်ရတာ ချိုရီရဲ့"

"ကျောင်းမီမှာ မဟုတ်ဘူးနော်"

"အင်း . . . ပြန်ကူးရတာပေါ့။ စက်ရုံထဲ မုန့်ဟင်းခါးက ရှစ်နာရီ ရှစ်နာရီခွဲဆို ကုန်ရော၊ နောက်ပိုင်းကျောင်းသွားတက်၊ မနက်ပိုင်းက လွတ်ခဲ့တဲ့စာတွေ ပြန်ကူးတယ်လေ။ သူငယ်ချင်းတွေကလဲ သီတ္တာကို သိလို့ ကူညီကြပါတယ်။ စာအုပ်ငှားကြပါတယ်။ ကျောင်းက ပြန်ရောက်တော့လည်း နောက်နေ့ဈေးရောင်းဖို့ ဈေးပြေးရ၊ ချက်ပြုတ်ရနဲ့ အားလုံးပြီးစီးမှ စာကျက်ရတာ၊ တစ်ခါ နောက်နေ့ မနက်သုံးနာရီဆို ထရပြန်ရော မုန့်ဟင်းခါးရောင်း၊ စာကျက်၊ ဈေးသွား၊ ကျောင်းသွားနဲ့ ကသီလင်တာ တော့နိုင်တာပေါ့လေ၊ ဒီလိုပဲပေါ့၊ ပညာလိုချင်တာကိုး . . ."

"အင်း . . ."

သီတာ့စကားကို နားထောင်ရင်းမှ ချိုရီက သက်ပြင်းရှည်တစ်ချက် ချလိုက်မိသည်။ သီတာ့မျက်နှာကလေးသည် လောကဓံရှစ်ပါးကို နိုင်နင်းနေသည့် သဏ္ဍာန်ဖြင့် ကြည်စင်လျက်ရှိလေသည်။ သီတာ့ မျက်နှာ ပြုံးပြုံးလေးကို ငေးကြည့်ရင်းနှင့် မေးလိုက်မိပြန်၏။

"ဒီလောက် အလုပ်ရှုပ်နေတာတောင် သီတာဖျော်နေတာပဲနော် မျက်မမြင်ဘကြီးက သီတာရဲ့ အဖေဆို့ . . ."

မျက်စိမမြင်သော အဘိုးကြီးကို ရေချိုးပေးနေသည်ကို သည်းကောင်း၊ သီချင်းတကြော်ကြော်နှင့် အဝတ်များလျှော်ဖွပ်နေသည်ကို လည်းကောင်း၊ မြင်တွေ့ရဖန်များလာသဖြင့် မိန်းကလေးတို့သဘာဝ စပ်စုမိလိုက်

www.burmeseclassic.com



သည်။

"ဟုတ်တယ်၊ အဖေပါ၊ စက်ရုံမှာ လုပ်တုန်းက ထိခိုက်လို့ မျက်စိကွယ်သွားတာလေ၊ သီတာကတော့ ကိုယ့်ဘဝကို ကိုယ်ကျေနပ်နေတာပါပဲ၊ သီတာ သိပ်နေချင်တဲ့ တက္ကသိုလ်ကို မုန့်ဟင်းခါးရောင်းပြီး နေတယ်။ စာကြိုးစားတယ်။ အဘကိုလဲ ကျေနပ်အောင်ပြုစုပေးတယ်၊ ကျောင်းကလဲ ထောက်ပံ့ကြေးရတယ်လေ။ ပင်ပန်းတယ်ဆိုပြီး၊ ညည်းနေလို့ ဘယ်သူလာကူမှာလဲ ချိုရီရယ်၊ ဒီတော့ လက်ရှိဘဝကို ရောင့်ရဲတယ်၊ ပျော်အောင်နေတယ်၊ စိတ်ကောင်းထားတယ်၊ ဒါပဲပေါ့ . . ."

ချိုရီဖြစ်ချင်လှသော တက္ကသိုလ် ကျောင်းတော်သူများထဲတွင် သီတာလို ဘဝကို ရုန်းကန်၍ ကိုယ့်အားကိုယ်ကိုးပြီး ကျောင်းတက်နေသူများ ဘယ်နှစ်ယောက် ရှိမည်နည်း။

"ဩော် . . . သီတာလေးမှာ ငါ့လို ကူဖော်လောင်ဖက် မောင်ညီမလေးတွေတောင် မရှိရှာပါလား၊ သနားပါတယ် . . ."

မိမိကိုယ်ကိုသာ ထာဝရ သနားစရာဟု တွက်ထားသော ချိုရီက ပထမဦးဆုံးအကြိမ်အဖြစ် သီတာ့ဘဝကို သနားပစ်လိုက်သည်။ ချိုရီ ပင်ပန်းဆင်းရဲသည်က အမေနှင့် ညီမလေးသက်ရီ တစ်လှည့်စီ ချက်ပြုတ်ထားသော ထမင်းဟင်းကို ခူးပြီးခပ်ပြီး အသင့်စားရသေး၏။ လျှော်ဖွပ်ပြီးသားအသင့်၊ မီးပူတိုက်ပြီးသားအသင့် ဝတ်ဆင်ရ၏။ အသင့်ပြင်ပြီးသား ခြင်းတောင်းကို ဆွဲ၍ ရုံးတက်ရ၏။

ချိုရီသည် သီတာနှင့် မိမိဘဝကို နှိုင်းယှဉ်တွေးတောမိရင်းနှင့်ပင် ရွှေစ်ကားဂိတ်ကို ရောက်လာခဲ့သည်။ ကားဂိတ်တွင် လူအုပ်ကြီးကို မြင်လိုက်ရသည်။

"တို့ သာကေးရီးယား ထက်တောင် ဆိုးပါသေးလား"

ချိုရီသည် သာကေတ၌ ရိန်းဂျားကား တိုးစီးရသည်ကို သတိရ

www.burmeseclassic.com

www.burmeseclassic.com



မိပြန်သည်။ မကြာမီပင် ဟီးနိုးကားကြီး လာနေသည်ကို မြင်ရသဖြင့် နေရာဦးရန် ထဘီကို စွန်တောင်ဆွဲ၍ အသင့်ပြင်ထားလိုက်သည်။

ကားဆိုက်သည်နှင့် ဆင်းသည့်လူ ပြီးအောင်ကိုပင် မစောင့်နိုင်အား၊ အတင်းတိုးဝှေ့ပြီး နေရာရအောင် ကားပေါ်သို့ သူထက်ငါ လုယက်တက်ကုန်ကြသည်။

ချိုရီ သီတာ့ကို သတိမရနိုင်တော့။ ထိုင်စရာနေရာလေး ရရန်အတွက် ကားပေါ်သို့ တိုးဝှေ့တက်လိုက်သည်။

"ကားပေါ်က လူကုန်အောင်စောင့်ပါ၊ ဖြည်းဖြည်းတက်ကြပါ"

လက်မှတ်ရောင်း အမျိုးသမီး၏ အသံကို မည်သူမျှ ဂရုမထားကြပေ။ ထိုင်ခုံပေါ်ဖင်ချမိလေမှ စိတ်အေးရပေသည်။ သို့မဟုတ်လျှင် ကျပ်ကျပ်ညပ်ညပ် မတ်တတ်ရပ်ကာ လိုက်ပေရော့။

"လက်မှတ်ဆုတ်ကြရအောင်ရှင်၊ ပိုက်ဆံလေးများ အသင့်ထုတ်ထားကြပါ"

ထိုင်ခုံရ၍ ပီတိဖြစ်နေသော ချိုရီမှာ ယခုမှ လက်မှတ်ရောင်း မယ်လေးကို သတိပြုမိတော့သည်။ သီတာလည်း ရှည်လျားကြီးမားသော ဟီးနိုးကားကြီး၏ မည်သည့်ထောင့်တွင် နေရာရသွားပြီမသိ၊ လက်မှတ်ရောင်းမယ်လေးက တိုးကာဝှေ့ကာနှင့် ချိုရီတို့နား ရောက်လာလေသည်။

"အို . . . ငါနဲ့ ရွယ်တူလေးပါလား"

အပြုံးလေးတဝေဝေ၊ အသံလေးတစာစာနှင့် တိုးဝှေ့လက်မှတ်ရောင်းနေရရှာသူလေးမှာ ချိုရီနှင့် ရွယ်တူလောက်ပင် ရှိပေမည်။ သနပ်ခါးပါးကွက်လေး အဖွေးသားနှင့် မျက်နှာဝိုင်းဝိုင်းလေးမှာ ချစ်စဖွယ် ကောင်းလှသည်။

သူ့ခမျာ အင်းစိန်မှ လင်းစဒေါင်း၊ တစ်ဖန် လင်းစဒေါင်းမှသည် အင်းစိန်သို့ ခရီးရှည်ကြီးကို တစ်နေ့လုံး မတ်တတ်ကြီးပင် နေရရှာပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ပါစေပ်ကလည်း တပြောတည်းပြော၊ တအော်တည်းအော်နေရဦးမည်။ ယောက်ျား မိန်းမ မရှောင် တိုးဝှေ့ လက်မှတ်ရောင်းရင်းနေရသည်။ 'သနား စရာ' ဟု ချိုရီက သနားပစ်လိုက်ပြန်သည်။

နာရီဝက်လေးမျှပင် မတ်တတ်မရပ်နိုင်ဘဲ၊ ထိုင်ခုံရဖို့အရေး အလုအယက် တိုးဝှေ့တက်မိခဲ့သော သူ့ကိုယ်သူလည်း လက်မှတ်ရောင်း သူလေးလောက်မှ ဇွဲမရှိပါလားဟု တွေးမိလိုက်သည်။ ရှက်သွားမိသည်။

လက်မှတ်ရောင်းမယ်လေးများပါသော ဟီးနိုးကားများကို အကြိမ်ကြိမ် စီးမိခဲ့သော်လည်း မိမိဘဝကိုသာ အချိန်ပြည့်သနားစရာဟု တွေးနေမိသောကြောင့် သူတစ်ပါးဘဝ အသက်မွေးဝမ်းကျောင်းကို သာတာစိတ်နှင့် တစ်ခါမျှ မစဉ်းစားမိခဲ့ဖူးချေ။

"သူ့ခမျာ ငါ့လိုဆယ်တန်းပညာလေးတောင်မှ မသင်နိုင်ခဲ့ရှာဖူးနဲ့ တူတယ်။ ပြီးကျတော့ ငါ့လို ထမင်းချက်ပြီးသားအသင့်၊ လျှော်ပြီးသား အဝတ်၊ အသင့်မှ နေရစားရပ့ါမလားမသိ၊ ချစ်စရာ မောင်လေးညီမလေး တွေနဲ့ အားကိုးစရာ ရှိပ့ါမလား"

ပထမဦးဆုံးအကြိမ်အဖြစ် ချိုရီသည် မိမိဘဝကို အကျေနပ်ကြီး ကျေနပ်သွားမိလေသည်။ မှန့်ဟင်းခါးသည်လေး သီတာနှင့် လက်မှတ် ရောင်းမယ်လေးတို့၏ ဘဝနှင့် သူ့ဘဝကို နှိုင်းစာလျှင် မိမိ၏အသက်မွေး ဝမ်းကျောင်း လက်ရှိဘဝသည် တော်ပေသေး၏ဟု ချိုရီနားလည်သွားခဲ့ သည်။

အဖေမရှိကတည်းက ဘဝကို မကျေနပ်မိနေသူလေး ချိုရီမှာ ယခုတော့ စိတ်နှလုံးချမ်းမြေ့သွားရပေပြီ။ အမြင်မှန် ရရှိသွားရပေပြီ။

ချိုရီ၏ မျက်နှာလေးမှာ ကြည်စင်နေ၍ ဟီးနိုးကားပေါ်သို့ တက်စဉ်ကကဲ့သို့ မဟုတ်တော့။ စိုက်ပျိုးရေးမှတ်တိုင်ရောက်၍ ကားပေါ်မှ ဆင်းလာသော ချိုရီတစ်ကိုယ်လုံးမှာ ပေါ့ပါးသွက်လက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ် ကအဆင်းတွင် အပေါက်ဝမှ လက်မှတ်ရောင်းမယ်လေးကို ပြုံး မိခဲ့သေးသည်။ ချိုရီ၏ အပြုံးက ဘဝကို ကျေနပ်လက်ခံသွားသူ၏ အပြုံး မျိုး၊ ကျေးဇူးတင်အပြုံးလေးဖြစ်သည်။ လက်မှတ်ရောင်းမယ်လေးက ဘုမသိ ဘမသိနှင့် ပြန်လည်ပြုံးပြလေသည်။

ဟီးနိုးကားကြီးသည် သူ့ခရီးသူ ဆက်ရန်အတွက် မောင်းနှင် သွားလေတော့သည်။

ချိုရီကလည်း မှတ်တိုင်မှ ရုံးဘက်သို့ ပြန်လျှောက်လာခဲ့သည် အားလုံး သူ့ခရီးသူ သွားကြရသူချည်းပင်။

ချိုရီအားကျခဲ့ရသော ရွှေအိုရောင် ကော်ရိုလာ သခင်မလေး သည် ဆေးတက္ကသိုလ်ကျောင်းကြီးထဲသို့ ကိုယ်တိုင်ကားမောင်း၍ ဝင်သွား သည်ကို မြင်လိုက်ရပြန်သည်။ ဆုံကြရပြန်သည်။ သို့သော် ယခင်ကကဲ့သို့ အားငယ်ခြင်းများ၊ ဝမ်းနည်းခြင်းများ ဖြစ်ပေါ်မလာတော့ပေ။

ခြင်းတောင်းကလေးဆွဲ၍ ပလက်ဖောင်းပေါ် လမ်းလျှောက်နေ ရသော်လည်း ကော်ရိုလာကားကြီး ကိုယ်တိုင်မောင်းသွားရသလိုပင် ပေါ့ ရွှင်လျက် ရှိနေသည်။ ဘဝကို မကျေနပ်သူလေး၊ ရန်ဖြစ်နေရသူလေး စိတ်ချမ်းသာသွားပေပြီ။ ရောင့်ရဲသွားပေပြီ။

သို့ဖြင့် သူ့နေရပ်နှင့် သူ့မိခင်ကို သတိရမိသွားသည်။ သာကေ မှ အမေသာ သိလျှင် . . .

"အင်းလေ . . . သာကေးရီးယားက အမေပါ၊ ငါလဲ သာကေ ရီးယားသူပေါ့၊ အဟင်း . . . ဟင်း . . . ဟင်း . . ."

ဤစိတ်ကူးနှင့် အတွေးအမြင်သစ်များကြောင့် ပျော်လာ သော ချိုရီက တစ်ယောက်တည်းပင် အသံထွက်သည်အထိ ဟက်ဟက် ပက်ပက် ရယ်မိလိုက်တော့သည်။

"ဟီး ဟိ၊ ဟုတ်တယ်၊ ငါ သာကေးရီးယားသူလေး၊ ဘာရှက်စရာ

www.burmeseclassic.com

www.burmeseclassic.com



သိလဲ၊ အဲဒါ ဘာဖြစ်သေးလဲ၊ ကိုယ့်ဘဝနဲ့ ကိုယ်ပဲပေါ့၊ နောက်ဆို ဆင်းရဲ လိုက်တာလို့ အမေစိတ်ညစ်အောင် မညည်းတော့ဘူး၊ သာကေးရီးယား က အမေရယ်၊ မောင်လေး၊ ညီမလေးတွေနဲ့အတူ အပျိုကြီး တစ်ကိုယ် ညည်း သာကေးရီးယားသူ မချိုရီပေါ့၊ ဟ် ဟီ ဟိ . . .”

ဩော် . . . ချိုရီတစ်ယောက် နာမည်နှင့် လိုက်လျောညီထွေ စွာပင်၊ သူ့ဘဝက ချိုလည်းချို ရယ်လည်း ရယ်လာရပါပြီ . . .။

❁ ❁ ❁ ❁ ❁

ငွေတာရီ
( ဖေဖော်ဝါရီလ ၊ ၁၉၈၃ )

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာပေးပါ

ချိုရီသည် မည်သို့မည်ပုံ အိမ်ပြန်ရောက်လာခဲ့ရသည်ကိုပင် မသိ နိုင်တော့။ ခြင်းတောင်းအိုလေးကို စားပွဲပေါ် သို့ ပစ်တင်ပြီး အခန်းတွင်းသို့ ဝင်ကာ အိပ်ရာထဲ၌ ငိုကြွေးမိလေသည်။ တစ်လမ်းလုံး ထိန်းလာ ခဲ့ရသော မျက်ရည်များကား ရေတံခွန်သဖွယ် တားမရ ဆီးမနိုင်ဖြစ်နေ၏။

"ဟဲ့ . . . ခြင်းတောင်းတော့ ရောက်နေပါပေါ့လား . . . လူက ဘယ်ပျောက်နေလဲ ချိုရီရေ . . ."

အမေ့အသံကြားရမှ ဝမ်းနည်းပန်းနည်း ငိုကြွေးနေသော ချိုရီ မှာ ပို၍ ကြေကွဲသွားရ၏။ ရှိုက်သံကလည်း ပို၍ ကျယ်လောင်လာခဲ့ရ

"အလို . . . ဘုရားရေ၊ ဘာဖြစ်လာလို့လဲ၊ ရင်တုန်လှိုက်တာ

တဖြည်းဖြည်း ကျယ်လာသော ချိုရီ့ငိုသံကြောင့် အမေနှင့် မီး ချောင်ကွင်းမှ ကောရီ၊ အိမ်ဆိုင်လေးထဲမှ သက်ရှိတို့ပါ အခန်းတွင်း ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

"သမီးကို ရုံးကလူတွေ ဘာပြောလိုက်ကြလို့လဲဟင် . . . ဘယ်သူစော်ကားလိုက်လဲ"

အမေက စိုးရိမ်စွာ မေး၏။

"မမကြီး ခါးပိုက်နှိုက်ခံရလို့လား ဟင် . . ."

လခထုတ်သည့်နေ့က လစာအားလုံး ခါးပိုက်နှိုက်ခံခဲ့ရသော ကေးရီက ရင်ထိတ်စွာ မေးပြန်သည်။

"ရည်းစားစကား လိုက်ပြောလို့လား မမကြီး"

မကြာခဏ စာပေးခံရ၊ စကားလိုက်ပြောခြင်းခံရသော ဆယ်တန်းကျောင်းသူ သက်ရီက ပူပန်စွာ မေးပြန်ပါသည်။ ချိုရီမှာ ပို၍ ဝမ်းနည်းလာရ၏။

"ဘာ-တွေ-ပြော-နေ-ကြ-တာ-လဲ-အဟင့် . . .၊ တစ်ခုမှ- မ-ဟုတ်-ဘူး . . ."

ချိုရီက ရှိုက်သံနှင့် ဗလုံးဗထွေး ပြန်ပြော၍ ငိုနေမိပြန်သည်။ ချိုရီကိုမေး၍ ရမည်မဟုတ်သေးမှန်းသိ၍ အားရအောင်ငိုပါစေတော့ဟု အမေ ဘာမျှ ဆက်မမေးတော့ချေ။ အားလုံးက ငိုနေသော ချိုရီကို ကြည့်၍ ငြိမ်နေကြသည်။ အတန်ကြာမှ ချိုရီအသံထွက်လာ၏။

"သိပ်ရှက်စရာ ကောင်းတာပဲ သိလား၊ လူကြီးတစ်ယောက်ပေါ့"

အမေ မျက်ခုံးများ မြင့်တက်သွားရပြီ။ ငိုလိုက် ပြောလိုက်နှင့် ချိုရီ့စကားများကလည်း ဟိုရောက်၊ သည်ရောက် လမ်းဆုံးတော့ ရွာတွေ့ဆိုသကဲ့သို့ ချိုရီ စကားများဆုံးတော့ အမေအားလုံး နားလည်သွားပေပြီ။ သမီးရင်ထဲမှ ခံစားမှုများ၊ မေတ္တာငတ်နေသော ဝေဒနာများကို သိသွားပေပြီ။ အိမ်ခေါင်မိုး မနီများကို အတန်ကြာ မော့ကြည့်နေပြီး တိုးဆိတ်စွာနှင့်ပင် အခန်းတွင်းမှ ထွက်သွားလေသည်။ ကျလုလုမျက်ရည်များကို

www.burmeseclassic.com

www.burmeseclassic.com



သမီးများ မမြင်စေချင်၍ပင် ဖြစ်မည်။ ညီမလေးများကလည်း အစ်မကြီး၏ မျက်နှာကို တစ်ချက်ကြည့်၍ ထွက်သွားကြလေသည်။

အမေနှင့် ညီမလေးများကို ဤသို့ ငြိမ်ငြိမ်အေးအေးလေးပုံစံနှင့် တွေ့ရသောအခါမှ ပို၍ပင် ယူကျုံးမရ ဖြစ်သွားရပြန်သည်။ အသက်တစ်ဆယ့်လေးနှစ်ကတည်းက မျိုသိပ်လာခဲ့ရသော ရင်ထဲမှ ခံစားမှုများကို တစ်ထိုင်တည်း တစ်ဝကြီး ပြောမိလိုက်ချေပြီ။ ပြောမိသည်ကိုပင် မှားများသွားပြီလားဟု နောင်တရနေမိပြန်၏။

"အမေ သိပ်ခံစားနေရမှာပဲ၊ သနားပါတယ် . . ."

သည်အတွေးက ချိုရီကို အငိုရပ်စေခဲ့၏။ တစ်ချိန်က အချစ်မြေမှာ ရွှက်ကြွေမလေးဖြစ်ခဲ့ရသော 'အမေခမျာ ယခုချိုရီ၏ စကားများကို ကြားရသောအခါ အပြင်ပန်းက မည်မျှပင် အေးဆေးတည်ငြိမ်ပါသော်လည်း ရင်ထဲတွင်မူ ဆောက်တည်ရာမရ ဖြစ်နေရှာတော့မည်။

ချိုရီတို့ အိမ်ကလေးသည် တရားရိပ်သာကဲ့သို့ တိတ် ဆိတ်နေ၏။ အိမ်သားလေးယောက်က တစ်နေရာစီမှာ ရှိကြသော်လည်း ရင်ထဲမှ ဝေဒနာများနှင့် မေ့ပျောက်၍ ထားခဲ့ကြရသော လူတစ်ယောက်ကို သတိရနေကြသည်ကတော့' အတူတူပင်ဖြစ်သည်။

ထိုသူသည် . . .

"အဖေ"

ချိုရီတို့ကို ပစ်ခွာထွက်ပြေးသွားသော အဖေ။ ပျားရည်နှုတ်ခမ်း ရွှရွှဆမ်းပြီး ယုန်ဇကောင်ငုံလျက် ယုန်ပုံရေးပြခဲ့သဖြင့် အဖေ့အသည်းနှလုံးမေတ္တာများကို အမေအယုံကြီး ယုံစားမိခဲ့၏။

သို့သော် ချိုရီသာမက ကေးရီ၊ သက်ရီတို့ပါ တိုးလာသည့်တိုင် တိမ်နှယ်လွင့်မြူးတတ်သော အဖေ့အတွက် အမေ့ခမျာ ဒူးနှင့်မျက်ရည်သုတ်ခဲ့သည်က အကြိမ်ကြိမ် ဖြစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ချိုရီတို့ ညီအစ်မ သုံးယောက်ကတော့ ကလေးပီပီ ဘာမျှမသိ။ စည်းကမ်းကြီးသော အမေထက် အလိုလိုက်သော အဖေကို အချစ်ပိုခဲ့ရသည်။ သမီးဦးပီပီ ချိုရီက အဖေ့အချစ်တော်ဖြစ်သည်။ သမီးများကို မဆူရက် မငေါက်ရက်ခဲ့သော အဖေ၏ အချစ်သစ်ရှာခန်းကို ချိုရီတို့ အံ့ဩခဲ့ရ၏။ အဖေသည် ချိုရီတို့ကို ရက်စက်စွာ စွန့်ပစ်ထားခဲ့ကာ အိမ်ထောင်သစ် ထူထောင်သွားခဲ့၏။

အမေနှင့် မည်မျှပင် မပြေမလည် ဖြစ်ပါစေ။ ချိုရီတို့ သားသမီးများကို ထောက်ထားဖို့တော့ လိုပေသည်။ ယခုကဲ့သို့ လမ်းခွဲကြရခြင်းမှာလည်း အမေ့အပြစ်မဟုတ်။ တိမ်နှုယ်လွင့်မြူးတတ်သော အဖေ၏ ဒဏ်ကိုလည်း မခံနိုင်လွန်း၍ပင် ဖြစ်သည်။ ကလေးစရိတ် ဘာညာပင် လက်မခံတော့။ အမေသည် ပြတ်သားလွန်းလှ၏။

မာနကြီးသော ချစ်ကံမွဲအမေသည် အားကိုးရာမဲ့ သွားကြသော်ငြားလည်း အားငယ်၍ မနေဘဲ အိမ်ဆိုင်ဖွင့်၍ အခြေမပျက်နေခဲ့၏။ ဖခင်မေတ္တာနှင့် ဝေးကွာသွားရသော သားသမီးများကိုလည်း လိုလေသေးမရှိရလေအောင် စွမ်းဆောင်ဖြည့်တင်းပေးခဲ့ရှာသည်။

သားသမီးအပေါ် အနစ်နာခံသော အချစ်ပို ကြင်နာသော အမေ့မေတ္တာကို ချိုရီတို့ နားလည်ခဲ့ရပေပြီ။ အမေ့ကို စုပုံ၍ ချစ်ကြရတော့၏။

အမေစိတ်ချမ်းသာရေးနှင့် အဖေ့အကြောင်း မပြောမိကြရေးတို့ကို ချိုရီတို့ ညီအစ်မသုံးယောက် အလေးအနက်ထားကြ၏။

ချိုရီအမြဲအမှတ်ရနေသော ရင်နာနေရသော အကြောင်း[illegible]ပါသေးသည်။

အဖေထွက်သွားစက အမေ့ခမျာ မလည်မဝယ်နှင့် [illegible]ခဲ့ရသဖြင့် အရှုံးချည့်သာ ပေါ်နေခဲ့၏။ ကျောင်းဖွင့်ခိုန်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ်တွင် ချိုရီက ကိုးတန်း၊ ကေးရီက ခုနစ်တန်း၊ သက်ရီက ငါးတန်း တို့တွင် ပညာသင်ရပေမည်။

ယခင်နှစ်များကသာဆိုလျှင် ယခုလို ကျောင်းဖွင့်ချိန်တွင် အဖေသည် သမီးများကိုလက်ဆွဲ၍ ကျောင်းသို့ လိုက်ပို့မြဲဖြစ်၏။ စည်းကမ်းကြီးသော အမေမသိအောင် တိတ်တိတ်လေး မုန့်ဖိုးများ ပိုပေးတတ်သေးသည်။ ကျောင်းဖွင့်ချိန်တိုင်း အဖေဝယ်လာပေးသော ကျောင်းဝတ်စုံအသစ်ကလေးများနှင့် ချိုရီတို့ ညီအစ်မတတွေ မြူးပျော်ကြရမြဲဖြစ်၏။

ယခုမူ စားသောက်ရေးပင် ခက်နေသောကြောင့် ကျောင်းမှ နေကြရပါတော့မည်လားဟု ချိုရီတို့ တွေး၍ ဝမ်းနည်းနေမိ၏။ သို့သော် ချစ်သောအမေသည် မိန်းမသားပေမင့် ရှာဖွေကြိုးစား၍ ကျောင်းထားပေးခဲ့ပါသေးသည်။

"သမီးကြီး ချိုရီ"

တစ်နေ့ ကျောင်းအဆင်း အပေါက်ဝတွင် အဖေ့ကို တွေ့လိုက်ရ၏။ မတွေ့ရသည်မှာ ကြာပြီဖြစ်သော အဖေ့ကို ရုတ်တရက် မငမျှော်လင့်ဘဲ တွေ့ကြရသောကြောင့် ချိုရီတို့ ညီအစ်မသုံးယောက် ဝမ်းသာသွားကြ၏။ ယခင်ကအတိုင်း အဖေ့ဆီသို့ ပြေးသွား၍ လက်မောင်းကြီးကို တအားဖက်တွယ်ပြီး နွဲ့လိုက်ချင်သောဆန္ဒနှင့် ခြေလှမ်းပြင်လိုက်ကြသည်။ သို့သော် တခဏခြင်းပင် ချိုရီတို့ ခြေလှမ်းများ တုံ့ကနဲ ရပ်သွားခဲ့ရသည်။

အဖေ့မျက်နှာကို ယူကျုံးမရသော မျက်နှာငယ်လေးများဖြင့် မဝံ့မရဲသာ ကြည့်နေမိကြ၏။

"အံမယ်လေးဗျာ . . . ကြည့်နေလိုက်ကြတာ၊ ဘာလဲ သမီးတို့ အမေက အဖေ့ကို စကားမပြောရဘူးလို့များ မှာထားသလား"

အဖေ့စကားကြောင့် ချိုရီ့ရင်ထဲ ကျင်ကနဲ ဖြစ်သွားရသည်။

"ဖြစ်မှဖြစ်ရလေ အဖေရယ်၊ အဖေ့လို အမေ့မှာ ရက်စက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံး ရှိမယ်လို့များ ထင်ရက်လိုက်တာ၊ အမေက နာကျည်းနေပေမယ့် သမီးတို့ကိုတော့ အဖေ့ကို မခေါ်ရ မပြုရလို့ တားမြစ်မထားခဲ့ပါဘူး။ ဒါပေမယ့် သမီးတို့ အသိအတွေးနဲ့ ရက်စက်သွားတဲ့အဖေ့ကို မေတ္တာမပေးတဲ့အဖေ့ကို မြင်ရတော့ ဝမ်းနည်းတယ်။ အဖေရယ်လို့ အားရပါးရ ခေါ်ရတော့တာကို အရင်ကလို မနေကြရတော့တာကို ရင်ထဲ သိပ်ခံစားရတယ် . . . ခံစားရတယ် အဖေ"

ချိုရီ့ရင်ထဲ ပလုံစီနေသော စကားများမှာ လည်ချောင်းဝ၌သာ ဘင်းခံနေခဲ့၏။ အဖေ့ကို စကားပြန်မပြောမိစေရန် သတိထားနေရသည်။ ပြောမိလျှင် မချိမဆံ့ စကားလုံးများ ထွက်ပေတော့မည်။

မျက်လုံးပြူးကြီးနှင့် ကြည့်နေသော ချိုရီကြောင့် အဖေ့မျက်နှာ တစ်ချက်ပျက်သွားသည်။ အဖေဘယ်လို တွေးမိမည် မသိနိုင်။

"သမီးငယ်တို့ . . . အဖေ့ဆီလာပါအုံး၊ မုန့်သွားစားကြရအောင်နော် . . ."

ချိုရီဆီမှ စကားပြန်မရသောအခါ အဖေသည် ညီမငယ်များဘက် လှည့်လိုက်ပြန်၏။ ကေးရီနှင့် သက်ရီတို့မှာ အဖေနှင့် ချိုရီ့မျက်နှာတို့ကို မျက်နှာငယ်လေးများနှင့် ငိုမဲ့မဲ့ကြည့်နေကြရှာသည်။

"နဲနဲလေးနောက်ကျတာနဲ့ အမေက တအားစိတ်ပူတာ၊ အမေ မျှော်နေလိမ့်မယ်"

အဖေ့အား ပြောသလိုလို၊ ညီမငယ်များအား ပြောသလိုလိုနှင့် ချိုရီ့အသံတုန်တုန်လေး ထွက်လာသည်။

တကယ်တော့ အဖေ့လက်မောင်းကြီးကို တွဲဖက်၍ စကားတွေ တွဝကြီးပြောချင်ပါသည်။ အဖေကျွေးသော မုန့်များကို ဗိုက်ကား အောင့်ရအောင် စားပြချင်ပါသည်။ သို့သော် ယခင်က ချိုရီ့အဖေနှင့် ယခု ဤအဖေသည် များစွာခြားနားသွားပြီ ဖြစ်သောကြောင့် ချိုရီ့ရင်ထဲ ဆို့နင်

www.burmeseclassic.com



နေမိ၏။ အဖေ့စကားများကို ငြင်းဆန်နေမိပြီးလည်း ရင်ထဲတွင်မူ အဖေရယ် အဖေရယ် နှင့် တတမ်းတတ တသသ ခံစားနေမိ၏။

လက်ဖျော့တွင်မူ ကလေးနှစ်ယောက်၏ လက်များကို ခပ်တင်းတင်းဆုပ်၍ အိမ်ဘက်သို့ ခြေလှမ်းပြင်လိုက်မိတော့သည်။ အဖေ့သတင်းပြင်း ချသံကို ကြားလိုက်ရပါသည်။

"သမီးတို့ကို မုန့်ကျွေးချင်လွန်းလို့ စကားပြောချင်လို့ အဖေလာခဲ့တာပါ သမီးရယ်၊ 'သမီးတို့အမေ မျှော်နေမယ်ဆိုလဲ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့"

အဖေက သက်ရှိပုခုံးကိုဖက်ကာ ပါလာခဲ့သည်။ သမီးကြီး အချစ်ဆုံးအဖေ၊ ချိုရီ့အသည်းကျော်အဖေ၊ ဤအဖေ အမေတို့နှင့် တစ်သက်တာလုံး ပျော်ရွှင်စွာ နေသွားချင်သော်လည်း ချိုရီတို့အား ပစ်ခွာထားခဲ့သည်။

အမေနှင့် လမ်းခွဲကြပြီးသည့်နောက်ပိုင်းယခု တစ်ကြိမ်သာ သစိမ်းဆန်သော အပြုအမူနှင့် လာရောက်ဆုံတွေ့နေသော ဖခင်ကြောင့် ဝမ်းနည်းစိတ်များက လှိုက်တက်လာ၍ မျက်ရည်ဝေခဲ့ရပေပြီ။

"သမီးတို့အတွက် ကျောင်းစရိတ် ငွေငါးရာ လာပေးတာ၊ သမီးကြီး ယူသွားနော်၊ အမေ့ကို ပေးလိုက် . . ."

"ငွေငါးရာ . . ."

ရင်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်၍ အဖေ့မျက်နှာကို တစ်ချက် ဖြတ်ကနဲကြည့်ပြီး ငွေထုပ်ကိုင်ထားသော အဖေ့လက်ဆီသို့လည်း မျက်စိက ရောက်သွားရသည်။

ချိုရီတို့ကို ကျောင်းထားပေးရသဖြင့် ပင်ပန်းရှာသော အမေ့မျက်နှာကို ပြေး၍ မြင်လိုက်မိသည်။

အမေ့မျက်နှာကို မြင်ယောင်မိသည့်နည်းတူ ကိုလေးစိန်

www.burmeseclassic.com



အယောက်အပ့ံပင် လက်မခံ၊ မာနကြီးသော ပြတ်သားလွန်းသော အမေ့စိတ်ခေတ်ကိုပါ သတိတရ ရှိလိုက်မိသည်။ ချိုရီ၏ ရင်အစုံ ဆတ်ဆတ်ခါ ခါနေပေပြီ။

"ငွေပေးတာနဲ့ ပြီးရောတဲ့လား အဖေရယ်"

ချိုရီ့ရင်ထဲတော့ တအားအော်နေမိ၏။

"ယူလေ သမီး"

အဖေက ငွေထုပ်ကို ချိုရီ့ လွယ်အိတ်တွင် ထည့်မည့်ဟန် ပြင်လိုက်သည်။

"မလိုပါဘူး အဖေ . . . မလိုပါဘူး၊ သမီးတို့အတွက် အားလုံး ပြည့်ပြည့်စုံစုံဖြစ်အောင် အမေက လုပ်ပေးထားပါတယ်။ သမီးတို့အတွက် ငွေမလိုပါဘူး။ နောက်ကို ဘာမှ လာမပေးပါနဲ့"

လွယ်အိတ်ကလေးကို ပွေ့ဖက်ထားပြီး ကြေကွဲမှုအတိဖြင့် ချိုရီ အသံတုန်တုန်လေးနှင့် ပြောမိလိုက်သည်။ အဖေ့မျက်နှာကို ချိုရီလုံးဝ ကြည့်မိစေရန် ကြိုးစားခဲ့ရသည်က ပင်ပန်းလှချေသည်။

ရယ်ချင်လျက်နှင့် မရယ်ရသောဘဝ၊ အဖေဟု အားရပါးရ ခေါ်ချင်လျက်နှင့် မခေါ်ရသောဘဝ၊ မပိုင်ရသောဘဝ၊ ဖခင်ရှိလျက်နှင့် တကွဲတပြားစီနေကြရသော ဖခင်မဲ့ရသော သူ့ဘဝကို ချိုရီနာကျည်းမိလိုက်၏။

အဖေ့စိတ်ထဲတွင် မအေတူ သမီးများဟု တွက်ပေလိမ့်မည်။

ချိုရီ့စကားအဆုံး၌ သက်ရှိ၏ ပခုံးပေါ်မှ အဖေ့လက် ဘုတ်ကနဲ ပြုတ်ကျသွားသည်။ အဖေကြည့်နေမှန်း သိနေပေမယ့် ချိုရီပြန်မကြည့်ခဲ့။ အဖေ့ရှေ့ မျက်ရည်ကျမပြချင်။ အရှိန်မပျက်ပင် ကလေးနှစ်ယောက် လက်ကိုဆွဲ၍ အိမ်ပြန်လာခဲ့၏။

မနေ့ညကပင် ကျောင်းစာအုပ်ဖိုးပေးစရာမရှိ၍ အမေ့လက်ကောက် တစ်ထည်ကို သွားရောင်းခဲ့ရသော ချိုရီမှာ ပထမတော့ ငွေငါးရာကို ယူရန်

www.burmeseclassic.com

www.burmeseclassic.com



လက်ဟန်ပြင်မိသည်။ သို့သော် အဖေ၏ စွန့်ပစ်ထားခြင်းခံရသော အဖေ့ မေတ္တာ မရရှိသော သမီးပီပီ ဖခင်အား စိတ်ကောက်ဆန္ဒပြလိုက်ခြင်း ဖြစ်လေသည်။ မေတ္တာကို ငွေကြေးနှင့် တိုင်းတာ၍ မရမှန်း အဖေသိစေ ချင်သည်။

ထိုနေ့မှစ၍ အဖေ့ကို လုံးဝ မတွေ့ခဲ့ရတော့သည်မှာ ယနေ့ ထက်ထိ ဖြစ်လေသည်။ ဤအဖြစ်အပျက်လေးကို ဘယ်တော့မှမမေ့ မျက် ရည်ဝိုင်းရဆဲပင် ဖြစ်သည်။

ချိုရီ ဆယ်တန်းအောင်သောအခါ ရုံးတွင် အလုပ်ဝင်နဲ့၍ လုပ် သားကောလိပ် တက်ခဲ့၏။ ယခုအခါ ကေးရီပါ ဆယ်တန်းအောင်၍ အလုပ်လုပ်နေပေပြီ။ ညီမနှစ်ယောက်လုပ်စာနှင့် ဈေးဆိုင်လေးမှ ဝင်ငွေ တို့သည် အိမ်စရိတ်ကို ပြေလည်လာစေခဲ့၏။ အမေလည်း ယခင်ကဲ့သို့ မပင်ပန်းတော့။

ချိုရီတို့ လုပ်အားဖြင့် အမေ့ကို ကျွေးမွေးပြုစုရသကဲ့သို့ အဖေ့ ကိုလည်း ပြုစုချင်ပါသည်။ သမီးများ၏ မျက်နှာကိုမှ မထောက်မညှာ ဟု စိတ်နာနာနှင့် အဖေ့အား တမင်မေ့ပစ်ထားခဲ့ရသော်လည်း အဖေ သည် ချိုရီ၏ အချစ်ဆုံးအဖေဖြစ်သည် မဟုတ်ပါလား။

အသိစိတ်က ရက်စက်သွားသော ဖခင်ကို နာကျည်းနေမိသော် လည်း မသိစိတ်ကမူ ချစ်လှစွာသော ဖ[illegible]ကို တမ်းတလွမ်းဆွတ်နေမိ၏။

ဖခင်အရွယ်၊ ဖခင်နှင့် ဆင်တူသော လူကြီးများကိုတွေ့လျှင် ချိုရီ့မျက်ဝန်းတို့ ရွှမ်းစိုလာရပေသည်။ ဘတ်စ်ကားပေါ် တွေ့လျှင် နေရာ ပေးမိ၏။ ပစ္စည်းများ တစ်ပွေ့တစ်ပိုက်နှင့် တွေ့လျှင် ကူညီပေးမိ ဘတ်[illegible] အစစအရာရာပါပဲ။

တကယ်တော့ ချိုရီခမျာ ဖခင်မေတ္တာငတ်နေရှာသူတစ်ဦး [illegible] လေသည်။ ထိုဝေဒနာကြောင့်ပင် ယနေ့ဝမ်းနည်းဖွယ်ရာ ရှက်စရာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရခြင်းဖြစ်၏။

ဖခင်မေတ္တာငတ်သော ဝေဒနာနှင့် နေ့စဉ်သွားလာလှုပ်ရှားနေရသော ချိုရီသည် လွန်ခဲ့သော တစ်လခန့်က အဖေနှင့်လွန်စွာတူသော လူကြီးတစ်ယောက်ကို ဆုံခဲ့သည်။ အဖေကဲ့သို့ပင် အသားဖြူသော၊ အရပ်မြင့်သော၊ ဆံပင်ပါးသော၊ နှုတ်ခမ်းပါးသော၊ လက်မနှင့် လက်ညှိုးလေးကို ပွတ်၍ ငေးနေတတ်သော ပုံစံအမူအရာ အားလုံးမှာ အဖေမှအဖေပင်။ ပြောစရာဆို၍ အဖေ့ထက် မျက်လုံးပိုပြူး၍ နှာခေါင်းပိုချွန်နေခြင်းသာကွာ၏။ အမှတ်(၈) ဟီးနိုးကားပေါ်တွင် အလုပ်သွားတိုင်း မကြာခဏဆုံဆည်းလာသောအခါ ချိုရီပျော်နေမိသည်။ အဖေ့အတွက် အလွမ်းပြေသည်ကိုး။

ဆုံဆည်းပါများတော့လည်း မျက်မှန်းတမ်းမိလာခဲ့သည်။ ချိုရီ့ရင်ထဲ သန့်စင်သော နှလုံးသားသာရှိသည်။

သို့သော် ချိုရီ၏ စူးစူးစိုက်စိုက် ကြည့်နေတတ်သော မျက်ဝန်းများ၊ ပြုံးတော့မလို ရယ်တော့မလို ဖြစ်နေတတ်သော နှုတ်ခမ်းလေးများ၊ ချိုရီ ထိုင်စရာနေရာရသော်လည်း ထိုလူကြီးကို ဦးစားပေးမိတတ်ခြင်းများစသည်စသည် ဖခင်မေတ္တာငတ်နေသော ချိုရီ၏ အပြုအမူလေးများကို တစ်ဘက်က တစ်မျိုးမြင်နေကြောင်း ယနေ့သိခဲ့ရပြီ။

ဒီနေ့ ချိုရီ ရုံးအဆင်း ထိုလူကြီးကို မှတ်တိုင်တွင် တွေ့လိုက်ရ၍ ဝမ်းသာသွားရသည်။ ခါတိုင်း ရုံးအသွားတွင်သာဆုံ၍ အပြန်တွင် တွေ့လေ့မရှိသောကြောင့် ယခု ချိုရီ မျက်နှာပြုံးလာသလို ထိုလူကြီးကလည်း အဝေးကတည်းကပင် ချိုရီအား ပြုံးပြနေသည်။

"ရုံးဆင်းလာပြီလား သမီး"

"ဟုတ်ကဲ့ အန်ကယ်လ်၊ ခါတိုင်း အပြန်ကို မဆုံဘူးနော်"

ထိုလူကြီးအမေးကို ချိုရီကလည်း မွန်ရည်စွာနှင့်ပင် ပြန်ဖြေနေ

www.burmeseclassic.com

www.burmeseclassic.com



မိ၏။ အဖေနှင့် စကားပြောနေရသလို ခံစားမိသည်။

"တမင်ကို သမီးနဲ့ စကားပြောချင်လို့ လာစောင့်နေတာ"

"ဟင် . . . ဘာတွေများ ပြောစရာရှိနေပါလိမ့်"

ချိုရီက တအံ့တဩနှင့် မော့်ကြည့်လိုက်မိ၏။ စူးရှတောက်ပ၍ အခိုးများ ရစ်ဝဲဝေ့လည်နေသော မျက်လုံးကြီးနှင့် ရင်ဆိုင်မိသောအခါ ထိတ်ကနဲ ရင်ခုန်သွားရပြီး မျက်လုံးများကို ကမန်းကတန်းလွှဲဖယ်လိုက်ရသည်။ ခြင်းတောင်းကို ဆုပ်ကိုင်ထားသော လက်ကလေးများ တုန်နေပေပြီ။

"သမီးနဲ့ တဝကြီး စကားပြောချင်နေတာပါပဲကွယ်၊ အေးအေးဆေးဆေး တစ်နေရာကို သွားရအောင်နော်"

ချိုရီသိလိုက်ပါပြီ။ ဝမ်းနည်းစိတ်၊ ရှက်စိတ်များဖြင့် တစ်ကိုယ်လုံးတုန်ယင်လာ၍ ကတ္တရာလမ်းမကြီးကို စိုက်ကြည့်နေမိသည်။ မျက်ရည်များကပါ ရစ်ဝဲ၍လာပေပြီ။ ညှုခွဲခွဲအသံက တိုးတိတ်စွာ ပေါ်လာပြန်သဖြင့် ချိုရီလန့်သွားမိ၏။

"ဘယ်သူမှ မသိပါဘူးသမီးရဲ့၊ စိတ်ချရပါတယ်။ လိုက်ခဲ့နော်"

"အို"

ချိုရီ့မျက်ဝန်းမှ မျက်ရည်တစ်စက် ပေါက်ကနဲ ကျသွားခဲ့သည်။ ခံပြင်းစိတ်၊ ယူကျုံးမရစိတ်၊ ရှက်စိတ်များကြောင့် နတ်ဝင်သည်လို တစ်ကိုယ်လုံး တုန်ယင်နေ၏။

"ရှက်နေလား၊ မရှက်ပါနဲ့ကွယ်၊ လိုက်ခဲ့နော်၊ ကားခေါ်လိုက်မယ်"

"အို . . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင်ထင်နေတာတွေ အစ်ခုမှ မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး၊ ဘယ်လို တွက်နေတာလဲ၊ အမေ့က . . . အမှန်က . . . အဖေလေ . . . အဖေ . . ."

www.burmeseclassic.com

www.burmeseclassic.com



ရှက်စိတ်ဖြင့် ကယောင်ကတမ်း ဘာတွေပြောမိမှန်းမသိ။ နောက်ကိုဆုတ်၍ ခေါင်းတခါခါဖြင့် စကားပင်ဆုံးအောင် မပြောနိုင်။ နံပါတ်(၈) ဟီးနိုးကားကြီး ဆိုက်လာ၍ အတင်းတိုးဝှေ့ လိုက်ပါမိခဲ့လေသည်။ ထိုလူကြီး အတင်းလိုက်မလာ၍ တော်သေး၏။ ဝေ့ဝဲလာသော မျက်ရည်များကိုလည်း အသာသုတ်ပစ်၍ မနည်းကြီး ထိန်းလာခဲ့ရသည်။ အပျိုလေးတန်မယ့် လမ်းတစ်လျှောက် လူပုံအလယ်ငိုနေရမည်ကလည်း မတင့်တယ်။ ထို့ကြောင့် အိမ်ရောက်သည်နှင့် အားပါးတရ ရှိုက်ကာရှိုက်ကာ ငိုကြွေးနေမိခြင်း ဖြစ်လေသည်။

သင်ခန်းစာလည်း ကောင်းကောင်း ရရှိခဲ့ရလေပြီ။

အထူးသဖြင့် အမေ့ကို သနားနေမိ၏။ မိန်းမသားဘဝသည် အိမ်ထောင်ဘက် ရွေးချယ်ရာ၌ တစ်ချက်မှားသည်နှင့် ဘဝတစ်လျှောက်လုံး သားသမီးများအထိ ဖခင်၏ မကောင်းသောဒဏ်ကို ခံစားကြရကြောင်း နားလည်ရတော့သည်။

မိစုံဖစုံ မနေကြရသော သားသမီးတိုင်း မိဘတိုင်း မိမိတို့ မိသားစုလို ကြုံတွေ့ခံစားကြရမှာဟု တွေးမိပြန်သည်။ အခုနေသာ အဖေနှင့် ထပ်တွေ့ရင် သမီးပြောလိုက်ချင်စမ်းပါသည်။

"အဖေရယ် . . . သားသမီးဆိုတာ ကိုယ့်အဖေ ကိုယ့်အမေရဲ့ မေတ္တာကို အစဉ်ရယူချင်သူတွေပါ အဖေ။ မေတ္တာမပေးဘဲ ကျောခိုင်းစွန့်ထွက်သွားတဲ့ အဖေ့ကြောင့် အဖေ့မေတ္တာငတ်နေတဲ့ သမီးလေ . . . အခုလို ရှက်စရာ၊ ဝမ်းနည်းစရာတွေကို ကြုံတွေ့ခဲ့ရတာသာ အဖေသိရင် အဖေ့ကို တမ်းတနေတာကိုသာ အဖေနားလည်ရင် အဖေဘယ်လိုခံစားမလဲ . . . ဆုံးဖြတ်မလဲ . . .ဟင် . . ."

❀ ❀ ❀ ❀ ❀

ငွေတာရီ( ဖေဖော်ဝါရီ၊ ၁၉၈ဝ )

www.burmeseclassic.com

www.burmeseclassic.com



## သန်းခေါင်ယံဟူသည်

"အား . . ."

"ဟယ် . . . ချိုရီ လက်ထိသွားပြီ"

"မှန်းစမ်း . . . မှန်းစမ်း၊ လက်ကွဲအောင်များ ထုရသလားချိုရီရယ်၊ အန်တီမြိုင်ဆီ ဆေးသွားထည့်၊ မြန်မြန်"

စောစောက အိပ်ချင်နေသည့်စိတ်များ ဘယ်ရောက်ကုန်ပြီမသိ၊ ညီမလေးသုံးယောက်မှာ ချိုရီ၏ ပတ်တီးစီးထားသော လက်ညှိုးလေးကို ကြည့်၍ စိတ်မချမ်းမသာဖြစ်နေကြ၏။

"နင် အိပ်ငိုက်နေတာကိုးဟ . . .၊ ထုမိမှာပေါ့ . . ."

ပြက္ခဒိန်ရိုက်ဖက် ဒေါ်သန်းညွန့်ကြီး စကားကြောင့် ချိုရီ၏ ပတ်တီးစီးထားသော သူ့လက်ကလေးကိုကြည့်၍ မျက်ရည်များဝဲလာရသည်။ ချိုရီတို့ ညီအစ်မတတွေမှာ အိပ်ရေးပျက်သော ညပေါင်းများနေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

"အဲဒီ ပြက္ခဒိန်ပုံပေါ်မှာပဲ အိပ်လိုက်ကြတော့ ချိုရီ၊ မနက်စော စောမှ ထရိုက်ကြပေါ့"

ချိုရီတို့ အလုပ်ရှင် ဒေါ်ခင်မြိုင်က ဝင်၍ ပြောလိုက်သည်

"ရပါတယ် အန်တီမြိုင်၊ ချိုရီတို့ မအိပ်ချင်သေးပါဘူး၊ ရိုက်နိုင် ပါသေးတယ်"

မအိပ်ချင်သေးပါဘူးဟု ဆိုသော်လည်း ချိုရီ၏ ညီမလေးများ မှာ မျက်လုံးလေးများ စင်းနေရှာကြ၏။

"တို့တတွေလဲ အိပ်ကြတော့မှာပါဟယ်၊ နင်တို့ ညီအစ်မတတွေ သောဘာ တော်တော်ကြီး . . . "

ညီမလေးများမှာ ဟန်မဆောင်နိုင်တော့ချေ။ ပြက္ခဒိန်ပုံပေါ်တွင် ခွေခွေလေးများ အိပ်ပျော်နေရှာကြသော အပျိုပေါက် ညီမလေးများကို အညာစောင်နွမ်းနွမ်းလေး ခြုံပေးရင်း ချိုရီမျက်ရည်ကျလာရသည်။

ဤကလေးများသည် ညဥ့်နက်သန်းခေါင်ထိအောင် ပြက္ခဒိန် ရိုက်၍ မနက်စောစော ကျောင်းသွားရပေဦးမည်။

လွန်ခဲ့သောနှစ်ရက်က ညီမလေးသက်ရီ၏ ဆရာမနှင့် လမ်းမှာ တွေ့ခဲ့စဉ် ပြောလိုက်သော စကားများကို ကြားယောင်နေမိသည်။

"သက်ရီဦးတစ်ယောက် ခုတလော စာမရဘူးချိုရီ၊ အတန်းထဲ လဲ အိပ်ငိုက်နေတာချည်းပဲ၊ အိမ်စာတွေလဲ မပြီးသေးတာနဲ့ အရင်က စာတော်တဲ့ သက်ရီ ဘယ်လိုဖြစ်နေတာလဲ၊ ချိုရီတို့ ဂရုစိုက်ကြအုံးနော်"

အရွယ်နှင့်မလိုက်အောင်ပင် ပင်ပန်းဆင်းရဲစွာ ငွေရှာရသော သူတို့လေးတွေကို ချိုရီ အကြင်နာပိုရသည်။ အဖေမရှိတော့သော နောက် ပိုင်း၌ မိသားစုစားဝတ်နေရေးအတွက် ပုံနှိပ်တိုက်တစ်ခုတွင် ပြက္ခဒိန်ရိုက် သောအလုပ် လုပ်ခဲ့ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကော်ကပ်ထားသော ပြက္ခဒိန်ရွက်များကို သံချောင်းလေး
သွင်း၍ ပိပြားသွားစေရန် သံတုတ်ကြီးနှင့် ထုရိုက်ရပါသည်။ တစ်နေ့တ
ယောက် ရှစ်ကျပ်တစ်ဆယ် စီတော့လည်း နေ့ရောညပါ ချိုရီတို့ ကြိုးစား
တော့၏။ ညဥ့်နက်လေ ဆောင်းညက ပိုစိမ့်လေဖြစ်သော်လည်း ချိုရီတို့
ညီအစ်မတစ်တွေမှာ ချွေးတရွှဲရွှဲနှင့် တဒုန်းဒုန်းတဒိုင်းဒိုင်း ပြက္ခဒိန်ရိုက်
နေခဲ့ကြရသည်။

တရှူးရှူးနှင့် ညီမငယ်များ အိပ်ပျော်နေကြသော်လည်း ချိုရီ
တစ်ယောက်မှာ အိပ်မပျော်နိုင်တော့။ မျက်လုံးများ ကြောင်သွားပြီဖြစ်၏
မှောင်မည်းမည်းတွင် ပြက္ခဒိန်ပုံပေါ်၌ ငုတ်တုတ်ထိုင်လျက် ရှေ့ရေးကို
တွေးပြီး ရင်ဖိုနေမိသည်။

"အိမ်မှာ ကလေးတွေနဲ့ ကျန်ခဲ့တဲ့ အမေရော အိပ်မှပျော်ပါလေ
စ၊ တို့ကို တွေးပြီး စိတ်ပူနေမှာပဲ၊ ဒီမြင်ကွင်းကို အဖေမြင်ရင် ဘယ်လို
များခံစားရပါ့မလဲ"

ချိုရီ၏ ဘဝတစ်လျှောက်လုံး အရွယ်နှင့်မလိုက်အောင် အလုပ်
လုပ်ခဲ့ရ၏။ ဆင်းရဲဒဏ်ကို ခံခဲ့ရ၏။ သို့သော် ချိုရီ အပြုံးမပျက်ခဲ့ပေ။
ဖခင်၏ မေတ္တာကို ပြည့်ဝစွာ ခံစားခွင့်မရခြင်းကြောင့်သာ ကြေကွဲနေရ
သည်။

ရင်ထဲတွင် ကျိတ်၍ ငိုရှိုက်ရသည်မှာ ပင်ပန်းလွန်းပါသည်။

အလိုလို စီးကျလာသော မျက်ရည်များကို လက်ကြမ်းကြီးနှင့်
သုတ်ပစ်လိုက်ရသည်။

အပျိုစင်၏ အရွယ်နှင့်မလိုက်အောင်ပင် ချိုရီ၏ လက်ဖဝါးများ
မှာ ကြမ်းထော်နေပါသည်။ ချိုရီတို့ ညီအစ်မတွေ၏ ခြေလက်များမှာ
အဆစ်ကြီးကြီး၊ အပြားကြီးကြီးနှင့် တုတ်ခိုင်လှ၏။ ရုပ်ဆိုးလှသဖြင့် လူ
ကြားထဲတွင် ခြေလက်များကို တစ်ပါးသူ ဂရုမစိုက်မိအောင် ဝှက်ရသည်

www.burmeseclassic.com

www.burmeseclassic.com



ာ အမေဘပါပေ။

"သက်ရှိတို့ ညီအစ်မတွေလဲ မလှပါဘူးဆိုမှ ဖန်စေ့သီရ၊ ပြက္ခဒိန်ရိုက်ရနဲ့ အသားမာတွေတက် ကြမ်းထော်နေတာပဲ"

နေ့လယ်ကပင် ညီမလေးက သူ့လက်လေးနှစ်ဘက်ကို ဖြန့်ကြည့်၍ ဝမ်းနည်းစကားဆိုခဲ့သေးသည်။

ချိုရီသည် မှောင်မည်းမည်း၌ မမြင်နိုင်မှန်း သိသော်လည်း သူ့လက်ဖဝါးများကို ဖြန့်ကြည့်နေမိပြန်၏။

"တကယ် အကျည်းတန်တဲ့ ငါ့လက်တွေပဲ၊ ခြေလက်လှရင် ချမ်းသာသတဲ့၊ ဒီလောက်ပုံဆိုးပန်းဆိုး ခြေလက်တွေရှိတဲ့ ငါ့ဘဝ ဘယ်တော့မှ ားရမှာ မဟုတ်ပါဘူး၊ တစ်သက်လုံး ဆင်းရဲနေမှာပါပဲ"

ပြက္ခဒိန်ရိုက်သော အလုပ်ကို မရသေးချိန်က ဖန်စေ့လေးများကို ဆွဲကြိုးပုတီး၊ လက်ကောက်၊ နားဆွဲအဖြစ် သီရသော အလုပ်လုပ်ခဲ့ကြရသေးသည်။

အလုပ်လုပ်ရ၍ မည်မျှပင် ဆင်းရဲပါစေ၊ အိမ်ပြန်အရောက် အမေ့အပြုံးလေးနှင့် ဘုစုခရု မောင်လေးညီမလေးများ၏ စာအံသံလေးများကို မြင်ရကြားရလျှင် ချိုရီ ပင်ပန်းခဲ့သမျှ ပြေပျောက်ရစမြဲဖြစ်ပါသည်။

ချိုရီ ကြိုးစားသမျှ ပင်ပန်းသမျှတို့သည် လိမ္မာသော၊ ကြိုးစားသော ဤကလေးများ အနာဂတ်လှပ သာယာစေဖို့ပဲ ဖြစ်ပါသည်။ အဖေ စ်သွားသည့် အချိန်မှစ၍ စိတ်ပန်းလူပန်း ဖြစ်နေရှာသော အမေ့ကိုသည်း တရားရိပ်သာတွင် အနားယူစေချင်ပါပြီ။

ညီမအငယ်ဆုံး မိမိလေး သုံးနှစ်သမီးအရွယ်တွင် အဖေသည် အမေနှင့် ချိုရီတို့မောင်နှမကိုးယောက်အား ရက်စက်စွာ ကျောခိုင်း စွန့်ပစ်သားခဲ့သည်။ နောက်အိမ်ထောင်ပြုသွားခဲ့သည်။

အံ့သြရသည်က အမေ့မာန၊ အများတကာကဲ့သို့ ကျမ်းသော

www.burmeseclassic.com

www.burmeseclassic.com



တရားဝင်မယားကြီး ဖြစ်ကြောင်းတို့၊ ကလေးစရိတ်တောင်းခံခြင်းတို့ ဘာမျှမလုပ်ခဲ့။ အဖေပေးလာသော ကလေးစရိတ်ကိုပင် လက်မခံခဲ့၊ ပြောပုံကလည်း ပြတ်သားလှ၏။

"မနေချင်လို့ ထွက်သွားမှတော့ ကလေးစရိတ်ပေး၊ ဘာပေး ရှုပ်မနေနဲ့၊ ချစ်လှပါချည်ရဲ့ဆို ကိုးယောက်လုံး မ,သွား။ ကလေးတွေကို ခွဲပြီး မပေးနိုင်ဘူး။ ကိုးယောက်လုံး မခေါ်နိုင်ရင်ထားခဲ့။ လုံးဝလာမဆက် သွယ်နဲ့။ ဘာမှမဆိုင်တော့ဘူး။ ငါ့ကလေးတွေ ငါလုပ်ကျွေးနိုင်တယ်"

သည်တုန်းက အဖေနှင့်အမေကိုကြည့်ပြီး ချိုရီတို့မောင်နှမ ကိုးယောက်ခေါင်းချင်းဆိုင် ငိုခဲ့ကြရသည်။ ထိုနေ့မှစ၍ ကျောခိုင်းသွားခဲ့ သော အဖေကို ယနေ့အထိ ချိုရီတို့ လုံးဝ မတွေ့ခဲ့ကြရတော့ပေ။

"ဘယ်သူမေးမေး သင်းကိုသေပြီသာပြော"

အဖေ့အကြောင်း အိမ်တွင် စကားစလေးမှ မပြောကြရတော့ ပေ။ အမေ့မာန အမေ့သတ္တိသည် လူတကာသြချယူရလောက်အောင် ကြီးမားခဲ့ပါသည်။

"အဖေရယ် အဖေနဲ့ အမေတို့ ဖူးစာကုန်လို့ ကွဲကြတာတော့ ဟုတ်ပါပြီ။ အဖေ့လဲ အပြစ်မဆိုပါဘူး။ အမေ့လဲ အပြစ်မတင်ပါဘူး။ ဒါပေမယ့် အဖေရယ် . . . ညနေ အလုပ်သမားတွေ ပြန်လာချိန်တိုင်း တခြားကလေးတွေလိုပဲ ချိုရီတို့ မောင်နှမတွေ အဖေ့ကို ကြို ချင်လိုက် တာ . . . "

ချိုရီတစ်ယောက် မျက်လုံးကြောင်နေသည်နှင့်အတူ အတွေးများ လည်း ဝဲလည်နေရ၏။ အမေနှင့် မောင်လေးညီမလေးများ ရှိသော သာကေတအိမ်လေးကို လွမ်းလာသည်။

ဤပုံနှိပ်တိုက်တွင် ပြက္ခဒိန်လာရိုက်နေကြသည်မှာ နှစ်ပတ်မျှ ရှိပြီဖြစ်သည်။ ပြက္ခဒိန်အကျများနေသည်ဖြစ်၍ ချိုရီတို့ ညီအစ်မ လေး

www.burmeseclassic.com

www.burmeseclassic.com



ယောက်အား အိမ်သို့ ပြန်မလွှတ်တော့ပေ။ သဘောကောင်းသော အလုပ်ရှင်သည် ထမင်းကျွေးထားခဲ့၏။ ညီမလေးများသည် ဤပုံနှိပ်တိုက်မှပင် ကျောင်းသွားတက်ခဲ့ကြသည်။

ဤကလေးများသည် ချိုရီ၏ မျှော်လင့်ချက်လေးများ ဖြစ်ကြသည်။

အလုပ်လုပ်ရန်အတွက် ချိုရီမကြောက်။ ဆင်းရဲသည်ကိုလည်း ချိုရီမမှု၊ သို့သော် မိစုံဖစုံမရှိသောကြောင့် ပင်ပန်းရသည်။ ရှေ့ဆောင်မည့် အဖေမရှိသောကြောင့် ဆင်းရဲရသည်ဟု၍ စွဲနေမိသည်။

"တို့အိမ် အဖေသာရှိရင် . . . "

ဤအတွေးသည် အိမ်အတွက် အဆင်မပြေသည့်အချိန်တိုင်း ဝင်လာခဲ့သည်။ အဖေထွက်သွားစက အချိန်ရှိသရွေ့ 'အဖေသာရှိရင်' ဟူသော စိတ်ကူးသာ ထာဝရနေရာယူထားသည်

တစ်ဆက်တည်းပင် အဖေထွက်သွားစက သာကေတ သုံးရပ်ကွက်ဈေးထဲ၌ ဝတ္ထု၊ ကာတွန်း စာအုပ်ဟောင်းလေးများ ရောင်းလည်းရောင်း၊ ငှားလည်းငှားသော ဆိုင်လေးထွက်ခဲ့ရသည်က အဖြစ်အပျက်ငွေးကို သတိရလာမိပြန်သည်။

စာအုပ်ဆိုင်ဆိုသော်လည်း ဆိုင်အတည်တကျနှင့် မဟုတ်ပါ။ ဈေးအရောင်းမထွက်သော နေရာအလွတ်လေးများတွင် ထွက်ခဲ့ရသော ပုံကျဈေးသည်လေးသာဖြစ်ပါသည်။

တစ်နေ့ ဈေးရောင်း၍အပြန် ချိုရီသည် ရွက်ထားသော ဘာအုပ်ဘကြီးကို ဝုန်းကနဲ ပစ်ချလိုက်မိသည်။ ဘုရားပန်းလဲနေသော အမေသည် မျက်စောင်းထိုး၍ အော်လိုက်၏။

"ဟဲ့ . . . မိချိုရီ၊ သောက်ရမ်းပဲ၊ ပန်းအိုးတွေ ကွဲကုန်ဦးမယ် . . ."

"ပန်းအိုးတင် ကွဲကုန်မှ မဟုတ်ဘူးအမေရဲ့ [illegible]

www.burmeseclassic.com



သိလား"

ပြောပြောဆိုဆို ချိုရီက ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"ဟဲ့ . . . ချိုရီ၊ ငါရင်တွေတုန်လိုက်တာဟယ်၊ နင်ဘာဖြစ်လာ လို့လဲ၊ ဈေးထဲက နင်တို့ကို ဘာပြောလွှတ်လိုက်လို့လဲဟင် . . ."

အမေ ပျာပျာသလဲ ဖြစ်ရချေပြီ။ ချိုရီ၏ ငိုသံကြောင့် တစ်အိမ် လုံး ရှိရှိသမျှအားလုံး အိမ်ရှေ့ထွက်လာခဲ့ကြလေသည်။

"ဈေးထဲ စာအုပ်သွားမငှားချင်တော့ဘူး၊ ချိုရီတို့ကို တခြား အလုပ် တစ်ခုခုရှာ ခိုင်းပါအမေရယ်၊ ချိုရီတို့လဲ ရှာပါ့မယ်၊ အဲဒီဈေးထဲ မသွားချင်တော့ဘူး"

ငိုကြီးချက်မနှင့် ချိုရီက အမေ့ကို တောင်းတောင်းပန်ပန်လေး ပြောလိုက်ရှာသည်။

"ဘာဖြစ်လာလို့လဲ သမီးရယ်၊ ပြောစမ်းပါအုံး"

"ချိုရီတို့ ကျောင်းကကောင်လေးတွေပေါ့၊ ကျောင်းမနေရတော့ စာအုပ်ငှားစားနေရတာ သနားပါတယ်၊ အားပေးအုံးမှ ဘာမှနဲ့"

"အရေးစိုက်စရာလား၊ ထမင်းဝတ်တော့ သူတို့ ကျွေးထားကြ မှာလား"

သည်စကားကို အမေဆိုလိုက်သော်လည်း မျက်နှာမကောင်း မှန်း ချိုရီတို့ သိပါသည်။

"တစ်ချိန်လုံး ဆိုင်ရှေ့မှာလာပြီး ရီသဲ့သဲ့နဲ့ အမေရဲ့ စာအုပ်သ ခိုးလိုခိုးနဲ့၊ ပြီးတော့ အဟင့် . . . အဟင့် . . ."

ချိုရီစကားမဆက်နိုင်၊ သဲသဲမဲမဲ ငိုနေပြန်ပါသည်။ သည်လ ရှုပ်အကျီအမြဲဝတ်၍ ယောကျ်ားလေးတစ်ဦးကဲ့သို့ ဖျတ်ဖျတ်လ သတ္တိကောင်းသော ပြုံးရီက . . .

"လူကြီးတစ်ယောက်ပေါ့၊ စာအုပ်တော့ ဝယ်ပြီးပြီ၊ လူလဲသ

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ လိုက်မလားဆိုပြီး ပိုက်ဆံပေးရင်း မမကြီးလက်ကို ဆွဲဝါယ်လေ၊ အဲဒါနဲ့ ကျွန်တော်က ဝယ်ချင်အုံးဟာ၊ ဝယ်ချင်အုံးဟာ ဆိုပြီး ဖိနပ်နဲ့ ဆော်ပစ်တာပေ့ါ . . ."

ပြုံးရီသည် သူ့ပလတ်စတစ် ဖိနပ်ကလေးကို ဂွပ်ဂွပ်မြည်အောင် ရိုက်ပြလိုက်၏။

"ဘေးကလူတွေ ဝိုင်းဆွဲတော့မှ သူက ပိုက်ဆံပေးရင်း လက်ထိမိတာပါတဲ့၊ ဘာမှလည်း မပြောဘူးတဲ့၊ ပြောင်ပြင်းတယ်၊ မမကြီးက ငိုနေတာပဲ၊ ဘာမှဝင်မပြောဘူး . . ."

"ဟယ် . . . မမကြီးက အပျိုကြီးဟ၊ ရှက်တာပေ့ါ . . ."

"သေနာကြီး၊ ကာလနာကြီး၊ နေ့တိုင်း မမကြီးကို လာလာငမ်းနေတာ၊ စာလဲတတ်မှာ မဟုတ်ပါဘူး၊ မြွေပွေးကိုက်ကြီး၊ သရဲကြီး၊ သေပါစေတော် . . ."

"တောက် . . ."

အမေ့ တောက်ခေါက်သံသည် ချိုရီတို့ အိမ်စုတ်လေးကို တုန်လှုပ်သွားစေခဲ့၏။

"သင်းမကောင်းလို့ ငါ့သမီးအပျိုအရွယ်လေးတွေ လူစော်ကားခံရတာ၊ ဒုက္ခရောက် ဆင်းရဲရတာ၊ ဝတ်ချင်စားချင်တဲ့ အရွယ်ရောက်နေတဲ့ သမီးပျိုတွေကို မသနားဘူး၊ ထည့်မတွက်ဘူး၊ သင်းတစ်ကိုယ်တွည်း သာသာဖို့ပဲ . . ."

ထိုစဉ် အိမ်နောက်ဘက်မှ ညီမလေး သက်ရီ အော်သံထွက်ပေါ်လာခဲ့သည်။

"မမတိုး . . . မမတိုးရေ၊ ထမင်းအိုးကြီး ပျော့ကုန်ပြီ"

ယောက်မကြီးကိုင်၍ ငေးနေသော တိုးရီတစ်ယောက် ... သူ့ ထမင်းအိုး သတိရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ချက်စရာဆန်လည်းမရှိ၊ ဝယ်စရာငွေလည်း မရှိတော့သဖြင့် ချိုရီတို့ မိသားစု ဆန်ပြုတ်ပဲ သောက်ခဲ့ရတော့သည်။

"ဩော် . . . တို့ အိမ် အဖေသာရှိရင် . . ."

အဖေရှိနေပါက တစ်သက်လုံး အလုပ် မလုပ်ရတော့ဘူးလားဟု မိမိဘာသာ မေးခွန်းထုတ်ကြည့်မိ၏။

"ဩော် . . . အဖေရှိတော့ ခုလိုငယ်ငယ်လေးနဲ့ အလုပ်မလုပ်ရဘူးပေါ့။ လုပ်ရလဲ မပင်ပန်းဘူးပေါ့၊ မျက်နှာမငယ်ရဘူးပေါ့ . . ."

စိတ်ကူးထဲမှာပင် ပျာပျာသလဲ ဖြေရှင်းချက် ထုတ်လိုက်ရသည်။

အဖေသည် အပျိုလူပျိုအရွယ် ဖားဖားကြီးများ ရောက်နေကုန်ပြီဖြစ်သော သားသမီးများ ဤကဲ့သို့ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရသည်ကို မြင်တွေ့ပါက မည်သို့များ ခံစားမိမှာပါလိမ့်။

ရင်ထဲမွန်း၍ ကျပ်သိပ်လာသဖြင့် တံခါးတစ်ခြမ်းကို ထဖွင့်လိုက်မိသည်။ ဆောင်းည လေအေးအေးသည် သံတံခါးကြားမှ တိုးဝှေ့ဝင်လာ၍ ချိုရီမျက်နှာကို ထိတွေ့လာသည်။

လေအေးအေးကို တဝကြီး ရှူလိုက်ရမှ စိတ်ပင်ပန်းမှုများ အနည်းငယ် သက်သာရာရလာခဲ့သည်။ သံတံခါးကို ကိုင်၍ ရန်ကုန်မြို့ကြီး၏ သန်းခေါင်ယံရှုခင်းကို အတန်ကြာငေးကြည့်နေမိ၏။ တစ်ခါတစ်ရံ ကားတစ်စီးတလေ ဖြတ်သွားသည်မှလွဲ၍ တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်မှုကသာ ကြီးစိုးနေလေသည်။

အရာရာကို ခေတ္တမေ့ပျောက်ထား၍ စိတ်ကို လျှော့လိုက်သောအခါ ရင်တွင်း ကျိတ်၍ခံစားနေရသော ဝေဒနာမီးများ သက်သာသွားဟန်ရှိသည်။

မည်မျှကြာအောင် ငေးမောနေခဲ့သည်မသိ။ လူသံများ ကြားမှ ချိုရီသတိဝင်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . အိချိုပါလား၊ ဘုရား . . . ဘုရား . . . သူ . . . သူ . . . ဒီဘဝ . . ."

လမ်းပေါ်မှ အိချိုတို့ကမူ မှောင်ထဲမှ ချိုရီကို မတွေ့ကြပေ။ ချိုရီကသာ လမ်းမီးရောင်ကြောင့် အိချိုမှန်းသိခဲ့ရခြင်းဖြစ်သည်။ ချိုရီမှာလည်း အံ့သြမှု၊ တုန်လှုပ်မှုများကြောင့် လဲပြိုမသွားစေရန် သံတံခါးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိသည်၊ ပုံနှိပ်တိုက် အပေါ်ထပ်မှ ကုလားကြီးနှင့် အိချိုတို့သည် ချိုရီရှေ့မှ ဖြတ်လျှောက်၍ ရပ်ထားသော ကားဆီသို့ သွားနေကြသည်။

"ကောင်မလေးတွေနော် . . .၊ အဲဒီကုလားကြီး အသွားအပြန်ခင်တို့ကို ပြုံးပြ၊ ဝင်ရောတာမခံကြနဲ့၊ ညတိုင်းကောင်မမျိုးစုံထည်လဲနဲ့နေကာ သိလား . . ."

အလုပ်ရှင် အန်တီမြိုင်၏ သတိပေးစကားကို ကြားယောင်လာသည်။ ကော်နိုလာကားပေါ် တက်ခါနီး အိချိုနှင့် ကုလားကြီးတို့၏ နှုတ်ဆက်ပုံကို မြင်လိုက်ရ၍ ချိုရီမှာ ဘုရားတမိပြီး မျက်လုံးစုံမှိတ်ထားရသည်။ ရင်ထဲတွင်လည်း တလှပ်လှပ်နှင့် ဖြစ်သွားမိ၏။

စောစောပိုင်းက ကြည်နူးသက်သာရာ ရရှိထားသောစိတ်မှာ ချက်ချင်းနောက်ကျိသွားရလေပြီ ဖြစ်သည်။ ကားထွက်သံကြားရမှ ချိုရီမှာ မျက်လုံးဖွင့်လိုက်ပြီး ကုလားကြီး မမြင်စေရန် ပြက္ခဒိန်ပုံပေါ် အသာ ပြန်ထိုင်နေလိုက်ရသည်။

တံခါးပွင့်နေသည်ကို သတိပြုမိသွားသော ကုလားကြီးသည် ခဏရပ်၍ အထဲသို့ကြည့်နေသည်ကို မြင်ရသဖြင့် ချိုရီမှာ အသက်ပင် မရှူရဲလောက်အောင်ဖြစ်နေရသည်။ ကုလားကြီးထွက်သွားသည့်တိုင်အောင် ချိုရီတစ်ယောက် အသက်ရှူမမှန်သေးချေ။

ချိုချင်းတူသော အိချိုနှင့် ချိုရီတို့မှာ အထက်တန်းကျောင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



တတွဲတွဲဖြစ်ခဲ့သည်။ ချိုရီနှင့် ဆန့်ကျင်စွာပင် အိချိုသည် ခြေလက် အလွန်လှပ၏။ သွယ်လျှနွဲ့ပျောင်းသော အိချိုလက်ချောင်းများနှင့် စားပွဲပေါ် အတူယှဉ်၍ မတင်မိစေရန် အမြဲသတိထားခဲ့ရသည်။

"အိချို ကျောင်းမနေနိုင်တော့ဘူးကွာ၊ အဖေက နေ့ရှိသရွေ့ အရက်သိပ်သောက်ပြီး အလုပ်လုပ်တာမဟုတ်ဘူး၊ အမေနဲ့အတူ စိန်ဂွမ်း ဈေးထွက်ပြီး ညကျောင်းပြောင်းတက်မယ်၊ ချိုရီရယ် . . . မင်းဘဝက တော့ ကံကောင်းပါတယ်ကွာ၊ မင်းတို့အဖေက သိပ်တော်တာပ . . ."

ချိုရီထက် စောစွာ ကျောင်းထွက်သွားပြီးသည့်နောက် မတွေ့ခဲ့ ကြသည်မှာ ယနေ့ညမှ တိုက်တိုက်ဆိုင်ဆိုင် ဆုံရခြင်းဖြစ်၏။

"ဖြစ်ရလေ အိချိုရယ် . . ."

ငယ်ချင်းအတွက် ယူကျုံးမရသည့် စိတ်များဖြင့် ချိုရီမျက်ရည် ကျလာရပြန်သည်။

ဖခင်မရှိ၍ ဆင်းရဲလှပါသည်။ ဖခင်မေတ္တာ ငတ်နေရပါသည် ဟု ကြွေးကြော်နေသော မိမိဘဝနှင့် ဖခင်ရှိလျက်·ဖခင်၏မေတ္တာ မရရှာ ဆင်းရဲနေသော အိချိုဘဝတို့ကို နှိုင်းယှဉ်ကြည့်မိနေ၏။

ဖခင်ရှိပါသော်လည်း ဖခင်ကောင်း ပီသစွာနှင့် ရှေ့ဆောင်ထမ်း ရွက်ခြင်း မရှိပါလျှင်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် အလုပ်လုပ်ရပေမည်၊ မျက်နှာငယ်ရပေမည်။ အိချိုအဖေကဲ့သို့ အချိန်ပြည့်မူးနေသူ ဖြစ်နေလျှင် လည်း မကြာခဏ အရှက်ရကြပေမည်။ အိချိုနှင့် ချိုရီတို့နှစ်ယောက် ဆင်းရဲသည်ချင်းတူသော်လည်း လှုပ်ရှားရုန်းကန်ရပုံချင်း၊ ဘဝ ကို ဖြတ် ကျော်ကြပုံချင်းမတူခဲ့ကြပေ။ အိချိုသည် သွယ်နွဲ့လှပသော လက်ချောင်း လေးများ အလှပျက်မည်စိုး၍ ဖြတ်လမ်းမှ ကြိုးစားခဲ့၏။

တံခါးကြားမှ ဝင်လာသော လမ်းမီးရောင်ဖြင့် သူ၏ လက်ကြမ်း ကြီးနှစ်ဖက်ကို ကြည့်လိုက်မိပြန်သည်။ ဤလက်များသည် အဆစ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တုတ်ခိုင်ကြမ်းတမ်းလှသော်လည်း သူ့ဘဝအတွက် ဂုဏ်တက်စေသော အသက်မွေးဝမ်းကျောင်းမှုကိုသာ လုပ်စေခဲ့၏။ အပြားကြီး၍ တုတ်တိုပြီး အကျည်းတန်သော ခြေနှစ်ဘက်ကလည်း ရိုးသားသော အလုပ်ဖြင့်သာ ရပ်တည်စေခဲ့သည်။

ယခုမှပင် မှန်ကန်စွာ အလုပ်လုပ်သော သူ၏ ခြေနှင့်လက်များကို မြတ်နိုးရကောင်းမှန်း သိလာခဲ့ရသည်။ တစ်ချိန်လုံး ဤခြေဤလက်များအပေါ် အထင်သေး၊ အားမရ ဒေါသများသာ ပွားနေခဲ့မိသည်။

ဖခင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မိမိဘဝအတွက် လှုပ်ရှားကြိုးစား အလုပ်လုပ်ရမည်သာ ဖြစ်သည်။ အဓိကမှာ မိဘနှစ်ပါး၏ ဆိုဆုံးမမှုနှင့် လုပ်အားကို မှန်ကန်စွာ အသုံးချတတ်ရန် လိုကြောင်းသာဖြစ်သည်ကို ချိုရီနားလည်သွားရသည်။

"အဖေသာ ရှိရင် . . ."

အတွေးနှင့်အတူ မျက်ရည်များ ဝဲလာရသည်။ သည်တစ်ခါ ကျသောမျက်ရည်များသည် ယခင်ကဲ့သို့ ဆင်းရဲ၍ ဝမ်းနည်းပြီးကျသော မျက်ရည်များ မဟုတ်တော့ပါချေ။

အဖေသာရှိလျှင် ယခုကဲ့သို့ ပင်ပန်းရမည်မဟုတ် ဆိုသော ရေသာခိုအတွေးနှင့် ဖခင်ကိုတမ်းတသည်လည်း မဟုတ်ပါ။

ဖခင်မရှိတော့သော်လည်း ဖခင်ကိုယ်စား ဤအိမ်ထောင်စုကြီးအတွက် တာဝန်ကျေစွာ လှုပ်ရှားကြိုးစားသွားမည်ဖြစ်ကြောင်း ဖခင်ကြီးသာသိလျှင် ဟူသော အတွေးသစ်နှင့် မျက်ရည်များကျလာရခြင်းသာ ဖြစ်ပါသည်။

သန်းခေါင်ယံအချိန်က ကြုံတွေ့လိုက်ရသော အဖြစ်အပျက်လေးသည် ချိုရီအတွက် ဘဝသစ်တစ်ခုကို အားမာန်အပြည့်နှင့် မွေးဖွားပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကင်းတဲမှ နံနက်လေးနာရီ သံချောင်းခေါက်သံ ကြားလိုက်ရသည်။ အရုဏ်သစ်လေပြီ။

စီးကျလာသော မျက်ရည်များကို လက်ကြမ်းကြီးနှင့် သုတ်လျက် အားရပါးရ ပြုံးလိုက်မိသည်။ ချိုရီဘဝအတွက် အရုဏ်ဦး အလင်းရောင် ရခဲ့ပေပြီ။ မည်းမှောင်နေသည့် သန်းခေါင်ယံသည် အလင်းရောင် အရုဏ်ဦး၏ ရှေ့ပြေးနိမိတ်ပင် မဟုတ်ပါလား။

⁘ ⁘ ⁘ ⁘ ⁘

မြဝတီ
( ဩဂုတ် ၊ ၁၉၇၉ )

www.burmeseclassic.com

www.burmeseclassic.com



## လရောင်ပျောက်ဆုံးခဲ့ရတဲ့လပြည့်ည

လူပင်လယ် . . .

ဟုတ်တယ်။ ပင်လယ်လှိုင်းလုံးကြီးတွေ ကြမ်းကြမ်းရမ်းရမ်း လိမ့်တက်လာသလို လူတွေကလည်း ဝုန်းဒိုင်းကျဲပြီး ရောက်နေလိုက်ကြတာ။ အများစုကတော့ နုသစ်ရွှန်းမြ လှသွေးကြွစ အရွယ်လေးတွေ။ အဲဒီထဲမှာ ရောနှောပါလာတဲ့ မနုတနု မဟိုင်းတဟိုင်း၊ ဆံပင်ဖြူ ကျိုးတိုးကျဲတဲတွေနဲ့ ထိပ်ပြောင်အရွယ်ကြီးတွေကလည်း ဟမ်ဘာဂါနဲ့ ဘီယာဘူးကို လက်တစ်ဘက်စီကိုင်ပြီး ရီဝေဝေမျက်လုံးတွေနဲ့ လျှောက်သွားနေလိုက်ကြတာ . . .။

အံမယ် . . . သူကတော့ ဆံပင်မဖြူတာကျနေတာဘဲ။ အရွယ်ဟိုင်းကြီး မဟုတ်တာကျနေတာဘဲလို့ ပြောချင်ကြပါသလား။ မဟုတ်ပါဘူး။ ကိုယ့်ဆံပင်တွေ ဖြူနေပါပြီ။ အရွယ်ဟိုင်းကြီးလည်း ဖြစ်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအရွယ်ဟိုင်းကြီးနဲ့ စတီတ်ချ်ရှိုးတွေ၊ ဖန်ဖဲပွဲတွေ၊ ဒီဂျေပွဲတွေနဲ့ လားလားမှမဆိုင်ဘူး။ "အမြင်မတော် ဆင်တော်နဲ့ခလောက်" ဆိုသလို ဖြစ်နေပြီဆိုတာကိုလည်း နားလည်ထားပြီးသားပါ။

ကိုယ်လေ . . . ပွဲခင်းကြီးနဲ့ ပွဲတော်လာ လူငယ်ထုကြီးကို မြင်လိုက်ရချိန်မှာ ခြေလှမ်းတွန့်သွားမိတယ်။ ကိုယ်ပါ သူတို့တွေနဲ့ ရောပြီး ပျော်ရွှင်ရတော့မလိုလို၊ လိပ်ပြာမလုံသလိုလို၊ ဘာလိုလို . . . ။ ဒါနဲ့ ကိုယ့်လက်ကို တင်းနေအောင် ဆွဲထားတဲ့ မြေးမလေးကို ငဲ့စောင်းကြည့်မိသွားတယ်။

အံ့မယ် . . . မြေးမလေးရဲ့ မျက်ဝန်းတွေက ရွှန်းစိုနေလိုက်တာ။ လူးလွန့်ပျံ့ဝဲနေကြတဲ့ လိပ်ပြာကောင်လေးတွေ၊ ကောင်မလေးတွေကိုကြည့်ရင်းနဲ့ မြေးမလေးပါ မျှောကြွသွားမှဖြင့် . . . ။ ဘွားအေတစ်ယောက်အနေနဲ့ စိုးရိမ်မှုနှင့်အတူ မြေးမလေးရဲ့ လက်ဖျောင်းငြ ဒီလေးကို ဆွဲဆိတ်ပြီး သတိပေးလိုက်ရတယ်။ မြေးမလေးက ဆွဲဆိတ်ခံရတဲ့နေရာကို ပွတ်သပ်ရင်းနဲ့ လျှာတစ်လစ်ဖြစ်သွားလို့၊ ဘွားအေတစ်ယောက်အာဏာနဲ့ "ဟင်း" လို့ မ နှမဲ့လိုက်ရပြန်သေးရဲ့။ ကိုယ်နဲ့မြေးမလေးတို့ကနှစ်ဦးသဘောတူ စာချုပ်ချုပ်ပြီးမှ ဒီပွဲကို လာခဲ့ကြတာလေ။ မြေးမလေးကို လိုက်ပို့တာပါဆိုပြီး မလုံမလဲကာကွယ်နေတာ မဟုတ်ရေးချမဟုတ်ပြောပြမယ် . . . ဒီလို . . . ဒီလို . . . ။

လွန်ခဲ့တဲ့ လေးငါးရက်လောက်က မျက်နှာချိုသွေးရင်း အနားရောက်လာတဲ့ မြေးမလေးကို ကြည့်ပြီး တစ်ခုခု ပူဆာတော့မယ်ဆိုတာသိလိုက်ပါရဲ့။ ထင်တဲ့အတိုင်း "မဟူရာပျော်ပွဲရွှင်ပွဲ" ဆိုတဲ့ ကြော်ငြာစာရွက်ကလေးကို ပြပြီး အမျိုးမျိုး ချွဲတော့တာပါပဲ။

"ဘွားဘွား . . . လိုက်ပို့နော် . . . ဟို . . . ဘုရားသွားမယ်ဆိုပြီး မီးကို လိုက်ပို့ပါ ဘွားရယ် . . . နော် . . . နော်ဖွဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အိုအေ . . . ဘုရားကို ခုတုံးမလုပ်ပါနဲ့"

စိပ်လက်စ စိတ်ပုတီးကို လည်မှာဆွဲလိုက်ပြီး မျက်နှာကို သံပတ်ပိုဘင်းပစ်လိုက်တယ်။ တမင်တင်းပြုပြီဆိုတဲ့ ဘွားအေရဲ့အထာကို မြေးမလေးကလည်း သိဟန်တူပါရဲ့။ သူ့ဗျူဟာကို ပြောင်းပစ်လိုက်တယ်။

"ဟွန်း . . . ဘွား လိုက်မဖို့လည်း နေပေါ့၊ မိရှဲလ် တို့အုပ်စု၊ စက်ာပူကို ရှော့ပင်းန် ထွက်သွားလို့ ဘွားကို အသိပေးပြီး လိုက်ပို့ခိုင်းတာပါနော် . . ."

ကြည့်စမ်း . . . ဒါဘာစကားလဲ။ မြေးမလေးရဲ့ သူငယ်ချင်း မိရှဲလ် သာ စက်ာပူကို မသွားခဲ့ရင် ဘွားအေမသိ၊ မအေမသိနဲ့ ဒီလိုပွဲမျိုးတွေကို သွားနေတာ ဘယ်နှစ်ကြိမ်တောင် ရှိပြီလဲ။ ရင်ပူမိပြီကော . . .။

အသက်ငါးဆယ်ကျော်ငါးနှစ် ပတ်လည်ဆိုပေမယ့် အင်တာနက်အထိ အိုင်ကျူမြင့်ထားတဲ့ အဘွားကြီးပါနော်။ မြေးမကို ဂေ့ကြည့်အကဲခတ်လိုက်တော့ ပိုးဟတ်သာသာပဲရှိတဲ့ ဟာမ်းဖုန်းလေးရဲ့ ခလုပ်လေးတွေကိုနှိပ်နေလေရဲ့။

"ဟဲလို . . . ကက်သရင်းလား . . . စနေနေ့ ဝိုင်းဖြစ်လားသိချင်လို့ . . . ဩော် . . . ညည်းလင်ကြီးနဲ့ သွားမယ်ပေါ့၊ ဘာလဲ ဒီဂျေမှာ 'ပိုဇေရှင်ဝမ်း' ရအောင် ကြိုးစားမလို့လား . . . ဟွန်း . . . လာမှာ . . . လာမှာ . . . မပူနဲ့ . . . အင်း . . . အင်း . . . ထုံးစံအတိုင်းပေါ့ . . . ဘိုင့်ဘိုင် . . . ဆီးယူ . . ."

ဟာမ်းဖုန်းပြောရင်းနဲ့ ဂုတ်ဝဲဆံပင်လေးကို ဝေ့ဝဲခါရမ်းလို့။ ကိုယ့်ကိုမျက်စိ မှိတ်ပြပြီး၊ စပ်ဖြဲဖြဲမျက်နှာနဲ့ ဂျောင်သွားတော့မယ် ဟန်ပြင်နေတဲ့ မြေးမလေးလက်ကို ဆွဲထားလိုက်ရပြီ။

"သက်ထာဝရမြင့်"

မြေးမလေးက သူ့နာမည်ကို အပြည့်အစုံခေါ်ပြီဆိုရင် 'ပွမ်'

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဆိုတာ နပ်ပြီးသားလေ။

"ရက်စ် ... ပရင့်စင့်"

"မီးငယ် ... အဲဒီလို ပွတ်သီးပွတ်သပ်လုပ်တာကို ဘွားမကြိုက်ပါဘူး ... ဖယ်စမ်းပါ ... ဒီလက်ကြီးကို ... ဆူမလို့နော် ... ဆူမလို့ ..."

"ဘွား ... မြေးကို ဆူစရာ ဘာမှမရှိ ..."

"ရှိတယ် ... စတိတ်ချ်ရှိုး ... အဲ ... ဖန်ဖဲပွဲက သူငယ်ချင်းတွေနဲ့ သွားမလို့မဟုတ်လား ..."

"ဖန်ဖဲကို မသွားပါဘူး ဘွားဘွားရဲ့၊ မီးက ကျူရှင်တက်ပြီး စာကြိုးစားမလို့ပါ၊ ဘွားရှေ့မှာ ဖုန်းဆက်တာပဲဟာ"

"မသက်ထာဝရမြင့်ရေ ... ဆယ်တန်းပြဋ္ဌာန်းစာထဲမှာ ဒီရေ ဘာသာရပ် မပါတာ၊ ဟောဒီအဘွား သိတယ်နော် ... ဟင်း ... ဟင်း ..."

"ဟောတော့" ဆိုပြီး လျှာထုတ် ခေါင်းပုသွားတဲ့ မြေးမလေးရဲ့ ဖက်တွယ်ထားတဲ့ လက်ႀ ဘွက်ကိုလည်း ဖယ်ထုတ်နေရပြန်သေးတော့ ...

"ဘယ်နှယ့် ... အပျိုမလေး ပါးစပ်တဲ့တော် ... ညည်းလင်ကြီးတွေရော၊ ဘာတွေရော ... ဒီလောက်ကြွမ်းရသတဲ့လား ... တော်ပြီ ... အဲဒီပွဲကို ဘွားကိုယ်တိုင် လိုက်ပို့ပေးမယ်။ လိုက်မပို့ပေးရင် ဝိုင်းကျူရှင်ဆိုပြီး လစ်မှာပဲ မဟုတ်လား"

"ဟုတ်တာပေါ့ ဘွားရဲ့ ... မီးငယ်က သွားချင်ကာကိုးလို့ ... စိတ်ထွက်ပေါက်လေးပါ ဘွားရယ် ... ဘွားလိုက်ပို့ပေးမယ်ဆို တော့ သိပ်ကောင်းတာပေါ့ ... မီးကလည်း လူကြီးတွေကို ခိုးပြီး မသွားချင်ပါဘူး ..."

"တို့ မြေးအဘွားနှစ်ယောက်၊ စာချုပ်တော့ ချုပ်ရမယ်နော် ...

www.burmeseclassic.com

www.burmeseclassic.com



ဒီဂျေတွေ ဟိုဂျေတွေ ဝင်မကရဘူး"

"ဘွားက ဒီဂျေဆိုတာကို သိလို့လား"

"ညည်းအဘွားက ဂျာနယ်ပေါင်းစုံ ဖတ်နေတာပါအေ"

"ရှဲ ရှဲ နီ"

ဒါနဲ့ပဲ . . .။

ဘုရား . . . ဘုရား . . . ဘုရား . . . ခေါင်းတွေလည်း မူးလာပါပြီ။ စင်ပေါ်မှာ သီချင်းဆိုနေတဲ့ လူကိုကြည့်တော့လည်း ဆံပင်တခါခါနဲ့ ခုန်ပေါက်၊ စင်အောက်ပရိသတ်တွေဆို ပိုဆိုးပါသေးရဲ့။ အော်ကြဟစ်ကြ၊ ကကြ၊ သံသေးသံကြောင်မျိုးစုံနဲ့ မြူးထူးကြ။ ဟို . . . အာဖရိကတောနက်ထဲက လူရိုင်းတွေနဲ့ တူလိုက်တာ။ သြော် . . . အဲဒီပရိသတ်ထဲက တစ်ဦးဖြစ်တဲ့ ကိုယ့်မြေးမလေးလည်း လူရိုင်းတစ်ယောက်ပါပဲ။ မြက်ခင်းပြင်ထဲမှာ ဘယ်လောက်များ ခုန်ပေါက်ခါရမ်းနေမှာပါလိမ့်။

" ×× ငါ . . . မင်းကို သတ်ချင်တယ်၊ ငါ . . . မင်းကို သတ်ချင်တယ် ××× . . ."

" ×× မလုပ်နဲ့ ×× "

ဘုရား . . . ဘုရား . . . ဘုရား . . . ဒါ သီချင်းတဲ့လား။ ဂီတတဲ့လား။ အနုပညာတဲ့လား။ ကြောင်တောင်တောင် အမူအရာတွေနဲ့ နာမည်ကြီးလာတဲ့ မင်းသားလေးခမျာလည်း စတိတ်ချ်ပေါ်ကနေ လည်ပင်းအရိုးထောင်တဲ့အထိ ကုန်းအော်နေလို့၊ ဒီအတိုင်းသာဆိုရင် သူ့ခမျာတော့ ခြေထောက်သုံးချောင်းထောက် ဘဝကို မကြာခင်ရောက်ရှာတော့မယ်။

"ဘွား . . . မီးရှိတယ်နော် . . ."

ဆိုပြီး အပြေးအလွှား ရောက်လာ။ ကိုယ့်ကို တအားကြီးပေါက်၊ ရွှတ်ကနဲနမ်း၊ ပြီးတာနဲ့ ပရိသတ်ထဲကို ပြန်လည်ပြေးဝင်ပျောက်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း အဆိုကျော်တစ်ယောက်ရဲ့ အလှည့်ပြီးတိုင်း ပြုရမယ့် မြေးမလေးရဲ့တာဝန်။ ကိုယ်တို့ မြေးအဘွား နှစ်ယောက်ရဲ့ စာချုပ်ပါ စည်းကမ်းတွေထဲက တစ်ချက်ပဲလေ။

ကိုယ်က ရေသန့်နဲ့ ဘီယာဘူးတွေ ရောင်းတဲ့ ဆိုင်ရှေ့မှာ ထိုင်ရင်း မြေးမလေးကို စောင့်ရှောက်နေခဲ့ရတယ်လေ။ ဖန်ဖဲရဲ့ အဓိကဖြစ်တဲ့ မြက်ခင်းပြင်ကို အပေါ်စီးကနေ မြင်ခွင့်ရနေခဲ့တယ်။ ကိုယ်တို့ မြေးအဘွားကို ကြည့်ပြီး ဆိုင်က ကောင်မလေးတွေက ရယ်ကြပါရော။

ဘယ့်နှယ်လုပ်မလဲ၊ ဒီလိုမှ လိုက်မစောင့်ရှောက်ရင် မတွေးဝံ့စရာ။ တီရှပ်နဲ့ စကတ်ဒူးပေါ် ဝတ်ဆင်တတ်တဲ့ မြေးမကို 'လျှပ်ပေါ်လော်လီလှချည်ရဲ့' လို့ တဟဲ့ဟဲ့ လုပ်ခဲ့မိလေသမျှ၊ အခုဒီပွဲကို လာမှပဲ ကိုယ့်မြေးမလေးရဲ့ ဝတ်စားဆင်ယင်ပုံက . . . တော်သေးရဲ့လို့။

ဒီဘက် စတိတ်ချ်ရှိုးမှာလည်း လူရိုင်းတွေလို ခုန်ပေါက်မြူးတူးကြ။ ဟိုဘက် ဒီဂျေပွဲက ဒုန်းဒုန်းဒန့်ဒန့်တွေကလည်း ဒီဘက်ကို ပျံ့လွင့်၊ ဝူးဝါးအော်ဟစ်သံတွေကလည်း မိုးထိ ပျံ့လွင့်။

ဟော . . . "ထွန်းအိန္ဒြာဗို" တဲ့။ ကိုယ်လည်း အသက်ကြီးပေမယ့်။ အနုပညာပိုးလေး တွယ်ငြိနေဆဲဆိုတော့ စင်ပေါ်ကို ငေးမိသွားပါရော။ 'ထွန်းအိန္ဒြာဗို' ရဲ့ အလှည့်မှာ ပရိသတ်ရဲ့ အော်ဟစ်မြူးကြွမှုဟာ ဒီဂရီအမြင့်ဆုံးထင်ပါရဲ့။ ပရိသတ်တွေရဲ့ လိုက်ပါသီဆိုမှုကြောင့် အဆိုတော်ရဲ့ အသံကိုတောင် မကြားရတော့ဘူး။ ခပ်ကဲကဲတွေကတော့ စင်ပေါ် အထိတက်သွားပြီး အဆိုတော်ရဲ့ လက်ထဲက မိုက်ခရိုဖုန်းကိုယူပြီး သူတို့ပဲ ဆိုနေကြတော့တယ်။

လူငယ်တွေကို အစိုးမိုးဆုံးလို့ ဆိုနိုင်တဲ့ ဖန်ဖဲပွဲတော်ကြီးကို လေ့လာရင်း ကိုယ်တို့ခေတ်ရဲ့ အညို့ငင်ဆုံး ပွဲတော်ဖြစ်တဲ့ "ဂီတဝေဒသာ ပွဲတော်" ကို လွမ်းဆွတ်ဝေ့လည်သွားခဲ့ရပြီကော။

www.burmeseclassic.com

www.burmeseclassic.com



အင်း . . . ကိုယ့်မှာလည်း ဝန်ခံစရာ ရှုးသွပ်မှုတစ်ခု ငယ်စဉ်က ရှိခဲ့ဖူးပါရဲ့။ ကိုယ်တို့ မြေးမလေးအရွယ်တုန်းကပေါ့။ "ပြည်ထောင်စုပွဲတော်ကြီး" ရဲ့ 'ဂီတပဒေသာ' ဖျော်ဖြေပွဲကို ကျူရှင်လစ်ပြီးတော့ သူငယ်ချင်းတွေနဲ့ သွားကြည့်ခဲ့ဖူးတယ်။ အဲဒီခေတ်ရဲ့ ရေပန်းအစားဆုံး မင်းသားချော 'ဝင်းဦး' ရဲ့ တစ်ကိုယ်တော် တင်ဆက်မှုကို ကြည့်ချင်လွန်းလို့ ကျူရှင်လစ်ခဲ့ကြတာလေ။ ကိုယ်တို့ ပရိသတ်အားလုံးဟာ မင်းသား 'ဝင်းဦး' ရဲ့ အနုပညာတွေကို မြတ်နိုးလေးစား နှစ်သက်စွာနဲ့ တိတ်ဆိတ်စွာ ခံစားခဲ့ကြတာပါ။

ကိုယ်လည်းလေ အိပ်မက်ထဲအထိ ကြည်နူးလိုက်ဦးမယ်ဆိုပြီး စိတ်ကူးယဉ်စွာနဲ့ အိမ်ကိုပြန်လာခဲ့ပေမယ့် အိမ်ပေါက်ဝလဲရောက်ရော ကိုယ့်အိပ်မက်လေး အလန့်တကြား ထွက်ပြေးသွားခဲ့ရပြီ။

အဖေနဲ့ အမေပေါ့။ အဝတ်လျှော်တဲ့တုတ်ကြီးကို အနားချပြီးတော့ ထိုင်စောင့်နေကြလေရဲ့။ ကျူရှင်ကို သွားကြိုတဲ့အဖေက ကျူရှင်လစ်တာကို သိသွားလေတော့ လိမ်ဖို့ကြံစည်ထားတာတွေ သွားရော။ ကျူရှင်လွတ်ချိန်နဲ့ အချိန်ကိုက်ပြီး ပြန်လာဖို့ ကြိုးစားပါသေးရဲ့။ 'ဝင်းဦး' ရဲ့ ဆွဲဆောင် ညှို့ငင်မှုနောက်ကို ခံစားမျောပါရင်းနဲ့ အိမ်ပြန်နောက်ကျခဲ့တော့တာမျှား။ အင်း . . . အဲဒီညက ဝုန်းဒိုင်းနဲ့ အရိုက်ခံလိုက်ရတာ သက်တွေ ခြေတွေ ရောင်ကိုင်းကုန်တယ်။ ဒီခြေထောက်က သွားချင်ဦးဆိုပြီး အဖေက ရိုက်ခဲ့တာလေ။

အဲဒီနောက်တော့ ဂီတသံကြားရင် ကြောက်ပါရဲ့။ ဒါတောင် ယောက်ျားယူပစ်လိုက်ပြီးတော့ "ကိုယ့်ယောက်ျားနဲ့ကိုယ် သွားကြည့်လိုက်ဦးမှာ" လို့ စိတ်ထဲက ကြုံးဝါးခဲ့သေးတာလေ။ ကိုယ်အိမ်ထောင်ကျချိန်ရော စတိတ်ချ်ရှိုးဆိုတာ ပေါ်လာပြီ။ ဂီတသံကြားရင် မရိုးမရွဖြစ်ခဲ့ရတဲ့ အတွက် ယေ ကို အဖော်စပ်မိပါတယ်။ ဝါသနာ မပါတဲ့လေ

www.burmeseclassic.com



ဒါနဲ့ပဲ . . . ကိုယ့်မှာ . . .။

"xxx ဟန်မဆောင်နိုင်လို့ . . . ဝေါ့အန်ချ xxx ဒီလည်မျိုထဲ xxx ပြည့်ကြပ်လွှန်းတဲ့ . . . အချစ်များ . . . နာရီတွေလည်း ပဲ့ကြွေလို့ . . . အကြိမ်ကြိမ်ပေါက်ကွဲ . . . မွန်းကြပ်လွှန်းတဲ့စကား လိုင်းတွေကြား xxx ငါခံနိုင်ဦးမလား xxx"

ခေတ်မီပါတယ်ဆိုတဲ့ အဘွားကြီးခမျာ နှစ်ထောင့်သုံးခုနှစ်ထဲက ဂီတသစ်တွေကို လုံးဝနားမထောင်တတ်ဘူး ဖြစ်နေခဲ့ရပြီ။ သူတို့ခေတ်နဲ့ သူတို့တစ်တွေကတော့ လိုက်ဖက်မြူးကြွ . . . ကြွ . . . ကြွ . . .။

အလင်္ကာရပ်ဝန်း ရသဝတ္ထုတိုစာစု-၂
( ဇွန်လ၊ ၂၀၀၄ )

လေးသူစံ

www.burmeseclassic.com